
www.burmeseclassic.com

Quality စာအုပ်တိုက်မှ စီစဉ်သည်။



ဆင်ဖြူကျွန်း အောင်သိန်း ၊ ဆွေမြင့် ၊ မောင်ညိုမှိုင်း(သန့်လျင်)

မောင်မောင်ဖြူ ၊ မင်းရွှေသိန်း(ဇင်းကျိုက်) ၊ ဘသက်ဆွေ ၊ [illegible]

လင်းလက်ကြယ် ၊ တင့်ထူး(ဇေယျဝတီ) ၊ နန်းကြော့သ[illegible] ၊ လွင်ဦး

တောက်ထိန် ၊ ရဲမြတ်တင် ၊ မင်းသွေးကောင်း၊ နတ်မိမယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ထွန်း (Quality)

စာပေမြင့်မောင် (ဝ၉ ၃၁၁၁၆၉၄)

မခင်မာဌေး

ဘုရက်လင်းထက်

ကိုဖိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းလွင်၊ ဖြိုးကို၊ နေမင်းလတ်၊ ထေပင်း၊ ဂင်မောင်မောင်လွေး၊ ကျော်ကျော်၊ ဆုပြည့်မိုး၊ ဟေမာန်လှိုင်၊ မြမြသည်း၊ ဝင်းဝင်းမော်၊ ဝင်းဝင်းမာ၊ ဒါလီ၊ ပိုပို၊ မီမီး

ဦးမြင့်ထွန်း (မြ–၀၄၂၂၀)Quality Publishing House
အမှတ် – ၅၀၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဘုရက်လင်းထက်

ဂါကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်မိုးညီနိုး၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသစ်အောင်(အင်းလျား)၊ မြဘမင်းဟန်၊ ကိုကိုကြီး၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ။

Quality

မြို့တော်ပုံနှိပ်တိုက်
အေိယဉ်ယဉ်မွန်၊ အမှတ်အပိုင်ချည်းစက်ရုံးဝင်း၊ အထက်ပုဇွန်တောင်လမ်း၊
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

တင်မေထွန်း

- ၅၀၀
၁၅၀၀

အမှတ် – ၅၀၈/၅၁၂ (၂၁)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၃၈၃၆၆၄၊ ၃၈၆၈၃၃။

# NEXT



ဦးဖြိုး
**ပျားဖွပ်နေသည့်**
တွင်းကြီးသား တင်ဝင်းဦး



တစေသောင်းသမား နှင့်
**အဆိပ်ဘုရင်**
ဆာဂိုဂုတ် မျိုးမြင့်အောင်

# MONTH



သားငယ်လေးစေခိုင်းခဲ့ခြင်း နှင့်
**ထိုးခရိုင်နယ် မတော်မွယ်**
စိုး(မွေဆယ်)



မိုးစမြင်ဝဲက
**ဇာတ်လမ်းတစ်ပုဒ်**
ထောင်မှူးကြီး သိန်းဝင်း

# PREVIEW


www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုမှိုင်း
(သန့်လျင်)

# လက်ဖွဲ့

**တစ်နေ့** ••ရွှေခြေကျင်းကျေးရွာထဲကို ထူးခြားမှုရှိတဲ့ အဘွားအိုတစ်ဦး
ဝင်လာတယ်၊ အဘွားအိုရဲ့အသက်က (၆၀)နှစ်ခန့် ရှိမယ်၊
ပိန်ပိန်ရှည်ရှည်၊ ပါးရည်တွန့်လို့၊ ဖြူဖွေးနေတဲ့ ဆံပင်ရှည်တွေက
နောက်ကျောမှာ ဖားလျားကျလို့၊ ထမီအနက်အောက်နားကွဲ ဝတ်ထားပြီး
ကိုယ်ပေါ်မှာတော့ သားရေရုပ်ကင်အစုတ်အပြဲ ဖွာလန်ကြဲကို ဝတ်ထားတယ်၊
ခပ်မိုက်မိုက်ပုံ ခင်ဗျ။





ရာဇဝတ်ကောင်ကို
လိုက်လံရှာဖွေခဲ့သည့်
အငြိမ်းစားပုလိပ်အရာရှိကြီးတစ်ယောက်၏
မြင်သိုလက်စားချေလိုက်ပုံကို
ဖတ်ရှုရမည် ••

www.burmeseclassic.com

www.burmeseclassic.com

ပြီး - ခုံအောက်မှာ အနက်ရောင် မည်းညစ်နေတဲ့ဖင်သားလို ခပ်ထူထူပိတ်သားအိတ် ခလေးလေးလုံးလုံးကြီးကို လွယ်လို့ ....။

သူ့ယ်အိတ်ထဲမှာ ဘာပစ္စည်းတွေပါမှန်း မသိဘူး။

ချက်နှာတ ပြုံးပြုံး ပြုံးပြုံးနဲ့၊ သီချင်းတစ်ပုဒ်ကိုလည်း ခပ်ဖျော့ဖျော့ဟန်နဲ့ ဆိုပြီးလာနေတယ်။ ကလေးတွေက အရွှးမကြီးထင်လို့ ဝိုင်းကြည့်ပြီး ထင်တွေးပေးပြောပြီး ရယ်ကြတယ်ပေါ့။

သီချင်းသံလေးကတော့ နားထောင်ကောင်းပဲ။

"ရွှေမန်ကျည်းရယ်၊ ခုနစ်စဉ် ယဉ်ပါလေစ၊ ရပ်ကာယ်က"

"ကိုကြီးနတ်တဲ့ ဆီးကြိုလာ၊ ကျားညီနောင် ကြောင်နှစ်ကွင်းက၊ မယ်မငြင်းသာ"

"မယ်မငြင်းသာ - လာပြန့်တော့တာ"

"မယ်မငြင်းသာ - လာပြန့်တော့တာ"

"ထမိဖာ လိုပါသေးရဲ့ တဘက်ဖာလိုပါသေးရဲ့"

"ဘီးနဲ့မှန် လိုပါသေးရဲ့"

"မွေးမေလေးတို့ခန်းအိပ်ရာကို"

"မွေးမေလေးတို့ခန်းအိပ်ရာကို"

"တစ်ကြိမ် - နှစ်ကြိမ် ဦးနိမ်ချလို့"

"သုံးကြိမ် - လေးကြိမ် ဦးနိမ်ချလို့"

"ငါးကြိမ် - ခြောက်ကြိမ် ဦးနိမ်ချလို့"

"ခုနစ်ကြိမ် - ရှစ်ကြိမ် ဦးနိမ်ချလို့"

"ကိုးကြိမ် - ဆယ်ကြိမ် ဦးနိမ်ချလို့"

"ဆယ့်တစ်ကြိမ် - ဆယ့်နှစ်ကြိမ် ဦးနိမ်ချလို့"

"ဆယ့်သုံးကြိမ် - ဆယ့်လေးကြိမ် ဦးနိမ်ချလို့"

"လိုက်ပါရစေ၊ လိုက်ပါရစေ"

"စိန်ဝေဒါရဲ့ လိုက်ပါရစေ"



"စိန်ဝေဒါရဲ့ လိုက်ပါရစေ"

"အို - စိန်ဝေဒါရဲ့ လိုက်ပါရစေ"

ကြည့်စမ်း - စာရေးဆရာရယ်၊ အဲဒီ "ရွှေမန်ကျီး ခုနစ်စဉ်" ဆိုတဲ့သီချင်းကိုဆိုပြီး အိတ်ကြီးပခုံးမှာထမ်းလျက်နဲ့ က,တာဗျာ။

"ဝေ - ဝေး"

"ဟေး - ဟေး - ဘာတဲ့တုံးဟေ့"

"ရွှေနင်းဆီများလားကွယ်"

"လေဘာတီ မမြရင်တဲ့လား၊ နမလေးရဲ့ကြိုးစားထားဟဲ့"

"ဝါး - လား - လာ - လာ - လာ"

ကလေးများသာမကပါဘူးဗျာ၊ အရက်သမား၊ ကြက်သမား၊ နွားကျောင်းသားတွေပါ ဝိုင်းလာရောက်လာပြီး က,နေတဲ့ အဘွားအိုကြီးကို မြှောက်ပင့်လက်ခုပ်တီးပေးကြတာကလားဗျာ။

ခြေသိမ်းလက်ယူကလည်း တကယ့်အငြိမ့်မင်းသမီးလက်ခြေလက်သွား၊ ခါးချိုး၊ ခေါင်းငဲ့ဗျူး

ဂျာကင်အစုတ်နဲ့ မဟုတ်ပဲ မင်းသမီးဝတ်နဲ့ဆို ကြည့်ကောင်းမှာ။

အဘွားကြီးက ....။

တစ်ကြိမ်၊ နှစ်ကြိမ် ဦးနိမ်ချလို့ ကနေ ....။

ဆယ့်သုံးကြိမ်၊ ဆယ့်လေးကြိမ် ဦးနိမ်ချလို့အထိ အစဉ်လိုက်အတိုင်း လက်အုပ်လေးချီချီပြီး ဆိုကနေတာ။

ဟို ... ငမွှေး၊ ငရွှေနဲ့ ကလေးတွေကပါ အထာပေါက်သွားပြီး ....။

တစ်ကြိမ်၊ နှစ်ကြိမ် ဦးနိမ်ချလို့၊

သုံးကြိမ်၊ လေးကြိမ် ဦးနိမ်ချလို့ကို လိုက်ဆိုလိုက်တာ ရွာအဝင် ညောင်ပင်အောက်မှာ လက်ခုပ်သံ တဖြောင်းဖြောင်း၊ ရယ်သံတဝါးဝါး၊ သီချင်းဆိုသံ ဆလိုင်လိုင်နဲ့ လူသံ၊ ခွေးသံ ညံနေတာပဲ။

ကြာတော့ - ကျုပ်လည်း အဘွားအိုကြီးကို သနားလွန်းလို့၊



www.burmeseclassic.com

www.burmeseclassic.com

ဖေးဖွေး ဖြောက်ဖြော့ပေင့်တွေနဲ့ ကလေးတွေကို မောင်းနှင်ထုတ်ပြီး ချွေးဘေး ဝိုင်းနေတဲ့ အကာမယ် အဘွားအိုကို ကျုပ် တာဝန်ယူ စောင့်ရှောက်နေတဲ့ ရွာတော်ရှင်နတ်ကွန်းထဲ ခေါ်နားခိုင်းရတယ်။

— ၂ —

စာရေးဆရာ – သူဆိုတဲ့သီချင်းက ပေါ့သေးသေးသီချင်း မဟုတ်ဘူးပဲ လို့။

"အမေ – နားလိုက်ပါဦး။ ရော့ – ရေအေးအေးလေး – သောက်"

"သာဓုပါတော် – သာဓု – သာဓုပါ"

"အမေက အကရော ရတယ်လား ခင်ဗျ"

"နည်းနည်းပါးပါးပါ – သားရယ်"

"စောစောကအမေဆိုတဲ့သီချင်းကိုအရင်ကတစ်ခါမှမကြားဖူးဘူးခင်ဗျ။ ခုမှကြားဖူးတာ။ ဘယ်သူဆိုတဲ့သီချင်းလည်းဟင် – အမေ"

ကျုပ်ကလည်း အဆိုအကလေး ဝါသနာပါတာကိုး။

နတ်ကွန်းကို စောင့်ရှောက်နေရသူဆိုတော့ နတ်သီချင်းတွေတော့ ရတာပေါ့။ ဒါကြောင့် အမေအိုဆိုတဲ့သီချင်းကိုမေးတော့ –

"သီချင်းနာမည်က ရွှေမန်ကျီးရယ် ခုနစ်စဉ် တဲ့ကွယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"ရေးသူက ရွာစားကြီး နေမျိုးဇလကျော်သူဘွဲ့ရ စိန်ဗေဒါလို့ကြားဖူးတာပဲကွယ်၊ ဆိုတဲ့အဆိုကျော်က ဦးစိန်ခင်တဲ့၊ ဒီသီချင်းကို ရွာစားကြီး စိန်ဗေဒါ ဆိုင်းပွဲဝင်တိုင်း ဆိုတတ်လို့ သိရတယ်၊ စိန်ဗေဒါက ဆိုင်းတီးရာမှာ ပြိုင်စံရှား ဖြစ်ပေမယ့် ရုပ်ရည်က မချောဘူးလေ၊ အဲဒါ – မိန်းကလေးက သူ့ကိုကြိုက်လို့ နိုးရာလိုက်ပါရစေဆိုပြီး အမေကို ကန်တော့ပြောတဲ့သီချင်းတဲ့"



"ဩော် – ဒီလိုကိုး၊ ကိုယ့်ကိုယ်ကိုယ် တင်ထားတဲ့သဘောပေါ့"

"ဒါကြောင့် – လိုက်ပါရစေ စိန်ဗေဒါရဲ့လို့ နဲ့ကာဖွဲ့ကာ ဆိုတာကိုးကွယ့်"

"ဟုတ်ပဗျာ – ရှားရှားပါးပါးကြားခွင့်ရတာပါ – အမေ၊ ဒါနဲ့ – အမေ့နာမည် ဘယ်လိုခေါ်လဲ ဟင်"

"ဒေါ်ရွှေကျီးညိုတဲ့ကွယ်"

"နေတော့ရော – အမေ"

"ဒီလိုပါပဲကွယ်၊ မျော်သလို လျှောက်သွားပြီး ကြုံသလိုနေတာပါပဲ၊ ရွှေမရှိ ငွေမရှိ အဘွားကြီးညစ္စာ၊ ဘယ်ဇရပ်အိပ်အိပ်၊ ဘယ်အကြော်တဲအိပ်အိပ် လာမယ့်လူ မရှိပေါင်ကွယ်"

"သားသမီးများရော မရှိဘူးလား ခင်ဗျာ"

"မရှိပါဘူးကွယ်၊ အရွယ်ကောင်းမှာပဲ သမီးနှစ်ယောက် ဆုံးသွားတယ်၊ အဲဒီအချိန်ကစပြီး စိတ်ညစ်လို့ ခြေဦးတည့်ရာ လျှောက်သွား၊ ဘုရားတွေ့ ဘုရားဖူး၊ ချောင်းတွေ့ချောင်းကူးပေါ့"

"အမေ – ထမင်းစားပြီးပြီလား"

"မဆာပါဘူး – သားရယ်"

"အခု – ဘယ်သွားဖို့ ရည်ရွယ်တုံး"

"လူကလေးကို မေးစရာရှိလို့ ..."

"မေးပါ – အမေ – မေးပါ"

"ကျောက်တုံးနဲ့ ကျောက်ခဲဆိုတဲ့ လူနှစ်ယောက်များ သိသလားကွယ်"

"ကျောက်တုံးနဲ့ ကျောက်ခဲ – ဟုတ်လား"

"အေး ..."

"အမေ – သူတို့က သူ့ပုန်ဂိုဏ်းက လက်မရွံ့တွေလေ – ဘာဖြစ်လို့လဲ"

"တွေ့ချင်လို့ ..."

"အကြောင်းရှိလို့လား – အမေ"

"အေး ..."



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုတော်စပ်လို့တုံး"

"သူတို့အမေက ငါ့အစ်မပဲ၊ ခု - သူတို့အမေအသည်းအသန်ဖြစ်နေတယ်၊ သူ့သားနှစ်ယောက်ကို မတွေ့ တွေ့အောင်ရှာပြီး ခေါ်ပေးပါ၊ မျက်နှာတွေ့ပြီးမှ သေမယ်လို့ နေ့တိုင်းပြောနေလို့ လိုက်ရှာနေတာ"

"အမေ့ကိုပါ ရဲနဲ့စစ်တပ်က ဖမ်းနေဦးမယ်"

"ကိစ္စမရှိဘူး၊ အမေ - ကတိပေးခဲ့လို့ပါ၊ သူတို့အမေက သူ့သားနှစ်ဦးကို သူပုန်ဓားပြ မဖြစ်စေချင်ဘူး၊ ကျောင်းဆရာဖြစ်စေချင်တာ၊ တွေ့ရင် ပြောပြချင်လို့ပါကွယ်၊ လာတွေ့တာ၊ မတွေ့တာ သူတို့အပိုင်းပါ"

"သူတို့က ရက်စက်ရာမှာ နာမည်ကြီးပဲ၊ ပြေးနေလွှားနေတော့ နေရာအတိအကျ မရှိဘူး၊ ကောက်ရိုးကုန်းတို့၊ ဓားမတို့ရွာတို့၊ ဆင်ခြေရာရွာဘက်ကို အဝင်အထွက် ရှိတယ်လို့ ကြားတယ်"

"အဲဒီရွာတွေက ဘယ်နေရာမှာတုံးကွယ်"

"ဟို - အရှေ့ဈေးစူး မိုင်(၅၀)ခန့်မှာ"

"ဟော ..."

"အမေ - သူတို့ထိုက်နဲ့ သူတို့ကံပဲ ရှိပါစေဗျာ"

"အင်း - အင်း - အင်း - ငါ့အစ်မကို ငါသနားတယ်၊ သင်းတို့ကို ရှာလို့မတွေ့ဘူး ပြောလိုက်ရင် ငါလည်း သက်သာမှာပဲ၊ ငါ အသက်ကြီးပြီ၊ လူကြုံနဲ့ မေးလို့၊ ပါးလို့ရရင်လည်း ပါးရ၊ ပြောရမှာပဲလေ၊ အမေ - သွားလိုက်ဦးမယ်ကွယ်"

"အမေ - ပြန်မှာလား၊ ရှာဦးမှာလား"

"ကြည့်လိုက်ဦးမယ်ကွယ်"

"အကြောင်းရှိရင် ဒီနတ်ကွန်းကို ဝင်ခဲ့နော်၊ ကျွန်တော့်နာမည်လည်း မှတ်ထား၊ ကိုမင်းကျော်တဲ့ ခင်ဗျ"



"အမ်မယ် - လူကလေးက နတ်ဦးမင်းကျော်နာမည်နဲ့ကိုး၊ အေး - အေး နောက်တစ်ခါရောက်လာဖြစ်ရင် မင်းကို (၃၇)မင်းနတ်ချင်းအဆိုတွေ အမေ သင်ပေးမယ်ဟေ့ - နော"

— ၂ —

နောင်အခါ သိရတာက အမေကြီး ဒေါ်ရွှေကျီးညိုက ကျုပ်ကို ဇာတ်လမ်းဇာတ်ဆင်ထွင်ပြီး လှည့်သွားတာကိုး၊

နောက် (၆)ရက်လောက်ကြာတော့ ဒေါ်ရွှေကျီးညို မိုးသဲကြီးမဲကြီး ရွာနေချိန်၊

ကောင်းကင်မှာ မိုးကြိုးလျှပ်စစ် ပစ်နေတဲ့အချိန် ကျုပ် နတ်ကွန်းထဲကို ဝင်လာတာပဲ၊

တစ်ကိုယ်လုံး မိုးရေစိုရွှဲပြီး ချမ်းတုန်နေတယ်၊

"မောင်မင်းကျော် - မောင်မင်းကျော်"

"မိုးရေထဲက ဘယ်သူတုံးဟေ့"

"အမေ - ပါ - ဒေါ်ရွှေကျီးညို - ပါ၊ တံခါး - ဖွင့်ပါဦးကွယ်၊ ချမ်းလို့ သေရပါတော့မယ် - သားရယ်"

မှတ်မိပြီကွ၊

တံခါးဖွင့်ပေးလိုက်တော့ မိုးရေရွှဲရွှဲ ချမ်းတုန်မေးရိုက်နေတဲ့ ဒေါ်ရွှေကျီးညိုကို ရေစိုအိတ်ကြီးနဲ့ တွေ့ရတယ်၊

အဲဒါ - အထဲကိုသွင်း၊ အဘွားကြီးက အိတ်ကြီးကို တစ်နေရာမှာဖွင့်ပြီး ကလတ်စတစ်နဲ့ပတ်ထားတဲ့ ထမီအင်္ကျီတွေထုတ်ပြီး လဲဝတ်လိုက်တယ်၊

ကျုပ်က ရေနွေးကြမ်းပူပူလေး တိုက်လိုက်တော့ ဖူးဖူးမှုတ်ပြီး တစ်ခါထဲသောက်ချလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

"မင်း – ငါ့ကို မှတ်မိရဲ့လား – မောင်မင်းကျော်"

"မှတ်မိပါတယ် – အမေ။ ဒီမုန့်လေး စားပါဦး ခင်ဗျ။ ဒါနဲ့ – အမေ – ဟို လက်မရှိတွေနဲ့ တွေ့သေးလား ဟင်"

"တွေ့တယ်"

"ဟင် – တွေ့တယ်၊ တွေ့တော့ – သူတို့ ဘာပြောတုံး"

"တစ်ယောက်က ရှူးသွားပြီ၊ တစ်ယောက်ကလည်း သေတော့မယ်၊ ဝဋ်လည်တာပေါ့၊ ငါ နှစ်ပေါင်းအတန်ကြာ ကြိုးစားခဲ့ရတာ၊ ကျေနပ်ခဲ့ရပါပြီ လူကလေးရယ်၊ ဒါနဲ့ – မောင်မင်းကျော်"

"ခင်ဗျာ – အမေ"

"အမေ – မင်းကိုဟိုးအရင်ဦးဆုံး စတွေ့တုန်းက လိမ်ညာပြီး ကျောက်တုံး နဲ့ ကျောက်ခဲကို အမေ့ရဲ့တူသားတွေလို့ ပြောမိခဲ့တယ်"

"ဆွေမျိုး မဟုတ်ဘူးလား"

"လုံးဝမဟုတ်ဘူး၊ ဘာမှမတော်စပ်ဘူး၊ သင်းတို့က ငါ့ရဲ့ရန်သူစစ်စစ်၊ ငါ အမုန်းဆုံးလူစာရင်းမှာ နံပါတ်တစ်ပဲ၊ သင်းတို့ကို ငါ့လက်နဲ့ ကိုယ်တိုင် ကလဲ့စားချေချင်လို့ တစ်ရွာဝင်၊ တစ်ရွာထွက် လိုက်စုံစမ်းနေတာ"

"ဗျာ ..."

"အခု – အမေ – သူတို့ကို သတ်နိုင်ခဲ့ပြီလား ဟင်"

"ပြောပြမယ် – နားထောင်"

နောက်ပိုင်းအကြောင်းအရာက ကျုပ်တို့အမေကြီး ဒေါ်ရွှေကျီးညိုက ပြန်ပြောပြတဲ့ဇာတ်ကြောင်းပဲ – စာရေးဆရာ၊ ခင်ဗျားအတွက်တော့ ဝတ္ထု တစ်ပုဒ်များ ဖြစ်မယ်နဲ့တူရဲ့ဗျာ၊

— ၂ —

ငါ – သင်းတို့ညီအစ်ကိုကို နာကြည်းရတဲ့အကြောင်း တစ်ကမ္ဘာလုံးကို ကြေညာလိုက်ချင်တယ်ကွယ်၊

ကျောက်တုံးနဲ့ ကျောက်ခဲ၊

ရက်စက်တဲ့နေရာမှာ ကာမ်းကုန်ပဲပေါ့၊

အမေတို့သားအမိက ရွှေကျီးပျို၊ ရွှေကျီးစိုအငြိမ့်မှာ အငြိမ့်မင်းသမီးများ ပေါ့ကွာ၊

သမီးအကြီးမ နာမည်က ရွှေကျီးပျိုတဲ့၊

သမီးအငယ်မ နာမည်က ရွှေကျီးစိုတဲ့၊

အမေက ရွှေကျီးညိုတဲ့၊ နောက်ပိုင်းမင်းသမီးပေါ့၊ ရွှေကျီးပျို အငြိမ့်မှာ ရွှေကျီးပျိုက ခေါင်းဆောင်မင်းသမီး၊ ရွှေကျီးစိုက ရှေ့ထွက်မင်းသမီး၊

ညီအစ်မနှစ်ဦးစလုံး ရုပ်ချောရေ၊ ကိုယ်လုံးကိုယ်ပေါက်ရော၊ အသံရော အလွန်လှ၊ အလွန်ကောင်းပဲ၊

တစ်နှစ်ကို ပွဲရှိ ရာကျော်က,ရတယ်၊

လွန်ခဲ့တဲ့(၇)နှစ်ခန့်က (        )မြို့က လောက်စာလုံး ဆိုတဲ့ရွာကြီးက တောသူဌေးအလှူမှာ အမေတို့ အငြိမ့်က,ရတယ်၊

ဆိုင်းသမားတွေက အငြိမ့်ပိုင်ရှင်ကို ပြောတယ်၊

"ဇာတ်ဆရာ – အဲဒီနေရာက သူပုန်နယ်မြေနော်၊ ဖြစ်နိုင်ရင် – မလိုက်စေ ချင်ဘူးဗျာ"

"ဆိုင်းဆရာ – ကျုပ်တို့ကြိုက်ကြေးရထားတယ်ဗျ၊ အဲဒီရွာကိုမလိုက်ရင် ပွဲနားရမှာ၊ ပွဲနားရင် အငြိမ့်တစ်ဖွဲ့လုံး ဝင်ငွေထိခိုက်မယ်လေ"

"အန္တရာယ်များတယ်၊ အမည်းရောင်နယ်မြေဒေသမှာပါတယ် – ဇာတ် ဆရာ"

"ငှားတဲ့သူဌေးက အားလုံးကို ပိုင်တယ်လို့ ပြောတဲ့ဥစ္စာ၊ စာချုပ်ပြီးပြီ၊ သွားကမှဖြစ် – ဒါပဲ"

ဒီလိုနဲ့ လောက်စာလုံးဆိုတဲ့ ရွာက သူဌေးအလှူပွဲကို သွားက,ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ရွာနီးချုပ်စပ်မကျန် လှည်းတွေနဲ့ လာကြည့်ကြတာ။

အုန်းအုန်းကျွက်ကျွက်ကို စည်တာကလားကွယ်။

လူရွှင်တော်တွေရဲ့ပြက်လုံးကလည်း တဝါးဝါး ရယ်ရ၊ ရွှေကျီးပျံနဲ့ ရွှေကျီးစိုတို့ရဲ့အလှ အက အဆိုကလည်း အတီးနဲ့ပြိုင်ပြိုင်နေတော့ မိုးစင်စင်လင်းထိ နောက်ပိုင်းဇာတ်ထုပ် က.ခဲ့ကြတယ်။

အေး - ပွဲကပြီးလို့ လှည်းတွေနဲ့ အငြိမ့်ပစ္စည်းတွေတင်ပြီး မြို့ကားဂိတ်ရှိရာကို ရွာလမ်းအတိုင်း သွားနေတုန်း ...။

မြင်းနှစ်စီးနဲ့လူနှစ်ယောက် လှည်းရှေ့ကနေ တားရပ်ပါရော။

"ဟာ - ဒါ - ကျောက်တုံးနဲ့ ကျောက်ခဲပဲနေမှာ - ဒုက္ခပဲ"

"သူတို့က ဘာတုံး - လှည်းဆရာ - ဟင်"

"သူပုန်အဖွဲ့က လက်မရွံ့တွေ"

"ဘုရားရေ ..."

"ညတုန်းက က.တဲ့ ရွှေကျီးပျံနဲ့ရွှေကျီးစို ဘယ်မှာတုံးကွ"

"မေးနေတာ မကြားဘူးလား။အကုန်သေချင်လား"

မြင်းပေါ်က တစ်ယောက်က ခါးကြားက ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီး ထိုးချိန်လိုက်ရော။

လှည်းပေါ် စောင်ခြုံပြီး အိပ်ငိုက်ပါလာတဲ့ ရွှေကျီးစိုတို့က -

"ကျွန် - ကျွန် - မတို့ - ပါရှင် - ရှင်"

"ဟုတ်သားပဲ - ခုချိန်ထိ - လှနေတုန်းဟ - ဟား - ဟား - ဟား။ ကိုင်း - မင်းတို့နှစ်ယောက် လှည်းပေါ်ကဆင်း"

"ရှင် - ရှင်"

"ဆ - ဆရာတို့ရယ် - မ - မလုပ်ကြပါနဲ့ဗျာ၊ တောင်းပန်ပါတယ် - နော် နော်"

"ဖောင်း"

"အား"



ဇာတ်ဆရာနားထင်ကို သေနတ်ပြောင်းနဲ့ ရိုက်လိုက်တာ သွေးခြင်းခြင်း ခဲသွားတယ်၊

"ဆင်း ..."

"ဟင့်အင်း - အမေ - အမေ - လုပ်ပါဦး - အမေ"

"မောင်တို့ရယ် - အမေကြီး တောင်းပန်"

"ခွပ်"

"အမလေး ..."

"အမေ - အမေ"

ဒီမှာ နှုတ်ခမ်းကွဲနဲ့ လူဆိုးက သေနတ်ပြောင်းနဲ့ ငါ့မျက်နှာကို ဖြတ်ရိုက်လိုက်တာ ငါ့နှာခေါင်းရိုးကျိုးပြီး သတိလစ်သွားခဲ့ရတယ်။

တိုတိုပြောရရင် ငါ့သမီးချောလေးနှစ်ယောက်ရဲ့အလောင်းကို နေမဝင်ခင်မှာပဲ ချောက်ကျင်းတိမ်လေးတစ်ခုထဲမှာ သွားတွေ့ခဲ့ရတယ်။

ခန္ဓာကိုယ်ပေါ်မှာ အဝတ်အစားတွေ မရှိကြဘူး။

ပိုအဖြစ်ဆိုးတာက ...

သူတို့ရဲ့ဦးခေါင်းကို ရဲတင်းနဲ့ ခုတ်သတ်ခဲ့တော့ သမီးနှစ်ယောက်ရဲ့ငယ်ထိပ်မှာ ရဲတင်းအသွားနက်နက် ဟက်တက်ကွဲ၊ သွေးသံရဲရဲ မျက်လုံးပြူးပြီး ခရီးမဆန့် သေဆုံးနေတာကို မြင်ခဲ့ရပြီး အမေလုပ်သူ ငါ ရင်ကွဲမတတ် ခံစားခဲ့ရတယ်၊

သင်းတို့ကို ဘယ်ရဲမှ ဖမ်းလို့မရခဲ့ကြဘူး။

မှတ်ထားတယ်၊

မျက်နှာမှာ ဓားခုတ်ရာကန့်လန့်နဲ့ကောင်က ကျောက်တုံးတဲ့၊

နှုတ်ခမ်းကွဲကြီးနဲ့ကောင်က ကျောက်ခဲတဲ့၊

သူပုန်ခေါင်းဆောင် ကျားသစ်ဌေးဆိုင်ရဲ့လက်မရွံ့တွေတဲ့၊

ငါ့သမီးနှစ်ယောက်ရဲ့အလောင်းကို ဆေးရုံကနေ နီးရာသချိုင်းမှာ [illegible]မြှုပ်သင်္ဂြိုဟ်ခဲ့ရပြီး ငါလည်း ရူးမတတ်ခံစားရလို့ အငြိမ့်မကတော့ဘဲ ပျောက်သွားခဲ့လိုက်တယ်၊



www.burmeseclassic.com

နောက် သုံးနှစ်ကြာတော့ သမီးတွေ မြေမြှုပ်ခဲ့တဲ့ သချိုင်းကို သွား၊ စကြာလတွေကို ငွေပေးပြီး သမီးနှစ်ယောက်ရဲဦးခေါင်းခွံနှစ်ခု ဟောဒီအိတ်ထဲမှာ ထည့်ပိုးပြီး ...

သင်းတို့ လက်မရှဲ့နှစ်ဦးရှိရာအရပ်တွေကို တစ်ရွာဝင်၊ တစ်ရွာထွက် လိုက်ရှာခဲ့လိုက်တယ်။

"ညည်းရှယ်ချက်ကရော - အမေ"

"သင်းတို့ကို ဟောဒီ ငါ့သမီးနှစ်ယောက်ရဲ့ ရဲတင်းရာ ဦးခေါင်းခွံနှစ်ခုပြပြီး ပြန်ကလဲ့စားချေဖို့ပဲ"

"နောက် - ဘယ်လိုဆုံကြတုံး"

"ဒီနေ့ (၇)နှစ်ကြာရှိန် ငါမြို့ပေါင်း (၂၀)၊ ရွာပေါင်း(၁၀၀)ခန့်ကို သွားခဲ့ပြီး သင်းတို့သတင်းကို စုံစမ်းခဲ့တာလေ၊ အချို့က စစ်တပ်နဲ့တိုက်တဲ့တိုက်ပွဲမှာ ကျောက်တုံးနဲ့ကျောက်ခဲ ကျသွားပြီတဲ့၊ အချို့က တပ်က လက်ရဖမ်းမိလို့ ထောင်ကျသွားသတဲ့၊ ဒါနဲ့ - ငါ အကျဉ်းထောင်တွေကို လိုက်စုံစမ်းတော့ မဟုတ်ဘူး၊ ဒီကောင်တွေ ဝရမ်းပြေးဘဝကို ရောက်နေတယ်လို့ သိရတယ်။

— ၂ —

တစ်နေ့ ...။

လက်နက်ချ အလင်းဝင် သူပုန်တစ်ဦးနဲ့ (      )မှာ သွားဆုံကြတယ်၊ ဆုံတော့ မေးတာပေါ့။

သူ့နာမည်က ခင်မောင်တဲ့၊

ကောင်းရောင်းကောင်းဝယ် လယ်လုပ်စားနေတာ၊ သားနဲ့မယားနဲ့ ဖြစ်နေတယ်၊

"မောင်ခင်မောင်လားကွယ်"

"ဟုတ်ပါတယ် - ကြီးတော်၊ ဘာကိစ္စရှိလို့ပါလဲ"

"မောင်က လက်နက်ချ အလင်းဝင်ဆို ..."



"ဟုတ်ပါတယ် ခင်ဗျာ၊ ဘာဖြစ်လို့လဲ ဟင်"

"မောင်ရင်တို့ခေါင်းဆောင်က ကျားသစ် ဆိုင်ဒနော် - မောင်ခင်မောင်"

"ဟုတ်ပါတယ် - ကြီးတော်"

"သူရော - လက်နက်ချခဲ့လားကွယ်"

"ဆိုင်က ပုံတောင်ပုံညာတိုက်ပွဲမှာ ကျသွားတယ် - ကြီးတော်၊ ဘာလို့လဲဟင်"

"ဒါဆို - ကျောက်တုံး၊ ကျောက်ခဲတို့ရော ထောင်ကျသွားပြီလား - လူ ဘလေးရယ်"

"သူတို့ကတော့ ပြေးနေတုန်းပါပဲ - ကြီးတော်၊ ကြီးတော် - ဘာလို့ သူတို့ နှစ်ယောက်ကို မေးရတာလဲ ဟင်"

"မင်းက လူကောင်းဘဝ ရောက်သွားပြီမို့ ယုံကြည်အားကိုးပြီး လာမေးအကူအညီတောင်းတာပါ - လူကလေးရယ်၊ သူတို့နှစ်ဦးရှိရာကို သိချင်လို့ပါ"

"ကြီးတော်က သူတို့အမေလား"

"မဟုတ်ပါဘူး"

"ဒါဆို - ဆွေမျိုးလား"

"မတော်ပါဘူး - လူကလေး"

"ဒါဆို - ဘာကြောင့် တွေ့ချင်ရတာလဲ - ကြီးတော်၊ သူတို့က လက်မရှဲ့တွေ၊ အသတ်အဖြတ် ရက်စက်တယ်၊ ယုံကြည်ချက် လုံးဝမရှိဘူး၊ မတွေ့ပါနဲ့ -"

"တွေ့ရမှဖြစ်မယ်"

"ကြီးတော် - သိပ်အရေးကြီးလို့လား"

ဒီမှာ - ငါက ပါလာတဲ့ဖျင်အိတ်ကြီးကို သူ့ရှေ့မှာ သွန်ချပြလိုက်ရော၊

"ဟာ - ဒါ - ဒါ"

"လူခေါင်းခွံပါလား၊ ဒါက - ဘာသဘောလဲ ဟင် - ဟင်"

အလင်းဝင် ခင်မောင် သူ့ရှေ့မြေပြင်က လူဦးခေါင်းခွံနှစ်ခုကို ကြည့်ပြီး ဟောဒ္ဒိဖြစ်၊ အံ့ဩလို့၊

www.burmeseclassic.com

"အဲဒါ - ငါ့ရဲ့သမီးနှစ်ယောက် ဦးခေါင်းခွံတွေပဲ - မောင်ခင်မောင်"

"ဗျာ ..."

"တွေ့လား - ဦးခေါင်းနှစ်ခုရဲ့နဖူးမှာ ကျွံဝင်နေတဲ့ရိုင့်ခွက်ရာ တစ်ခုစီ"

"ဟုတ် - ဟုတ်ကဲ့၊ အဲဒါ - ဘယ်လိုဖြစ်"

"ကျောက်တုံးနဲ့ ကျောက်ခဲဆိုတဲ့ လက်မရွံ့လူယုတ်မာနှစ်ကောင်ရဲ့ လက်ချက်ပေါ့၊ ဖြစ်ပုံက ..."

ငါက သေရခြင်းအကြောင်းရင်းကို ပြောပြတော့ အလင်းဝင် ခင်မောင် စုတ်တသပ်သပ်ဖြစ်လို့ ....။

"ငါ့သမီးနှစ်ဦးကို မုဒိမ်းကျင့်ပြီး ရဲတင်းနဲ့ ခုတ်သတ်သွားတာ၊ ဒါကြောင့် ငါ သူတို့ကို ကလဲ့စားချေဖို့ လိုက်ရှာနေတာ"

"ကြီးတော် ..."

"ပြောပါ - မောင်ခင်မောင်"



66 ရှေးဆုံးက
အရုက်လုံရုံ ဝတ်ထားတဲ့
အရုးတစ်ယောက်
ဝမ်းသာအားရ ခုန်ပေါက်ပြီး
သချိုင်းထဲကို ဝင်လာတယ်။
အကျီလည်း မပါဘူး။
ဆံပင်ကလည်း အရှည်ကြီး။
နီတာရဲလို့။
ကျောကုန်းပေါ်မှာလည်း
ဓားနှင့်ခုတ်ထားတာမျိုးလို
အမာရွတ်တွေနဲ့။

"သူတို့မှာ သေနတ်ရှိနေရင် ဘယ်လိုလုပ်မတုံး"

"မာယာပရိယာယ်နဲ့ သနားအောင်ပြောပြီး ရှင်းရမှာပေါ့"

"ဟူး ..."

"ဘာလို့ - မင်း သက်ပြင်းချရတာတုံး - မောင်ခင်မောင်"

"သူတို့ကို ကိုယ်တိုင်သတ်ချင်တာလား"

"ဟုတ်တာပေါ့ - ငါ့တူရယ်"

"ကြီးတော် - တကယ်ရင်ဆိုင်တွေ့ရင် သတ်ရဲပါ့မလား"

"သတ်ရဲတယ်၊ နေရာပဲ ပြပေးပါ - လူကလေး"

"ဒီကနေ့ - တစ်နေကုန်နီးပါးသွားရင် ကြက်ဖကြီးဆိုတဲ့ရွာကို ရောက်လိမ့်မယ်၊ အဲဒီရွာက ကြက်ဖကြီးသချိုင်းမှာ ကျောက်တုံးဆိုတဲ့ကောင် ရှိတယ်၊ တွေ့ရင် - ကြီးတော် - အတန်တန်စဉ်းစားပြီးမှသတ်ပါ၊ မလိုအပ်ရင် မသတ်ပါနဲ့"

"ဟိုကောင် - ကျောက်ခဲကရော"

"သူက အကျဉ်းထောင်ကျသွားတယ်၊ ထောင်ကလွတ်တော့ အကျွတ်တရားရပြီး ဘုန်းကြီးဝတ်နေသလိုလို ကြားရတယ်၊ နေရပ်လိပ်စာကတော့ မသိဘူး။

"အေး - ကျေးဇူးပဲ - မောင်ခင်မောင်၊ သွားမယ်နော်"

"မလိုအပ်ပဲ မသတ်ပါနဲ့ - ကြီးတော်"

"ကျေးဇူးပါပဲကွယ်"

သမီးနှစ်ယောက်ရဲ့ဦးခေါင်းခွံနှစ်ခုကို အိတ်ထဲ ကောက်ထည့်ပြီး တွေ့ကဲ့ရွားလှည်းနဲ့ တစ်ရွာဝင်၊ တစ်ရွာထွက်လာခဲ့လိုက်တယ်။

— ၃ —

www.burmeseclassic.com

www.burmeseclassic.com

ကြက်ဖကြီးသချိုင်း၊

ရွာပြင်မှာကိုး၊ သချိုင်းထဲ ဝင်ခဲ့လိုက်တယ်၊ ပြီး - ကျင်းတူးနေတဲ့လူတစ်ယောက်ကို မေးကြည့်တယ်၊

"မောင်ကြီးက ဒီသချိုင်းကလား ဟင်"

"ဟုတ်ပါတယ်ဗျ၊ ဘာဖြစ်လို့တုံး - နာရေးကိစ္စပဲလား"

"အေး - ဟုတ်တယ်၊ ကျင်းတစ်ကျင်း တူးပေးပါကွယ်၊ ဘယ်လောက်ပေးရမတုံး ဟင်"

"နစ်ရာကျပ်ပါ ခင်ဗျ၊ ဘယ်နေ့ သင်္ဂြိုဟ်မှာလဲ - အစ်မကြီး"

"ဒီနေ့ပဲကွယ့်၊ ဒါနဲ့ - ငါ့မောင်ကြီးရယ် - ဟိုလေ - ဒီသချိုင်းမှာနေတဲ့ မောင်ကျောက်တုံးများ ရှိသလားဟွယ် ဟင်"

"ကျောက်တုံးက ဒီအချိန်ဆို ရွာစုံလျှောက်သွားနေတာဗျ၊ အသုဘချရင်တော့ ရောက်လာရော၊ ဘာတော်လို့တုံး၊ စောင့်သာနေ - အစ်မကြီးရေ၊ ဒီနေ့ - အသုဘနစ်ခု ချလာလိမ့်မယ်၊ အဲဒီကျရင် ကျောက်တုံး အသေအချာ ရောက်လာပါလိမ့်မဗျာ"

ဒါနဲ့ - အပြင်းစား တစ်ဆွေ့နှုန် အဆိပ်စိမ်စွပ်ထားတဲ့ ဓားမြှောင်နဲ့ ဓားအိမ်ကို အသင့်လုပ်ထားလိုက်တယ်၊

အမဲလိုက်မုဆိုးတွေဆီက ဈေးကောင်းပေးဝယ်ထားရတာ၊ မှန်ညင်းစေ့ အဖျားခန့် အရေပြားထဲ ဝင်မိတာနဲ့ ပြေးနိုင်ရင် ခြေတစ်လှမ်းပဲ၊

ပြီးရင် - ဝိုင်းခနဲ လဲကျသေရော၊

တွေ့ကြသေးတာပေါ့ - ကျောက်တုံးရယ်၊

ဂူတစ်ခုပေါ်မှာ ဦးခေါင်းထုပ်ကြီးချပြီး စောင့်မျှော်နေတုန်း မကြာပါဘူး၊ အသုဘတစ်ခု ကြေးစည်ရိုက်သံ၊ ငိုသံတွေနဲ့ ထမ်းချလာပါရောဟေ့၊

ကြည့်လိုက်တော့ ရှေ့ဆုံးက အရက်လုံရုံဝတ်ထားတဲ့အရူးတစ်ယောက် ဝမ်းသာအားရ ခုန်ပေါက်ပြီး သချိုင်းထဲကို ဝင်လာတယ်၊

အင်္ကျီလည်း မပါဘူး၊ ဆံပင်ကလည်း အရှည်ကြီး၊ နီတာလံလို့၊ ကျောကုန်းပေါ်မှာလည်း ဓားနင့် မွှန်းထားတာမျိုးလို အမာရွတ်တွေနဲ့၊

အလောင်းကို မြေချဖို့ပြင်တော့ သူက ခေါင်းက စားမြိန်စာထုပ်ကို ဝင်လုပါရောဟ၊

"ဟ - သောက်ရူးရ - နေပါဦးဟ"

"ငတ်ကြီးကျလိုက်တဲ့ အရူးကောင်"

"ကန်ထည့်လိုက်ကွာ - ရှုပ်တယ်"

ဒါနဲ့ - လူတစ်ယောက်က နံငယ်တိုနဲ့ အရူးလက်ထဲကို မသာခေါင်းပေါ်က စားမြိန်စာထုပ် ပေးလိုက်ရော၊ အရူးက ဝမ်းသာအားရနဲ့ ဂူတစ်လုံးပေါ် ထိုင်ပြီး ပလုတ်ပလောင်း စားနေပါရော၊

ဒီလိုနဲ့ မသာမြေမြှုပ်ပြီး ပြန်ကြလို့ သချိုင်းကုန်းပေါ်မှာ လူရှင်းသွားတယ်၊

"ဟေ့ - မောင်ငယ်"

"ဗျာ - ခြော် - ဟိုအစ်မကြီးပါလား"

"ဘယ်မှာတုံးကွဲ့ - ကျောက်တုံး"

"ဟို - ဂူပေါ်မှာ စာမြိန်စာထုပ် စားနေတာ - ကျောက်တုံးလေဗျာ"

"ဟေ - ဗ - က - ပ လက်မရှဲ့ကျောက်တုံး"

"ဟုတ်တာပေါ့၊ အခု - သင်းရူးနေပြီ၊ စားစရာမရှိဘူး၊ မသာက စမြိန်စာစားပြီး ညရောတ်ရင် မြေကြီးပေါ်မှာ အိပ်နေတာ"

ဒါနဲ့ - ဟုတ်.မဟုတ် သိချင်လို့ အနီးတိုးသွားကြည့်တော့ ဟုတ်တာပဲ၊ ရင်ဘတ်နှာပေါ်မှာ ဓားခုတ်ရာ ကန့်လန့်အမာရွတ်နဲ့၊

အလို - သူ့နဖူးဟာ လက်သီးတစ်လုံးဝင်လို့ရအောင် အထဲကို ချိုင့်ဝင်နေပါကလား၊ အရုပ်ဆိုးလိုက်တာ၊

ငါ့ကိုမြင်တော့ သူ့အစာထုပ်ကို လုမယ်မှတ်လို့ ကိုယ်နဲ့ကွယ်ပြီး ငါ့ကို ကြည့်ကြည့်၊ လှည့်ကြည့် လုပ်နေတယ်၊





www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ကောင် - ကျောက်တုံး"

"အဟတ်"

"ဟဲ့ကောင် - ကျောက်တုံး"

"အေ့ - ဇေ့"

"နင် - နင် - လူသတ်သမား - လူယုတ်မာ"

"အဟီ - အဟီ - အေ့ - အေ့"

သင်း - ဘာမှပြန်မပြောဘူး၊

အဟီ - အဟေ့ပဲ လုပ်ပါတယ်၊ ဘာကိုမှမသိတော့တဲ့ပုံမျိုး၊ ထိုင်ပုံနေကလည်း၊

"ဟဲ့ကောင် - နင် - ဝါ့သမီးတွေကိုရဲတင်းနဲ့ ခုတ်သတ်ခဲ့တာ မှတ်မိလား၊ အင်း - လူယုတ်မာကောင်"

"အေ - အေ - အေ - အင်၊ - အင်း - အင်း - အိုး - အိုး - အို - အို"

"အစ်မကြီး - သူက ရူးနေတာ၊ ဘာမှမသိတော့ဘူး၊ မေးမနေနဲ့တော့"

"သူ - ဘယ်လိုဖြစ်သွားတာလဲ ဟင်"

"ရွာသူရွာသားတွေက တိုက်ပွဲဖြစ်လို့ ပြေးလာတဲ့သူ့ကို တုတ်တွေ၊ ဓားတွေ၊ အုတ်ခဲတွေနဲ့ ဝိုင်းထုပြီး သတ်ကြတာ၊ သေပြီဆိုပြီး ချောင်းထဲ ပစ်ချပေမယ့် မသေပဲ ပြန်ရှင်ပြီး ဦးနောက်ပျက်သွားတဲ့ဘဝနဲ့ ဒီအရပ်သချိုင်းကို ရောက်လာတာပဲ၊ ရွာထဲ တောင်းစားလည်း ဘယ်သူမှ သူ့ကိုမပေးကြဘူး၊ မသာချမှ စားမြိန်စာထုပ် စားရတယ်၊ ကျန်တဲ့နေ့တွေ သစ်ရွက်တွေ ဝါးစား၊ အမှိုက်ပုံထဲက စွန့်ပစ်ထားသမျှ ရှာစားပဲ၊ အစ်မကြီးနဲ့ - သိလား"

"သိတယ်"

"ဘယ်လိုသိတာတုံးဗျ"

"ဒီမှာ - မောင်ငယ်"

"ပြော - အစ်မကြီး"



ဒကာ - မ - ကြီး - ကျုပ်တို့ - သိပ် - မိုက် - ရိုင်း - ဆိုးဝါး - ခဲ့ပါ - တယ်။ ကျုပ်တို့ မှားခဲ့ပါတယ် - အား - ကျွတ် - ကျွတ်။ ရွာသားတွေ ဒဏ်ခတ်ကြလို့ ကျုပ်တို့ အဲဒီဝဋ်ကြွေးကို ပြန်ခံစားနေရပါပြီ။ သတ်ပါ - ဒကာ - မကြီး။ ကျုပ်ကို သတ်လိုက်ပါ။ ကျုပ် - ကျုပ် - သေခြင်းကို ကျေနပ်စွာ ခံ - ယူ - နိုင် - ပါပြီ။ သတ်ပါတော့။



"အကယ်လို့ - သူသေသွားရင် ငါတူးခိုင်းတဲ့ကျင်းမှာပဲ မြှုပ်လိုက်တော့၊ ခြွန်ပြီ"

"ဟင် ..."

— ၃ —

နောက်တစ်ယောက် ကျောက်ခဲဆိုတဲ့ လက်မရှိကို ဘုန်းကြီးဝတ်နဲ့ ရွာဘယ်ရွာက ကျောင်းအိုကြီးမှာ သွားတွေ့ခဲ့ပါရောဟေ့၊



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာလိုက်တာကွယ်၊

အရှုံးကျောက်တုံးကတော့ သူ့စရိတ်နဲ့သူ သွားရတော့မှာမို့ ငါမသတ်ခဲ့ဘူး။

ကျောက်ခဲကို ဘယ်လိုလုပ်ရမတုံး။

သင်းက သက်နှံးဝတ်နဲ့တဲ့၊ အလဲ့ - ဟုတ်လို့ပော့၊

သို့သော် သင်းလည်း အိပ်ရာထဲမှာ ပက်လက်၊ သင်းကိုမြင်ရတာလည်း ဒိတ်မသက်သာလှဘူး။

လူက အရိုးနဲ့အရေပဲ ကျန်တော့တယ်၊

နဖူးကြီးကလည်း ချိုင့်ဝင်နေလိုက်တာ ရေထည့်လို့တောင်ရတယ်၊ မျက်လုံးက ပြူးထွက်လို့၊

ကပ္ပိယကြီးပြောပြလို့ သိရတာပါကွယ်၊

"ဦးဇင်းကျောက်ခဲနဲ့ ဘာတော်တုံးဗျ"

"အသိပါ - ကပ္ပိယကြီး၊ ဒါနဲ့ - သူ - ဘယ်လိုဖြစ်နေတာလဲ"

"သူ့ကို ရွာသားတွေ ထုရိုက်ပြီး ဖမ်းကြတာ၊ မျက်နှာကဒဏ်ရာက ပုဆိန်နဲ့ အထုခံရလို့ ချိုင့်ဝင်သွားတာ၊ ပြီး - လည်ပင်း ဝါးကွင်းစွပ်၊ ဒရွတ်ဆွဲပြီး ရဲလက် အပ်ကြတာလေ၊ မသေဘူး၊ ထောင်ငါးနှစ်ကျသွားပြီး ပြန်လွတ်လာတော့ သူ့ဘကြီး ဒီကျောင်းမှာ အကျွတ်တရားရ သက်နှံးဝတ်နေတာ၊ ဒီမှာ နဖူးကဒဏ်ရာက ဒုက္ခပေးလို့ အိပ်ရာထဲမှာ အော်ဟစ်လဲနေတာ၊ ဆေးကုလို့လည်း မရတော့ဘူး၊ သေမည့်နေ့ကို စောင့်နေတာပဲ၊ ညည်းကရော သူနဲ့ ဘာတော်လို့တုံး"

"အသိတွေပါ"

"တစ်ဖွဲ့တည်းလား"

"သူနဲ့ စကားပြောပါရစေ - ကပ္ပိယကြီး"

"လာ - လာ"



ဒါနဲ့ - ကျောင်းအဖီလေးရဲ့ ကွပ်ပျစ်ပေါ်မှာ အသက်ပြင်းပြင်း ရှူနေတဲ့ ကျောက်ခဲကို တွေ့ခဲ့ရတယ်၊

အစာတောင် မစားနိုင်ပဲ ဝမ်းဗိုက်ကြီးက ဖောင်းကားပြီး မှိန်မောက်နေတာမှ အကြီးကြီးပဲ၊

"ဦးပဥ္စင်းကျောက်ခဲ - ညည့်သည်ရောက်နေတယ်"

"ဘယ် - သူ - တုံး"

"ကျွန်မပါ"

သူ မျက်စိကို အားယူလှည့်ကြည့်တယ်၊

"ဒကာမကြီးက ဘယ်သူတုံး - အား - အား"

"ရွှေကျီးပျို့၊ ရွှေကျီးစိုအပြိမ့်က ဒေါ်ရွှေကျီးညိုပါ"

"ဟင် ..."

သူ အံ့အားသင့်ပြီး မျက်ကြောရပ်သွားတယ်၊

"မှတ်မိရဲ့လား"

"ရွှေကျီးစို - ရွှေကျီးပျို့ - အ - ငြိမ့် - အား - ကျွတ် - ကျွတ်"

ငါ - အဆိပ်သုတ်ဓားကို လက်နဲ့စမ်းရင်း အိတ်ကြီးကို သွန်ချလိုက်ရော ခေါင်းခွံကြီးနှစ်လုံး ထွက်ကျလာတယ်၊ ခေါင်းခွံနှစ်ခုကို သူမြင်အောင် မြှလိုက်ပြီး -

"ရှင်နဲ့ ကျောက်တုံးကြောင့် - အသေဆိုးနဲ့ သေခဲ့ရတဲ့ ကျွန်မသမီးနှစ်ယောက်ရဲ့ဦးခေါင်းခွံတွေပဲ၊ နဖူးမှာ ရဲတင်းရာတွေနဲ့ - ဟိုး - ဟိုး - ဟိုး၊ ရှင်တို့ သိပ်ရက်စက်တယ် - သိပ်ရက်စက်တယ်၊ ရှင်တို့ကိုသတ်ဖို့ နှစ်ပေါင်းများစွာ ငါ - ငါ - လိုက်ရှာနေတာ - လိုက်ရှာနေတာ - ဟိ - ဟိ - ဟိ"

"ဒကာ - မ - ကြီး - ကျုပ်တို့ - သိပ် - မိုက် - ရိုင်းဆိုးဝါး - ခဲ့ပါ - တယ်၊ ကျုပ်တို့ မှားခဲ့ပါတယ် - အား - ကျွတ် - ကျွတ်၊ ရွာသားတွေ ဒဏ်ခတ်ကြလို့ ကျုပ်တို့ အဲဒီဝဋ်ကြွေးကို ပြန်ခံစားနေရပါပြီ၊ သတ်ပါ - ဒကာ - မကြီး၊ ကျုပ်ကို သတ်လိုက်ပါ၊ ကျုပ် - ကျုပ် - သေခြင်းကို ကျေနပ်စွာ ခံ - ယူ - နိုင် - ပါပြီ၊ သတ်ပါတော့"

www.burmeseclassic.com

သူ့ရဲ့မျက်လုံးအိမ်မှာလည်း မျက်ရည်တွေ စီးကျနေတယ်၊ ငါ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ...

ဓားကို ကျောင်းအပြင်ဘက် လွှင့်ပစ်လိုက်တယ်၊

သည့်နောက် - ငါ့သမီးနှစ်ဦးရဲ့ဦးခေါင်းခွံနှစ်ခုကို အိတ်ထဲ ကောက်ထွေ့ ပြီး ကျောင်းပြင်ကို ပြေးထွက်ခဲ့လိုက်တယ်၊

"ဒ - ကာ - မကြီး"

"သတ် - ပါ - ကျုပ် - ကို - သတ် - ပါ"

နောက်ကအားနည်းနွမ်းလျအော်သံကိုကြားနေရတယ်၊ ငါလှည့်မကြည့်ဘဲ ပြေးထွက်ခဲ့လိုက်တယ်၊

ငါတို့ ရှေးအတိတ်က၊ ဝဋ်ကြွေးတွေကို မကြေမချင်း ဆပ်နေကြရတာပါလားဆိုတာကို နားလည်စပြုလာတယ်၊ ငါ - ငါ - သက်နှံဝတ်ကို မသတ်ရဲပါဘူးကွယ်၊

ကံအကြွေးတွေ ကျေပါစေလို့ပဲ ဆုတောင်းခဲ့လိုက်တယ်၊ ယောဒီ သမီးနှစ်ယောက်ရဲ့ဦးခေါင်းကို သူတို့ရဲ့မူလသချိုင်းမှာ ပြန်ထားပြီးရင် ငါလည်း တရားစခန်း ဝင်တော့မယ်၊ ဒီတစ်ည မင်းတို့နတ်ကွန်းမှာ အိပ်ခွင့်ပြုပါမောင်မင်းကျော်၊

— ၁ —

ကိုင်း - စာရေးဆရာ၊

ဘဝ ဝဋ်ကြွေးတွေ ပြန်ပေးဆပ်ရတာ အတိုးမကြီးဘူးလားဗျာ၊ ကံဆိုးတွေ ပြန်လည်သက်ရောက်တာ ကြောက်စရာ မကောင်းဘူးလား ဟင်၊

ခင်ဗျားတို့ ကျွန်တော်တို့ ဟိုးဟိုး - ဘဝတွေက ကုသိုလ်လုပ်ခဲ့ကြသလား၊ အကုသိုလ် လုပ်ခဲ့ကြသလား၊

မသိကြဘူး၊



ခုနေ - ကံကောင်းနေတုန်း ပိုပြီးကံကောင်းအောင် သံသရာမှာ အမှန်တကယ် ဘဝကူးကောင်းအောင် ပိုကြိုးစားကြပါစို့ဗျား၊

➳ မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com



# သန်းကြယ်ဖူးစာ ကောင်းသော်

ယန်းချိုအောင်နိုင်လတ်

အခင်မင်ဆုံး သူငယ်ချင်းနှစ်ယောက်
ချစ်သူတစ်ဦးကို အပြိုင်ပိုးပန်းခဲ့သော်လည်း
အရွေးခံရတော့မည့် အချိုးသင်းအိဆုံးဖြတ်ချက်သည်
နောက်ဆုံးတွင် ..

"**တေ့ထော်** သန်းလှိုင်၊ ဟိုမှာ ကျော်ဒင် ဓားထိုးခံရလို့"

"ဟာ - ဘယ်မှာလဲကွ"

"ဟိုညောင်ပင်အောက်မှာ"

"ဘယ်သူထိုးသွားတာလဲ"

"အနားကလူတွေပြောတာကတော့ ဓားနဲ့ထိုးပြီး ထွက်ပြေးသွားတယ်လို့ ပြောကြတယ်၊ မင်း မြန်မြန်သွားပါ၊ အခြေအနေ မကောင်းဘူး"

သူငယ်ချင်းရွာသားများ၏စကားကြောင့် ကွမ်းယာဝယ်နေသော သန်းလှိုင်တ ကွမ်းယာဆိုင်မှ ပြန်အမ်းမည့်ပိုက်ဆံကို မစောင့်တော့ဘဲ ညောင်ပင်အောက်သို့ အပြေးသွားခဲ့သည်။ ကျော်ဒင်ကို မိမိက ညောင်ပင်အောက်တွင် စောင့်ရန် မှာခဲ့သည်မှာ မိနစ်ပိုင်းသာ ရှိသေးသည်။ ညနေက ကျော်ဒင်နှင့်အတူ ရွာမှ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။ ပွဲတော်သို့ ရောက်သည့်အခါ တွင်လည်း နှစ်ဦး မခွဲမခွာ အတူနေခဲ့ပြီး ခဏကွမ်းယာဝယ်နေချိန်မှာ ဖြစ်ပျက်ရသည်။ အဖြစ်အပျက်များက မြန်ဆန်လွန်းလှသည်။ ဆုတောင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပွဲတော်ကလည်း စည်ကားပါသည်။ ဇာတ်ရုံရှေ့တွင် လူများ ကြိတ်ကြိတ်တိုးနေကြသည်။ သန်းလှိုင်နှင့်ကျော်ဒင်မှာ ထိုပွဲတော်ရက်ကို အချိန်ယူပြီး စောင့်နေခဲ့ရသည်။ ပွဲတော်ညတွင် ညောင်ပင်သာရွာသူ မပန်းရုံကို ခိုးပြေးရန် စီစဉ်ထားခဲ့ကြသည်။ သန်းလှိုင်မှာ ကျော်ဒင်၏အချစ်ဆုံးသူငယ်ချင်းဖြစ်၍ ပန်းအိုင်ရွာသား ဖြစ်သည်။ မပန်းရုံကို ကျော်ဒင်က ခိုးယူရာတွင် သန်းလှိုင်က ကူညီရန် လိုက်လာခြင်းဖြစ်သည်။

ညောင်ပင်အောက်တွင် လူများစုပြုံပြီး ဓားထိုးခံထားရသူ ကျော်ဒင်ကို ဝိုင်း၍ကြည့်နေကြသည်။ သန်းလှိုင်သည် လူအုပ်အတွင်းသို့ အတင်းတိုးဝင်ပြီး လဲကျနေသည့်ကျော်ဒင်၏လက်ကိုကိုင်လိုက်သည်။ ကျော်ဒင်မှာ အသက်ငွေ့ငွေ့သာ ကျန်တော့သော်လည်း သန်းလှိုင်ကို တစ်ချက်မော့ကြည့်ပြီး အသက်ပျောက်သွားပါသည်။ များစွာသော လူအုပ်ကြီးမှာ ကျော်ဒင်နှင့် သန်းလှိုင်တို့၏ နှစ်ဦးတည်းသာသိနိုင်သော နောက်ဆုံးနှုတ်ဆက်စကားကို သိနိုင်မည်မဟုတ်သော်လည်း ကျော်ဒင်ပြောခဲ့သည့်အဓိပ္ပာယ်ကို သန်းလှိုင်က ကောင်းစွာ သဘောပေါက်လိုက်ပါသည်။ မကြာမီ ဘုရားလူကြီးများနှင့် ရဲများရောက်လာသဖြင့် သန်းလှိုင်က နောက်ဆုတ်၍ လူအုပ်ထဲဝင်နေလိုက်သည်။ ပူပူနွေးနွေး ကွယ်လွန်သွားသောသူငယ်ချင်းကိုကြည့်၍ ကြေကွဲနေပါသည်။ ကျော်ဒင်က နှုတ်မှအသံထွက်၍ပြောမသွားနိုင်သော်လည်း နောက်ဆုံးပြောသွားသည့်စကားကို သန်းလှိုင်က ကြားယောင်နေမိသည်။

"သန်းလှိုင် - မင်းကို ငါပြောထားတဲ့အတိုင်း ဆက်လုပ်ပါ"

ကျော်ဒင်ပြောစကားကို သန်းလှိုင်မှလွဲ၍ မည်သူမှ မသိနိုင်ခဲ့ပါ။

ကျော်ဒင်မှာ ထိုစကားမှလွဲ၍ အခြားပြောစရာစကား မရှိပါ။ ကျော်ဒင်နှင့် သန်းလှိုင်မှာ ယခု ဘုရားပွဲကျင်းပနေသော ညောင်ပင်သာရွာမှာ သုံးမိုင်ခန့်ဝေးသော ပန်းအိုင်ရွာသားများဖြစ်သည်။ ညောင်ပင်သာရွာ ဆုတောင်းပြည့် ဘုရားပွဲတော်မှာ နှစ်စဉ် တပေါင်းလတွင် ကျင်းပနေကျ ဖြစ်သည်။ ဘုရားပွဲတွင် ဇာတ်ပွဲပါသဖြင့် သူတို့နှစ်ယောက်မှာ ဇာတ်ပွဲသုံးည တပြပါက သုံးညကြည့်လေ့ ရှိပါ သည်။ လွန်ခဲ့သောနှစ်က ထိုဘုရားပွဲတွင် မပန်းရုံနှင့် ခင်မင်



ခွင့် ရခဲ့ကြသည်။ အလွန်ချောမောလှပသော မပန်းရုံကို မြင်လျှင်မြင်ချင်း ကျော်ဒင်နှင့်သန်းလှိုင်တို့ စွဲလမ်းနှစ်သက်မိခဲ့ကြသည်။ ညနေဘက်တိုင်း ဘုန်းကြီးကျောင်းသို့ ရေခပ်လာသည့် မပန်းရုံကို မကြာခဏ လာရောက်တွေ့ဆုံစကားပြောကြသည်။ မပန်းရုံကလည်း သူတို့နှစ်ယောက်ကို သဘောကျလျက်ရှိပြီး တစ်ယောက်ကိုရွေးရန် ခက်ခဲနေပါသည်။ ကျော်ဒင်နှင့် သန်းလှိုင်တို့ကလည်း မပန်းရုံကို နှစ်ဦးလုံးက ချစ်ခင်စွဲလမ်းနေကြသည်။ အချစ်ဆုံးသူငယ်ချင်းများဖြစ်၍ ဆုံးဖြတ်ရန် အခက်တွေ့နေပါသည်။ နှစ်ဦးသဘောတူ မဲနှိုက်၍ မဲပေါက်သူက မပန်းရုံ၏မေတ္တာကို တောင်းခံရန် ဆုံးဖြတ်လိုက်ကြသည်။ ပထမလူကို မပန်းရုံက ငြင်းဆန်ပါမှ ဒုတိယလူတွင်



သန်းလှိုင် - မိန်းမခိုးတဲ့ကိစ္စဟာ အဆင်ပြေချင်မှ ပြေမှာ။ တကယ်လို့ ငါဒုက္ခရောက်ခဲ့ရင် မပန်းရုံ ရောတိမ်နစ်တော့မယ်။ ဒီတော့ - ငါသာ ...ခုခု ဖြစ်ခဲ့ရင် မပန်းရုံကို မင်းရအောင်သာ ခိုးလိုက်ပါ။

www.burmeseclassic.com

အခွင့်အရေးရမည်ဖြစ်သည်။ မဲနှိုက်ရာတွင် ကျော်ဒင်က မဲပေါက်သဖြင့် အရှင်ပြောခွင့်ရပြီး မပန်းရုံ၏ချစ်သူ ဖြစ်ခဲ့သည်။ ကျော်ဒင်နှင့် မပန်းရုံတို့ ချစ်သူများဘဝသို့ ရောက်သွားကြသော်လည်း သူတို့၏အချစ်ရေးမှာ စိတ်မအေးရပါ။ မပန်းရုံနှင့်တစ်ရွာတည်းနေ သူကြီးသားကလည်း မပန်းရုံတစ်ရွာသားလက်သို့မရောက်စေရ၊ တစ်နေ့ရအောင်ယူပြမည်ဟုကြုံးဝါးနေပါသည်။ ထို့ထက်ဆိုးသည်မှာမပန်းရုံသည်ပထွေးဦးသောင်းဒင်ကိုအားကိုးနေရသည် ဖြစ်ရာ ပထွေးကလည်း မပန်းရုံ၏အလှတွင် ယစ်မူးနေသဖြင့် စိတ်မအေးနိုင်သည့်အခြေအနေတွင် ရှိနေခဲ့ပါသည်။

မပန်းရုံ တစ်နေ့ထက်တစ်နေ့ နေရေးထိုင်ရေး ကြပ်တည်းနေသဖြင့် ချစ်သူကျော်ဒင်ကို နိုးပြေးရန် အကြောင်းကြားရခြင်းဖြစ်သည်။ ကျော်ဒင်လာရောက်ခိုးယူရာတွင် အိမ်မှထွက်ရန် မလွယ်ကူသဖြင့် ဆုတောင်းပြည့်ဘုရားပွဲတော်ရက်တွင်းမှာလွယ်ကူမည်ဖြစ်၍ထိုရက်ကိုရွေးချယ်ခဲ့ရပါသည်။ ကျော်ဒင်ထံ အကြောင်းကြားသည့်စာကို ဦးသောင်းဒင်က ရိပ်မိသွားသဖြင့် ဇာတ်ပွဲတွင်လိုက်ရန် မဖြစ်နိုင်တော့ဘဲ နေအိမ်မှလိုက်ရန်ပြင်ဆင်ခဲ့ရသည်။ ဦးသောင်းဒင်က အိမ်သားအားလုံး ဇာတ်ပွဲကြည့်ရန် စီစဉ်ထားသဖြင့် ညနေ အိမ်သားများ ပွဲသွားရန် ပြင်ဆင်နေချိန် မပန်းရုံက ဗိုက်အောင့် ၍ မလိုက်နိုင်တော့ကြောင်း၊ အိမ်စောင့် နေရစ်ခဲ့တော့မည်ဟုပြောပြီး အိမ်တွင် တစ်ဦးတည်း ကျန်ခဲ့ရန် စီစဉ်ခဲ့ရသည်။

ယနေ့ ကျော်ဒင်၏ထူးခြားချက်ကို သန်းလှိုင် သတိပြုမိသည်။ ရွာမှထွက်ခါနီးတွင် ကျော်ဒင် အယောင်ယောင် အမှားမှားဖြစ်နေသည်။ မိန်းမခိုးရမည်မို့ စိတ်လှုပ်ရှားခြင်းဖြစ်မည်ဟု တွေးမိသော်လည်း ကျော်ဒင်မှာ ထိုထက်မက ဆန်းကြယ်နေပါသည်။ အပြုအမူသာ ထူးခြားပြောင်းလဲနေသည် မဟုတ်ဘဲ ပြောသောစကားများမှာလည်း အယောင်ယောင် အမှားမှား ထူးခြားနေခဲ့သည်။



"သန်းလှိုင် – မိန်းမခိုးတဲ့ကိစ္စဟာ အဆင်ပြေချင်မှ ပြေမှာ၊ တကယ်လို့ ငါ ဒုက္ခရောက်ခဲ့ရင် မပန်းရုံ ရေဝတီမိန်နစ်တော့မယ်၊ ဒီတော့ – ငါသာ တစ်ခုခု ဖြစ်ခဲ့ရင် မပန်းရုံကို မင်းရအောင်သာ ခိုးလိုက်ပါ၊ မင်းနဲ့ထိုက်လို့ မင်းရတယ်လို့ သဘောထားပြီး ငါကျေနပ်ပါတယ်၊ မပန်းရုံကလည်း မင်းကို ငြင်းမှာ မဟုတ်ပါဘူး"

ကျော်ဒင်၏စကားများက စည်းဘောင်ကို ကျော်နေသည်။ မပြောသင့်သောစကား၊ မပြောအပ်သောစကား၊ နိမိတ်မရှိသောစကားများကို ပြောနေသည်။

"ဟေ့ကောင် ကျော်ဒင် – မင်း ဘာတွေပြောနေတာလဲ၊ ဒီည မပန်းရုံကို ခိုးပြီးရင် မင်း အောင်ပွဲခံရမှာ မဟုတ်လား၊ အောင်ပွဲခံရတော့မယ့်လူက နိမိတ်မရှိတဲ့စကားတွေ ဘာကြောင့်ပြောရတာလဲ"

သန်းလှိုင်က ကျော်ဒင်၏စကားအပေါ် ဘဝင်မကျ၍ ပြောလိုက်ခြင်းဖြစ်သည်။

"မဟုတ်သေးဘူး – သန်းလှိုင်၊ ဒီခရီးက ကြမ်းတမ်းတယ်နော်၊ ဒီည မပန်းရုံကိုပါအောင်ခေါ်နိုင်ဖို့လွယ်ကူမှာမဟုတ်ဘူး၊ ဦးသောင်းဒင်ကလည်း ဘားဆီးမှာအမှန်ပဲ၊ စိုးမိုးတို့လူသိုက်ရဲ့အန္တရာယ်ကလည်း မသေးဘူး၊ အသက်စွန့်ချင် စွန့်ရမယ်၊ နောက်ပြီး – ဒီနေ့ ငါ့စိတ်တွေကလည်း သိပ်လေးနေတယ်၊ ဒါကြောင့် – ငါစကားကုန်ပြောထားရတာ၊ အကယ်၍ ငါသာ ဒီပွဲမှာ ဘူးဆုံးခဲ့ရင် လက်မလျှော့အောင် ပြောရတာ၊ နောက်မဆုတ်တမ်းနော်"

"ကိစ္စမရှိဘူး – ကျော်လွင်၊ အခက်ခဲ အတားအဆီးကြုံရင် မင်းရဲ့ရှေ့က ငါ အသက်ပေး ကာကွယ်မှာပါ၊ ဒီမှာ – ငါ့မှာ ဓားမြှောင်ပါပါတယ်"

ယခုမှ ကျော်ဒင်၏နိမိတ်ပြောစကားများကို ပြန်လည်ကြားယောင်နေမိသည်၊ ကျော်ဒင်သည် သူသေရမည်ကို ကြိုတင်သိရှိထားသည့်အတိုင်း နိမိတ်မရှိသောစကားများ ပြောခဲ့သည်၊ ကျော်ဒင်၏အလောင်းနားမှ မခွာလိုသော်လည်း မိမိတွင် လျှို့ဝှက်ယူလာသော ဓားမြှောင်ပါသဖြင့် အမြန်လစ်ထွက်ခဲ့ရသည်၊ မပန်းရုံက ချိန်းဆိုထားသောအချိန်ထက် စောနေသေးသဖြင့်

www.burmeseclassic.com

ဇာတ်ရုံထဲသို့ဝင်၍ကိုယ်ယောင်ဖျောက်နေခဲ့သည်။ ဇာတ်ပွဲက ဘာတွေပြ၍ ဘာတွေကနေသည်ကို မသိဘဲ မပန်းရုံနှင့်တွေ့လျှင် ပြောရမည့်စကားများကို စဉ်းစားနေမိသည်။ ကျော်ဒင် သေဆုံးကြောင်းက စတင်ပြောရမည်။

စိတ်မကောင်းစရာ ဝမ်းနည်းစကားဖြင့် နိဒါန်းပျိုးပြီးမှ ကျော်ဒင် နောက်ဆုံးပြောသွားသည့်စကားကို ပြောရမည်။ မပန်းရုံက ယုံကြည်၍ လိုက်မည်ဆိုပါက ခေါ်သွားရုံသာရှိသည်။ ယခင်ကပင် မပန်းရုံကို စွဲလမ်းခဲ့ဖူးသူဖြစ်ရာ ဆန်းကြယ်သောဖူးစာဟုပင် ယူဆရတော့မည်။ ဇာတ်ရုံထဲတွင် (၁၁) နာရီထိအောင် အောင့်အည်းနေခဲ့ရသော်လည်း (၁၁) နာရီထိုးသည်နှင့် ဆက်နေ၍မရတော့ပါ။ မပန်းရုံဆီ သွားချင်နေသည်။ မပန်းရုံနှင့် အမြန်ဆုံးတွေ့၍ပြောပြချင်နေမိသည်။ အခြေအနေပေးပါက မပန်းရုံကို အမြန်ဆုံး ခေါ်သွားချင်ပါသည်။ သန်းလှိုင်သည် ဇာတ်ရုံထဲကထွက်၍ မပန်းရုံတို့အိမ်ဆီသို့ လျှောက်ခဲ့သည်။ ဇာတ်ပွဲမှာ စည်ကားသဖြင့် လူကြပ်၍ အိုက်စပ်ပူလောင်နေခဲ့ရသော်လည်း အပြင်ရောက်သည်နှင့် ပြင်ပလေအေးကြောင့် လူရောစိတ်ပါ လန်းဆန်းသွားပါသည်။ မပန်းရုံနှင့် တွေ့ရမည်ဖြစ်၍ စိတ်ကြည်လင်၍ တက်ကြွလာပါသည်။ မိမိကိုယ်တိုင် သတို့သားလောင်းဖြစ်ရမည်ဖြစ်၍ ရဲရင့်တက်ကြွရပေတော့မည်။ မမျှော်လင့်ဘဲ မပန်းရုံကို ပိုင်ဆိုင်ရတော့မည်ဖြစ်၍ မြူးကြွနေပါသည်။

လပြည့်ညကလည်း သန်းခေါင်ယံမရောက်မီ ထိန်ထိန်သာနေပါသည်။ ယခုလို တစ်လောကလုံး လှနေသော လပြည့်ညဝယ် ချစ်သူနှင့် တွေ့ရသည်မှာ အလွန်ကြည်နူးစရာကောင်းမည်ဖြစ်သော်လည်း အဖြစ်ဆိုးနှင့် တွေ့ရပြီး ချစ်ရမည့်သူက အသိအမှတ်မပြုသေးသဖြင့် သန်းလှိုင်၏ရင်ထဲတွင် ဗလောင်ဆူနေသည်။ ရှေ့တွင် တွေ့ကြုံရမည့်အဖြစ်အပျက်များကို ခန့်မှန်းမသိနိုင်သဖြင့် ရင်တထိတ်ထိတ် ခုန်နေပါသည်။ လရောင်က လင်းလွန်းသောကြောင့် သစ်ရိပ်မှုနိုကာ ကွယ်ကာလျှောက်ခဲ့ရသည်။ မိမိအရှေ့ကိုက်တစ်ရာခန့်အကွာတွင် မိမိကဲ့သို့ မှောင်ရိပ်ခိုကာ လျှောက်သွားနေသူတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ လူကောင်းဆိုပါက ကြည်လင်အေးမြနေသော လရောင်အောက်ဝယ် အေးချမ်းစွာ လျှောက်လှမ်းနေမည်ဖြစ်သော်လည်း မှောင်ရိပ်ခို၍ လျှောက်နေသဖြင့် ထူးခြားနေပါသည်။



မိမိက လူမြင်မခံလို၍ မှောင်ရိပ်ခိုသည်ကိုထား၊ ထိုလူက ဘာကြောင့် မှောင်ရိပ်ခိုပြီး လျှောက်နေရပါသနည်းဟု တွေးမိပါသည်။ ထိုလူမှာ လျှို့ဝှက်ချက်ရှိရမည်ဟု ယူဆရသည်။ သန်းလှိုင်သည် ခြေသံလုံလုံဖြင့် ထိုလူ၏နောက်သို့ လိုက်ခဲ့သည်။ အံ့သြစရာကောင်းသည်မှာ ထိုလူသည် မပန်းရုံတို့အိမ်ဆီသို့ ဦးတည်သွားနေပြီး မပန်းရုံတို့ခြံထဲသို့ ဝင်သွားပါသည်။ အိမ်ရှေ့သို့ရောက်သည့်အခါ အသင့်ပါလာသောသော့ဖြင့် အိမ်တံခါးကိုဖွင့်၍ အိမ်ထဲသို့ ဝင်သွားပါသည်။ သန်းလှိုင် ရင်ထိတ်သွားပါသည်။ ပျော်ရွှင်ကြည်နူးစိတ်ပင် လွင့်စဉ်ပြီး စိုးရိမ်သောကစိတ်များ ဖိစီးလာပါသည်။ ထိုလူ၏နောက်ကို လိုက်ရမည်။ အိမ်တွင် မပန်းရုံတစ်ဦးတည်းသာရှိသဖြင့် ထိုလူသည် မပန်းရုံနှင့် ပတ်သက်ရမည်။ ထိုလူမည်သူနည်း။ လူကောင်းတစ်ဦးတော့ဖြစ်နိုင်စရာမရှိပါ။

မပန်းရုံအတွက် စိုးရိမ်မိသဖြင့် ထိုလူနောက်ကို အမီလိုက်ရန် ခြံထဲသို့ ဝင်ခဲ့သည်။ အိမ်တံခါးမှာလည်း စေ့ရုံသာ စေ့ထားသဖြင့် အသာအယာ အိမ်ထဲသို့ဝင်နိုင်ခဲ့ပါသည်။ အိမ်အပေါ်ထပ်တွင် မီးလင်းနေသည်။ အခြေအနေကို အကဲခတ်၍ နားစွင့်နေချိန်၊ ရုန်းသံ ကန်သံ တွန်းထိုးသံများကို အပေါ်ထပ်မှ ကြားလိုက်ရသည်။ သန်းလှိုင်သည် မပန်းရုံအတွက်စိုးရိမ်ပူပန်ကာ အပေါ်ထပ်သို့ အမြန်ပြေးတက်လိုက်ပါသည်။ မပန်းရုံ၏အခန်းရှေ့သို့ရောက်ချိန် မပန်းရုံ၏ ထိတ်ထိတ်ပျာပျာ တောင်းပန်နေသံကို ကြားရပါသည်။

"မတော်ပါဘူး - ဦးလေးရယ်၊ တောင်းပန်ပါတယ် - ဒီလိုမလုပ်ပါနဲ့"

မပန်းရုံ၏ တောင်းပန်သံကို ကြားရပြီး လူကြီးတစ်ဦး၏အသံကို ကြားရပြန်ပါသည်။

"နင်က တို့မသိဘဲ ခိုးရာလိုက်ဖို့ စီစဉ်နေတယ်ပေါ့လေ၊ နှစ်ယောက်ထဲဒီလို လွတ်လွတ်လပ်လပ် တွေ့ရတဲ့ အခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူး၊ ဒီအခန်းထဲမှာ တို့နှစ်ယောက်ထဲ ရှိတာပါ၊ ပန်းရုံက လှိမ့်မှာပါတယ်ကွယ်"

"အို - ပန်းရုံ မကြိုက်ဘူး၊ ဦးလေး - ဒီလိုမလုပ်ပါနဲ့"

"နင် ဘာမှရုန်းမနေပါနဲ့၊ နင့်ကို လာခိုးမယ့်ကျော်ဒင်လည်း လာနိုင်မှာမဟုတ်တော့ဘူး၊ ငါက စိုးမိုးကို ငွေပေးပြီး သတ်ခိုင်းလို့ ကျော်ဒင် သေပြီ၊ ကြောင်ခင် နင့်ကိုလည်း စိုးမိုးနဲ့ ပေးစားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ရုန်းကန်သံများကို ဆက်တိုက်ကြားရသဖြင့် မပန်းရုံ၏ပထွေး ဦးသောင်းအင်က မတရားကြံစည်နေမှန်း သိလိုက်ရသည်။ သန်းလှိုင်သည် တံခါးကို ဆွဲဖွင့်လိုက်ပြီး အခန်းထဲသို့ အမြန်ဝင်လိုက်သည်။ တစ်အိမ်လုံးတွင် သူတို့နှစ်ဦးသာရှိသဖြင့် တံခါးကို ပိတ်မထားသောကြောင့် အလွယ်တကူ ဝင်လိုက်သည်။ မြင်လိုက်ရသည့်မြင်ကွင်းက လုံးဝမလှပပါ။ မပန်းရုံ၏ခုတင်ပေါ်တွင် အောက်မှ အတင်းရုန်းကန်နေသော မပန်းရုံကို အပေါ်မှ အတင်းချုပ်ရန် ကြိုးစားနေသော ဦးသောင်းအင်ကို တွေ့မြင်လိုက်ရသည်။ သန်းလှိုင်က ဦးသောင်းအင်၏လည်ကုတ်ကိုဆွဲကာ ပါးချိတ်ကို ညာလက်သီးဖြင့် ပြင်းပြင်း ထိုးလိုက်ရာ ဦးသောင်းအင်မှာ ကြမ်းပြင်ပေါ်ဖွှေခွေကလေးလဲကျသွားပါသည်။ မပန်းရုံမှာ အင်္ကျီ၊ လုံချည်များကို ပြင်ဝတ်ရင်း သန်းလှိုင်ကို အံ့ဩစွာကြည့်၍ ခုတင်အောင်သို့ ဆင်းခဲ့သည်။ ဦးသောင်းအင်သည် ဒေါသထွက်လျက်ရှိသော်လည်း ရုတ်တရက် ပြန်မထနိုင်သဖြင့် မီးဝင်းဝင်းတောက်သည့် မျက်လုံးများနှင့် သန်းလှိုင်ကိုကြည့်ရင်း မေးလိုက်သည်။

"မင်း ဘယ်သူလဲ။ ငါ့အိမ်ထဲ ဝင်လာရဲရအောင် မင်း ဘာကောင်လဲ"

"ကျုပ်နာမည် ကျော်ဒင်။ မပန်းရုံကို ခေါ်ရအောင် လာခဲ့တာ"

"ဘာကွ – ကျော်ဒင်က သေပြီ။ မင်း ဘယ်သူလဲ မှန်မှန်ပြော"

"ကျုပ် – ကျော်ဒင် ဟုတ်.မဟုတ် မပန်းကို မေးကြည့်လေ"

သန်းလှိုင်က မပန်းရုံကို မျက်စိမှိတ်ပြလိုက်ပြီး ခပ်တည်တည်ပြော လိုက်သည်။

"ဟုတ်ပါတယ် – ဦးလေး။ ဒါ – ကျွန်မချစ်သူ ကိုကျော်ဒင်ပါ"

"ဟာ – မဖြစ်နိုင်ဘူး။ ကျော်ဒင်အလောင်းကို ငါကိုယ်တိုင် တွေ့ခဲ့တာ"

"ကျုပ်က ခင်ဗျားတို့သတ်လို့သေပေမယ့် မပန်းရုံကို ရအောင်ခေါ်ဖို့ ရောက်ရာဘဝက ရောက်လာတာပဲ။ ကဲ – လာ – မပန်းရုံ – သွားကြမယ်၊ အချိန်မရှိတော့ဘူး"

ဦးသောင်းအင်က လူးလဲထရန် ကြိုးစားသော်လည်း အသက်ကကြီး၊ လဲကျသည့်ဒဏ်၊ အရက်မူးသည့်အရှိန်ကြောင့် ရုတ်တရက် ထ၍မရအောင် ရှိပါသည်။ သန်းလှိုင်သည် အသင့်ယူဆောင်လာသော ဓားမြှောင်ကို ထုတ်၍ ဦးသောင်းအင်၏ရင်ဝကိုထောက်ထားလိုက်သည်။ ဦးသောင်းအင်သည် လက်



လျှော့ရမည့်အခြေအနေတွင်ရှိနေသဖြင့် စကားဖြင့် ခြိမ်းခြောက်လိုက်သည်။

"ပန်းရုံကို ခေါ်သွားရင် မင်း ဒုက္ခရောက်ပြီသာမှတ်"

"ကျုပ်ချစ်သူကို ကျုပ်ခေါ်သွားမယ်၊ ဖြစ်သမျှပြဿနာ ကျုပ်ဖြေရှင်း မယ်၊ ခင်ဗျားသာ ငြိမ်ငြိမ်နေပါ၊ ခင်ဗျား နည်းနည်းလှုပ်တာနဲ့ ကျုပ်နောက် ကို လိုက်ရလိမ့်မယ်၊ ကျုပ်က တစ်ခါသေပြီးပြီ၊ နှစ်ခါသေဖို့ ဝန်မလေးဘူး"

ဦးသောင်းအင်မှာ မလှုပ်ရဲအောင် ငြိမ်နေရသည်။ ကျော်ဒင်ဆိုသူကို လည်း မမြင်ဘူးသည်ဖြစ်၍ အံ့ဩစွာ ငေးကြည့်ရင်း စိတ်ထဲတွင် ဇဝေဇဝါဖြစ် နေပါသည်။

သန်းလှိုင်သည် ဦးသောင်းအင် မလှုပ်သာအောင် ဓားနဲ့ထောက်ထားရင်း အနောက်တွင်ရှိသည့် မပန်းရုံကို ပြောလိုက်သည်။

"မပန်းရုံ – ဒီအခန်းကိုခတ်တဲ့သော့ ရှိသလား။ ဒီလူကြီးကို သော့ခတ် ပြီး ထားခဲ့မယ်၊ ကဲ – ယူသင့်တာယူ၊ တို့ – ဒီနေရာက အမြန်သွားရအောင်"

မပန်းရုံက သော့ကိုယူနေစဉ် သန်းလှိုင်က ဦးသောင်းအင်ကို နှုတ်ဆက် လိုက်သည်။

"ကဲ – ခင်ဗျား အေးအေးဆေးဆေးနေခဲ့ပါ၊ ကျုပ်ကို သတ်တဲ့အမှု အတွက် ဘယ်လိုအပြစ်ဒဏ်ခံရမယ်ဆိုတာလည်း စဉ်းစားထားပါ။ ကဲ – ကျုပ် တို့ သွားပြီ"

ဦးသောင်းအင်မှာ ကျော်ဒင်ကိုကြည့်ပြီး မယုံကြည်နိုင်အောင် ရှိနေပါ သည်၊ ကျော်ဒင် အစစ်လား၊ အတုလားဆိုသည်ကို ခွဲခြား၍မရအောင် ရှိနေ ပါသည်၊ မပန်းရုံက အားကိုးတကြီး လိုက်သွားသည်ကိုကြည့်၍ ကျော်ဒင် အပေါ် အမျိုးမျိုးတွေးတောလျက် ရှိပါသည်။ ပွဲကြည့်နေရာသို့ ဘိုးမိုးရောက် ရှိလာပြီး ကျော်ဒင်ကို သူကိုယ်တိုင်သတ်ခဲ့ကြောင်း လာပြောပုံ၊ ကျော်ဒင်၏ အလောင်းကို ဆေးရုံသို့ ပို့လိုက်သည်ကိုလည်း ကိုယ်တိုင် တွေ့မြင်လိုက်ရ ပါလျက် ကျော်ဒင်ပါဟု မပန်းရုံကပါ ထောက်ခံနေသဖြင့် အတွေးများ ရှုပ် ထွေးရင်း ကျန်ခဲ့ပါသည်။

မကြာမီ သန်းလှိုင်နှင့် မပန်းရုံတို့သည် ဦးသောင်းအင်ကို အခန်းထဲတွင် သော့ပိတ်ထားခဲ့ပြီး အိမ်အပြင်သို့ ထွက်ခဲ့ကြသည်၊ အိမ်ပြင်ရောက်သည် နှင့် လတ်ဆတ်သည့်လေကို ရှူရှိုက်ရပြီး အေးမြသော ငွေလရောင်အောက်



www.burmeseclassic.com

www.burmeseclassic.com

တွင် ကြည်နူးခွင့် ရကြပေသည်၊ သူတို့ လွတ်မြောက်နယ်မြေသို့ရောက်ခဲ့ကြသော်လည်း သန်းလှိုင်မှာ ရာနှုန်းပြည့်ပျော်ခွင့် မရသေးသဖြင့် မပန်းရုံ၏ သဘောထားကို သိလိုပါသည်၊

"ကျော်ဒင်ဟာ စိုးမိုးရဲ့လက်ချက်နဲ့ သေဆုံးခဲ့တာ အမှန်ပါ - မပန်းရုံ၊ ကျော်ဒင်က သူမသေခင် နောက်ဆုံးအချိန်မှာ မပန်းရုံကို စောင့်ရှောက်ပါလို့ တာဝန်ပေးလို့ စောင့်ရှောက်ပါ့မယ်လို့ ကတိပေးလိုက်ရပါတယ်၊ ဒီတော့ မပန်းရုံရဲ့သဘောထားကို သိလိုပါတယ်"

"ပြောနေဖို့ လိုသေးသလား - အစ်ကိုရယ်၊ ပန်းရုံရဲ့ဘဝက အစ်ကို မြင်တဲ့အတိုင်း အားကိုးရာမဲ့ဘဝပါ၊ ဒုက္ခတွေ ပတ်လည်ဝိုင်းလို့ ပြေးစရာမြေမရှိတဲ့ လူပါ၊ အစ်ကိုကျော်ဒင်အတွက် စိတ်မကောင်းဖြစ်ရပေမယ့် အစ်ကို သန်းလှိုင်ကို တစ်သက်လုံး အားကိုးခွင့်ရမယ်ဆိုရင် ဝမ်းသာမှာပါ"

"ကျေးဇူးတင်ပါတယ် - မပန်းရုံ၊ အစ်ကိုက အရင်ကတည်းက မပန်းရုံကို ချစ်မိခဲ့တာပါ၊ မပန်းရုံက အစ်ကို့မေတ္တာကိုလက်ခံလို့ ဝမ်းသာရပါတယ်၊ စောင့်ရှောက်ဖို့ ကတိပေးပါတယ်"

သန်းလှိုင်မှာ အခက်အခဲများကို ကျော်လွှားနိုင်ပြီဖြစ်၍ လောကကို ရင်ဆိုင်ရန် မပန်းရုံ၏လက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်သည်၊


"အခုလောလောဆယ်တော့ ရဲစခန်းမှာ ကျော်ဒင်အတွက် အမှုဖွင့်ရဦးမယ်၊ ဦးသောင်းဒင်ထံက ကြားရခဲ့တဲ့စကားတွေနဲ့ ရဲစခန်းမှာ အစ်ကိုတို့ နှစ်ယောက် သက်သေခံကြရဦးမယ်"

ရဲစခန်းဆီသို့ ဦးတည်လျှောက်ခဲ့ကြသည်၊ သူတို့နှစ်ဦးမှာ တစ်ဦးကို တစ်ဦး နားလည်မှုရပြီးဖြစ်၍ လောကဓံကိုရင်ဆိုင်ရန် အင်အားရှိနေပြီဖြစ်သည်၊ ကံကြမ္မာဖန်လာပုံကြောင့် ပေါင်းဖက်ခဲ့ရသည့် သူတို့ဖူးစာသည် ဆန်းကြယ်လှပါသည်၊

ကောင်းသော်

စင်ပြကျွန်း

# နွားသူခိုးနောက်သို့ လိုက်ခန်း



www.burmeseclassic.com

## အညာဒေသရှိ ယာခြေတွင် အရေးပါသော နိုင်းနွား ပျောက်ဆုံးသဖြင့် ရှာဖွေလုံ့လစိုက်နေပါသောအခါ ..

**ဈေးစာ ၊** — 

**ဈောစ်နှင့်** မည်းမည်းဝယ် စံဝ အိပ်ရာမှ လန့်နိုးသည်။ မြင်တွင်းမှာ မှောင်ကြီးမည်းကြီးဖြစ်ပြား စိတ်ထဲတွင် မသိုးမသန့်ဖြစ်မိသဖြင့် ဝန်းသည်ကို အော်ခေါ်၏။

"မိမေး – မိမေး"

စံဝ၏ အော်ခေါ်သံအဆုံးတွင် မိမေး၏အသံ ပေါ်လာ၏။

"ကျူပ်နိုးနေပြီလေ ..."

ထိုအသံနှင့်အတူ ငါးတိုင်ဝပ်အား ဘက်ထရီမီးသီးကလေးကပါ တစ်ပြိုင်တည်း လင်းလာ၏။

"ခေါင်းရင်းကို တုတ်မီး(လက်နှိပ်ဓာတ်မီး)နဲ့ ထိုးကြည့်စမ်း"

စံဝနှင့်နီးသော နွားနစ်ကောင်၏အသက်ရှူသံသာ ကြားရ၏။ တစ်ဖက် တင်းကုပ်အတွင်းမှ နွားနစ်ကောင်၏ အသက်ရှူသံကို မကြားရဟု ထင်



သဖြင့် နိုင်းခြင်းဖြစ်၏။ သူသည် ပြောပြောဆိုဆို ခြင်ထောင်ထဲမှထွက်ပြီး ဖြစ်၏။

"အဖေတို့နွားတွေ – အဖေတို့နွားတွေ"

မိမေး ထိုသို့ ထစ်ထစ်ငေါ့ငေါ့ အော်နေဆဲဝယ် အိမ်အောက်မှ စံဝထွက် ပြီးပြီ၊ ခြံတံခါးကို ဖွင့်ပြီးပြီ။

"နွားသူခိုးဟေ့ – နွားသူခိုး"

ချက်ချင်း အိမ်တိုင်းက မီးလင်းလာသည်။ အချို့က ရေနံဆီမီးခွက်ကို ထွန်းသည်၊ အချို့က ဘက်ထရီမီးကို ဖွင့်သည်။

"စံဝတို့အိမ် – နွားသူခိုးတဲ့ဟေ့"

အရှေ့ပိုင်းနှင့်အနောက်ပိုင်းသည်မည်လောက်မျှမဝေးရကားအနောက် ပိုင်းတစ်ပိုင်းလုံး မီးထိန်သည်၊ တုတ်မီးတဝင်းဝင်းဖြင့် ပြေးလာကြသူများမှာ လူကြီးမောင် အမှုးပြုသော စံဝအမျိုးတွေ၊

"နိုင်းနွားတွေလား – နို့စားနွားမ သားအမိလား"

"မဟုတ်ဘူး၊ ငါ့နွား တစ်ကောင်မှ ပါမသွားဘူး၊ အဘိုးကြီးနွားတွေဟ"

ရွာထဲသို့ စံဝထွက်လာချိန်တွင် မိမေးက သူ့အဖေကို ပြေးနိုးချေသည်၊

"အဖေ – အဖေ – အမေ – အမေ"

ဦးသောင်းအေးနှင့် ဒေါ်ဖော့သည်တစ်ခွန်းနိုးဖြင့် မနိုးကြပေ။ ဦးသောင်း အေးသည် စံဝနယ် နွားတွေကြားသို့ ဝင်မအိပ်ခြား၊ တင်းကုပ်ထဲသို့မှ ဆင်း အိပ်၏၊ သို့ပါလျက်နှင့် တင်းကုပ်အစပ်မှ နိုးသည်ကို မနိုး။

"အဖေတို့ – အမေတို့"

ထရံကိုပုတ်ပြီး နိုးတော့မှ ဦးစွာအသံပေးသူက ဒေါ်ဖော့၊

"အမေ – အမေတို့နွားတွေ ဘယ်မှာသိပ်သတုံး"



www.burmeseclassic.com

www.burmeseclassic.com



အချို့နွားများသည်
ရှေ့မှဆွဲသည်ကိုမကြိုက်။
ခေါင်းကြီးငုံ့ပြီး ပေနေ တတ်၏။
ဤသဘောကိုသိသော
နွားသူခိုးသည် နွား၏တင်ပါးကို
ဓားဦးဖြင့် ထိုးသည်။
သို့အတွက် အပြေးသွားရသည်။
အပြေးသွားစဉ်တွင် ကျင်ကြီး
စွန့်ခြင်း ရပ်မပေးသဖြင့်
အပုံသေးကလေးသာ
မြေပေါ်တွင် တွေ့နိုင်ပေမည်။

"ဟဲ့ – ဘာဖြစ်လို့တုံး"

မေးသည်ကိုမဖြေ၊ သူကတစ်ပြန်စီးပြန်မေးနေသည်။ မိမေးစိတ်မဆိုးရဲ၊ စိတ်မတိုဝံ့။

"အမေတို့နွားတွေ နေရာရွှေ့မထားဘူးဆိုရင်တော့ ..."

မိမေး၏စကားမဆုံးမီ ဦးသောင်းအေး ထ,ထိုင်သည်။

"ငါ့နွားတွေ့ ဘာဖြစ်သတုံး၊ ဟာ – ငါ့နွားတွေ မရှိတော့ဘူး"

ထပ်ခိုးပေါ်မှ ဦးသောင်းအေး ခုန်ချ၏။ မြေပြင်ပေါ်သို့ရောက်မှ ပုဆိုးဝတ်ရသည်။ တစ်ရွာလုံးမှာ ဆူညံနေသည်။ နွားသူခိုးနောက်သို့လိုက်ရန် အစုသုံးစု ခွဲသည်။ သန်သပ်ကွင်း၊ ရှားပင်လှမှ လူများသည် ကန်စွန်းပင်လှရွာ



သားများနှင့် မရိုတ်မိမီကပင် လှူဖြန့်ထားပြီ၊ တော်ရုံနွားသူခိုးသည်မြေးပေါက်မှားတော့မည်၊

"ဟောသည် နချေး(နွားချေး)ပုံကို မသက်ာဘူးဟေ့"

လှကြီးမောင်က နွားချေးတစ်စကိုလက်ဝါးဖြင့်အုပ်ကြည့်ပြီး ပြောနေ၏၊ သူ့ လက်ဝါးဖြင့် အုပ်ထားသောအရာမှာ နွားချေးဖြစ်စေကာမူ နွားချေးပုံ မဟုတ်ပေ၊

နွားသခင်များမူ ကိုယ့်နွားအမြီးကြွရုံဖြင့် ရပ်ပေးသည်၊ ကျင်ကြီးစွန့်သည်ဖြစ်စေ၊ ကျင်ငယ်စွန့်သည်ဖြစ်စေ ထွန်ထဲ လှည်းထဲမှ နွားသည် အားရပါးရရပ်နားပြီးမှ စိမ်ပြေနပြေစွန့်ထုတ်နိုင်သည်၊ ထို့ကြောင့် နွားချေးပုံအကြီးကြီးကို တွေ့ကြရသည်၊

သူခိုးနောက်သို့ပါသောနွားကား ဤသို့မဟုတ်၊ အမြီးကို မြှောက်ပြစေကာမူ ရှေ့မှဆွဲသောသူခိုးသည် ရပ်မပေးပါ၊ အချိန်ရှိခိုက်တွင် သွားနိုင်သမျှသွား၊ ပြေးနိုင်သမျှ ပြေးထားရမည်၊ ထို့ကြောင့် နွားကို အတင်းဆွဲမည်၊

အချို့နွားများသည် ရှေ့မှဆွဲသည်ကိုမကြိုက်၊ ခေါင်းကြီးငုံ့ပြီး ပေနေတတ်၏၊ ဤသဘောကိုသိသော နွားသူခိုးသည် နွား၏တင်ပါးကို ဓားဦးဖြင့်ထိုးသည်၊ သို့အတွက် အပြေးသွားရသည်၊ အပြေးသွားစဉ်တွင် ကျင်ကြီးစွန့်ခြင်း ရပ်မပေးသဖြင့် အပုံသေးကလေးသာ မြေပေါ်တွင် တွေ့နိုင်ပေမည်၊

လှကြီးမောင် လက်ဝါးဖြင့်အုပ်မိသောနွားချေးပုံမှာ ဤအပုံမျိုးဖြစ်သည်၊

"နချေး(နွားချေး)ရဲ့အငွေ့မသေသေးတဲ့အတွက် နွားဟာ ဝေးဝေးမရောက်သေးဘူးကွ"

"ဟုတ်ပြီ – တောင်ဘက်ကို လှကြီးမောင် ခေါင်းဆောင်ပြီး လိုက်၊ အရှေ့ဘက်ကို စံဝ ခေါင်းဆောင်ပြီးလိုက်၊ မြောက်ဘက်နဲ့ အနောက်ဘက်ကို ငါ ခေါင်းဆောင်ပြီး ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - မဖြစ်ပါဘူး။ အဖေ - မလိုက်ပါနဲ့"

သန်သပ်ကွင်းနှင့် ကန်စွန်းပင်လုမှာ ကပ်နေသည်။ သို့ကြောင့် မိကျေးတို့ မိရေးတို့ ရောက်နေပြီ။ ယခု အဖေ မလိုက်ပါနဲ့။ ကန့်ကွက်သူမှာ မိကျေး ဖြစ်သည်၊

"အဖေ - နေခဲ့၊ ကျုပ် ခေါင်းဆောင်ပြီးသွားမယ်"

"ဟာ - ဘထွေးနဲ့မဖြစ်ပါဘူး။ ကျုပ် လိုက်သွားမယ်"

အဖေနေခဲ့ဟုပြောသူမှာ အထွေးဆုံးသား ကိုထွေး ဖြစ်သည်၊ ထိုသူကို ဘထွေးဟု ခေါ်ပြီး ကန့်ကွက်သူမှာ ကျော်သူစံ ဖြစ်သည်။

"ဒွေးလေး - တုတ်မီး ငှားလိုက်စမ်းဗျာ"

ကျော်သူစံမှာ မီးသတ်ရဲဘော်ဖြစ်၏။ စည်းကမ်းရှိသည်။ စနစ်ကျသည်၊ ထိုသို့သောသူ၏ ဆောင်ရွက်မှုများသာ ကောင်းမွန်မည်ဟု ယုံကြည်သည့်အတွက် မကန့်ကွက်ကြပါ။

"နနိုး(နွားနိုး)တစ်သိုက်နောက်ကို လိုက်နေတုန်း၊ နောက်တစ်သုတ်က ဝင်ပြီး မ.သွားဦးမယ်ဟေ့"

ထိုစကားကြောင့် သက်ကြီးရွယ်အိုများနှင့် မိန်းမသားများသည် ရွာတံခါးကို ချက်ချင်းပိတ်၏။ နွားတင်းကုပ်များတွင် ချက်ချင်း မီးလင်းလာတော့သည်။ အလှည့်ကျလျှင် မနွဲ့ရသော အမျိုးသမီးတွေ ဓားလှံကိုင်နေကြပြီ။

တုတ်မီးတဝင်းဝင်းနှင့် လူအုပ်သုံးအုပ်သည် ကန်စွန်းပင်လုရွာမှ ထွက်လာကြသည်။ ရွာ၏မြောက်ဘက်နှင့်အနောက်ဘက်တွင် ရွာဝင်နည်းသည်။ ကိုင်းတော၊ ယာခင်းနှင့် လယ်များသာ အရှိများသည်။ နွားသူခိုးများသည် သည်ဘက်သို့သွားမည် ခန့်မှန်းထားကြ၏။

"အလိမ်ခံရမယ်နော်။ တောင်ဘက်ကို ခြေရာပြပြီး မြောက်ဘက်ကို သွားတတ်သကွ"



တစ်ဖွဲ့နှင့်တစ်ဖွဲ့ သတိပေးရင်းဖြင့် ဝေးလာကြသည်။

"ဟောသည်မှာ နွားသေးကြောင်းဟေ့"

တစ်ယောက်၏ပြောသံအဆုံးတွင် ထိုနေရာသို့ လူအများ ပြေးလာကြသည်။ တုတ်မီးဖြင့် ဝိုင်းထိုးကြည့်ကြသည်။ အမှန်ပင်၊ ကျွဲငယ်ရှည်များ စိုစွတ်နေသောလမ်းကြောင်းကို မြင်ကြရသည်၊

"နနိုး(နွားခိုး)ဟာ ဝေးဝေးမရောက်သေးဘူးဟေ့။ လိုက်ဟ - ဝိုင်းဟ"

ညာသံပေးကြသည်။ သစ်ကိုင်းတွေကို ဓားဖြင့်ခုတ်၊ တုတ်ဖြင့်ရိုက်ကာ ခြောက်လှန့်ကြသည်၊

"လူချင်းမကွဲစေနဲ့ဟေ့၊ သူတို့က အိမ်ကထွက်လာကတည်းက သေလှလို့ သတ်မှတ်ပြီးလာသာ"

"ဟုတ်သယ် - ဟုတ်သယ်၊ အတင့်မရဲနဲ့၊ လွတ်ပုံမပေါ်ရင် မှောင်ရိပ်ခိုပြီး ခါးနဲ့ထိုးသွားဦးမယ်"

အချင်းချင်းလည်းပြန်၍သတိပေးနေကြ၏။ စိတ်အားထက်သန်သူများ ချွလှမ်းတုံ့သွားကြပြား၊ ဒေါသစိတ်ကို ရှေ့ဆောင်ထားကြ၏။ ယခုနေသာ နွားသူခိုးနှင့် ပက်ပင်းတိုးလျှင် ခုတ်ကြ၊ သတ်ကြမည်ကား သေချာသည်။

နွားသူခိုးက လျင်သည်။ တောင်ဘက်တွင် ခြေရာချပြီး မြောက်ဘက်သို့ လာနေသည်။ သူတို့သွားရာလမ်းတွင် နွားသတ်သမားနှင့် အမဲသားသည်များက ဓားကိုယ်စီ တောင်းကိုယ်စီအပြင် နီးစည်းကိုင်လျက် စောင့်နေကြပြီ။

သို့သော် နွားတစ်ကောင်သတ်ချိန် လုံလုံလောက်လောက်မရှိလျှင် သတ်မခံချေ။ ယခုကဲ့သို့ ဖိလိုက်နေလျှင်ကား ပို၍ဝေးသည်။ အကယ်၍သာ နွားသခင်သည် တစ်နာရီခွဲခန့် နောက်ကျပြီးသိလျှင် သွားပြီ။ မည်မျှပင် ရှာဦးတော့၊ မည်မျှပင် တက်ကြွဦးတော့၊ သားရေနှင့် ဦးချိုသာ ရမည်၊



www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် နိုးလာသောနွားကို တစ်သိန်းတန်ပါမှ သုံးသောင်းလောက်သာ ပေးသည်။ မလိုချင်လျှင် ဆွဲသွား။ လိုချင်လျှင် ထားခဲ့။ သူနိုးမှာလည်း နိုးရာပါပစ္စည်းကြီး ကိုယ့်လက်မှ မြန်မြန်လွတ်ဖို့ အရေးကြီးသည်၊ ကြာကြာ ဈေးဆစ်ချိန် မရှိ၊ ပေး၊ ရော့။

သူနိုးလက်ထဲသို့ နိုးရာပါပစ္စည်းအတွက် နစ်ဖက်သဘောတူသော ငွေကြေးရောက်လျှင်ရောက်ချင်း နွားမှာ သေပြီ။ သေသည်ဆိုလျှင် တောင်းကိုယ်စီဖြင့် ရောက်နေသောမိန်းမများက နွားသေကို တက်ညီလက်ညီဖျက်ပြီ၊ ဝမ်းတွင်းသား၊ ကလီစာ၊ မိုးနိုသား။

သည်တွင် အရေးအပါဆုံးလူမှာ လျှော်တွဲသူဖြစ်သည်၊ သူ၏လက်မှန်းမှာ (၉၀) ကျပ်သားထက် မကျော်စေရ၊ အသားသည် တစ်တုံးတည်း မဖြစ်ရ၊ နှစ်တုံးပေါင်းသော် အလွန်ဆုံး ကိုးဆယ်သား။ ဤသည်ကို နှီးဖြင့် ထိုးသူက ထိုးပြီး တွဲ၏။

တောင်းကိုယ်စီဖြင့် ရောက်နေသူများသည် သပ်ရပ်၏၊ သွက်လက်၏၊ ချက်ချင်း အမဲသားတွဲများကို တောင်းထဲထည့်သည်၊ ပုဆိုးစုတ်ဖြင့်ဖုံးသည်၊ ချက်ချင်း ရွာတံခါးဝသို့ ရောက်သွားပြီး "အမဲသားယူကြဦးမလား" မအော်၊ အချက်သိသည်၊ ကြည့်သည်၊ ယူနေကျလူ၊ ဝယ်နေကျဖောက်သည်၊

အမှတ်မဲ့ကြည့်လျှင် ယာထဲ ထမင်းပို့လိုလို၊ မြို့ပေါ်သို့ ဈေးရောင်းသွားသူယောင်ယောင်ဖြင့် ဖျတ်ခနဲ ဆတ်ခနဲ ရောက်လာသည်၊ အိမ်ရှင်ကလည်း "ဘာကိစ္စတုံး" မမေး၊ "ဘာတွေပါသတုံး" မစကြော၊ "ပါတယ်" ပြောခါမျှဖြင့် ခေါင်းညိတ်သည်၊

လက်ငင်းစကားမပြော၊ ရာဇဝတ်ဘေးပြေးမှလွတ်မည့်ပုံဖြင့်သွားသည်၊ အမဲသားကုန်ရေးသည် ပဓာနဖြစ်သည်၊ ကုန်တော့မှ အေးဆေးစွာ ပိုက်ဆံတောင်းသည်၊ တစ်တွဲသည် တစ်ပိသာမပြည့်ပြား၊ တစ်ပိသာအဖြစ်စကားပြောသည်၊ သို့သော် ဈေးထဲတွင် အမဲသားတစ်ပိသာ ခြောက်ထောင်ဆိုလျှင် သည်မှာက သုံးထောင်၊ ပြီးတော့ - တစ်နာရီ၊ နှစ်နာရီအတွင်း၌ မိမိရှေ့မှောက်သို့ ရောက်လာသောအသား၊

ကျော်သူစံတို့ နွားခိုးလိုက်အဖွဲ့ထဲတွင် နွားသတ်သမား မပါသော်ငြား နွားသတ်သမားနှင့် ရင်းနှီးသူတွေပါ၏၊ နွားသူခိုးနှင့် တစ်ဝိုင်းတည်းသောက်ဖူးသူတွေပါ၏၊ သို့ကြောင့် နွားဈေးပုံကို လက်ဝါးနှင့် အုပ်ခါမျှဖြင့် နွားသူခိုး၏ အကွာအဝေးကို ခန့်မှန်းနိုင်ခြင်း ဖြစ်၏၊

ကျော်သူစံတို့အဖွဲ့သည် ရွာ၏မြောက်ဘက်သို့ အားမပြုပေ၊ ရွာ၏မြောက်ဘက်တွင် ရှားပင်လှ ရှိသည်၊ ထို့နောက် တမာအိုင်ရှိသည်၊ ရွာဆက်သည်းမြတ်၊ ကိုင်းတောလည်း ရှိသောနေရာများ၊ ရွာ၏အနောက်ဘက်ဖြစ်သောကြောင့် ထိုနေရာကို သဲသဲမဲမဲကြသည်၊

"သေသေချာချာရှာကြ - ကြည့်ကြဟေ့၊ နှာသန်ကွင်းချပြီး ချည်ပစ်ခဲ့နိုင်သယ်ဟေ့"

အချိန်မှာ သန်းခေါင်ကျော်သာသာမျှသာရှိသေးရာ မှောင်ကြီးမည်းကြီး၌ နွားသတ်ရန်မဖြစ်၊ နောက်မှလူတွေက ဖိလိုက်နေ၏၊ နွားသတ်၍မဖြစ်၊ အခိုးကြီး နိုးလာပြီးမှ လွှတ်ပစ်ရန်လည်း နမြောလှသည်၊ သို့အတွက် နွားကို ခေါင်းငုံ့လျက် မြေကြီးနားကပ်ပြီး ချည်ပစ်ခဲ့သည်၊

နွားသည် အစဉ်၌ ခေါင်းငုံ့နေသည်၊ ကြာလာသောအခါ ဒူးကွေးပြီး ဝပ်ချလိုက်ရသည်၊ နှာသန်ကွင်းချပြီး ချည်ထားမှုကိုး၊ ထိုအခြေအနေတွင် နွားရှာသူက ငုံ့မကြည့်၊ နွားကလည်း "ကျွန်တော် ဒီမှာပါ" မပြောတတ်ရကား နွားရှာသူ တွေ့မသွားပေ၊ နွားသူခိုးကလည်း အေးအေးဆေးဆေးအရှိတွင် တစ်ခေါက်ပြန်လာသည်၊ နှာသန်ကွင်းချပြီး အချည်ခံထားရသောနွားကို ဆွဲသည်၊ ထိပေါက်ပြီ၊

— ♉ —

www.burmeseclassic.com

လင်းရောင်ခြည်သည်ကိုင်းတောကြီးနှင့်ဖုန်းဆိုးပြင်ပေါ်သို့ကျယ်ပြန့်စွာကျရောက်လာသည်။ အမှောင်ထုအားနည်းလာသည်နှင့်အမျှ နွားရှာသူများအားတက်လာသည်။

"တည်ပင်နှစ်ပင်ကြားမှာ နွားတစ်ကောင်ဟေ့"

နွားသူခိုးသည် ပြေး၍မလွတ်လောက်သောကြောင့် ခိုးရာပါပစ္စည်းကိုချန်ပစ်ခဲ့ခြင်း ဖြစ်သည်။

"ဖိုးသောင်းအေး – ဖွားဖော့တို့ အတိုင်နွားဟေ့"

နွားရှာသူများ အားတက်လာသည်။

"သေသေချာချာရှာကြဟေ့၊ အလှည့်နွားလည်း ဒီနားမှာရှိမယ်"

ကိုင်းတောသည် ပါးလျားလာပြီး ဖုန်းဆိုးသည် ထူထပ်၏။ ကျင်းတွေ၊ ချိုင့်တွေ၊ ကမူတွေ များပြားလာသည်။

"လျှိုထဲမှာ အလှည့်နွား တွေ့ပြီဟေ့"

"ရွာကို တစ်ယောက်ပြန်ဟေ့"

ဝမ်းသာအားရဖြင့် ရွာသို့တစ်ယောက်ပြေး၏။ ရွာမှ တမျှော်မျှော်တမော့မော့ဖြစ်နေသူများ ဟင်းချနိုင်ရန် ဖြစ်၏။ ထို့အပြင် စံဝနှင့် စံဝ၏အစ်ကိုတို့ ဦးဆောင်သောအဖွဲ့များ ခရီးမရှည်စေရန်ဖြစ်သည်။ ကျော်သူစံမှာ လူငယ်ဖြစ်သောကြောင့်အဆက်အသွယ်မရှိပြီး လူကြီးမောင်တို့၊ စံဝတို့သည် အဆက်အသွယ်ရှာကာ ရှေ့သို့ဆက်နိုင်သည်။

ယခု "နွားတွေ တွေ့ပြီဟေ့" ဟု သတင်းပေးသူမှတစ်ဆင့် နွားရှာသူများထံသို့ ရောက်သွားလျှင် တပ်ခေါက်ပြီး ပြန်လာကြရော့မည်။

"ဟေ့ – သည်လူနှစ်ယောက်ကို မသင်္ကာဘူးကွ"

အနီးအနားရွာများမှမဟုတ်သော လူနှစ်ယောက်ကို နွားရှာသူတွေ ဖမ်းလာကြသည်။ အဖမ်းခံရသူနှစ်ယောက်မှာ မည်သည့်ရွာမှဖြစ်ကြောင်း တဖွဖွ ပြောနေကြသည်။ နစ်ယောက်လုံး နွားဝယ်ရန်လာရင်း မိုးချုပ်သွားသဖြင့် ကိုင်းတောစပ်တွင် အိပ်စက်ခဲ့ရကြောင်း ပြောနေကြသည်။

"ရိုက်စစ်မယ်ကွာ"



ထိုအခါ အဖွဲ့ခေါင်းဆောင် ကျော်သူစံထံ ပြဿနာရောက်လာ၏။

"ကျွန်တော်တို့ဟာ နွားပျောက်လို့ နွားရှာတာပဲဖြစ်တယ်။ ဟိုလူ့မသင်္ကာဘူး၊ သည်လူ့မသင်္ကာဘူးဆိုပြီး စစ်ဆေးခွင့်၊ မေးမြန်းတားဆီးခွင့် မရှိဘူး၊ လွှတ်လိုက်ကြပါဗျာ"

လူအများသည် မကျေလည်သော်ငြား အဖွဲ့ခေါင်းဆောင် ကျော်သူစံ၏စကားအရ နွားခိုးမသင်္ကာသူနှစ်ယောက်ကို လွှတ်ပေးလိုက်ကြရလေ၏။

ဆင်ဖြူကျွန်း အောင်သိန်း

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




ဆိုးသွမ်းသောညီငယ်တို့
လမ်းမှန်သို့ တည့်မတ်ပေးခဲ့သည့်
မှန်ကန်သောဆုံးဖြတ်ချက်နှင့်အတူ
နောက်ဆုံးတွင် ..

---

**ထုတ်စွအဆုံး** – ကျုပ် ဒီကောင့်ကို လက်စတုံးပစ်ချင်တယ်၊ တစ်ချိန်တော့ မထင်လိုက်ပါနဲ့၊ သူ့လိမ်တဲ့ညာတဲ့အကျင့်ကို လက်စတုံးပစ်ချင်တာပါ၊ ကြည့်လေ ...၊

"အစ်ကို – ကျွန်တော် မုန့်စားချင်လို့ ငွေနှစ်ရာလောက် ပေးပါဦး"

"ဟော့ကောင် – ဗိုးသောင်း – မင်း မနက်ကတင် အိမ်မှာ ကော်ဖီမစ်ထုပ်ဖောက်သောက်တာ ငါမြင်သားနဲ့"

"အစ်ကိုကလည်း လုပ်ပြီ၊ ကော်ဖီမစ်က မုန့်မှမဟုတ်တာ၊ ကျွန်တော်က မုန့်စားချင်တာ"

ဟုတ်တော့လည်းဟုတ်သားပဲ၊ ဒါပေမဲ့ – ဒီကောင် – တော်ကြာ – အရည်တွေ သောက်လာမှဖြင့်၊

"မင်း – တကယ်မုန့်စားမှာနော်၊ ဟောဟို – ငါ့အိပ်ရာခေါင်းရင်းကလော်ကာထဲမှာ ငါဝယ်ထားတဲ့ ပလာတာနှစ်ချပ်ရှိတယ်၊ မင်းတစ်ချပ်ယူစားလိုက်၊ တစ်ချပ်နော် – ကြားတယ် မဟုတ်လား"

www.burmeseclassic.com

"အဲဒါ စောစောက ကျွန်တော် ယူစားပြီးပြီ၊ နှစ်ချပ်လုံး ကုန်သွားပြီ"

"ဟော - ကောင်းရော့ကွာ၊ မင်း - တော်တော်လှူပါးဝတဲ့ကောင်ပါလား၊ ငါ နေ့လယ်နေ့ခင်းစားဖို့ချန်ထားတာကွ"

"မသိဘူးလေ - ကျွန်တော့်ဖို့ ချန်ထားတယ်မှတ်လို့"

"တယ်လေ - ငါ"

"ကျွန်တော်က မုန့်ဟင်းခါးစားချင်တာ၊ ပေးပါ - အစ်ကိုရာ - ငွေနှစ်ရာ တည်းပါ"

ကျုပ် မတတ်သာတော့ပြီ၊ နောက်ထပ် နားပူမခံနိုင်တော့၊

"ရော့ရော့ မုန့်ဟင်းခါးစားနော်၊ အရက်သောက်ဖို့ပေးတာမဟုတ်ဘူး"

"ကြံကြီးစည်ရာ အစ်ကိုကလဲ၊ စောစောစီးစီး အရက်သောက်ရမလား"

"သိဘူးလေ - မင်းတို့အရက်သမားမှာ စည်းထားလို့လား"

တစ်နာရီခန့်ကြာတော့ ဒီကောင်ပြန်လာတယ်၊ ခြေလှမ်းက တယ်ပြီး မမှန်ချင်ဘူး၊ သိတယ် - ဒီကောင့်အကြောင်းကို နောကျေအောင် သိတယ်၊

"ဟော့ကောင် - လာဦး"

"ကျွန်တော့်ကို ခေါ်တာလား - အစ်ကို"

"မင်းကို မခေါ်လို့ ဘယ်သူ့ကို ခေါ်ရမှာတုံး"

"အော် - လာမယ် - အစ်ကိုရေ၊ ခုတော့ - သန့်စင်ခန်းသွားလိုက်ပါရစေဦး"

နာရီဝက်ခန့်အထိထွက်မလာလို့ကျုပ်ထကြည့်လိုက်တော့လား - လား၊ ဒီအကောင် - သူ့အခန်းထဲက ခုတင်ပေါ်မှာ မှောက်လျက်သားအိပ်လို့၊ ခေါ်ကြည့်တယ် - မရဘူး၊ အရက်နံ့က ထောင်းလို့၊

အဲဒီလိုကောင်၊ ဒါ - အကင်းလောက် ရှိသေးတယ်၊

တစ်ခါကလည်း အင်း - တစ်ခါမကပါဘူးလေ၊ ဒီအကောင် - အလိုမှ အပတ်ကတော့ ကမ်းကုန်ရော၊ ကျုပ်တို့မှာ မိသားစုလေးယောက်ရှိတယ်၊ အဖေက ဦးလှမြင့်၊ အမေက ဒေါ်သင်းရည်၊ ကျုပ်က ဖိုးကောင်း၊ ကျုပ်ညီက



ဖိုးသောင်းပေါ့၊ ကျုပ်က တစ်မြို့တစ်ရွာမှာ ဝန်ထမ်းဘဝဆိုတော့ ကျုပ်ညီ ဖိုးသောင်းကိုလက်တိုလက်တောင်းခိုင်းဖို့ကူဖော်လောင်ဖက်အဖြစ် ခေါ်လာရတယ်၊ ကူဖော်လောင်ဖက်သာဆိုတယ်၊ ကျုပ်ကတောင် သူ့အဝတ်တွေ ရုံဖန်ရံခါ လျှော်ဖွပ်ပြီး မီးပူပါ အဆစ်တိုက်ပေးရသေးတယ်၊ မနက်ဘက်ဆို ကျုပ်ကချည်း နိုးရတာများတယ်၊ ကျုပ်က နိုးတဲ့အခါ ပြောတဲ့စကားကို နားထောင်ကြည့်ကြတော့ -

"အစ်ကိုကလည်း ညက ဗီဒီယိုကြည့်တာ ညဉ့်နက်သွားလို့ ခဏ စက်တော်ခေါ်ပါရစေဦး" တဲ့၊

ကဲ - ကြားလို့ကောင်းကြသေးရဲ့လား - အရပ်ကတို့ရေ၊ ရှင်ဘုရင်ဖြစ်မယ့်ရုပ်လား၊ ဇာတ်ထဲလိုက်ရင်တောင် ကားချွဲရာထူးလောက်ရမယ့်ကောင် ဘများ၊ ထားပါတော့ - ကျုပ်က အဆာခံစားဖို့ ခေါ်တဲ့အခါ -

"အစ်ကိုရေ - ဦးချပြီး စားနှင့်" တဲ့၊

အဲဒီလောက် မိုက်လုံးကြီးတဲ့ကောင်၊ ကိုယ့်ထက်ကြီးမှန်းမသိ၊ ငယ်မှန်း မသိ၊ သူ့ကိုခေါ်မယ်ဆိုတုန်းက အဖေက ပြောသား၊ ကျုပ်ကလည်း သိသိကြီးနဲ့ ခေါ်မိတာကိုး၊

"ငါ့သား - မင်းညီက အူမပြည့်၊ ကျူမပြည့်၊ ဘာမပြည့်နဲ့ မင်းပဲ ပင်ပန်းမှာနော်" တဲ့၊

"အဖေရဲ့ - ဒီကောင်က အူသာ မပြည့်တာပါ၊ ခိုင်းတတ်ရင် ရပါတယ်"

"အေး - မင်းသဘောပဲ၊ တော်ကြာ - မင်းပဲ စိတ်ဆင်းရဲရမှာ"

ခုတော့ - အဖေ့စကားက သွေးထွက်အောင် မှန်နေပြီ၊ သို့ပေမဲ့ - ညီလေးဆိုတဲ့သံယောဇဉ်ကြိုးက ဖြတ်ရခက်တယ်၊ ဒီကြားထဲ လိမ်ညာပြောတတ်တဲ့အကျင့်က အမြစ်တွယ်နေပြီ၊ အကျင့်က ပျက်နေပြီ၊

"အစ်ကိုကြီး - အစ်ကိုကြီးရဲ့စပို့ရှပ် ကျွန်တော် ခဏဝတ်သွားဦးမယ်နော်"

"ဟော့ကောင် - မင်းမှာလည်း စပို့ရှပ်လေးထည်တောင်ရှိတာ၊ ငါ့စပို့ရှပ် ကို ဝတ်နဲ့"

www.burmeseclassic.com

"ဟာ - လေးထည်လုံးဝတ်ပြီးသား၊ အစ်ကိုကြီးက လျှော်မှ မလျှော်တာ"

"အောင်မယ် - မင်းဝတ်တာ မင်းဟာမင်း လျှော်ပါလား"

"ဆပ်ပြာကုန်နေလို့ မလျှော်ရတာပါ"

"ဆပ်ပြာကုန်ရင် ဝယ်ပေါ့ကွ"

"ဝယ်စရာပိုက်ဆံမှ မရှိတာ"

"ကဲ - ဝတ်သွား - ဝတ်သွား၊ ဆပ်ပြာလည်း ဝယ်ခဲ့"

ပြန်လာတော့ အောက်ခံစွပ်ကျယ်သာပါပြီး စပို့ရှပ်အကျီ မတွေ့တော့၊

"ဟေ့ကောင် - မင်းဝတ်သွားတဲ့ စပို့ရှပ်ရော"

ဝေ့လည်ကြောင်ပတ်လုပ်နေသည်၊ မေးလွန်းမက မေးတော့မှ -

"ကျွန်တော် - ဘောလုံးသွားကန်တာ ရွှံ့ပေလာလို့ ခါးကြားမှာ ထိုးလာတယ်"

"အောင်မလေး - သေပါတော့ဟာ၊ မင်းတော်တော်ဆိုးပါလား၊ ဆပ်ပြာကုန်ပြီလည်း ပြောတယ်၊ ငါ - ရေချိုးခန်းမှာ သွားကြည့်တော့ ဖူဂျီဆပ်ပြာ ဘူးလိုက်တွေ့တယ်၊ အဲဒီလိုညာတာ မကောင်းဘူးကွ"

ကျုပ် - ဒီကောင့်ကို မရိုက်ရက်ပါ၊ ပြေးကြည့်မှ ဒီညီအစ်ကိုနှစ်ယောက် ရှိတာ၊ ကျုပ်ကိုယ်တိုင်က ခေါ်ခဲ့တာလေ၊ ငွေးအကော် ငွေးခံပေါ့ - မဟုတ်ဘူးလား၊ ဘယ်သူမပြု မိမိမှုပဲ၊

ကျုပ်အလုပ်က ကျောင်းသားတွေကို စာသင်ပေးရတဲ့ ကျောင်းဆရာ အလုပ်၊ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တွေမှာ နားရတယ်၊ ကျောင်းပိတ်ပေမဲ့ ကျုပ်အဖို့တော့ မနားရပါဘူး၊ ပါလာတဲ့စာအုပ်တွေကို ကြည့်ရ၊ အမှားတွေကို အမှန်ပြင်ပေးရနဲ့ နားရတယ်ကိုမရှိဘူး၊ ဒီကြားထဲ အူမပြည့်တဲ့ ကျုပ်ညီတော်မောင် လျှော်ထားတဲ့ ကျုပ်ရဲ့ကျောင်းစိမ်းလုံချည်တွေက ဆပ်ပြာချည်မစင်၊ အကျီအဖြူတွေက ချေးမစင်၊ ကျုပ်လျှော်မယ်လို့ပြောထားတာတောင် မရဘူး၊ လုပ်လိုက်ရင် အဲဒီလိုချည်းပဲ၊ အရာရာနဲ့ အကြောင်းကြောင်းမို့ သူ့ကို မနိုင်းချင်တာ၊ ညနေဘက်ကျတော့ -

"မင်း - ညနေ ဘယ်သွားဦးမလဲ" လို့ ကျုပ်က မေးမိတယ်၊



"အစ်ကို - ဘာနိုင်းစရာရှိလို့လဲ"

"အော် - မင်းနဲ့ငါ - ဘုရားသွားရအောင်လို့"

"ဟာ - ကောင်းတယ် - ကောင်းတယ်၊ ကျွန်တော်လည်း သွားချင်တာနဲ့ အတော်ပဲ"

ဒီကောင် - အဲဒီအလေ့အကျင့်တော့ကောင်းသား၊ ဘုရားသွားမယ်ဆို တစ်ခါမှ မငြင်းဘူး၊

"အေး - ရေမိုးချိုး၊ အဝတ်အစားလဲ၊ ပြန်မှ ထမင်းစားမယ် - ဟုတ်လား"

"ချိုးမယ် - ဝတ်မယ်၊ ချိုးမယ် - ဝတ်မယ်"

လူက အသက်နှစ်ဆယ်ပြည့်တော့မယ်၊ ခုထိ - မျက်နှာက ရှုးတုန်း၊ ချက်နှာရှုး၊ ဒီကောင့်ကို အဖေက အသက်နှစ်ဆယ်ပြည့်ရင် ပဉ္စင်းခံပေးဖို့ အစီအစဉ် ရှိပါတယ်၊

---

ဒီည လကွယ်ညမို့ လူခြေတိတ်စွ၊

ည(၁၀)နာရီထိုးပေမယ့် ဒီကောင် ပြန်မလာသေး၊ ကျုပ် - ဒီကောင့်အတွက် စိတ်ပူနေရတယ်၊ ခါတိုင်းဆိုရင် (၈)နာရီလောက်မှာပြန်ရောက်နေ ... အိမ်ကိုပစ်ထားခဲ့ပြီး လိုက်ရှာလို့လည်း မဖြစ်သေး၊

"ဆရာရေ - ဆရာ - တံခါးဖွင့်ပါဦး"

"ဘယ်သူတွေပါလိမ့် - ဝင်ခဲ့ကြလေ"

"ကျွန်တော်တို့ပါ - ဆရာ၊ ဆရာ့ညီ - စိဒ္ဓိယိုရုံထဲမှာ အရိုက်ခံရလို့"

"ဘယ်လိုဖြစ်တာလဲဗျာ - ဒုက္ခပါပဲ"

"ကျွန်တော်တို့လည်း အကြောင်းစုံ မသိသေးဘူး၊ ခု - ဆေးရုံမှာရောက်နေတယ်၊ ဆရာ - လိုက်ခဲ့ပါဦး"

"အေး - အေး - ခုပဲ လိုက်ခဲ့မယ်"

အိမ်တံခါးပိတ်ပြီး လိုက်လာခဲ့ရတယ်၊ တစ်လမ်းလုံး ကျုပ်အတွေးတွေ ... တောင်စဉ်ရေမရဖြစ်လို့ ဘယ်လိုကနေ ဘယ်လိုဖြစ်လို့ အရိုက်ခံရတာပါ

www.burmeseclassic.com

လိမ့်၊ သူများကို သွားပြီးရန်စလို့လား။ ဒါမှမဟုတ် - ဘယ်မိန်းကလေးကိုများ။ ဒီကောင် - ဒီအကျင့်မျိုးလည်း မရှိပါဘူး။

ဆေးရုံရောက်သော် စခန်းမှူး ဦးမြင့်သန်းက -

"ဆရာရေ - ဒဏ်ရာကတော့ သိပ်မများပါဘူး။ လန့်ပြီးသတိမေ့သွားတာပါ၊ ခုတော့ - သတိရပါပြီ"

ဟု ဆီးကြိုပြောလိုက်လို့ ကျုပ် စိတ်သက်သာရာ ရသွားတယ်၊

"ဆရာ - သွားကြည့်လိုက်ပါဦး"

ခုတင်ပေါ်မှာ မှိန်းနေတဲ့ကျုပ်ညီကို တွေ့လိုက်ရလို့ ကျုပ် စိတ်မကောင်းဖြစ်ရတယ်၊

"ဖိုးသောင်းရာ - မင်း - ဘယ်လိုဖြစ်ရတာလဲ"

"ဒီလိုပါ - ဆရာ"

စခန်းမှူးက ဖြစ်ကြောင်းကုန်စင်ပြောပြလို့ ကျုပ်သိရတယ်၊ လူမှားပြီး အရိုက်ခံရတာတဲ့၊ ရိုက်တဲ့လူငယ်နှစ်ယောက်ကိုလည်း ရဲစခန်းမှာ ချုပ်ထားတယ်လို့ပြောပါတယ်၊

"အေးဗျာ - ကျွန်တော်အနေနဲ့ အမှုမလုပ်ချင်ပါဘူး။ လူကြီးမိဘတွေ ရှေ့မှာပဲ ဆုံးမစကားပြောပြီး ကျေအေးလိုက်တာပေါ့၊ သံသရာ မရှည်ချင်တော့ပါဘူး"

နောက်တစ်ပတ်လောက်မှာ ကာယကံရှင်မိဘများရော၊ ကလေးတွေရော စုံညီရှေ့မှာပဲ ဆုံးမစကားပြောပြီး ကျေအေးပေးလိုက်ပါတယ်၊ ကလေးတွေရဲ့ မိဘတွေကလည်း ကျုပ်နဲ့ရင်းနှီးပြီးသားတွေ၊ ဘာပဲဖြစ်ဖြစ်၊ ကျုပ်ဘက်က လူကြီးပီသရမယ်ပေါ့၊

"ကျေးဇူးတင်ပါတယ် - ဆရာရယ်၊ နောက် - ဒါမျိုးမဖြစ်ရအောင် ကျွန်တော်တို့ တာဝန်ယူပါ့မယ်"

"ဟုတ်ကဲ့ပါ - ကျွန်တော့်ညီကိုယ်တိုင်ကလည်း ခွင့်လွှတ်ပါတယ်"

ကျုပ်အပြန်မှာတော့ ကျုပ်ညီဖိုးသောင်းကို မိဘတွေဆီပြန်ပို့ဖို့ ဆုံးဖြတ်လိုက်တယ်၊ အမှန်ကတော့ - ကျုပ်ညီဖိုးသောင်းရဲ့ အမှားလည်းပါတယ်



မှောင်ထဲမှာ သူ့ကိုမေးတော့ သူက သူ့ထုံးစံအတိုင်း သူ့နာမည်ကို မပြောဘဲ လိမ်ညာပြီး တခြားနာမည်ပြောလိုက်တာကိုး။ ဒီတော့ - လူမှားပြီး အရိုက်ခံရတာပေါ့၊ လိမ်ညာတဲ့အပြစ်ကြောင့် ခံရတာပါ၊ ကောင်းတယ်၊

"မင်း - မိဘတွေဆီ ပြန်ပါတော့ကွာ"

ကျုပ် - ဒီလို နှုတ်က ပွင့်ထွက်သွားတော့ ဒီကောင် မျက်စိမျက်နှာ ပျက်သွားတယ်၊

"မပြန်ပါရစေနဲ့ - အစ်ကိုရယ်၊ ကျွန်တော် - နောက်ကို အနေအထိုင်၊ အသွားအလာ၊ အပြောအဆို ဆင်ခြင်ပါ့မယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ - အဖေတို့အမေတို့မှာလည်း အဖော်ရအောင်ပါ၊ ...င်း ပြန်စေချင်တယ်"

"ဒီလိုဆို - အစ်ကို - အပြောင်းအရွှေ့လျှောက်လေ"

"ဟ - ခုမှ ဒီကိုရောက်တာ တစ်နှစ်ကျော်ပဲရှိသေးတာ၊ ဘယ်လျှောက် ...့ဦးမလဲကွ"

ကျုပ် စဉ်းစားကြည့်တယ်၊ အဖေတို့အမေတို့ဆီ ပြန်ပို့ပြန်ရင်လည်း ...ဖြစ်သေးဘူး၊ လူကြီးတွေ ဒီကောင့်ကို ထိန်းရခက်မယ်၊ ဒီမှာတော့ - ကျုပ် ...သည်းခံနိုင်တယ်၊ ဒါပေမဲ့ - ဒီကောင်က လိမ်တဲ့အကျင့် မဖျောက်နိုင်တာ ...တယ်၊

"မင်း - ငါနဲ့နေရင်တော့ လိမ်တဲ့၊ ညာတဲ့အကျင့်ကို ဖျောက်ရမယ်နော်"

"ဖျောက်ပါမယ် - အစ်ကို၊ ကျွန်တော် - ကြိုးစားပြီးဖျောက်ပါ့မယ်။ ကျွန် ...် မပြန်ရတော့ဘူး မဟုတ်လား"

ကျုပ် ခေါင်းညိတ်လိုက်တယ်၊ ဒီကောင် - ဝမ်းသာလုံး ဆို့သွားတယ်၊

"အစ်ကို - လျှော်စရာအကျီတွေ၊ ပုဆိုးတွေပေး၊ ကျွန်တော်လျှော်လိုက် ...ယ်"

"နေပါစေကွာ - ငါ့ဟာငါ လျှော်ပါ့မယ်၊ မင်းလျှော်ရင် ဆပ်ပြာရေ မစင် ...င်း - အိမ်သန့်ရှင်းရေးသာလုပ်တော့"

"ဟုတ်ကဲ့ - အစ်ကို၊ ကျွန်တော် - ခုပဲ လုပ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ညီလေးကို ကြည့်ပြီးတော့ ကျုပ်တို့ ငယ်စဉ်ဘဝကို သွားသတိရတယ်။

ကျုပ်တို့ဘကြီးက ကြီးရှိးစည်းရိုးပျ။ သူ့အဖေ ကျုပ်တို့အဖိုးက သူကြီး၊ ဩဇာလည်း ရှိတယ်၊ မိုက်လည်းမိုက်တယ်၊ လူမိုက် လူဆိုးတွေ ဖိန့်ဖိန့်တုန်အောင် ကြောက်ရတယ်၊ ထစ်ခနဲဆို ထိတ်တုံးပဲ၊ ထိတ်တုံးမခတ်ခင် သူက အရင်ဆုံးမ.လိုက်သေးတယ်၊ ကျုပ်ဘကြီးကျတော့လည်း သူကြီးတော့ မဟုတ်ဘူး၊ ဒါပေမဲ့ - ရွာမှာ ဩဇာညောင်းတယ်၊ ကျုပ်တို့ညီအစ်ကိုငယ်ငယ်ကပေါ့ဗျာ၊ ရွာဘုရားပွဲမှာ ဇာတ်အဖွဲ့တစ်ဖွဲ့ လာက.တယ်၊ မင်းသမီးကို စင်ပေါ်တက်ပြီး လက်ကိုဆွဲတဲ့လူကို ကျုပ်ဘကြီးက ဘာမပြော၊ ညာမပြောနဲ့ စင်ပေါ်တက်ပြီး လက်သီးနဲ့ ဆုံးမလိုက်တာ ကားခနဲနေတာပဲတဲ့၊ ကာယကံရှင်နဲ့ မိဘတွေလည်း ဘာမှမပြောရဲတဲ့အပြင် ဘကြီးကိုတောင် တောင်းပန်ရဆိုပဲ၊ ဘကြီးအရှိန်နဲ့ ကျုပ်တို့မိသားစုကိုလည်း ဘယ်သူမှ မစော်ကားရဲဘူး။

ကျုပ်တို့ညီအစ်ကိုဆော့နေတုန်း ကျုပ်တို့နားကို အိမ်နီးနားချင်းကလေးတွေ လာကြတယ်၊ သူတို့တွေနဲ့အတူ ခွေးနစ်ကောင် ပါလာတယ်၊ အဲဒီခွေးနစ်ကောင်က ကျုပ်တို့ ညီအစ်ကိုနစ်ယောက်ကို ကိုက်ပါလေရော၊ ဘာပြောကောင်းမလဲ ကျုပ်တို့ဘကြီးက အဲဒီခွေးနစ်ကောင်ကို ဓားနဲ့ ဝင်ပိုင်းလိုက်တာ ပွဲချင်းပြီးရော၊ ခွေးရှင်တွေ ပါးစပ်တောင် မဟရဲဘူး၊ ပါးစပ်ဟရင်လည်း ဓားဦးက သူတို့ဘက် လှည့်ဦးမှာလေ၊ ကျုပ်တို့ညီအစ်ကိုရဲ့ခြေသလုံးမှာ အမာရွတ်က ခုထိ သေရာပါရော။

"ဘကြီးရယ် - ကျွန်တော်တို့ခွေးတွေအတွက် တောင်းပန်ပါတယ်"

"အေး - မင်းတို့ ခွေးတွေ ကိုက်တတ်မှန်းသိရင် ပေါက်လွှတ်ပဲစား မထားရဘူးကွ၊ ထိန်းထားရမယ်"

"ထိန်းသားပါတယ် - ခုဟာက ကျွန်တော်တို့ မသိလိုက်ဘူး၊ ကလေးတွေနဲ့ လိုက်သွားတာ"



"ကံကောင်းလို့ပေါ့ကွာ - ငါ့မြေးတွေ ဒီလောက်ပဲဖြစ်လို့၊ နို့မို့ရင် - မင်းတို့ပါ အဆစ်ပါသွားမယ်"

ကျုပ်တို့ဘကြီးက အဲဒီလိုလူစားမျိုး၊ သူများကိုလည်း အကြောင်းမဲ့ သက်သက် မစော်ကားဘူး၊ သူ့မျက်စိရှေ့မှာ မတော်တရော်မြင်ရလို့ကတော့ ဘာကောင်ဖြစ်ဖြစ် ဆုံးမပစ်လိုက်တာပဲ။

မှတ်မှတ်ရရပါပဲ၊ ကျုပ်ညီလေးဖိုးသောင်း ငါးနစ်သားအရွယ်ကပေါ့၊ ဘကြီးက ကုပ်ပေါ်တင်ပြီး လမ်းလျှောက်တော့ အမေက လိမ့်ကျမှာစိုးလို့ ထင်ပါတယ်၊

"သားလေး - ဘကြီးကို မြဲမြဲကိုင်ထားနော် - လိမ့်ကျဦးမယ်"

အဲဒီလိုပြောလိုက်တာကို အကဲပိုတယ်ဆိုပြီး ကျုပ်ညီလေးကို အိမ်ပြန်ခေါ်လာတယ်၊ ပြီးတော့ - ကုပ်ပေါ်က ချလိုက်တာ ငယ်သံပါရော၊ အမေကလည်း ဘကြီးကိုကြောက်တော့ ဘာမှမပြောရဲဘူး၊

"ဘကြီးကလည်း ညီလေးကို ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ" လို့ကျုပ်က ပြောလိုက်တော့ ကျုပ်ကိုပါရိုက်တော့တာပဲ၊ အဖေကပဲ ဝင်ပြီး တောင်းပန်ရတယ်၊ ဘကြီးကအဲဒီလိုလူစားမျိုး၊ ဘကြီးဆုံးတော့ - ကျုပ်တို့ငိုလိုက်ရတာ၊ ဘကြီးမရှိမှ ဘကြီးရဲ့ကျေးဇူးတရားတွေကို သိသိလာတယ်၊ သူများတွေ စော်ကားမော်ကား လုပ်ချင်လာတယ်၊

"အစ်ကို - ဘာတွေစဉ်းစားနေတာလဲ - အစ်ကို၊ မျက်ရည်တွေဝဲလို့ပါလား"

"ဟော - တို့ငယ်ငယ်တုန်းကအကြောင်းပြန်စဉ်းစားမိလို့ပါ၊ အထူးသဖြင့် တို့ဘကြီးအကြောင်းကိုပေါ့ကွာ"

"ကျွန်တော်လည်း တစ်ခါတစ်ခါ ဘကြီးအကြောင်း တွေးမိတယ်"

"ဘကြီးမရှိတော့တဲ့နောက်ပိုင်း ရွာမှာ လူဆိုးလူမိုက်တွေ ပေါ်လာတော့တာပဲ၊ နွားခိုးမှု၊ လုယက်မှု၊ ဓားပြတိုက်မှုအပြင် ဖဲဝိုင်းတွေလည်း မှိုလိုပေါက်၊ အရက်ဆိုင်တွေလည်း အန့်ပဲ"

"ဒါကြောင့်လည်း ခုစရိုက်မှုတွေ ပေါ်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - မင်း - ဈေးသွားစရာရှိတာ သွားပေတော့၊ ငါ့ပိုက်ဆံအိတ်ထဲက နှစ်ထောင်ယူသွား၊ မင်းနဲ့ငါ့ဖို့ မုန့်ဟင်းခါး ဝယ်ခဲ့ဦး"

"ဟုတ်ကဲ့ - အစ်ကို"

ညီတော်မောင်ကိုကြည့်ရင်း ကျုပ် သက်ပြင်းချလိုက်မိတယ်၊

နွေရာသီကျောင်းပိတ်ရက်မှာ ကျုပ်တို့ညီအစ်ကိုနှစ်ယောက် မိဘရပ်ထံ ပြန်လာကြတယ်၊ ရွာကိုမရောက်တာ အတော်ကြာလို့လားမသိ၊ ပြောင်းလဲနေတဲ့မြင်ကွင်းကိုကြည့်ရင်း အံ့ဩနေမိတယ်၊ ရွာလမ်းတွေလည်းချဲ့လို့၊ အိမ်တွေလည်း သူ့မြဲစည်းရိုးနဲ့သူ၊ အိမ်တော်တော်များများမှာ တီဗွီ၊ အောက်ဝက်တွေနဲ့၊ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကို ဆီးကြိုနှုတ်ဆက်ကြလို့၊ အဖေနဲ့အမေက ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကို ပွေ့ဖက်ရင်း ဝမ်းနည်းဝမ်းသာဖြစ်လို့၊

"သားလေး - နေကောင်းတယ်နော်"

"နေကောင်းပါတယ် - အမေ၊ အဖေနဲ့အမေရော - နေကောင်းကြတယ်နော်"

"ကောင်းပါတယ် - သားတို့ရယ်"

"ဟင်း - အဖေ့နဖူးမှာ အမာရွတ်နဲ့၊ ဘာဖြစ်တာလဲ - အဖေ"

"ချော်လဲလို့ပါ - သားရယ်၊ ဘာမှမဖြစ်ပါဘူး"

အဖေ မျက်နှာပျက်သွားတာကို ကျုပ် သတိထားလိုက်မိတယ်၊ အေးအေးဆေးဆေးနား၊ ရေမိုးချိုးပြီး အမေ့လက်ရာ ငါးပိလိမ္မာချက်နဲ့၊ ကန်စွန်းရွက်ပြုတ်တို့စရာနဲ့၊ ဘူးညွှန့်ဟင်းချိုပူပူလေးသောက်ပြီး မြိန်ရေယှက်ရေ စားလိုက်တယ်၊ ရွာထဲက အပေါင်းအသင်းဆွေမျိုးတွေကလည်း လာပြီး သတင်းမေးကြနဲ့၊ ကျုပ်တို့အိမ်လေးမှာ လူစည်လို့၊

ကျုပ်က အိမ်ပြင်ထွက်ပြီး ကျုပ် ဦးရီးတော်သူ ဦးလှထွန်းကို မေးကြည့်မိတယ်၊

"ဦးရီး - အဖေ့မျက်နှာမှာ အမာရွတ်ကြီးနဲ့ ဘာဖြစ်တာလဲဗျ"



"ဒီလိုကွဲ့ - မင်းအဖေက မပြောပါနဲ့လို့ ပိတ်ထားပေမယ့် ငါမပြောလည်း တခြားလူက ပြောမှာပဲ"

"ပြောပါ - ဦးဦးရဲ့၊ ဘယ်လိုဖြစ်ကြတာလဲ"

"တစ်ညကွာ - သန်းခေါင်ကျော်လောက်မှာ မင်းတို့အဖေအိမ်ကို အနကြမ်းဝင်စီးတာ၊ မင်းအဖေက ဝါးလုံးရင်းနဲ့ တံခါးမင်းတုပ်နဲ့ တိုက်မိတာလို့ ပြောတာပဲကွ၊ ငါကတော့ - ဟုတ်မယ် မထင်ဘူး၊ အနကြမ်းစီးတဲ့လူတွေက တစ်ခုခုနဲ့ လုပ်လိုက်တာပဲ ဖြစ်မယ်"

"ဖြစ်မှဖြစ်ရလေ - အဖေရယ်၊ ဒီအကြောင်းတွေ ကျွန်တော်တို့ ဘာမှ မသိရပါလား"

"ဘယ်သိရမလဲကွ၊ အဲဒီကောင်တွေလည်း အဖမ်းခံလိုက်ရတယ်၊ ဟိုဘက်ရွာက ဖိုးချစ်တို့အုပ်စုပေါ့"



ညဘက်
သဘော်သီးသုပ်စားမလို့
သဘော်ပင်ကို တက်လိုက်တာ
သဘော်ပင်လဲပြီး
လူက အုတ်နံရံနဲ့ ဆောင့်မိတာ
ခေါင်းပေါက်သွားတာပါ
"အကာကြီး။

www.burmeseclassic.com

"ကျုပ်အဖေနဲ့အမေကို စိတ်မချတော့၊ အကျိုးအကြောင်းရှင်းပြပြီး အပြောင်းအရွှေ့လျှောက်မှ ဖြစ်မယ်"

"ကောင်းသလိုသာ စီစဉ်ပေါ့ကွာ"

ကျောင်းဖွင့်ရက်တွင် ကျုပ်တို့ရွာ အလယ်တန်းကျောင်းကို ကျုပ် ပြောင်းရွှေ့ခွင့်ရတယ်၊ ရွာကလူတွေလည်း ဝမ်းသာကြတယ်၊ အထူးသဖြင့် အဖေနဲ့ အမေပါ၊ ကျုပ်မပြောင်းရွှေ့ခင် ကျုပ်ညီရဲ့ကိစ္စတွေကို အပြီးရှင်းခဲ့ရသေးတယ်၊ သူများစက်ဘီးကို ခဏဆိုပြောယူပြီး ပေါင်တာကတစ်ခု၊ အရက်ဆိုင်မှာ အရက်ကြွေးက သုံးထောင်ကျော်၊ ဆိုင်တွေမှာ အကြွေးခံပြီးစားတာက နှစ်ထောင်ကျော်၊ ကျောင်းက အထွေထွေလုပ်သား မောင်ဖိုးထွားဆီက ချေးငှားသုံးထားတာက လေးထောင်ကျော်၊ အထည်ရောင်းတဲ့လူဆီက ပုဆိုးဖိုး သုံးထောင်ကျော်၊

ကျုပ်ညီက ကျုပ်ကို ဒါတွေမပြောဘဲ လိမ်ညာထားတာလေ၊ ကျုပ်ကလည်း ကျုပ်ညီအတွက် သံသရာကြွေးမတင်ရအောင် အကုန်ဆပ်ခဲ့ပါတယ်၊ ကျုပ်ညီရဲ့အလိမ်အညာတွေကို ပျောက်စေချင်ပါပြီ၊ ဒါ - ဒီကောင်ရဲ့မကောင်းတဲ့စိတ်ဓာတ်တွေ၊ ဒီလိုလိမ်ညာမှုတွေဟာလည်း တစ်နည်းအားဖြင့် မိုက်တာပါပဲ၊ ဒါကြောင့်လည်း ကျုပ် လက်စတုံးပစ်ချင်ပါပြီ၊ အဖေတို့၊ အမေတို့ သိအောင်ပြောရင်လည်း စိတ်ဆင်းရဲရုံပဲ ရှိမယ်၊ ဘယ်လိုလုပ်ရပါ့မလဲ၊ ကျုပ် စဉ်းစားရုံပေါ့၊

အဖေ့ဆန္ဒအတိုင်း ဒီကောင် အသက်နှစ်ဆယ်ပြည့်လို့ ပဉ္စင်းခံပေးလိုက်တယ်၊ ဒီတစ်ခါတော့ လက်စတုံးပြီထင်ပါတယ်၊ ဆရာတော်ကိုလည်း ပွင့်ပွင့်လင်းလင်း လျှောက်ထားလိုက်ပါတယ်၊ ဆရာတော်ကတော့ ဒီအတွက် သူတာဝန်ယူပါတယ်လို့ မိန့်တော်မူပါတယ်၊ ကျုပ်ကလည်း ကျုပ်ညီအတွက် စိတ်အေးရပြီလို့ ထင်ပါတယ်၊ တွေးလို့မှ မဆုံးသေး၊

တစ်ညတော့ - ည ဆယ်နာရီထိုးလောက်မှာ -

"ဒကာကြီးတို့ - တံခါးဖွင့်ပါဦး"

ကျုပ်တို့တီဗွီကြည့်နေတုန်း အိမ်ရှေ့က အသံကြားတာနဲ့ တံခါးထဖွင့်ပေးလိုက်တယ်၊

ဘုန်းကြီးကျောင်းက ဦးဇင်းနှစ်ပါးနဲ့ ကျုပ်ညီဦးဇင်းကို တွေ့လိုက်ရတယ်၊ ကျုပ်ညီဦးဇင်းက ခေါင်းမှာပတ်တီးနဲ့၊

"ဘယ်လိုဖြစ်လာတာတုံး - ဘုရား"

"ဒကာကြီးရေ - ကာယကံရှင်ဦးဇင်းကိုသာ မေးကြည့်ပေတော့"

အဖေနဲ့ အမေတို့က စိုးရိမ်တကြီး ဖြစ်နေကြတယ်၊

"ဦးဇင်း - ဘယ်လိုဖြစ်ရတာလဲ၊ ပြောပါဦး - ဘုရား"

"ညဘက် သဘော်သီးသုပ်စားမလို့ သဘော်ပင်ကို တက်လိုက်တာ သဘော်ပင်လဲပြီး လူက အုတ်နီခဲနဲ့ ဆောင့်မိတာ ခေါင်းပေါက်သွားတာပါ ဒကာကြီး"

"ဖြစ်မှဖြစ်ရလေ - ဦးဇင်းရယ်၊ ဆာရင်လည်း မုန့်လေးဘာလေးစားရောပေါ့"

"ဆရာတော်ကြီး သိမှာ စိုးလို့ပါ"

"ကဲ - ကဲ - ဦးဇင်း - ဒီမှာပဲ ကျိန်းတော့၊ ဦးဇင်းတို့ ပြန်ဦးမယ်"

"တင်ပါ့ - ဘုရား"

ဦးဇင်းနှစ်ပါးပြန်ကြွသွားပြီး၊

"ကဲ - ဦးဇင်း - တပည့်တော်တို့ကိုပြောတာ အမှန်ပဲလား၊ သဘော်သီးကအောက်က ခူးရတဲ့ဟာ၊ ဦးဇင်း - အပင်တက်တယ်ဆိုတာ ဟုတ်ပါ့မလား၊ ဦးဇင်း - အမှန်အတိုင်းပြောပါ - ဦးဇင်းရယ်"

ရယ်ကြဲကြဲ လုပ်နေတယ်၊ ကျုပ်က စိတ်မရှည်ချင်၊ လိမ်ပြောတာပဲဖြစ်မယ်၊





www.burmeseclassic.com

www.burmeseclassic.com

"ဦးဇင်း - လိမ်ညာပြောရင်မုသာဝါဒကံ ထိုက်တယ်နော်၊ အမှန်ကိုပြောပါ - ဘုရား"

"အကာကြီးတို့ကို ဦးဇင်းအမှန်အတိုင်း ပြောပါ့မယ်၊ ဒီလိုပါ - ဆရာတော်ကြီးက အရက်ဆွမ်းဟင်းချက်ဖို့ ညကတည်းက သခွားသီး အဆင်သင့်ရွေးနိုင်းထားတယ်၊ သခွားပင်က ပင်လုံးကြီးပါတယ်၊ အဲဒါအရက်ဆွမ်းချက်ဖို့ ငါးလုံးရနေတဲ့ကြားက ဦးဇင်းတို့သုပ်စားဖို့နောက်ထပ်နှစ်လုံးကိုအဖျားဘက်တက်ခူးရင်း သခွားပင်လဲကျလို့ ဖြစ်ရတာပါ၊ အဲဒါ - အမှန်ပါ"

"ဖြစ်ရလေ - ဦးဇင်းရယ်၊ ကျော်မကောင်း၊ ကြားမကောင်း"

"ဒဏ်ရာက သိပ်မကြီးပါဘူး"

"ဆရာတော်ကြီးမသိဘဲဘာမျှမလုပ်ရဘူး - ဦးဇင်းရဲ့ ကံကြီးထိုက်တတ်တယ်"

"ဟုတ်ပါတယ် - နောက်ကို ဆင်ခြင်ပါ့မယ်၊ လိမ်ညာတဲ့အမှုကိုလည်း ဦးဇင်း - အတတ်နိုင်ဆုံး မပြုမိအောင် နေပါတော့မယ်"

"ဆရာတော်ကြီး - သိရဲ့လား"

"ဆရာတော်ကြီးကိုယ်တိုင်ဆေးထည့်ပြီးပတ်တီးစည်းပေးလိုက်တာပါ၊ ဆရာတော်ကြီးကိုလည်း ရှိခိုးတောင်းပန်ပြီးပါပြီ"

"ကောင်းပါတယ် - ဦးဇင်းရယ်၊ လူ့ဘောင်ဘဝမှာ လိမ်ညာတာထက် သာသနာ့ဘောင်မှာ လိမ်ညာတာက ပိုပြီးအပြစ်ကြီးပါတယ်၊ သာသနာ ညှိုးနွမ်းအောင် လုပ်ရာလည်းကျတယ်၊ ဦးဇင်းအနေနဲ့လည်း သာသနာ့ဘောင်မှာ ပျော်မွေ့အောင်သာ ကြိုးစားပါ၊ ဦးဇင်းလည်း ခုနစ်တန်းထိ နေခဲ့ဖူးတာပဲ၊ ပရိယတ္တိစာပေတွေလည်း လေ့လာကျက်မှတ်အားထုတ်ပါ"

"ဦးဇင်းလည်း သာသနာ့ဘောင်မှာပဲ ပျော်မွေ့အောင်နေဖို့ ဆုံးဖြတ်ပြီးပါပြီ"

"ဝမ်းသာလိုက်တာ - ဦးဇင်းရယ်"

အဖေရော၊ အမေရော၊ ကျုပ်ပါ ဦးဇင်းကို ဝပ်ဖြည့်လိုက်ကြတယ်၊



နောင်နှစ်နောင်နှစ်များတွင် ပရိယတ္တိ အခြေခံမှစ၍ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းကို ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ဦးဇင်း "ဦးသောဘိတ" အတွက် မိဘများသာမက တစ်ရွာလုံးက ဂုဏ်ယူမဆုံးကြတော့၊

ကျုပ်ကတော့ ကျုပ်ညီ ဦးဇင်းကို လက်စတုံးလိုက်နိုင်ပြီမို့ ဝမ်းအသာရဆုံးဖြစ်ပေလိမ့်မယ်၊ "နေရောင်တွင် ရွှေရောင်လက်သလို" ပြုံးပြုံးပြက်ပြက်ဖြစ်ရပြီ၊

➳ လင်းလက်ကြယ်

စာရှုသူများသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ဧလှောင်ချိုင့်ခံ အမျိုးသမီးတစ်ယောက်၏
လွှတ်မြောက်ရာ ဘဝထွက်ပေါက်ကို
ရှာဖွေရာမှ ..

**ဤတစ်ကြိမ်တွင်...** မိငယ်အနေနှင့် နှစ်ပင်တိုင် ရွက်သင်္ဘော လေးဖြင့် ပင်လယ်ပြင်သို့ နောက်ဆုံးအခေါက် လိုက်ပါခဲ့ရခြင်းဖြစ်သည်။

မိငယ်လုပ်ဆောင်ရသောအလုပ်သည်အလွန်တရာပင်ပန်းလှသည်ဟု ဆိုနိုင်သော်လည်း သက်သာသည်တော့ မဟုတ်ပါချေ။

စီးပွားရေးဈေးကွက်သို့ တင်ပို့ခြင်းမပြုမီ ပင်လယ်ရေမြုပ်များကို ပွတ် တိုက် ဆေးကြောရခြင်းဖြစ်သည်။ အညိုတက်နေသော အပေါ်ယံရှိချွဲကျိကို အဖတ်များကို အားနှင့်ခွန်နှင့် ဖိ၍ပွတ်နိုင်မှ သန့်စင်သွားလေ့ရှိသည်။ ထို့ နောက် သစ်သားတင်းပုတ်ဖြင့်လည်း အတော်ကြာအောင် ထုရိုက်ရသေး သည်။ ပြီးမှ - နေပူထဲတွင် ခြောက်သွေ့သည့်တိုင်အောင် ဖြန့်လှန်းရသည်။

နောက်ထပ်တစ်ကြိမ် ပင်လယ်ရေဖြင့် ထပ်ကာတလဲလဲ ဆေးကြောရ သည်။ နောက်ဆုံးအဆင့်သို့ ရောက်သောအခါ အပြင်လွှာဖြစ်သော ကပ်နေသည့်အဖတ်များကို ကတ်ကြေးဖြင့် ကိုက်ဖြတ်ပစ်ရသည်။

တစ်နေကုန် တစ်နေခန်း လုပ်ကိုင်ရခြင်းဖြစ်သောကြောင့် မိငယ်၏ လက်ပြင်တစ်ခုလုံး ညောင်းညာသည်အထိ ခံစားရလေ့ရှိသည်၊ မည်သို့ပင် ဖြစ်စေ ရရှိသောလုပ်အားခကြေးငွေမှာမူ လွန်စွာနည်းပါးလှချေသည်၊

ပင်လယ်ပြင်သို့ ခရီးတစ်ခေါက်ထွက်လျှင် ရက်နှစ်ဆယ်မျှ ကြာလေ့ ရှိသည်၊

အကယ်၍သာ မိငယ်၏လင်ယောကျ်ားဖြစ်သောထွန်းဘသည် အရက်ကို အလွန်အကျွံ မသောက်ခဲ့ပါလျှင် ယခုလို အလုပ်ပြုတ်စရာအကြောင်း မရှိပါချေ၊ လင်က ရေငုပ်သမား၊ မယားက ရေမြှုပ်သန့်ရှင်းရေးနှင့်အကူအညီ ဆောင်ရွက်သူ စသည်ဖြင့် ရရှိသော လင်မယားနှစ်ယောက်၏ဝင်ငွေသည် တစ်ဝမ်းတစ်ခါးအတွက် ပြေလည်စွာ လုံလောက်လေသည်၊

ရေမြှုပ်ရှာဖွေသော ရေငုပ်သမားဘဝသည် ပင်ပန်းခက်ခဲသော သက်စွန့်ဆံဖျား လုပ်ငန်းတစ်ခုကို နေ့စဉ် အချိန်နှင့်အမျှ ဆက်၍ ဆောင်ရွက်နေခြင်းဖြစ်သည်၊ ထို့ကြောင့် စိတ်နှင့်ခန္ဓာ ကျန်းမာသန်စွမ်းရေးကို အထူးဂရုစိုက်ပါမှ တော်ရုံကျသည်၊

သို့ရာတွင် မိငယ်၏လင်ယောကျ်ားထွန်းဘသည် ပင်ပန်းကြီးစွာ လုပ်ကိုင်၍ရသမျှ အရက်ကိုချည်း ဖိသောက်နေခဲ့သူတစ်ယောက် ဖြစ်လေသည်၊

—

ယနေ့ဆိုလျှင်မိငယ်အတွက် စာတစ်စောင်၊ ကိုရှပထံမှ ရောက်ရှိနေလိမ့်မည်ဟု မိငယ်က ကြိုတင်သိထားနှင့်သည်၊ ထို့ကြောင့် မိငယ်သည် လင်ယောကျ်ားထက်စောစွာ အိမ်သို့ပြန်ရောက်ရန် ဆန္ဒပြင်းပြနေလေသည်၊

သို့ရာတွင် ထွန်းဘသည် မိငယ်အား လမ်းခုလတ်တွင် အရက်ဝယ်ခိုင်းလိုက်သည်၊ ထို့ကြောင့် မိငယ်အဖို့ အိမ်ပြန်ရောက်ရန် နောင့်နှေးကြန့်ကြာခဲ့ရသည်၊



မိငယ် အရက်ဝယ်ပြီးမှ အိမ်သို့ ပြန်ရောက်သည်၊ ထိုအခါ မိငယ်ထက်စော၍ အိမ်ပြန်ရောက်နှင့်နေသော ထွန်းဘက စာအိတ်ကို မိငယ်ထံသို့ ပစ်ပေးလိုက်သည်၊

မိငယ်သည် စာအိတ်ပြာလေးကို ကတုန်ကယင်ဖြင့် ကောက်ယူလိုက်ပါသည်၊ ထို့နောက် သူမ၏ရင်ခွင်တွင် တယုတယကပ်လျက် အိပ်ခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်သွားခဲ့သည်၊ ထို့နောက် စာအိတ်ပြာလေးကို ခေါင်းအုံးအောက်တွင် သေချာစွာ နေရာချပြီးမှ ရေမိုးချိုးသည်၊ သနပ်ခါးလူးပြီးမှ ခေါင်းအုံးအောက်မှ စာအိတ်ပြာလေးကို ပြန်လည်ဆွဲယူကာ စာအိတ်ကို ဖောက်၍ အိမ်ပြေနပြေ ဖတ်ရှုလေတော့သည်၊

ထိုအခိုက်အတန့်တွင် ထွန်းဘသည် မိငယ်ဝယ်လာသော ယမကာကို တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်သောက်နေသည်၊ တစ်ချိန်တည်းမှာပင် သူ့အား အလုပ်မှ ထုတ်ပစ်လိုက်သော ဦးချက်ကြီးအား ရန်ရှာလိုသောစိတ်များ တဖွားဖွားဖြစ်ပေါ်နေလေသည်၊

အိပ်ခန်းထဲမှထွက်လာသော မိငယ်သည် ထွန်းဘ၏ရှေ့မှ ယို့ယို့ကလေး ဖြတ်လျှောက်သွားသည်၊ ဒါကိုမြင်ရသော ထွန်းဘက မျက်ထောင့်နီကြီးဖြင့် အူးဝါး တစ်ချက်ကြည့်သည်၊

"ဒါက - ဘယ်လဲ"

"ဒီနားတင်ပါ - အစ်ကို"

"သိပ်မကြာစေနဲ့နော်"

"ဟုတ်ကဲ့ပါ - အစ်ကို၊ စကာလေးပါ"

မိငယ်သည် ထွန်းဘ၏မျက်မှောက်မှ ထွက်လာခဲ့သည်၊ အပြင်ဘက် ကောင်းကင်မှ ဖျော့တော့သောနေရောင်ခြည်သည် သဲပြင်ဖြူလွလွကို နေရောင်အသွေးဖြင့် ခြယ်မှုန်းထားသည်၊

မိငယ် ရောက်ရှိလာသော နေရာသည် သူမအတွက် အမှတ်တရနေရာ တစ်ခုပေါ့ဖြစ်နေသည်၊

တောတိ တိတ်ဆိတ်၍ ငြိမ်သက်သည်၊

www.burmeseclassic.com



ထွန်းဘသည် မြွေပွေးတစ်ကောင်၏ အလျင်မြန်ဆုံး လှုပ်ရှားမှုမျိုးဖြင့် ရှေ့သို့ ခုန်တိုးသွားသည်။ ဦးချက်ကြီး၏ ရင်ဘတ်ကို ဘယ်လက်ဖြင့် ဆောင့်တွန်းပစ်လိုက်သည်။ တစ်ချိန်တည်းမှာပဲ ညာလက်က ဦးချက်ကြီး၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လျက် အံဆွဲထဲမှ ဆွဲထုတ်သည်။

ထူထပ် သိပ်သည်းသော သစ်ပင်ချုံနွယ်များဖြင့် အကွယ်အကာပြုနေ
သည်၊ မိငယ်သည် ထိုနေရာတွင် ထိုင်လိုက်ပြီးနောက် အနောက်ဘက်
မိုးကောင်းကင်ရှိ ဝင်လုဆဲ နေဝန်းနီနီကို မမိတ်မသုန် ကြည့်သည်၊ တစ်
တစ်ရံ ငွေလှိုင်းဇာခြည်၏ လှုပ်လှုပ်လွန့်မှုကိုလည်း မြင်ရသည်၊ လှုးလာပုံဝဲလျက်
ရှိနေကြသော စင်ရော်ငှက်လေးများကိုလည်း တွေ့နေရသေးသည်၊

ဤနေရာသည် မိငယ်အတွက် တိတ်တခိုးချစ်သူနှင့် ဆုံတွေ့နေကျ
ရာဟူ၍ ယူဆထားသည်၊ ကိုရှုပနှင့် နောက်ဆုံးအကြိမ် တွေ့ခဲ့ကြစဉ်က
လျှင် လင်ယောကျ်ား ထွန်းဘက မိငယ်အား မုန်းမုန်းရှုးရှုးနှင့် စိတ်လိုက်မာန်
ရိုက်နက်ပြီးခါစ ဖြစ်သည်၊ ခန္ဓာကိုယ်တစ်ခုလုံး အရှိုးရာများနှင့် ဒဏ်
ဒဏ်ရာ ဖြင့် အညိုအမည်းစွဲထင်နေသည်၊ ကိုရှုပက ထိုဒဏ်ရာများ
အသာအရာ သပ်ပေးလျက် -



"မိငယ်လို နုနုနယ်နယ်မိန်းမသားကို ဒီလောက်တောင် ရက်ရက်စက်
စက် ရိုက်ရက်တာ လူမှ ဟုတ်ရဲ့လား - ဟင်၊ သူ့ကို ကျုပ်ကိုယ်တိုင် သွားပြီး
သက်တုံ့ပြန်မယ်"

ကိုရှုပက မိငယ်ကိုယ်စား နာကြည်းခံပြင်းစွာ ပြောသည်၊

"မလုပ်လိုက်ပါနဲ့ - ရှင်ရယ်၊ သူ့လိုလူစားနဲ့ ဖက်ပြိုင်ပြီး ရာဇဝတ်ဘေး
အသင့်မခံချင်ပါနဲ့နော်၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင်တော့ ရှင်နဲ့ကျွန်မတို့
မျှော်လင့်သလို ဖြစ်လာရပါလိမ့်မယ်၊ ခဏလောက် သည်းခံလိုက်စမ်းပါရှင်"

ဟူ၍ပြန်လည်၍ နှစ်သိမ့်ဖျောင်းဖျခဲ့ရသေးသည်၊

ယခုအခါတွင် မိငယ်သည် ကိုရှုပ၏စာထဲတွင် ချိန်းဆိုထားသော ညဦး
က်ချိန်မတိုင်မီ ကြိုတင်ရောက်ရှိနေခြင်းဖြစ်သည်၊ ထွန်းဘအနီးတွင် နေရ
ခြင်းထက် ကိုရှုပဝန်းကျင်တွင် ရောက်ရှိနေသည်က စိတ်ဘဝင်ချမ်းမြေ့ဖွယ်
ဖြစ်သည်၊

ထိုအခိုက်အတန့်တွင် အိမ်၌ အရက်သောက်နေသော ထွန်းဘသည်
ဘက်ကျန်နောက်ဆုံးတစ်ကျိုက်ကို မော့ချလိုက်ပြီးနောက် သူ့အလုပ်ရှင်
ချက်ကြီးနှင့် စာရင်းရှင်းရန် သန္နိဋ္ဌာန် ချလိုက်လေသည်၊

— —

"မင်းလို ဂဏ်သမားတစ်ယောက်ကို ငွေဆပ်ပေးစရာအကြောင်း မရှိ
တော့ဘူး - ထွန်းဘ၊ မင်း - ငါ့ဆီက မကြာခဏ ဆွဲသုံးထားတဲ့ငွေတွေကို
နဲ့လုပ်အားခနဲ့ ထေလိုက်ရင် ငါက မင်းအပေါ် အကြွေးတွေ စွန်းနေလိမ့်
မယ်၊ ကဲ - မင်းဆီက ပြန်ရဖို့လည်း မမျှော်လင့်တော့ဘူး၊ ငါကလည်း မင်း
ကို ဆပ်ပေးဖို့ စိတ်မကူးတော့ဘူး။ နောက်ထပ် ဘယ်တော့မှ ငါနဲ့ တွေ့စရာ
မလိုတော့ဘူး - သွားတော့ - ထွန်းဘ"

ဦးချက်ကြီးက အတင်းမာဆုံးလေသံနှင့် ပြောလိုက်သည်၊

"ဒါ - ခင်ဗျား နောက်ဆုံးစကားပဲလား - ဦးချက်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

ထွန်းဘက နှုတ်ခမ်းထောင့်တစ်ဖက်တွန့်၍ မေးလိုက်သည်၊ ထွန်းဘ၏ မျက်လုံးအိမ်ထဲတွင် ကြမ်းကြုတ်ရက်စက်သည့် အရိပ်အယောင်တစ်ခု ဖြစ်ပေါ်လာသည်၊

"အေး - ဟုတ်တယ်၊ မင်း - ဘာလုပ်ချင်သေးလဲ"

"ကျုပ် ငွေလိုတယ်၊ ငွေမရပဲနဲ့ မပြန်နိုင်ဘူး - ဦးချက်ကြီး"

ထွန်းဘကပြတ် သားစွာပြော၍ရှေ့သို့တစ်လှမ်းတိုးသွားသည်၊ ဦးချက်ကြီးက ပျာပျာသလဲဖြင့် နောက်သို့ ခြေနှစ်လှမ်းဆုတ်သည်၊ လက်တစ်ကမ်းကွာရှိ စားပွဲအံဆွဲကိုဖွင့်၍ အတွင်းသို့ လက်နှိုက်လိုက်သည်၊

ထွန်းဘသည် မြွေပွေးတစ်ကောင်၏ အလျင်မြန်ဆုံး လှုပ်ရှားမှုမျိုးဖြင့် ရှေ့သို့ ခုန်တိုးသွားသည်၊ ဦးချက်ကြီး၏ရင်ဘတ်ကို ဘယ်လက်ဖြင့် ဆောင့်တွန်းပစ်လိုက်သည်၊ တစ်ချိန်တည်းမှာပဲ ညာလက်က ဦးချက်ကြီး၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်လျက် အံဆွဲထဲမှ ဆွဲထုတ်သည်၊

ထိုအခါ ဦးချက်ကြီး၏လက်တွင်း၌ ဆုပ်ကိုင်ထားသော ခြောက်လုံးပြူးတစ်လက်ကိုပါ တွေ့လိုက်ရသည်၊ ထိုခေတ် ထိုအခါက ထိုနယ်မြေဒေသ၌ ငွေကြေးချမ်းသာသော စီးပွားရေးသမားအချို့သည် သူတို့၏အသက်နှင့် အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် ခြောက်လုံးပြူးသေနတ်လိုင်စင်ဖြင့် ဆောင်ခွင့်ရှိကြသည်၊ ဦးချက်ကြီး၏သေနတ်မှာ ဒသသမသုံး၊ နှစ်၊ စမစ်အင်ဝပ်ဆင် အမျိုးအစား ဖြစ်သည်၊

မည်သို့ပင်ဖြစ်စေ၊ ထွန်းဘသည် ဒေါသမာန် တက်နေသောကြောင့် မှန်ယိုနေသည့် ဆင်အလား၊ ဦးချက်ကြီး၏လက်ထဲတွင် ဆုပ်ကိုင်ထားသော သေနတ်ကို ဆွဲလုရန် ကြိုးစားသည်၊

ဦးချက်ကြီးက တင်းကြပ်စွာ ဆုပ်ကိုင်ထားစဉ် သူ၏လက်ညှိုးသည် သေနတ်မောင်းကွင်းထဲသို့ ရောက်ရှိနေပြီး မောင်းခလုတ်ကို ညှစ်ဆွဲလိုက်သည်၊ ထိုအခိုက်အတန့်တွင် ထွန်းဘက ဦးချက်ကြီး၏သေနတ်ပြောင်းကို ဦးချက်ကြီးဘက်သို့ လှည့်ပေးလိုက်သည့်ပမာ အလိုက်သင့်ဖြစ်သွားသည်၊



"ဒိုင်း" ခနဲ မြည်ဟိန်းသံသည် ခပ်အုပ်အုပ် ဖြစ်ပေါ်သွားသည်၊ နှစ်ယောက်စလုံး၏ လှုပ်ရှားမှုအားလုံး တဒင်္ဂမျှ တုန့်ခနဲ ရပ်တန့်သွားသည်၊ ထို့နောက် စတွာန့်ပိုင်းအတွင်း ဦးချက်ကြီး၏ခန္ဓာကိုယ်ကြီးသည် နောက်သို့ ယိုင်လဲကျသွားကာ အသက်ဇီဝိန် ကြွေသွားသည်၊

ထွန်းဘသည် သူ့အတွက် အချိန်ဟူ၍ များများစားစားမရှိတော့ကြောင်း နားလည်သဘောပေါက်လိုက်သည်၊ ဖွင့်ဟနေသော စားပွဲအံဆွဲထဲမှ ငွေစက္ကူအထပ်လိုက်ကိုနှိုက်ယူ၍ အင်္ကျီရင်ဘတ်ထဲသို့ သွတ်သွင်းသည်၊ ဦးချက်ကြီး၏လက်တွင်းမှ ကျွမ်းပေါ်သို့ လွတ်ကျနေသော ဒသသမသုံးနှစ် မိန်းမကိုင် သေနတ်ကို ကောက်ယူလိုက်ပြီးနောက် လိုရမည်ရ အသုံးပြုရန် ပုဆိုးခါးကြားထဲသို့ ထိုးသွင်းလိုက်သည်၊

လွန်ခဲ့သော မိနစ်အနည်းငယ်ခန့်က ထိန်ထိန်သာနေသော ငွေလစန္ဒာသည် ထုထည်ကြီးမားသော တိမ်သားစိုင်ကြီးနောက်ကွယ်သို့ ခိုဝင်သွားလေပြီ၊ သုတ်တီးသုတ်ပျာဖြင့် ထွက်လာခဲ့သော ထွန်းဘအတွက် အမှောင်ထဲသို့ ရောက်ရှိသွားသည်၊ သူ၏ရှေ့တွင် သိပ်သည်းထူထပ်သော ချုံနွယ်ပိတ်ပေါင်းများသည် အသွင်သဏ္ဌာန်အမျိုးအမျိုး အဖုံဖုံဖြင့် ခြောက်လှန့်နေကြသည့်အလား မြင်ရသည်၊

ထွန်းဘ၏နားထဲတွင် တခစ်ခစ်ဖြင့် ကြည်သာရွှင်ပြုံးမြူးတူးစွာ ရယ်မောလိုက်သောအသံကို ခပ်သဲ့သဲ့မျှ ကြားလိုက်ရသည်၊ သူက ရယ်သံကြားရသို့ ဦးတည်သွားသည်၊ ထိုရယ်သံမျိုးကို ရှေးယခင် အိမ်ထောင်ဦး အခါသမယတွင် ကြာခဏ ကြားခဲ့ရဖူးသည်၊ သို့ရာတွင် မကြာသေးမီ အချိန်ကာလများ၌ သူ့အတွက် ဆိတ်သုဉ်းခဲ့လေပြီ၊



www.burmeseclassic.com

www.burmeseclassic.com

စောစောက တည်ငြိမ်စဖြစ်လာသော ထွန်းဘ၏စိတ်ဘဝင်သည် ယခုအခါ ထိုရယ်သံကြောင့် ပြန်လည် လှုပ်ရှားလာရပြန်သည်။ မကြာမီ ထူထပ်သိပ်သည်းသော ချုံနွယ်ပိတ်ပေါင်းတို့၏ အေးဘက်မှ ရှောင်ကွင်းလျက် လျှောက်လာသော ဖြူဖြူသွယ်သွယ် သဏ္ဌာန်တစ်ခုကို ဝိုးတဝါး မြင်လိုက်ရသည်။

ထိုသဏ္ဌာန်ကို အမှောင်ထဲတွင် မြင်လိုက်ရသော်လည်း ထွန်းဘအနေနှင့် သူ့မယားမိငယ်ဖြစ်ကြောင်း တစ်မုဟုတ်ချင်း သိလိုက်ရသည်။ ထို့ကြောင့် သူက ရပ်တည်ရာနေရာတွင် ငြိမ်သက်စွာ စောင့်ဆိုင်းနေသည်။ အနီးသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ထွန်းဘသည် လက်ပြန်တစ်ချက် ဖြတ်ရိုက်လိုက်သည်။

"လင်ငယ်နဲ့ အကြည်ဆိုက်လာတာပေါ့လေ။ အခု - မင်းလင်ငယ် ဘယ်မလဲ - ပြောစမ်း"

သဲပြင်ပေါ်သို့ ခွေခွေကလေး လဲကျနေသော မိငယ်က ပြန်လည်၍ ထရန် ကြိုးစားလျက်ဖြင့် -

"ကျွန်မ - ကျွန်မ ပြောပါရစေဦး - ကိုထွန်းရယ်"

ဟူ၍ ကသောကမျော ပြောသည်။

"မင်း ဘာမှပြောစရာမလိုဘူး။ ရှုပဆိုတဲ့ကောင် ရေးလိုက်တဲ့စာကို ငါဖတ်ပြီးပြီ။ မင်းတို့ ဒီနေရာတစ်ဝိုက်မှာ ဒီအချိန်အတောအတွင်း ချိန်းတွေ့ကြမှာကို ငါ သိပြီးသား။ ဘယ်မလဲ - ရှုပ။ ငါလိုက်လာမှန်းသိလို့ ပုန်းနေပြီလား။ ထွက်ခဲ့လေကွာ။ သတ္တိရှိရှိ ရင်ဆိုင်လိုက်ကြရအောင်"

ပြောပြောဆိုဆိုနှင့် ထွန်းဘသည် ခါးကြားတွင် ထိုးထားသော သေနတ်ကို ဆွဲထုတ်သည်။ ထိုအခိုက်အတန့်တွင် ထူထပ်သိပ်သည်းသော ချုံနွယ်ပိတ်ပေါင်းတို့နှင့် မလှမ်းမကမ်း နောက်ကွယ်တွင် လှုပ်ရှားမှုနှင့် တီးတိုးစကားသံ၊ ဖြူလွလွသဲပြင်ပေါ်တွင် ခပ်ဖွဖွ နင်းလျှောက်သံတို့ကို မသဲမကွဲ ကြားလိုက်ရသည်။



ထွန်းဘသည် သူ့ဒေါသစိတ်ကို ထိန်းချုပ်ခြင်း မပြုတော့ပဲ စိတ်ရှိလက်ရှိ လွှတ်ပေးလိုက်သည်။

"ခွေးသား ရှုပ - သေစမ်းကွာ။ သေလိုက်စမ်းကွာ"

အော်ဟစ်ပြောဆိုသံနှင့်အတူ လက်ထဲတွင် ကိုင်ထားသော သေနတ်မောင်းခလုတ်ကို ညှစ်ဆွဲလျက် သေနတ်သံများနှင့်အတူ ချုံတန်းနောက်ဘက်သို့ အားသွန်လျက် ပြေးဝင်သွားသည်။

ထွန်းဘ၏မျက်နှာမူရာဘက်မှ ပြန်လည်ပစ်ခတ်လိုက်သော သေနတ်သံများက တရစပ် ထွက်ပေါ်လာသည်။ ထွန်းဘ၏လက်တွင်းမှ သေနတ်လွတ်ကျသွားသည်။ သူ့၏ရင်ဘတ်တွင် ဖြစ်ပေါ်လာသော သေနတ်ဒဏ်ရာအပေါက်တို့မှ သွေးများ ယိုစီးထွက်ကျလာသည်။ ထွန်းဘသည် မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ပါးစပ်အဟောင်းသားနှင့် သေနတ်ဒဏ်ရာများကို လက်ဖဝါးနှစ်ဖက်ဖိကာ နောက်ဘက်သို့ ယိုင်တိယိုင်တိုင် ဖြစ်နေရာမှ ကော့လန်လဲကျသွားလေသည်။

ထိုအခါကျမှ မိငယ်သည် လဲကျနေရာမှ ဖြည်းညင်းလေးကန်စွာ ငုတ်တုတ်ထိုင်လိုက်သည်။ သူမအနေနှင့် ကျေကျေနပ်နပ် ဆစ်ရပ်ထုတစ်ခုပမာ အရာခပ်သိမ်းကို ဥပေက္ခာပြုထားလိုက်သည်။

— —

လက်နှိပ်ဓာတ်မီးရောင်များသည် မိငယ်၏မျက်နှာနှင့် ကိုယ်ခန္ဓာအနှံ့အပြားပေါ်သို့ ကျရောက်လာသည်။ သူတို့သည် ဦးချက်ကြီး အိမ်မှ ထွက်လာကြပြီး လူသတ်သမားကို ခြေရာခံလိုက်လာကြခြင်းဖြစ်သည်။

"အဲဒါ - သူ့မိန်းမ မိငယ် မဟုတ်လား"

ကျေးရွာလူကြီးတစ်ယောက်က ပြောသည်။ ရဲကင်းစခန်းမှ ရဲအရာရှိကလက်နက်ကိုယ်စီဖြင့် မိငယ်အနီးသို့ ဝိုင်းလာကြသည်။ ရဲတစ်ဦးက -



www.burmeseclassic.com

www.burmeseclassic.com

"ရှုပဆိုတာ ဘယ်သူလဲ၊ ထွန်းဘ မသေခင် အဲဒီနာမည်ကို အော်ခေါ်ပြီး သေနတ်နဲ့ ပစ်သေးတယ် မဟုတ်လား"

ဟူ၍မေးသည်။ မိငယ်ကပြန်မဖြေ၊ ဖြေရန်လည်း ဆန္ဒမရှိပါချေ။ ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေသည် သူမ၏ဆံယဉ်နွယ်များကို ဝှေ့ယမ်းလှုပ်ရှားစေသည်။

"အဲဒီ့ရှုပကို မင်း မသိဘူးလား"

"မသိပါဘူး ရှင်"

မိငယ်သည် ထိတ်လန့်တုန်လှုပ်ရလွန်းအားကြီးသောကြောင့် နောက်ထပ်တုန်လှုပ်ချောက်ချားစရာဟူ၍မကျန်တော့လောက်အောင် ဖြစ်နေလေပြီ။ စင်စစ်အားဖြင့် မိငယ်အနေနှင့် ကိုရှုပဆိုသူ၏အကြောင်းကို ရဲတို့အား ရှင်းပြရန် မလွယ်ကူ။

လင်ယောက်ျား၏နှိပ်စက်ညှဉ်းပန်းမှုကို ထာဝရထိတ်လန့်တုန်လှုပ်နေရသော မိငယ်ဘဝထဲတွင် မောင်ရှုပဆိုသူတစ်ဦးကို အဖြည့်ခံအိပ်မက်ထဲ၌ စိတ်ကူးယဉ် တိတ်တခိုးချစ်သူအဖြစ် ရာထားခဲ့သည်။ မောင်ရှုပသည် သူ့ဘဝထဲတွင် လုံးဝမရှိပေ။ ဖောက်ပြန်သူလည်း မဟုတ်ပေ။

ရှင်းရှင်းဆိုရသော် ...။

မိငယ်အနေနှင့် ဖြစ်စေချင်သော ချစ်သူတစ်ယောက်၏သဏ္ဍာန်ကို စိတ်ကူးလျက် သူမဆန္ဒအရ ဖန်တီးထားခြင်းမျှသာ ဖြစ်သည်။ တကယ်တမ်းအားဖြင့် ရုပ်ခြပ် ဟူ၍ လုံးဝမရှိပါချေ။

မနေ့က ရရှိသော မောင်ရှုပ၏စာသည်ပင်လျှင် မိငယ်ကိုယ်တိုင် ရေးသားခဲ့ခြင်းဖြစ်လေသည်။ ထိုအကြောင်းကိုသူမဘာသာမေ့လျော့ထားလိုက်လေသည်။

ပစ္စုပ္ပန်ကာလတွင်မောင်ရှုပဆိုသည်မှာမိငယ်အတွက်တကယ်မရှိသည်ဖြစ်စေ၊ လိုအပ်ခြင်း မရှိတော့။ အဘယ်ကြောင့်ဆိုသော်၊



မိငယ်၏အနာဂတ်ဘဝခရီးလမ်းတစ်လျှောက်တွင် သူမကိုစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန် နှိပ်စက်ညှဉ်းပန်းမည့်သူ မရှိတော့ပါချေ။ သို့ဖြစ်ရာ သူမအတွက် နှစ်သိမ့်ယုယ အားပေးမည့် ချစ်သူတစ်ယောက်ကိုလည်း မလိုအပ်ပါတော့ချေ။


နောက်ဆုံးတွင် မိငယ်၏ လင်ယောက်ျားထွန်းဘသည် မိငယ်ဘဝထဲမှ အပြီးတိုင် ထွက်သွားလေပြီ။ ထို့နည်းတူ သူမ၏စိတ်ကူးထဲတွင် ဖန်တီးထားသော (ပြင်ပလောကတွင် တကယ်မရှိသော) တိတ်တခိုးချစ်သူ ကိုရှုပသည်လည်း လေနှင့်အတူ လွင့်ပါးပျောက်ပြယ်သွားလေပြီ။

မိငယ်ဘဝ ထာဝရ စိတ်ချမ်းမြေ့လေတော့မည်။

ဆွေမြင့်

စာမူများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com



ရေစီးအားဖြင့် ဖြတ်ထွက်နေသော
ရထားသံလမ်းကို သတိပြုမိခြင်းမရှိဘဲ
ရထားတစ်စီး ခုတ်မောင်းလာရာမှ ...

**ဦးလူမောင်**က ရန်ကုန်မြို့ရှိစက်ဆန်းရပ်ကွက်တွင် နေထိုင်ခဲ့သည်။ စက်ဆန်းရပ်ကွက်မှာက မီးရထားအမှုထမ်းအများအပြား နေထိုင်သော ရပ်ကွက်ဖြစ်လေသည်၊ ထိုရပ်ကွက်တွင် စက်ခေါင်းမှိုလ်၊ ဂါတ်မှိုလ်၊ တွဲဘောင့်၊ တွဲစစ်စသည့်ဝန်ထမ်းများက မိမိတို့နေထိုင်ခွင့်ရကြသည့်လိုင်းစခန်းများတွင် မိမိတို့၏မိသားစုနှင့်အတူ နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။

ဦးလူမောင်၏မိဘများကမီးရထားဝန်ထမ်းများဖြစ်ကြသည့်အလျောက် သူတို့၏သားသမီးများကိုလည်း မီးရထားဌာနတွင်သာ ဝင်ရောက်လုပ်ကိုင်စေခဲ့သည်၊ သို့နှင့် ဦးလူမောင်သည် ဂါတ်မှိုလ်ရာထူးဖြင့် ဝင်လုပ်နေခဲ့တော့သည်။ များသောအားဖြင့် ဦးလူမောင်မှာ ကုန်ရထားများတွင် ဂါတ်မှိုလ်အဖြစ် လိုက်ပါတာဝန်ထမ်းရ၏။ စက်ခေါင်းမှိုလ်က ရပ်ရမည့်ဘူတာ ရပ်ကာ ဖြတ်ကျော်မောင်းရမည့်ဘူတာစဉ်စာရင်းအတိုင်း မောင်း၏။ ရပ်ရမည့်ဘူတာရောက်လျှင် ရပ်၏၊ တွဲချိတ်၊ တွဲဖြုတ် လုပ်စရာရှိလျှင်လည်း လုပ်၏၊ နေ့ရော



www.burmeseclassic.com

www.burmeseclassic.com

မှလိုက်လာသော အမြန်ရထားကျော်တက်မည်ဆိုလျှင်လည်း ရထားရပ်ဆိုင်းထားပေးရတာ၊ အမြန်ရထားဖြတ်ကျော်မောင်းသွားပြီးမှ ထွက်ခွာလေသည်၊

"တူ - တူ - တူ"

ရထားထွက်ခွာရန် ဥသြဆွဲ၍အချက်ပေးလိုက်သည်၊ ရထားတွဲနောက်ဆုံးရှိ ဂါတ်ဗိုလ်တွဲမှ ဦးလူမောင်လည်း အလံအစိမ်းကိုကိုင်ကာ ဂါတ်ဗိုလ်တွဲအပြင်သို့ ထွက်လာ၏၊ လက်ထဲမှ အလံစိမ်းကို ဝှေ့ယမ်းပြလေသည်၊

"တူ - တူ - ဝူး - ဝူး"

စက်ဗိုလ်က အလံစိမ်းကိုမြင်သည်နှင့် စတင်ထွက်ခွာခွင့်ရပြီဖြစ်၍ ဥသြဆွဲကာ စက်ရှိန်မြှင့်၍ ထွက်ခွာလေတော့သည်၊ ဦးလူမောင် ရထားဖြင့်တက်သွားလျှင် လေးငါးရက်ကြာမှ ရထားပြန်ဆိုက်လာတတ်သည်၊ သတ်မှတ်နေရာသို့ ရထားဆိုက်ပြီးလျှင်တော့ မိမိ၏ပစ္စည်းများကို ယူငင်ကာ အိမ်ပြန်လာခဲ့ရလေသည်၊

"ဟော - ဖေကြီး - ပြန်လာပြီ"

"ဖေကြီး - သားတို့အတွက် ဘာဝယ်လာလဲ ဟင်"

"သားတို့ကြိုက်တဲ့ဆီးသီးနဲ့ အညာမုန့်တွေ ပါလာတယ် - သားတို့ရဲ့"

"ဟာ - ဒါမှ တို့ဖေဖေကြီးကွ"

အိမ်ရောက်လျှင် ဂါတ်ဗိုလ်ယူနီဖောင်းကို ချွတ်လဲသည်၊ ပြီးလျှင် ပါလာခဲ့သောမုန့်နှင့် ဆီးသီးများကိုထုတ်ကာ စားချင်နေကြသော သားနှစ်ယောက်ကို ထုတ်ကျွေးလေသည်၊

"ဖေကြီး - ဆီးသီးတွေက တအားစားလို့ကောင်းတယ်၊ နောက်တစ်ခါကျရင်လည်း သားတို့အတွက် ဝယ်လာပေးဦး - ဖေကြီး"

"အေးပါကွာ - ဖေကြီး ရထားပြန်တက်တော့ အများကြီး ဝယ်လာခဲ့ပါ့မယ်"

ဦးလူမောင် ရထားပြန်ဆိုက်၍ အိမ်ပြန်ရောက်သည်နှင့် သူ၏သားငယ်နှစ်ယောက် ဆီးကြိုကြကာ သူတို့အတွက် ဝယ်ခြမ်းလာသော မုန့်ပဲသားရေစာတို့ကို အဦးဆုံး ထုတ်ကျွေးရသည်၊



"ရော့ဟော့ - ဂေါ်ဖီထုပ်နဲ့ ဖရုံသီး"

"ဟောဒီ ပလတ်စတစ်အိတ်နဲ့က မန်ကျည်းမှည့်ထုပ်"

"ဖရုံသီးက အကြီးကြီးပဲနော်၊ ချက်စားရင်တော့ တော်တော်စီးမည့်ပုံပဲ"

"မန်ကျည်းမှည့်တွေက ဘယ်ဈေးဝယ်လာရလဲ ရှင်"

"ဝယ်လာခဲ့တာ မဟုတ်ပါဘူးကွာ၊ ငါ့အသိမိတ်ဆွေတစ်ဦးက လက်ဆောင်ပေးလိုက်တာပါ"

"လတ်ဆတ်နေတာပဲ၊ ဖန်ပုလင်းဘူးနဲ့ ထည့်ထားရမယ်"

ဦးလူမောင် အထက်အညာသို့ရထားနှင့်လိုက်ပါသွားရလေတိုင်း အမြန်ဘွင် အညာဟင်းသီးဟင်းရွက်၊ အသီးအနှံများ အမြဲပါလာလေသည်၊ အညာဒေသမှ ဝယ်ယူလာရခြင်းဖြစ်၍ ပင်ရင်းဒေသက ဝယ်ခြင်းထက် ဈေးသက်သာလှသည်၊ ရန်ကုန်ရောက်မှ ဈေးထဲ သွားဝယ်ရလျှင် သယ်ယူစရိတ်၊ အမြတ်တင်ထားသဖြင့် ဈေးကြီးလေတော့သည်၊

တစ်နေ့တွင် ဦးလူမောင် ရထားပြန်ဆိုက်သဖြင့် အိမ်ပြန်လာလေသည်၊ ရောက်လျှင် ရေမိုးချိုးကာ သန့်စင်ပြီးသည်နှင့် ထမင်းစားရန် ပြင်ဆင်လေသည်၊

"ထမင်းပွဲ ပြင်ကွာ၊ တစ်လမ်းလုံး စိတ်ပျက်တာနဲ့ ဘာမှစားမလာလို့ ဗိုက်ဆာနေပြီဟော့"

"ဟင် - ဘာတွေများ စိတ်ပျက်စရာ တွေ့လာရလို့လဲ ရှင်"

"အိုကွာ - ရထားအပြန်မှာ တော်တော်ဒုက္ခပေးခဲ့တာကွ"

"ဘယ်လိုဒုက္ခတွေများ ကြုံလာရလို့လဲရှင်"

"ဟာကွာ - ဟိုသာစည်ကအထွက်မှာ တွဲတစ်တွဲ ဘီးချော်ကျလို့ တွဲရပ်ပြီး ပြန်လုပ်နေရတယ်လေ၊ တစ်ခါ ... သစ်တွဲတစ်တွဲက ညောင်လေးပင်အလွန်မှာ ဘီးလုံးပူပြီး မီးခိုးတွေ ထွက်လာပြန်တယ်၊ အဲဒါ ... လမ်းဘေးက ကျောင်းသားတွေက လက်ညှိုးထိုးပြပြီးပြောတာနဲ့ ထွက်ကြည့်လိုက်တော့ မီးခိုးတွေက တအားထွက်နေတာလေ၊ တွဲပေါ်ကလည်း သစ်တွေဆိုတော့ တော်ကြာ ... မီးကူးလောင်မှာစိုးတာနဲ့ ရှေ့ဘူတာရောက်တော့ အဲဒီတွဲကို ရုံပိုင်ကိုအပ်ပြီး တွဲဖြုတ်ခဲ့ရတယ်၊ လူကို ပင်ပန်းလိုက်တာကွာ"

မိသားစုထမင်းဝိုင်းတွင် ဖခင်ဖြစ်သူက သူရထားနှင့် လိုက်ပါကာ ဂါတ်ဒိုလ်တာဝန် ဆောင်ရွက်ခဲ့စဉ်၌ တွေ့ကြုံခဲ့ရသော အခက်အခဲများကို ပြောပြနေခြင်းဖြစ်လေသည်။

"ဒါကတော့ ရှင် - ကိုယ်လုပ်တာမှ မဟုတ်ပဲ၊ သူ့အလိုအလျောက် ဖြစ်ရတာပဲ"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ - ရုံပိုင်ကို အပ်ပေးရ၊ တွဲဖြုတ်၊ တွဲပြန်ဆက်နဲ့ လူလည်းပင်ပန်း၊ အချိန်လည်းကြန့်ကြာခဲ့ရတာပေါ့"

"တကယ်လို့ တွဲမဖြုတ်ပဲ ဆက်မောင်းလာရင် မရဘူးလား ရှင်"

"အိုး - ဘယ်ရမလဲကွ၊ ဘီးပူတယ်ဆိုတာက တွဲအောက်ဘီးအစွန်းထဲမှာ ပူပြီးရဲလာတာလေ၊ အချိန်ကြာရင် အရည်ပျော်ပြီး တွဲမှောက်မှာပေါ့၊ တွဲတစ်တွဲသာ မှောက်လို့ကတော့ ရထားတစ်စင်းလုံးပါ လိုက်မှောက်တော့မှာလေ"

"အင်း - ရှင်တို့အလုပ်ကလည်း အပြင်ပန်းက ကြည့်တော့သာ ဂါတ်တွဲထဲ ထိုင်လိုက်ရင်း သက်သောင့်သက်သာ ဖြစ်တယ်လို့ထင်ရတာ၊ ဒီလို အခက်အခဲတွေနဲ့ ကြုံလာရတဲ့အခါ အသက်နေနဲ့ နီးတာပါလားနော်"

"ဒါကြောင့် - ရှင်ရထားတက်ဖို့သွားရင် ဘုရားတရားမမေ့ဖို့နဲ့ အန္တရာယ်ကင်း သမ္ဗုဒ္ဓေ၊ ဓာရဏပရိတ်တို့ အမြဲရွတ်ပွားပါလို့ သတိပေးရတာပဲလေ"

"ငါလည်း ရွတ်ပွားပါတယ်ကွာ၊ ရထားပေါ် လိုက်နေရင်းလည်း အမြဲရွတ်ပွားပါတယ်"

ဦးလှမောင်က ရထားနှင့် ထွက်ပြီး အိမ်ပြန်ရောက်ခဲ့လျှင် လမ်းခရီးတွင် သူကြုံတွေ့လာခဲ့ရသည့်ဖြစ်ရပ်များကို မိသားစုများ သိရအောင် အမြဲပင် ပြန်လည်ပြောပြပေးတတ်လေသည်။

သည်နေ့ ဦးလှမောင် ကုန်ရထားနှင့် မလှကုန်းဘူတာမှ နံနက်ခြောက်နာရီအချိန်တွင် စတင်ထွက်ခွာလာခဲ့လေသည်။ ဂါတ်တွဲထဲထိုင်ရင်း လိုက်ပါလာခဲ့ရသဖြင့် ပျင်းရိလာပြီး ဂါတ်တွဲအပြင်သို့ ထွက်လာကာ လက်ရန်းကိုကိုင်၍ တွဲဘေးပတ်လည်မှ မြင်နေရသောမြင်ကွင်းများကို ကြည့်လာခဲ့သည်။ ခပ်လှမ်းလှမ်းတောတန်းဆီမှ ဗျိုင်းတစ်အုပ်က စုဖွဲ့၍ ပျံသန်းနေကြသည်၊ ရိုးပြတ်တောများဖြစ်နေကြသော လယ်ကွင်းများ၊ ထိုလယ်ကွင်းများအတွင်း၌ အစာစားနေကြသော ကျွဲနွားအုပ်များ၊ ကျွဲများနောက်မှ ဗျိုင်းတချို့က တစ်လှမ်းချင်း လိုက်နေကြကာ ကျွဲများ ဖြတ်အသွားတွင် နင်းမိမည်ကြောက်၍ တစ်နေရာသို့ ခုန်သွားသော ဖားကလေးများ၊ နံကောင်ကလေးများကို တွေ့မြင်ကြလျှင် ပြေးသွားကာ နှုတ်သီးဖြင့် ပေါက်ဆိတ်စားသောက်ကြလေသည်။

"ဟင် - ရထားလမ်းဘေးမှ ရပ်နေတဲ့ နွားကျောင်းသားတွေ ရထားကို ကြည့်ပြီး ရယ်မောနေကြပါလား၊ ပြီးတော့ - ရထားဆီကိုလည်း လက်ညှိုးထိုးတော့ တတိုးတိုးနဲ့ပါလား"

ဦးလှမောင်လည်း ဂါတ်တွဲမှနေ၍ တွဲရှေ့ဘက်သို့ လှမ်းမျှော်ကြည့်မိလေသည်။

"ဟင်"

"ရထားတွဲ ပြတ်ကျန်နေခဲ့ပါလား၊ ဒါကိုမြင်လို့ နွားကျောင်းသားတွေ လက်ညှိုးပေါက်ပေါက်ထိုးပြီး ရယ်မောနေကြတာကိုး"

ရထားတွဲလေးတွဲနှင့် ဂါတ်တွဲမှာ ပြတ်ကျန်ခဲ့ကာ အရှိန်နှင့် ရှေ့သို့ လိုက်ပါနေ၏။

"ဟာ - ဒါကို - စက်ခေါင်းဗိုလ် လှမ်းမြင်ခဲ့ရင်စက်ခေါင်းအရှိန်လျှော့လိုက်မှာပဲ၊ နောက်ကအရှိန်နှင့်လိမ့်ပါနေတဲ့တွဲတွေက ရှေ့ကအရှိန်နှေးလိုက်တဲ့တွဲတွေနဲ့ ပြေးဆောင့်ခဲ့ရင် မှောက်တော့မှာပါလား၊ မဖြစ်ဘူး - ငါ စက်ခေါင်းဗိုလ်ကို အရှိန်မလျှော့ဘဲ ဆက်မောင်းနိုင်ဖို့ အချက်ပေးရမယ်"

ဦးလှမောင်လည်း အလံစိမ်းကိုထုတ်ကာ ဝှေ့ယမ်းပြပေးခဲ့လေသည်၊ အလံစိမ်းပြနေသဖြင့် စက်ခေါင်းဗိုလ်က စက်မသတ်ပဲ ဆက်မောင်းလေသည်။ ထိုအခါ ရှေ့တွဲများက တဖြည်းဖြည်း ဝေးကွာသွားခဲ့ပြီး ပြတ်ကျန်ခဲ့သောတွဲများကတော့အရှိန်နှေးလာခဲ့တော့သည်။ ဦးလှမောင်ကတော့ အလံစိမ်းပြပေးနေ၏။

www.burmeseclassic.com

"ဟော - ပြတ်ကျန်ခဲ့တဲ့တွဲတွေ အရှိန်သေပြီး ရပ်တန့်သွားပြီ"

"ငါ့ရှေ့က မောင်းသွားနေတဲ့တွဲကို ရပ်နိုင်းရမယ်"

ဦးလှမောင် အလံနီကို ဝှေ့ယမ်းပြခဲ့သဖြင့် ရထားရပ်သွားခဲ့၏၊ ပြီးမှ အလံစိမ်းပြကာ နောက်ဘက်သို့ပြန်မောင်းစေရန် အချက်ပေးခဲ့သည်၊ စက်ခေါင်းဗိုလ်လည်း ရထားကို နောက်ဆုတ်မောင်းလာခဲ့သည်၊ နီးလာလျှင် အရှိန်နှေးစေရန် အချက်ပြရပြန်သည်၊ မကြာမီ ပြတ်နေသောတွဲနှင့် ရှေ့ရထားနောက်ဆုံးတွဲတို့ ထိကပ်သွားခဲ့၏၊ ထိုအခါမှ ဂါတ်ဗိုလ်လည်း ထိကပ်သွားသော တွဲကြားသို့ဝင်ကာ တွဲချိန်ကို တင်းပေးလိုက်လေသည်၊ တကယ်တော့ ထိုအဖြစ်အပျက်မှာ စ,ထွက်ခဲ့သည့်ဘူတာတွင် တွဲထိုးရာတွင် တွဲစိစ်က အသေအချာလိုက်လံစစ်ဆေးရမည်ပင် ဖြစ်သည်၊ ထိုတွဲစစ်ပေါ့လျော့ခဲ့သဖြင့် ယခုကဲ့သို့ လမ်းခုလတ်တွင် တွဲပြတ်ခဲ့ရခြင်းသာ ဖြစ်လေသည်၊

"ဟူး - တော်ပါသေးရဲ့၊ ရှေ့တွဲတွေကို နောက်ကအရှိန်နဲ့ လိမ့်လာတဲ့တွဲတွေသာ ဝင်တိုက်ခဲ့ရင် တွဲအကုန်မှောက်ပြီး ငါလည်း သေရမှာပဲ"

ထိုအဖြစ်အပျက်ကို အိမ်ပြန်ရောက်၍ မိသားစုအား ပြန်ပြောပြခဲ့လေရာ သူ့မိသားစုက ဘုရားဂုဏ်၊ တရားဂုဏ်ကျေးဇူးတွေကြောင့် အခုလို အသက်ချမ်းသာခွင့် ရခဲ့ရကြောင်း ပြောလေသည်၊

"ကျွန်မလည်း ရှင် ရထားထွက်ရပြီဆိုကတည်းက ဘေးကင်း၊ ရန်ရှင်းစေရအောင် ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီးတွေ ကပ်လှူပြီး ဆွမ်းတော်လည်း တင်၊ မေတ္တာ အမြဲပို့ပေးခဲ့တာပါရှင်"

"အေးပေါ့ - မိန်းမရယ်၊ ငါတို့အလုပ်က အန္တရာယ်ကို စိန်ခေါ်ပြီး သွားနေရသလိုမျိုးဆိုတော့ နောက်ပိုင်းကလည်း အဲဒီလိုလေးတွေလည်း ပံ့ပိုးကူညီပေးကြဦးမှပေါ့လေကွာ"

ဦးလှမောင်မှာ မီးရထားဌာနတွင် ဂါတ်ဗိုလ်အဖြစ်နှင့် ခေါင်ကျကျ ကြမ်းကျကျနှင့် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ခဲ့ကာ မိသားစုစားဝတ်နေရေးတာဝန်များကို အိမ်ထောင်ဦးစီးအဖြစ် ဆောင်ရွက်ခဲ့ရလေသည်၊



သူတို့တွင် သားလေးနှစ်ယောက် မွေးလာခဲ့သည်၊ အကြီးတစ်ယောက်က စံအေးဖြစ်၍ အငယ်ကောင်က စံထွေး ဖြစ်သည်၊ တစ်ယောက်နှင့်တစ်ယောက် သုံးနှစ်ကြီး သုံးနှစ်ငယ် ဖြစ်ကြလေသည်၊

မိသားစုတွင် သားနှစ်ယောက် တိုးပွားလာခဲ့သဖြင့် အိမ်ထောင့်တာဝန်ဘ ပို၍ကြီးလေးလာခဲ့ရသည်၊

"အင်း - ငါတို့မွေးလာကြတာက သားယောက်ျားလေးတွေချည်းဆိုတော့ သက်နိုင်လောက်တဲ့အခါ ရှင်ပြုပေးရမယ်၊ ကျောင်းပညာတွေ တတ်အောင်လည်း ကျောင်းထားပေးရမယ်၊ နှစ်ယောက်ဆိုတဲ့တာဝန်တွေက မသေးပါလား"

ဦးလှမောင်က သူ့သားနှစ်ယောက်ကိုပညာတတ်တွေဖြစ်စေချင်သည်၊ ပညာတတ်တွေ ဖြစ်လာမှ မပင်မပန်းပဲ လုပ်ကိုင်စားသောက်နိုင်ကြမည်လည်းဖြစ်သည်၊ များသောအားဖြင့် မီးရထားဝန်ထမ်းများသည် သူတို့ကိုယ်တိုင်က မီးရထားဌာနတွင် လုပ်ကိုင်နေကြသလို၊ သူတို့၏သားသမီးများကိုလည်း မီးရထားဌာန၌သာ ဝင်လုပ်စေချင်ကြသည်၊ အလုပ်ဝင်လျှောက်ထားခဲ့ပါက မီးရထားဝန်ထမ်းသားသမီးများဖြစ်၍ အခြားပြင်ပလျှောက်ထားသူတွေထက် ဦးစားပေး ခန့်ထားပေးလေသည်၊

စံအေးတို့ညီအစ်ကိုပင် ကျောင်းနေကာ ပညာသင်ကြားလာခဲ့ရာ နှစ်ယောက်စလုံးပင် ဘွဲ့ရခဲ့ကြပြီ ဖြစ်သည်၊

"သားတို့ကျောင်းပြီးသွားကြရင် အလုပ်လျှောက်ထားမယ်ဆိုရင်တော့ မီးရထားဌာနမှာပဲ လျှောက်ထားကြကွ၊ သားတို့ရဲ့ ပညာအရည်အချင်းနဲ့ ဆိုင်ရာ သင့်ရာနေရာတွေမှာ ရကြမှာပါပဲ"

"ဟုတ်တယ် - အဖေ၊ အခု - ရုံပိုင်တွေလျှောက်လွှာခေါ်နေပြီလေ၊ သားတော့ ဘွဲ့လည်း ရပြီးသားဆိုတော့ ဝင်လျှောက်ထားမယ်"

"ကျွန်တော်ကတော့ ရုံပိုင် မလုပ်ချင်ဘူး - အဖေ"

"ဟ - သားငယ်က ဘာကြောင့် ရုံပိုင်မလုပ်ချင်ရတာလဲကွ"

"ရုံပိုင်အလုပ်က နေ့ပိုင်းနဲ့ ညပိုင်းတာဝန်တွေ ထမ်းရတယ်လေ၊ ညပိုင်းတာဝန်ကျရင် အိပ်ရေးပျက်တယ်ဗျ၊ ပြီးတော့ - ရုံပိုင်က ရထားတွေ ဘူတာ



www.burmeseclassic.com

www.burmeseclassic.com

ကလွှတ်ပေးရာမှာ တာဝန်သိပ်ကြီးတယ်၊ မှားယွင်းပြီး လွှတ်ပေးခဲ့ရင် ရထားချင်း တိုက်ကြမှာလေ၊ ဒါကြောင့် - ကျွန်တော်ကတော့ အခြားတာဝန်ဖြစ်တဲ့ ရုံးထိုင်ပဲဖြစ်ဖြစ်၊ လက်မှတ်ရောင်းပဲဖြစ်ဖြစ် လျှောက်ထားမယ်"

စံထွေးက သူလုပ်လိုသောအလုပ်ကိုအကျိုးအကြောင်းပြကာ လျှောက်ထားမည်ဖြစ်ကြောင်း ပြောပြနေလေသည်၊

ဦးလှမောင် ပင်စင်တင်ပြီး ကျလာသည့်နေ့မှာပင် စံအေးက ထုံးကြီးဘူတာတွင် ရုံပိုင်အဖြစ် ခန့်အပ်ခဲ့၍ စံထွေးက တောင်ငူဘူတာကြီးတွင် လက်မှတ်ရောင်းစာရေးအဖြစ် အသီးသီး အလုပ်ရခဲ့ကြသည်၊

တကယ်ဆိုလျှင် ဦးလှမောင် ပင်စင်ယူခဲ့လျှင် စက်ဆန်းက လိုင်းခန်းများ၌ နေထိုင်နိုင်ခွင့် မရှိတော့ပေ၊ ယခု သားနှစ်ယောက်က မီးရထားဌာန ဝန်ထမ်းများ ဖြစ်လာခဲ့ကြ၍ ထိုလိုင်းခန်းတွင် ဣန္ဒြေမပျက် ဆက်လက်နေထိုင်ခွင့် ရခဲ့သည်၊

စံအေးက ရန်ကုန်နှင့် နီးသဖြင့် မကြာမကြာ မိဘများအိမ်သို့ ရောက်လာနိုင်ခဲ့သည်၊ စံထွေးက တောင်ငူဘူတာတွင် ဖြစ်လေရာ တစ်ခါတစ်ရံမှသာ ရောက်နိုင်ခဲ့တော့သည်၊

ညီအစ်ကိုနှစ်ယောက် အလုပ်အသီးသီး ဝင်ခဲ့ကြပြီးနောက် ငါးနှစ်ခန့်အကြာတွင် အိမ်ထောင်အသီးသီးပြုခဲ့ကြတော့သည်၊

"ဟာ - ဖခင်ကြီး - ဆုံးပြီတဲ့"

"ဒါဆိုရင်တော့ - ညီလေး စံထွေးဆီကို ဖုန်းနဲ့ အကြောင်းကြားပေးမှပဲ"

ထိုနေ့ညနေတွင် ညီအစ်ကိုနှစ်ယောက်စလုံး ခွင့်နှင့်ဖခင်ကြီး၏အသုဘအတွက် စက်ဆန်းသို့ ရောက်လာကြသည်၊ လူစုံတက်စုံနှင့် ဖခင်ကြီး၏ ရုပ်ကလာပ်ကို ရေဝေးသုသာန်တွင် သဂြိုဟ်ပေးခဲ့ကြလေသည်၊

"အမေ - အဖေမရှိတော့ပေမဲ့ သားတို့နှစ်ယောက်ရှိနေပါတယ် - အမေ အမေ့အတွက် မပူပင်ရအောင် သားတို့ ထောက်ပံ့ကြပါ့မယ် - အမေ"



"အေးပါကွယ် - သားတို့ရယ်၊ အမေလည်း အသက်က ရလာခဲ့ပြီဆိုတော့ ရိပ်သာဝင်တရား ရှုမှတ်ပြီးနေမှာပေါ့၊ အမေ့အတွက် ဘာမှပူပင်သောက မရောက်မနေကြနဲ့၊ သားတို့သာ လုပ်ငန်းခွင့်မှာ တာဝန်ကျေကျေ ထမ်းဆောင်ကြကွယ့်"

သားနှစ်ယောက်လည်း ကိစ္စပြီးကြသည်နှင့် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရန် မိခင်ကြီးအား နှုတ်ဆက်၍ ထွက်ခွာလာခဲ့ကြတော့သည်၊

စံအေးနှင့် စံထွေးတို့ညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်တစ်နေရာစီတွင် အလုပ်တာဝန်များ ထမ်းဆောင်နေကြရသဖြင့် တစ်ယောက်နှင့်တစ်ယောက် မတွေ့ဖြစ်ခဲ့ကြသည်မှာ နှစ်တွေပင် အတော်ကြာခဲ့ပြီ ဖြစ်သည်၊

"အင်း - ငါ့အစ်ကို စံအေးဆီကို မရောက်ခဲ့တာ ကြာနေပြီဖြစ်လို့ ငါသွားတွေ့ချင်လိုက်တာ၊ အလုပ်က ခွင့်ရက်ယူပြီး သွားလည်ဦးမှပဲ"

စံထွေးက သူ့အစ်ကိုစံအေးနှင့် မတွေ့ကြတာကြာ၍ ခွင့်ယူကာ အလည်သဘောမျိုးသွားရန် စိတ်ကူးခဲ့သည်၊ မတွေ့ကြတာကြာဆိုရင် သားကလေး သုံးနှစ်သား ရောက်လာသည်အထိပင် ဖြစ်သည်၊ သားကလေး ပိုင်စိုးက အလွန်စကားတတ်သည်၊ အစ်ကိုစံအေးအနေနှင့် သူ့တူတော်မောင်ကလေး ပိုင်စိုးကိုတွေ့လေလျှင် လွန်စွာချစ်ရာမည်ဟုလည်း စံထွေး ကြိုမြင်နေမိသည်၊

"ဒီအချိန်က မိုးဦးကာလသာ ရှိသေး၍ မိုးက ဟုတ်တိပတ်တိကြီးကြီးမားမား မရွာသေးသဖြင့် သွားရ၊ လာရ အဆင်ပြေနိုင်တယ်၊ မိုးထဲ၊ ရေထဲ ရောက်ပါက ရေတွေကများ၊ မိုးက သည်းသည်းနဲ့ဆို သွားလည်ဖို့ အဆင်မပြေနိုင်ဘူး"

စံထွေးတို့မိသားစု ထုံးကြီးဘူတာတွေ ရထားမှ ဆင်းခဲ့ကြသည်၊ ဘူတာသို့ ဝင်လာကြသည်၊

"ဟာ - စံထွေး ညီလေး - မင်းတို့မိသားစု အလည်လာကြတာလား"

ရုံပိုင်စံအေးက တအံ့တသြဖြစ်ကာ မေးလာခြင်း ဖြစ်သည်၊

"ဟုတ်တယ် - အစ်ကိုရ၊ ခွင့် ခပ်စောစောကတည်းက တင်ထားခဲ့တာ ဒီအချိန်ကျမှ ခွင့်ရတာမို့ ရရချင်းပဲ လာခဲ့ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီကလေးက မင်းရဲ့သားလေးလား"

"ဟုတ်တယ်လေ – အစ်ကို၊ ပိုင်စိုးက အစ်ကိုရဲ့ တူတော်မောင်လေးပဲ ပေါ့"

"ဟာ – ဟုတ်လား၊ တော်တော်တောင်ကြီးလာပြီပဲကွ"

"သားနာမည်က ပိုင်စိုးတဲ့လား"

"ဟုတ်တယ် – ဦးရဲ့၊ သားနာမည်က ပိုင်စိုးပါ"

"သားက မူကြိုတက်နေပြီလားကွ"

"သား မူကြိုတက်နေပြီလေ"

"ဘာစာတွေ သင်ရပြီလဲကွ"

"မြန်မာဖတ်စာ၊ အင်္ဂလိပ်စာတွေ သင်ရတယ် – ဦးဦးရဲ့"

"သားက အေဘီစီဒီ အလွတ်ရသလား"

"ရနေတာ ကြာလှပြီ – ဦးဦးရဲ့၊ အလွတ်လည်း ရေးတတ်တယ်"

"ဟာ – တယ်ဟုတ်ပါလားကွာ"

"ဦးဦးကို ဆိုပြစမ်းပါဦးကွာ ..."

ပိုင်စိုးက အေဘီစီဒီကို အစမှ အဆုံးထိ ခပ်သွက်သွက်ပင် မမှားမယွင်း ဆိုပြလေသည်။

"ဟာ – တယ်တော်ပါလားကွာ"

"အလွတ်လည်း ရေးတတ်သေးတယ်လေ"

"ယုံပါပြီကွာ – သားက စာသိပ်တော်တာပဲနော်"

"ဟုတ်တယ် – အစ်ကိုရ၊ မူကြိုတက်သူတွေထဲမှာ သားက နံပါတ်တစ်ပဲလေ"

စံအေးတို့မိသားစုမှာ ထုံးကြီးသို့ အလည်ရောက်ရှိလာကြသည့်စံထွေးတို့အား ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြလေသည်။

"ဟော့ – စံထွေး – ဖားသားဟင်းတွေ ထည့်စားစမ်းပါကွ၊ မင်းကြိုက်တယ် မဟုတ်လား"



"ကြိုက်ပါတယ် – အစ်ကို၊ ထည့်လည်း စားနေပါတယ်၊ အစ်ကို့ခယ်မကတော့ မစားရဲလို့ မစားဘူး – အစ်ကို၊ ကြက်သားဟင်းနဲ့ ငါးပိရည်တို့စရာတွေနဲ့ပဲ စားတယ်"

"အို – အခုလို မိုးဦးကျကာလမှာမှ ဝယ်လို့ရတဲ့ ရှားရှားပါးပါးဖြစ်တဲ့ ဖားသားကို မစားဘူးလို့ပါ၊ ကြက်သားကို စားရသလိုပဲလေ၊ လေးလေးပင်ပင်နဲ့ပြီး သိပ်စားကောင်းတာကွယ့်"

"ကျွန်တော်တို့မြို့မှာတော့ အစ်ကိုရာ ကျော်စံကေးဖားလေးတွေပဲ ဈေးထဲမှာ ရောင်းတာလေ၊ ဒီလိုဖားကောင်ကြီးကြီးတွေကို မြင်ချင်လို့ မမြင်ရဘူးဗျ"

"ဒါကတော့ကွာ၊ နေရာဒေသချင်း ကွဲပြားတာကိုးကွ၊ ငါတို့ထုံးကြီးမြို့ပတ်ဝန်းကျင်မှာက လယ်ကွင်းကျယ်တွေပဲ ရှိနေတာဆိုတော့ ဖားကျတဲ့မိုးဦးကာအချိန်မျိုးမှာ အကြိုက်ရွေးပြီး ရိုက်ယူလို့ရကြတာပေါ့ကွာ"

စံထွေးတို့လည်း သူ့အစ်ကိုကြီးအိမ်တွင်နှစ်ရက်ခန့်နေပြီး နောက်နေ့ နံနက်စောစောတွင် ရထားဖြင့် တောင်ငူသို့ ပြန်ကြတော့မည်ဖြစ်သည်။

"စံထွေးရာ – မင်းခွင့်ယူရက်က နည်းလိုက်တာကွာ"

"ယူတုန်းကတော့ တစ်ပတ်လောက် ယူဖို့ပဲ – အစ်ကိုကြီးရ၊ အလုပ် အခြေအနေအရ သုံးရက်ပဲ ရခဲ့တယ်လေ"

"အင်း – ငါတို့ညီအစ်ကိုက တစ်ယောက်တစ်နေရာစီမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေဆိုတော့လည်း ကျရာနေရာမှာပဲ နေကြရတာ ... နောက်ကိုလည်း မကြာမကြာ လာလည်ကြဦးပေါ့ကွာ၊ အစ်ကိုကြီးလည်း အခွင့်သာရင် မင်းတို့ဆီ လာခဲ့ပါဦးမယ်"

"ကဲ – ကဲ – ရထားဆိုက်လာချိန်နီးလာပြီကွ၊ အဆင်သင့် ပြင်ဆင်ထားကြတော့ ဟေ့"

ညက သဲသဲမဲမဲ ရွာခဲ့သည့်မိုးကြီးဟာ ဒီနေ့မနက်အထိ ဆက်လက်ရွာမည်ဆိုလျှင် တစ်လမ်းလုံး စိုစိုစွတ်စွတ်နှင့်သာ ပြန်ကြရမည်ပင် ဖြစ်သည်။ မိုးက ခုမနက်ရောက်တော့ တိတ်သွား၍သာ တော်သေးတော့သည်။

www.burmeseclassic.com

"ဟော - ဟော - ရထားဆိုက်လာပြီဟေ့"

စံထွေးတို့မိသားစုလည်း သူတို့စီးရမည့်တွဲပေါ်သို့ တက်ကြကာ နေရာရှာပြီး ဝင်ထိုင်ကြသည်၊

"ကဲ - အစ်ကိုကြီး - ကျွန်တော်တို့ပြန်တော့မယ်၊ အစ်ကိုကြီး မလာဖြစ်ရင်လည်း ညီလေးတို့ဆီ ဖုန်းလှမ်းဆက်ပေါ့"

"အေးပါကွာ - ဆက်ပါ့မယ်၊ ငါ မင်းရဲ့ဖုန်းနံပါတ်လည်း ယူထားလိုက်ပြီပဲကွာ"

မကြာမီ ရထားကြီးလည်း ထုံးကြီးဘူတာမှ စတင်ထွက်ခွာလာခဲ့တော့သည်၊ စံအေးတို့လည်း တဖြည်းဖြည်း ဝေး၍ ဝေး၍ လိုက်ပါသွားကြသော စံထွေးတို့အား လက်ပြနှုတ်ဆက်ရင်း လွမ်းသလိုလို၊ ဆွေးသလိုလိုနှင့် ဝမ်းနည်းစွာ ကျန်ရစ်ခဲ့လေတော့သည်၊

"ကလင် - ကလင် - ကလင်"

"ဟဲလို - ပြောပါ၊ ရုံပိုင်စံအေး ပြောနေပါတယ်"

"ဟာ - ရုံပိုင်ကြီးလား၊ ကျွန်တော် ကျောက်တန်းဘူတာကပါ၊ ထုံးကြီးဘူတာကို ဆိုက်လာမည့်ရထား ဆိုက်နေပြီလား"

"ဆိုက်ပြီးပြီလေ ....၊ အခုလေးတင်ပဲ ထုံးကြီးဘူတာက စတင်ထွက်ခွာသွားပြီ"

"ဟာ - ဒုက္ခပါပဲ"

"ဟင် - ဘာဒုက္ခလဲ"

"ဒီလိုပါ - ရုံပိုင်ကြီး - ခုနလေးတင်ပဲ ကျွန်တော်တို့ကျောက်တန်းဘူတာကို တာဝန်သိ ပြည်သူတစ်ယောက် အရေးတကြီး လာခဲ့ပြီး ကျောက်တန်းဘူတာရဲ့ ထောင်ဘက်တစ်မိုင်လောက်အကွာမှာ ညက သဲသဲမဲမဲ ရွာခဲ့တဲ့မိုးကြောင့် ရေတွေကြီးပြီး ရေတိုက်စားသွားခဲ့လို့ သံလမ်းတချို့ပြတ်ပါသွားတယ်လို့ သတင်းပေးလာတယ်လေ၊ အဲကြောင့် - ထုံးကြီးဘူတာကို ရောက်လာတဲ့ရထားတွေကို ဆက်မလွှတ်ပဲ ရပ်ဆိုင်းထားဖို့ သတင်းရရချင်း အကြောင်းကြားရတာပါ"



"ဟင် - အဲဒါမှ ဒုက္ခပဲ၊ လမ်းမှာလည်း လှမ်းအကြောင်းကြားနိုင်အောင် ကြားဘူတာက မရှိတော့ဘူး၊ ရထားကလည်း လွှတ်လိုက်ပြီးနေပြီလေ"

စက်ခေါင်းမောင်းသမားက သံလမ်းတွေ ရေတိုက်စားလို့ ပြတ်ပါသွားတာ မသိခဲ့လေတော့ သူမောင်းရမည့်နှုန်းအတိုင်းပင် မောင်းမည်မှာ သေချာသည်၊ သံလမ်းတွေပြတ်ထွက်သည့်နေရာရောက်လျှင် ရထားမှောက်ခဲ့ပါက ခရီးသည်တွေ သေကြေကြရတော့မည်၊

နှစ်ဖက်ဘူတာမှ ရုံပိုင်များ စိုးရိမ်မှုနှင့် အလုပ်ရှုပ်နေကြရပြီ၊ လမ်းခုလတ် ရောက်နေသော စက်ခေါင်းမိုလ်ကို အသိပေးရအောင်ကလည်း ဘယ်သို့မှမဖြစ်နိုင်၊ သံလမ်းများ ပြတ်ထွက်နေကြောင်း စက်ခေါင်းမိုလ် ကြိုသိလေမှ၊ ရထားအရှိန်လျှော့ကာ ရပ်တန့်နိုင်ပါမှ ခရီးသည်များ အသက်ဘေးမှ ကင်းဝေးကြမည်လည်းဖြစ်သည်၊ စက်ခေါင်းမိုလ်တွင် ဖုန်းမရှိ၍ အကြောင်းကြားရန် ခက်နေခဲ့သည်၊



စံထွေးလည်း လျှောက်လမ်းမရှိသော ထိုအလုံပိတ်တွဲခံနေ၍ စက်ခေါင်းမိုလ်ရှိရာ စက်ခေါင်းသို့ ရောက်နိုင်ရန် ခဲယဉ်းနေသည်။ စက်ခေါင်းမိုလ်အမြန်သိလေမှသာ ရထားကို အရှိန်လျှော့ မောင်းနိုင်မည်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ရထားပေါ်မှာ ဝါ့ညီနဲ့မိသားစု ပါသွားခဲ့တာပဲ"

စံအေးပိုင်၍ စိုးရိမ်မိသွားသည်၊ ရထားသာ မှောက်လို့ကတော့ တွဲအမှတ် (၃)တွင် စီးလိုက်သွားကြသော သူ့ညီမိသားစုတို့ မလွဲမသွေ မှောက်သည့် ထဲပါကာ သေကြရမည်ပင်ဖြစ်သည်၊ ကျောက်တန်းဘူတာရုံပိုင်မှ တစ်နည်းနည်းနှင့် ထွက်လာသော ရထားရပ်တန့်အောင် အချက်ပြခဲ့လျှင် ရထားရပ်နိုင်ကောင်း ရပ်မည်ဟု စိတ်သက်သာသလို ရှိခဲ့သော်လည်း နောက်ထပ် အတွေးတစ်ခု ဝင်လာပြန်သောအခါ သူ၏စိတ်သက်သာမှုမှာ လုံးလုံးလျားလျား ပျောက်ပျက်သွားခဲ့ရပြန်သည်၊ တစ်ခါက ရထားလမ်းပေါ်သို့ လမ်းဘေးညောင်ပင်ကြီးတစ်ပင် ဖြတ်လဲပြီး လမ်းပိတ်နေသည်ကို နွားကျောင်းသားတို့ တွေ့မြင်ကြ၍ အချိန်မီသာ မဖယ်ရှားနိုင်လျှင် ရထားမှောက်မည်ကို တွေးသိခဲ့ကြသည်၊

"ကဲ - နှစ်ဖက်ဘူတာတွေကလည်း ညောင်ပင်ကြီး လဲကျနေတာ သိကြမှာ မဟုတ်လို့ ရထားမလာမီမှာ တချို့က လာမည့်ဘက်ကို ပုဆိုးအလဲလုပ် ထောင်ပြရင်း၊ တချို့က တစ်ဖက်ဘူတာကို ပြေးသွားအသိပေးကြမယ် ဟေ့ ..."

"ဟာ - ရှေ့မှာ နွားကျောင်းသားတွေ ပုဆိုးအလံထောင်ကိုင်ပြီး ဖြေဆော့နေပါလား။ ဒီကလေးတွေက ဆော့စရာမရှိကြဲဖန်ပြီး ဆော့နေကြတာပဲ၊ တော်တော်ခက်တဲ့ကလေးတွေပဲ"

ထိုအခါက စက်ဗိုလ်က သတိမပြုမိဘဲ နွားကျောင်းသားများ ဆော့နေသည်ဟုသာ ထင်မိခဲ့၍ ရထားမရပ်ပဲ မောင်းလာမိခဲ့၍ ရထားတိမ်းမှောက်ခဲ့ရဖူးသည်၊ ကုန်ရထားတွဲဖြစ်၍ သေလူ အသေအပျောက် မရှိခဲ့ခြင်း ဖြစ်သည်၊ ယခု ထွက်လာသည့်ရထားမှာ လူစီးရထားဖြစ်၍ အားလုံးသေကြေဒုက္ခတွေ့ကြမည်မှာ သေချာပေသည်၊

"ဟာ - ငါ သတိမေ့နေလိုက်တာ၊ ရထားပေါ် ပါသွားတဲ့ ငါ့ညီဆီမှာ ဟန်းဖုန်း ပါသွားခဲ့တာပဲ"

ရုံပိုင်စံအေးလည်း သူ့ညီ၏ဖုန်းနံပါတ်ကို အမြန်နှိပ်လိုက်သဖြင့်-တစ်ဖက်မှ ဟဲလိုဟု ပြန်ထူးလာသည်၊



"ဟဲလို - စံထွေးလား"

"ဟုတ်တယ် - အစ်ကို၊ ဘာပြောမလို့လဲ - အစ်ကို"

"မင်း - ငါပြောတာကို သေချာနားထောင်စမ်းဟေ့"

"မင်းတို့ ရထားသွားနေတဲ့ ရှေ့ဘက်ကျောက်တန်းနား မရောက်မီမှာ ညက မိုးကြီးကြောင့် ရေတွေကြီးပြီး သံလမ်းတွေ ပြုတ်ပါသွားကြောင်း အစ်ကိုတို့ ထုံးကြီးဘူတာကို ခုနက အကြောင်းကြားလာခဲ့တယ်၊ စက်ခေါင်းဗိုလ်ကိုအကြောင်းမကြားပေးနိုင်လို့မသိပဲ ဆက်မောင်းသွားရင် ရထားမှောက်ပြီး အားလုံးဒုက္ခရောက်ကြလိမ့်မယ်ဟေ့၊ အဲဒါ - အကြောင်းကြားနိုင်ဖို့ မင်းဆီမှာ ဟန်းဖုန်းပါသွားတာ သိခဲ့လို့ မင်းကို လှမ်းဆက်ရတာပဲ၊ အဲဒါ - မင်း စက်ခေါင်းဗိုလ်ဆီကို အမြန်ဆုံးသွားပြီး အကြောင်းကြားကာ စက်ရှိန်လျှော့နိုင်းပေးပါ၊ မင်းရဲ့အချိန်မီ အသိသွားပေးမှုပေါ်မှာ မူတည်နေတယ်နော်"

"ဟာ - ရှေ့မှာ သံလမ်းတွေ ရေစီးအားနဲ့ ပြုတ်ပါသွားတယ်ဆိုတော့ စက်ခေါင်းဗိုလ်သာ မသိခဲ့ရင် ရထားကြီး မှောက်တော့မှာပါလား ..."

စံထွေးက သတင်းရလျှင် စက်ဗိုလ်အား အသိပေးနိုင်ရန် တွဲအမှတ်(၃) မှ လျှောက်လမ်းအတိုင်း လာခဲ့သည်၊ တွဲအမှတ်(၁) ဆုံးသောအခါ ရှေ့တွင် အလုံပိတ်တွဲတစ်တွဲ ခံနေသောကြောင့် စက်ခေါင်းသို့ အရောက်မသွားနိုင် ဖြစ်နေသည်၊

"ဟာ - ရှေ့တွဲက အလုံပိတ်တွဲဖြစ်နေလို့ လျှောက်လမ်းမရှိပါလား၊ ခက်တော့ပဲ"

"ငါ့ရှေ့အလုံပိတ်တွဲကို ဘယ်လိုဖြတ်ကျော်ရပါ့မလဲ"

စံထွေးလည်း လျှောက်လမ်းမရှိသော ထိုအလုံပိတ်တွဲခံနေ၍ စက်ခေါင်းဗိုလ်ရှိရာ စက်ခေါင်းသို့ ရောက်နိုင်ရန် ခေါင်းစဉ်းစားနေသည်၊ စက်ခေါင်းဗိုလ်အမြန်သိလေမှသာ ရထားကို အရှိန်လျှော့ မောင်းနိုင်မည်လည်း ဖြစ်သည်၊

"ခက်ပြီ - ငါသာ စက်ခေါင်းဗိုလ်ဆီ အရောက်သွားပြီး အကြောင်းမကြားနိုင်ရင် ရထားကြီး မှောက်ရတော့မှာပဲ"

ရထားသာ မှောက်ခဲ့လို့ကတော့ သူတို့မိသားစုလည်း လွတ်နိုင်မည် မဟုတ်သည်ကို တွေးမိခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ငါ တွဲခေါင်မိုးပေါ်တက်ပြီး ခေါင်မိုးပေါ်အတိုင်း စက်ခေါင်းဆီကို သွားနိုင်တာပဲ"

"ကိုရေ - ဖြစ်ပါ့မလား၊ တွဲခေါင်မိုးပေါ်က လေကလည်း တိုက်နေတယ်၊ ပြီးတော့ - ဘာမှကိုင်တွယ်စရာရှိတာလည်း မဟုတ်တော့ တွဲခေါင်မိုးပေါ်က ကျလိမ့်မယ် - ကိုရဲ့"

စံထွေး၏ဇနီးဖြစ်သူက စိုးရိမ်ကြီးစွာပြော၍ သတိပေးလာခဲ့သည်၊

"အိုကွာ - မကျရအောင် သတိထားတက်ရမှာပေါ့၊ ကိုယ်သာ စက်ခေါင်းဗိုလ်ဆီ အရောက်သွားပြီး အကြောင်းမကြားပေးနိုင်ရင် အားလုံးသေပွဲဝင်ကြရမှာလေ"

တွဲထဲရှိ အခြားခရီးသည် ယောကျ်ားများက စံထွေး ရထားပြတင်းပေါက်မှ ခေါင်မိုးပေါ်တက်နိုင်ရန် ဝိုင်းဝန်း တွန်းတင် ကူညီပေးခဲ့ကြသည်၊ စံထွေး ရထားခေါင်မိုးပေါ် ငုတ်တုတ်ထိုင်ကာ ရှေ့ကို မျှော်ကြည့်မိသည်၊

"ဟာ - ငါ စက်ခေါင်းတွဲကို ရောက်နိုင်ဖို့ ကြားမှာ ဆက်နှစ်ဆက် ခုန်ကျော်ရဦးမှာပါလား ..."

စံထွေး တစ်ခါမှ ထိုသို့ ခုန်မကျော်ဘူးသဖြင့် ရွံ့နေမိသည်၊ ခြေချော်ကျပါက ပွဲချင်းပြီးနိုင်သည်ကို တွေးမိသည်၊

"အို - ဘာပဲဖြစ်ဖြစ် ငါစွန့်စားရမှာပဲ"

နောက်ဆုံးတွင် အလုံပိတ်တွဲခေါင်ပေါ် ရောက်သွားကာ ထိုတွဲအစွန်းမှ စက်ခေါင်းတွဲခေါင်မိုးပေါ် လှမ်းခုန်လိုက်တော့၏၊

"ဟေ့ - တွဲခေါင်မိုးပေါ်က ဘယ်သူလဲ ဟေ့"

"ကျွန်တော် - ကျွန်တော်ပါ ခင်ဗျာ"

တွဲထဲမှ စက်ခေါင်းဗိုလ်က စိတ်ဆိုးမာန်ဆိုးနှင့် တွဲခေါင်ပေါ် တက်ကြည့်လာသည်၊ စံထွေးက သူ စက်ခေါင်းဗိုလ်ဆီ အချိန်မီရောက်အောင် ခက်ခက်ခဲခဲလာရပုံနှင့် သံလမ်းပြတ်နေကြောင်းကို ရှင်းပြလိုက်တော့၏၊

"ဟာ - ဟုတ်လား"

"ဟင် - ကျောက်တန်းဘူတာရောက်ဖို့ သုံးမိုင်လောက်ပဲလိုပါတော့လား"

စက်ခေါင်းဗိုလ်လည်း သီလျှင်သီချင်း ရထားကို စက်အရှိန်လျှော့ကာ ဘရိတ်လည်း မသိမသာ ဆွဲလေသည်၊

"ဟော - ဟိုးရှေ့က လူအုပ်ကြီးဟာ သံလမ်းပြတ်ထွက်လို့ ပြန်ပြေးပြင်နေကြတာ ဖြစ်မယ်၊ တော်ပါသေးရဲ့၊ ရထားကို အရှိန်လျှော့ပြီး ဘရိတ်ဆွဲနိုင်ခဲ့လို့"

ရထားလည်း တဖြည်းဖြည်းလိမ့်ရင်း သံလမ်းများ ပြတ်ထွက်နေသော နေရာသို့ရောက်ရန် ကိုက်သုံးရာလောက်အလိုတွင် လုံးလုံးလျားလျား ရပ်သန့်သွားခဲ့လေတော့သည်၊

ခရီးသည်များက စက်ခေါင်းဗိုလ်ကြီးကို ပြောလာခဲ့ကြလေသည်၊

"ကျေးဇူးကြီးပါပေ - စက်ခေါင်းဗိုလ်ကြီးရယ်၊ စက်ခေါင်းဗိုလ်ကြီးသာ ရထားကို အချိန်မီ မရပ်ခဲ့နိုင်ရင် ရထားပေါ်ပါ ခရီးသည်အားလုံး ဒုက္ခဖြစ်ကြတော့မလို့၊ ကျုပ်တို့ခရီးသည်အားလုံးရဲ့အသက်ဟာ စက်ခေါင်းဗိုလ်ကြီး ကယ်ပေးခဲ့တဲ့အသက်ပဲ ရှိပါတော့တယ်ဗျာ ..."

"အို - မဟုတ်သေးဘူးဗျ၊ ကျုပ် ရထားကို အချိန်မီရပ်ခဲ့နိုင်တာက ဟောဒီစံထွေးဆိုတဲ့လူက တွဲခေါင်မိုးပေါ်အတိုင်း စွန့်စွန့်စားစားနဲ့ အရောက်လာခဲ့ပြီး အကြောင်းကြားပေးခဲ့လို့ စက်ကို အရှိန်လျှော့ရပ်နိုင်ခဲ့တာပါ၊ ကျေးဇူးတင်ရမှာက ဟောဒီ - ကိုစံထွေးကိုပါ"

"မောင်မင်းကြီးသား - ကျန်းမာချမ်းသာပြီး အသက်ရာကျော်ရှည် နေသွားနိုင်ပါစေ"

စံထွေးလည်း ခရီးသည်အားလုံး၏အသက်ကို လက်မတင်ကလေး အချိန်မီ ကယ်တင်ပေးနိုင်ခဲ့သောကြောင့် ကျေနပ်ဝမ်းသာနေမိပေတော့သည်၊

**တင့်ထူး (ဧရာဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

# နန်းကြေးသျှင်

## အဘိမဒ္ဒနာအရှင်ကြီး

ပုဂံခေတ်
အနော်ရထာမင်းလက်ထက်
ယောဂါစါရ ဗုဒ္ဓသာသနာ၏
ရန်စွယ်ဖြစ်သည့် အရည်းကြီးများကို
ရှင်းလင်းပယ်ရှားပုံဖြင့်ကွင်း ..



**သည်တနေ့** ကျင်းပမည့် အရည်းလက်တောက်
ရွေးချယ်ပွဲသည် အရည်းဂိုဏ်းသားများအားလုံး မျှော်လင့်နေကြသည့်
ပွဲကြီးပွဲကောင်းဖြစ်သည်။ ကြံ့လည်းကြံ့ကြိုက်ခဲ့သည်။
လက်တောက်အရည်းဆရာ ပျံလွန်တော်မူသွားပြီးနောက်
လစ်လပ်နေသောနေရာဖြစ်သည်။ ဂိုဏ်းချုပ်ရှင်ကြီး စိန္တာမဏိအနေနှင့်
လက်တောက်နေရာ ခန့်ထားရန် ထက်မြက်သော အရည်းဂိုဏ်းဝင်များအား
တစ်ဗိုလ်ကျ တစ်ဗိုလ်တက် စိတ်ကြိုက် စိစစ်ရွေးချယ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

တိုက်ရည်နိုက်ရည်ပွဲပေါင်းများစွာကို ယှဉ်ပြိုင်တိုက်နိုက်ပြိုင်ပွဲဝင်ခဲ့ကြရသည်။ ယနေ့နောက်ဆုံးအဆင့်သို့တက်လာကြသူနှစ်ဦးမှာ နဂါးရုံကျောင်းတိုက်မှ ရှင်ကြီးဒိဗ္ဗနှင့် အတုမဲ့ကျောင်းမှ ရှင်ကြီးစက္ကုတို့ ဖြစ်သည်။ နှစ်ဦးစလုံးမှာ ဆေးအတတ်၊ နက္ခတ်ဗေဒင်၊ အင်း အိုင်ခါးလှည့်၊ လက်ဖွဲ့မန္တန်၊ ဂါထာအတတ်ပညာများနှင့် စစ်ဗျူဟာဖြစ်သော အထိုးအနှတ်၊ အသတ် အပုတ်၊ ဓားရေးလှံရေးကအစ တခြားအရှည်းကြီးများထက် ထူးချွန်ထက် မြက်စွာ တတ်မြောက်ထားကြသူများ ဖြစ်သည်။

ယနေ့ကား ရှင်သပ်ရှမောစွာ ပညာယှကြရမည့် ကြုံတောင့်ကြုံခဲ ပွဲကြီးပွဲကောင်း ဖြစ်သည်။ သမထီးအရပ်ရှိ ကျောင်းတိုက်အသီးသီးမှ အရှည်းများအားလုံးသည် နက်ပြာရောင်ခြုံလွှာကြီးများ တဖားဖားနှင့် ယှဉ်ပြိုင်ပွဲကျင်းပမည့်ကွင်းထဲသို့ စောစီးစွာပင်ကြိတ်ကြိတ်တိုးရောက်ရှိလာကြသည်။ အရှည်းဝိုက်းဝင် အင်အားကလည်း မသေးလှ၊ အရှည်းဆရာသုံးဆယ်နှင့် နောက်လိုက်နောက်ပါ ခြောက်သောင်း အရေအတွက် ရှိသည်။

ပုဂံနေပြည်တော်၏ အရှေ့တောင်ယွန်းယွန်း မြန်မာတစ်တိုင် (နှစ်မိုင်ကျော်ကျော်) ခန့်တွင် အရှည်းကြီးများ သီးတင်းသုံးရာ သစ်မတည် (သမထီး) အရပ် ရှိသည်။ ကျောင်းတိုက်များကလည်း အဆောင်ဆောင် အခန်းခန်းနှင့် ခန့်ညားထည်ဝါစွာ တည်ရှိသည်။ အရှည်းခေတ် အရှည်းသာသနာ ထွန်းကားနေချိန် ဖြစ်သည်။ တစ်နည်းအားဖြင့် နောက်ဆုံးအချိန်ထ တောက်သောမီးတောက်များကဲ့သို့ မငြိမ်းခင် အစွမ်းကုန် တောက်လောင် ဩဇာတိတ္တွေကြီးမားနေချိန် ဖြစ်သည်။

နန်းတက်လာသော အနော်ရထာမင်းကြီးကလည်း အရှည်းသာသနာ အရှည်းတို့ပြုမူဆောင်ရွက်ပုံများကို သဘောမကျလှပေ။ နှစ်သက်ခြင်းလည်း မရှိ။ ရှင်အရဟံ ကြွရောက်လာပြီးနောက် ဗုဒ္ဓသာသနာ ပြန့်ပွားတည်တံ့ရေး အတွက် အဓမ္မဝါဒများ လွှမ်းမိုးသည့် အရှည်းသာသနာအား တိုက်ထုတ် ရှင်းလင်းပစ်ရန် ကြံ့ပမ်းနေချိန် ဖြစ်သည်။ အရှည်းဝိုက်းထဲသို့လည်း ဝိဇ်



ချယုံကြည်ရသော ငယ်ကျွန်တော်များအား ထောက်လှမ်းစေရန်အတွက် အသွင်တူ အရှည်းယောင်ဆောင်စေလျက် စေလွှတ်ထားသည်။

သမထီးအရှည်းကြီးများနေထိုင်ရာ ကျောင်းတိုက်များစွာရှိသည့်အနက် သုံးထပ်ဆောင်နဂါးရုံကျောင်းတိုက်ကြီးမှာ အခြားကျောင်းတိုက်များထက် ပိုမိုကျယ်ဝန်းခန့်ညားသည်။ ကျောင်းထိုင် အရှည်းဂိုဏ်းချုပ်မှာ ရှင်ကြီး ဝိန္ဒာမဏိ ဖြစ်သည်။ နဂါးရုံကျောင်းတိုက်ကြီးအတွင်းရှိ ကျွန်းတိုင်လုံးကြီးများပေါ်တွင် အောက်ခံဟသ်ပဒါးများ သုတ်ထားပြီး နဂါးများခွေပတ်လျက်အမောက်ထောင်နေဟန် သစ်ထွင်းပန်းပုရုပ်များအား လက်ရာမြောက်စွာ ဆွင်းထုတပ်ဆင်ထားသည်။ ကျောင်းတိုက်အတွင်း ဝင်ရောက်လာကြသူများအနေနှင့်မြင်တွေ့လိုက်ရပါက ထိတ်လန့်ကြောက်မက်ဖွယ်ဖြစ်စေသည်။

အတုမဲ့ကျောင်းတိုက်၏ အခန်းဆောင်တစ်ခုအတွင်း၌ အရှည်းကြီး နှစ်ပါးသည် တိတ်တဆိတ် လျှို့ဝှက်စွာ တွေ့ဆုံလျက် ရှိသည်။

"ရှင်ကြီးမဏိက ခွန်အားဗလကလည်း သူမတူအောင် ရှိပါစ့်။ ဓားရေးကလည်းညက်ပါဘိ။ ကောက်ကျစ်ယုတ်မာစိတ်လည်း ရှိပ။ တပ်မှူးအနေနဲ့ အရှည်းလက်ထောက်နေရာလုပွဲမှာ သတိဝီရိယကြီးစွာထားပြီး ယှဉ်မှရမယ်တော"

"ရော..ရှင်ကြီးဒိဗ္ဗ - အသင့်ကို ပြောရတာလည်း တယ်ခက်ပါဘိ။ သမထီးဝန်းထဲမှာ အပြောအဆို အနေအထိုင် အစဉ်သတိထားရမှာပ။ နားတန် မရှည်စေနဲ့၊ စကားအရှုပ်အဆင်းတွေ မပြောနဲ့၊ ငါယူတာ ကြားရဲ့"

"မှန်ပါ့ - အမှု အမှတ်မဲ့ ဖြစ်ဘိ"

"သတိထားပ - သတိထားပ။ သမထီးအရှည်းတွေမျက်လုံးက ကျီးကန်းအမြဲရှုစမ်းနေတာပ"

"ရောင်းရင်းကလည်း တယ်ခက်ပါဘိ - ရှင်ကြီးယောတ"



burmeseclassic.com

www.burmeseclassic.com

ဝိုင်းထိုင်နေသော ရှင်ကြီးနာဂိန္ဒကပါ အပြစ်တင်စကားဆိုရင်း ဝင်ပြော လိုက်သည်။

ထိုသို့ လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးနေကြသူများမှာ အရည်းစစ်စစ်များ မဟုတ်ကြပေ။ အရည်းများအဖြစ် ဟန်ဆောင်ထားကြသော ပုဂံစစ်သည် ရဲမက်များ ဖြစ်ကြသည်။ ရှင်ကြီးစတ္တ၊ ရှင်ကြီးယောတ၊ ရှင်ကြီးနာဂိန္ဒတို့ သုံးဦးစလုံးမှာ ပခုံးပေါ် ဝဲကျနေသော ဆံပင်ရှည်ကြီးများ၊ မုတ်ဆိတ်ကျင် စွယ်များ၊ ပုတီးလက်ကောက်၊ လက်ဖွဲ့ခါးလှည့်၊ ကိုယ်ရုံထည်နက်ပြာကြီးများ လွှမ်းခြုံထားကြသည်။

ယခုတော့လည်း သမထီးတွင် တကယ်ပီပီ အရည်းစစ်စစ်ကြီးများ ဖြစ် နေကြသည်။ ပုဂံစစ်သည်ရဲမက်များဟု ပြောသည့်တိုင် ယုံကြည်ကြမည် မဟုတ်တော့ပေ။ အမှန်စင်စစ် ထီးဘုရားပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ နောက်တော်ပါ လက်ရွေးစဉ် ငယ်ကျွန်တော်များ ဖြစ်ကြသည်။

အရည်းအစစ်များကဲ့သို့ နေထိုင်ပြုမူပီပြင်စွာ လုပ်ရှားနေကြသည်။ ရှင်ကြီးစတ္တမှာ ပုဂံစစ်ကြပ်အမှုအရာတပ်မှူးငယ် သူရသီဟ ဖြစ်သည်။ ရှင်ကြီးယောတမှာ အထောက်တော်တပ်စုမှ အင်းဝနယ်သား ငစွန်သင် ရှင်ကြီးနာဂိန္ဒမှာ မြင်းသည်ကျော်တပ်သား မြစ်ခြေသား ငစွာတေးတို့ ဖြစ် ကြသည်။ တစ်နည်းအားဖြင့် ရှင်မဓမ္မဒဿီအရှင်မြတ်၏အဆုံးအမကို ခံယူ ထားကြသော ထေရဝါဒ အရှပ်ဂိုဏ်းသားများ ဖြစ်ကြသည်။

အရည်းဂိုဏ်းချုပ် စိန္တာမဏိနှင့် လက်အောက်ငယ်သား သမထီးအရည်း များကလည်း သူတို့သုံးဦးအား သူတို့ကဲ့သို့ပင် အရည်းစစ်စစ်များ ဖြစ်ကြ သည်ဟု ထင်မှတ်ထားကြသည်။ လုံးဝသင်္ကာမကင်း ရိပ်မိခြင်း မရှိကြပေ။ သမထီးဂိုဏ်းထဲသို့ ရောက်ရှိလာကြသည်မှာလည်း တစ်နှစ်ကျော် ကြာမြင့် ခဲ့ပြီဖြစ်သည်။ အတွင်းဝင်မွှေနှောက်၊ အထောက်အထားရှာဖွေ၊ အရည်းတို့၏ မဟုတ်မဟတ်လုပ်ရပ်များကို ထီးဘုရားထံ လျှို့ဝှက်စွာ အထောက်တော်များ စေလွှတ်၍ တင်ပြလျှောက်ထားကြသည်။



စုံစမ်းထောက်လှမ်းမှု ကြာမြင့်လာသည်နှင့်အမျှ အရည်းကြီးတို့၏ယုတ် မာပက်စက်မှုများကို အတွင်းသိ အစင်းသိ ထဲထဲဝင်ဝင် သိရှိလာကြသည်။ ဘုရားဟော မဟုတ်သည်ကို ဘုရားဟောလုပ်၍ ပုံပြင်များကဲ့သို့ ပရိယာယ် ဆင် ဟောပြောတတ်ကြသည်။ သိုက်စာကျသည်ဟုဆိုကာ မြေကြီးထဲ (သို့ မဟုတ်) သစ်ခေါင်းထဲတွင် ကြိုတင်စီရင် လျှို့ဝှက်ထားပြီး မတော်တရော် မဟုတ်မဟတ်များ ပြုလုပ်တတ်ကြသည်။ ဗေဒင်ဟောခြင်း၊ ဓာတ်ရိုက်ဓာတ် ဆင်ခြင်း၊ ဓာတ်ပေးခြင်းများ ပြုလုပ်ကြသည်။

လူအများကို လှည့်စားရန်အတွက် အတတ်ပညာ အမျိုးမျိုးတတ်ကြ သည်။ ဆေးနက္ခတ်၊ ဗေဒင်၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့မန္တန်၊ ဂါထာအတတ် များ၊ အဟန့်ဆေး၊ အပြီးဆေး၊ အိပ်မွေ့ချခြင်း၊ ပဥ္စလက်အတတ်၊ ဓာတ် အတတ်၊ လောင်မီးချခြင်းပညာ၊ လျှပ်စစ်ပညာများ တတ်ကျွမ်းကြသည်။

သတ္တိ၊ ဇျတ္တိ ရှိကြသူများဖြစ်သလို အဝိုးအခုတ် အသတ်အပုတ် ကျွမ်း ကျင်ကြသည်။ စစ်ရေးစစ်ရာဗျူဟာ ကျွမ်းကြသည်။ သူများအသက်ကို သတ်တာ၊ ဤပရိတ်ကိုရွတ်၊ ကမ္မပထလွှတ်၏၊ မိဘကို ပြန်သတ်သူပင်ဖြစ် စေ၊ သူတို့ရွတ်ဆိုနိုင်းသောပရိတ်ကိုရွတ်က အပြစ်မဖြစ်။ အပြစ်ခပ်သိမ်း လွှတ်ကင်း၏။ ရောဂါဖြစ်လျှင် ဤပရိတ်ကိုရွတ်၊ ပျောက်၏။

မိုးခေါင်သော် ဤပရိတ်ကိုရွတ်၊ တစ္ဆေသရဲခြောက်လှန့်သော် ဤမန္တန် ကိုရွတ်၊ ချမ်းသာစည်းပွားတိုးတက်လိုလျှင် ဤပရိတ်တော်ကိုရွတ်၊ မိန်းမများ အထုန်ကိုလှူသော် ချက်ချင်းလက်ငင်း အကျိုးပေး၏ စသည်ဖြင့် လူအများ အား လှည့်ပတ်လိမ်ညာဖြားယောင်းပြီး တရားဟောကြသည်။ လူအများ ကလည်း ကြောက်ရွံ့ယုံကြည်စွာ ပူဇော်ပသကြသည်ကို တပ်မှူးသူရသီဟ သိရှိနားလည်လာသည်။

ရွှေ၊ ငွေ၊ လယ်ယာ၊ မိုး၊ မြေ၊ နွား၊ ဆိတ် စသည်တို့ကို နည်းမျိုးစုံနှင့် အလှူခံကြသည်။ ကျောင်းဆောက်ရန်၊ ရေတွင်းတူးရန်၊ ဓာတ်ကစားရန်၊ ပူဇော်ရန်၊ နဂါးရုံ ပုထိုးပွဲလုပ်ရန် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြပြီး

www.burmeseclassic.com



ရှင်ကြီးစက္ကကလည်း လျှင်မြန်လှသည်။
ရှင်ကြီးဒိဗ္ဗ ဖမ်းချုပ်ခြင်းကိုမခံ။
လှစ်ခနဲ အသာအယာ တိမ်းရှောင်လိုက်ရာ
ရှင်ကြီးဒိဗ္ဗ ဒေါသထွက်သွားသည်။
တစ်ကြိမ်တွင် ရှင်ကြီးဒိဗ္ဗသည်
တိုက်ကွက်ပြောင်းပြီး ဝင်လာရာမှ
ရှင်ကြီး စက္ကလည်မျိုကို ချုပ်ကိုင်မိပြီး
ပြုတ်တူနှစ်ဖက် ညှပ်ထားသကဲ့သို့
သန်မာသောလက်များနှင့် ဖိညှစ်ထားသည်

# ၆၆

အလှူခံကြသည့်အကြောင်းကိုလည်း ထီးဘုရားထဲ အထောက်တော်များ စေလွှတ်၍ ပြည့်စုံစွာ တင်ပြလျှောက်ထားခဲ့ကြပြီးဖြစ်သည်။

အမှန်စင်စစ် အရည်းဂိုဏ်းဝင်များသည် ကုန်သွယ်လယ်လုပ် လေ့ထိုးစသည့် ပင်ပန်းသည့်အလုပ်များကို မလုပ်လိုကြ၊ အချောင်ရ၊ အချောင်စားရသော အရည်းဘဝကို မက်မောကြသည်။ မင်းမှုထမ်းရမည့်အကြောင်းကို ရှောင်ဖယ်ပြီး လူညွန့်ရှူးလျက် အလှူခံစားသောက်နေကြခြင်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း အရည်းဂိုဏ်းဝင်များမှာ အင်အား များသထက် များလာသည်။ မြင်းစီး၊ လက်ဝှေ့ထိုး၊ အရက်သေစာ သောက်စားလျက် ပျော်ပါး ခုံမင်နေကြပေသည်။

အဆိုးဆုံးမှာအလှူမှာ ကာမမေတ္တာအလှူခံခြင်း ဖြစ်သည်။ အိမ်ထောင်ပြုတော့မည့် မိန်းမပျိုများအား အိမ်ထောင်မပြုခင် ဂုဏ်ရည်မြင့်သည်ထက်မြင့်စေရန် ပန်းဦးကျောင်းလွှတ်ပူဇော်ကြရသည်။ ထိုသို့ ပန်းဦး လွှတ်ပူဇော်



ကြမှသာလျှင် သူရဿတီနတ်သမီး စောင်မ၍ လက်ထပ်မင်္ဂလာ မြောက်သည်၊ ဂုဏ်သရေရှိသည်။ အတုမဲ့ကောင်းကျိုးချမ်းသာများ ရရှိစေသည်ဟု အယူရှိကြသည်။

အရည်းတို့၏ ဂါထာ၊ မန္တန်၊ အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့၊ မှော်အတတ်၊ ဇုန်းအတတ်၊ ပယောဂအတတ်၊ ဝိဇ္ဇာမဟိဒ္ဓိအတတ်၊ ဗေဒင်အတတ်၊ ဆေးအတတ်၊ အင်္ဂရတ်အတတ်တို့အား လေ့လာလိုက်စားခြင်းတို့မှာ တန္တရဗုဒ္ဓဘာသာ ဖြစ်ပေသည်။ ရဟန်းအစစ်မဟုတ်ဘဲ ရဟန်းတု၊ ရဟန်းယောင် ဝိဇ္ဇာမဟိဒ္ဓိမှော်ဆရာများသာ ဖြစ်ကြသည်။ နဂါးရုပ်နှင့် နတ်မိန်းမများ ခြံရံထားသော ဘုရားရုပ်ထုများကို ကိုးကွယ်ကြသည်။

"အရည်းဆရာ ရှင်ကြီးဒိဗ္ဗကွ - ဟေး - ဟေး"

ရှင်ကြီးဒိဗ္ဗ ကွင်းထဲသို့ ရောက်လာသည်နှင့် နဂါးရုံကျောင်းတိုက်မှ အရည်းများ၏အားပေးသံများက တစ်ခဲနက် ထွက်ပေါ်လာသည်။ အပေါ်ပိုင်းလာကျင်းထားပြီး အောက်ပိုးကျိုက်ထားသော ရှင်ကြီးဒိဗ္ဗမှာ ကျွဲပေါက်တစ်ကောင်လို တုတ်ခိုင်သန်မာသူ ဖြစ်သည်။ လုံးကျစ်သော အသားဆိုင်များက နေရောင်အောက်တွင် ကြွေးနီခဲရောင် တောက်ပနေသည်။ လက်သောက်အရည်းဆရာနေရာအတွက် နောက်ဆုံးယှဉ်ပြိုင်ရမည့် ဗိုလ်လုပွဲဖြစ်သည်၊ ယှဉ်ပြိုင်တိုက်ခိုက်ရန် သတ်မှတ်ထားသည်မှာ နပန်းသတ်ပွဲဖြစ်သည်။

ရှင်ကြီးဒိဗ္ဗအနေနှင့် အသတ်အပုတ် ကျွမ်းကျင်သည်။ အရည်းလက်သောက်နေရာကို သူကလွဲ၍မည်သူမျှ မရနိုင်ဟု ယုံကြည်ထားသည်။ ကွင်းထဲတွင် လက်ပန်းပေါက်ခတ်၊ လက်ဝှေ့ရေးပြလျက်ရှိရာ သူ့တပည့်တပန်းများ၏အားပေးသံများက ကွင်းလုံး လျှံထွက်အောင် သောသောညံလျက်ရှိသည်။

"နောက်ဆုံးအဆင့်ဗိုလ်လုပွဲမှာ ယှဉ်ပြိုင်ဖို့ အတုမဲ့ကျောင်းတိုက်က အရည်းဆရာ ရှင်ကြီးစက္က ဝင်ခဲ့ပြီဩ"

အရည်းဆရာတစ်ဦးမှ ကြေညာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်ကြီးစက္ကသည် ပွဲကြည့်စင်ပေါ်တွင် တည်ငြိမ်စွာ ကြည့်ရှုနေသော အရည်းဂိုဏ်းချုပ်ကြီး စိန္တာမဏိအား အရိုအသေပြုရင်း ဝင်လာသည်။ ရှင်ကြီး ဒိဗ္ဗကဲ့သို့ပင် ပခုံးနှစ်ဖက်အား တဖြောင်းဖြောင်း ရိုက်ခုန်ပေါက်၊ လက်ပန်း ပေါက်လိုက်ရာ အတုမဲ့ကျောင်းတိုက်မှ အရည်းများ၏ အားပေးသံများ ပေါ် ထွက်လာသည်။ ကြက်သွေးရောင်ဝတ်ရုံကြီး ခြုံထားသော ဂိုဏ်းချုပ်ကြီးမှ လက်မြှောက်ဖော့ယမ်း အချက်ပေးလိုက်ရာ အကဲဖြတ်ဒိုင်များ ကြည့်ရှုနေ သည့်ပွဲစင်မှ မောင်းသံ ထွက်ပေါ်လာသည်။

ဆူညံအားပေးနေကြသံများသည် မီးကို ရေနှင့် ငြိမ်းသတ်လိုက်သလို တိတ်ဆိတ်ငြိမ်သက်သွားသည်။ ပြိုင်ပွဲ စတော့မည်။ ရှင်ကြီးစက္ကနှင့် ရှင်ကြီး ဒိဗ္ဗတို့ ဘယ်သူနိုင်မလဲ။ ပွဲကြီးပွဲကောင်းတွေ့ပြီပ။ နပန်းသတ်ပွဲစလျှင်စချင်း ရှင်ကြီးဒိဗ္ဗသည် နွားသိုးတစ်ကောင်ကဲ့သို့ ရှုးရှုးရှားရှားအပြေးဝင်လာသည်။ စိတ်လောကြီးနေသလို မှန်တိုင်းတိုက်ခိုက်လိုက်သကဲ့သို့ အရှိန်ပြင်းသည်။ ပလအားကိုးနှင့် ရှင်ကြီးစက္ကအား ဖမ်းဆီးချုပ်ကိုင်ရန် တိုးဝင်လာသည်။

ရှင်ကြီးစက္ကကလည်း လျင်မြန်လှသည်။ ရှင်ကြီးဒိဗ္ဗ ဖမ်းချုပ်ခြင်းကိုမခံ၊ လှစ်ခနဲ အသာအယာ တိမ်းရှောင်လိုက်ရာ ရှင်ကြီးဒိဗ္ဗ ဒေါသထွက်သွားသည်။ တစ်ကြိမ်တွင် ရှင်ကြီးဒိဗ္ဗသည် တိုက်ကွက်ပြောင်းပြီး ဝင်လာရာမှ ရှင်ကြီး စက္ကလည်မျိုကို ချုပ်ကိုင်မိပြီး ပြုတ်တူနှစ်ဖက် ညှပ်ထားသကဲ့သို့ သန်မာ သောလက်များနှင့် ဖိညှစ်ထားသည်။ ရှင်ကြီးစက္ကမျက်လုံးများ ပြူထွက် သွားသည်။ အလစ်ခံလိုက်ရခြင်း ဖြစ်သည်။

ရောင်းရင်းများဖြစ်ကြသော ရှင်ကြီးယောတနှင့် ရှင်ကြီးနာဂိန္ဒတို့မှာ လွန်စွာမှ စိုးရိမ်သွားကြသည်။ ဒီပွဲမှာ သူတို့တပ်မှူးငယ် သူရသီဟ ရှုံးလို့မဖြစ်၊ ကြည့်နေရင်းမှာပင် အနေအထားပြောင်းသွားသည်။ ရှင်ကြီးစက္ကသည် အသက်ကိုအောင့်လိုက်သည်။ ရှိသမျှအင်အားတို့ကို စုစည်းပြီး ရှင်ကြီးဒိဗ္ဗ၏ ရင်စို့နေရာကို ခန့်မှန်းပြီး ဒူးဖြင့် ခုန်တိုက်လိုက်သည်။ ထိချက်က ပြင်းသည်။ လည်မျိုညှစ်ထားသောလက်များက ချက်ချင်းပြေကျသွားသည်။ ရှင်ကြီးဒိဗ္ဗ



ပါးစပ်မှ အွတ်ခနဲမြည်သွားပြီး သူ့ရင်ဘတ်အား လက်ဖြင့်ဖိရင်း နောက်သို့ ခြေနှစ်လှမ်း ဆုတ်သွားသည်။

ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်ခံ၍မဖြစ်၊ ပြင်းထန်သောအရှိန်နှင့် အတူ ခုန်ဝင်လိုက်ပြီး တံတောင်တစ်ချက်ကွေးကာ ရှင်ကြီးဒိဗ္ဗ၏မေးရိုးနေရာ ဆီသို့ လက်ပြန်ပင့်တင်ရိုက်ချလိုက်သည်။

"အား - အီး - အီး - အွတ်"

ရှင်ကြီးဒိဗ္ဗ မသက်မသာ ညည်းညူရင်း မြေပြင်ပေါ်သို့ ဝုန်းခနဲပုံကျသွား သည်။ ပါးစပ်ထဲမှသွေးများ စီးကျလာသည်။ မြေကြီးနှင့် ကျောပြင်ထိ ကပ် သွားသောကြောင့် ရှင်ကြီးဒိဗ္ဗ ရှုံးသွားသည်။ လည်မျိုညှစ်ပြီး အပိုင်ကိုင်ပေါက် နိုင်ကြိုးစားသော ရှင်ကြီးဒိဗ္ဗ တိုက်ကွက်များကို အမှတ်မထင် ရှင်ကြီးစက္ကက တန်ပြန်ထိုးနက်ပြီး အနိုင်ယူလိုက်ခြင်း ဖြစ်သည်။ ပွဲသိမ်းက မြန်ဆန်လွန်း လှသည်။

အကဲဖြတ်ဒိုင်များရှိရာ စင်မြင့်မှ မောင်းသံများ ထွက်ပေါ်လာသည်။ လက်ထောက်အရည်းဆရာ ရွေးချယ်ပွဲကား ပြီးဆုံးသွားပြီဖြစ်သည်။ သို့ သော် ရှုံးနိမ့်သွားသော ရှင်ကြီးဒိဗ္ဗသည် မြေပြင်မှ လူးလဲထလိုက်သည်။ မီးထွက်လုမတတ် ဒေါသမျက်လုံးများနှင့် ရှင်ကြီးစက္ကကို စူးစူးစိုက်စိုက် ကြည့်ရင်း တောက်တစ်ချက် ခေါက်လိုက်သည်။

"အခု - နောက်ဆုံးယှဉ်ပြိုင်ပွဲမှာ အတုမဲ့ကျောင်းတိုက်က ရှင်ကြီးစက္ကက အနိုင်ရသွားပြီပ။ သဟာကြောင့် အရည်းလက်ထောက်နေရာ"

"မကျေနပ်ဘိ - ဆရာသခင်"

ရှင်ကြီးဒိဗ္ဗသည် ဂိုဏ်းချုပ်အရည်းကြီး စိန္တာမဏိရှေ့မှောက်သို့ အပြေး ရောက်သွားပြီး ဟန့်တားလိုက်သည်။

"ကြောင်းလျားဥသသုံ ဆိုစမ်းပ။ ရှင်ကြီးက ပဇာကို မကျေနပ်ဖြစ်ရပြီ ဘဲ"

"နောက်ထပ်တစ်ပွဲ ယှဉ်ပြိုင်အကဲစမ်းပါစို့။ ခွင့်ပြုပေးသင့်တာပ"



www.burmeseclassic.com

www.burmeseclassic.com

"ရော - ရှင်ကြီးဒိဗ္ဗ - ပသို့များ ထပ်မံယှဉ်ပြိုင်ဖေသးချင်ပြီကော"

"ခြား၊ ခြားချင်း ယှဉ်ပြိုင်ဝံ့သည်သာပ"

"ရှင်ကြီးစတ္တ - ကရော ပသို့သဘော ရှိပြီကော"

"ရှင်ကြီးသဘောအတိုင်းသာပ၊ ကျုပ် မယှဉ်ဝံ့ရဲစရာ မရှိပြီ"

"ကောင်းပြီ - ဒီတစ်ခါယှဉ်ပြိုင်ပွဲသည်သာ အတည်ယူပါစုံ၊ ခြားရေးများ ဆက်ကြည့်တာပ - ဟုတ်စုံ"

ပြိုင်ပွဲကြီးကြပ်နေသော အရှည်းဆရာများက အရွယ်တူ ခြားနှစ်လက်ကို ယူဆောင်လာပြီး ပေးလိုက်ကြသည်၊ နှစ်ဦးစလုံး ခြားများကို ဆကြည့်ပြီး လေထဲတွင် နှစ်ချက်သုံးချက် ဝှေ့ယမ်းကြည့်သည်၊

"ရှင်ကြီးအပေါင်းတို့ - လက်ထောက်အရှည်းဆရာနေရာအတွက် ရှုံးနိမ့်သွားတဲ့ ရှင်ကြီးဒိဗ္ဗက ထပ်မံမကျေပွဲ တောင်းဆိုလိုက်ပြီပ၊ ခု - ယှဉ်ပြိုင်ပွဲဟာ ခြားရေးယှဉ်ကြပြီကော၊ အသက်အန္တရာယ်ဖြစ်သည်ထိ တိုက်ခိုက်မည် မဟုတ်ပါစုံ၊ ကဲ - ယှဉ်ပြိုင်ပွဲ စပြီကော"

စတင်ယှဉ်ပြိုင်ရန် အချက်ပေးသည့် မောင်းသံများ ထွက်ပေါ်လာသည်၊ ရှင်ကြီးဒိဗ္ဗသည် ခြားရေးညံ့သူမဟုတ်၊ နဂါးရုံကျောင်းတိုက်မှ ခြားရေးအကျော် အမော်တစ်ဦး ဖြစ်သည်၊ လက်ဝှေ့နပန်းပွဲတွင် ရှုံးနိမ့်သွားရာမှ မကျေမနပ် နှင့် ခြားရေးယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်ခြင်း ဖြစ်သည်၊

"ရှင်ကြီး ဒိဗ္ဗကွ - ဒီတစ်ချီ အပိုင်သာသိမ်းပ၊ အနိုင်ယူ ဗိုလ်စွဲပါစုံ"

"ရော - မှားပါဘိသော၊ ရှင်ကြီးစတ္တကလည်း ခြားရေးထက်သည်သာပ၊ အရှည်းတို့ကြည့်နေပါဘိကော၊ ဘယ်နံ့ရောမှာမှ ရှင်ကြီးစတ္တကို အနိုင်ယူလို့ မရပါစုံ၊ အကျွန်တို့ရဲ့လက်ထောက်ဆရာက ရှင်ကြီးစတ္တ ဖြစ်လာမှာဘိ ကျိန်းသေသပ"

တစ်ဖက်နှင့်တစ်ဖက် သူ့လူကိုယ့်လူ အနိုင်မခံ စကားနာထိုးကြရင်း တက်ကြွစွာ အားပေးကြသည့် အော်ဟစ်သံများကား ပြိုင်ပွဲကျင်းပသည့် ကွင်းပြင်တွင် ဆူညံနေပေသည်၊ ရှင်ကြီးစတ္တသည် ရှင်ကြီးဒိဗ္ဗ၏လှုပ်ရှားမှု များကို မျက်ခြေမပြတ် စောင့်ကြည့်လျက် သတိအနေအထားနှင့် ခြားခင်း ထားသည့် နေရာင်အောက်တွင် ပြောင်လက်တောက်ပနေသော ခြားကို ဘာရွမ်းရွမ်းဝင့်လျက် တရစပ်တိုးဝင်လာသည်၊

ရှင်ကြီးစတ္တသည် ရှင်ကြီးဒိဗ္ဗ၏ခြားချက်များကို ပက်ခြားဖြင့် ပြန်ကော် ထုတ်လိုက်သည်၊ ခြားချက်များက ထိုးလိုက်၊ ဖယ်လိုက်၊ ကော်လိုက်၊ နုတ် လိုက်နှင့် ရှုပ်ထွေးလှသည်၊ တစ်ယောက်နှင့်တစ်ယောက် ပညာကုန် ထုတ်ပြောင်း၍ အနိုင်မခံ၊ အရှုံးမပေး၊ ထိုးခုတ်နေကြခြင်း ဖြစ်သည်၊ အခုန်အပျံ အရောင်အတိမ်းများကလည်း ကြည့်ရှုနေကြသည့်အရှည်းများအဖို့ ဟင်ခနဲ ဟာခနဲ ရင်သပ်ရှုမောဖွယ် ဖြစ်နေသည်၊

အာမေဋိတ်သံမျိုးစုံ ထွက်ပေါ်လာသည်၊ နှစ်ဦးစလုံး အားကုန်ထိုးခုတ် နေကြသဖြင့် ခွေးများက ဆီသုတ်ထားသလို တစ်ကိုယ်လုံး ရွှဲနစ်တောက် ပြောင် ဝင်းလက်လျက် ရှိသည်၊

"ရွှင်း"

"ဝိုး"

"ရွှင်"

"ရွှမ်"

"ဝှစ်"

"ဝှစ်"

ခြားနှစ်လက် အရှိန်ပြင်းစွာ ထိခတ်သံများက ကြောက်ခမန်းလိလိ ကျယ် လောင်စွာ ထွက်ပေါ်လာသည်၊ ရှင်ကြီးစတ္တ ခုတ်ချလိုက်သော ခြားချက်က ရှင်ကြီးဒိဗ္ဗ၏ခြား ထက်ပိုင်းကျိုးထွက်သွားသည်၊ ရှင်ကြီးဒိဗ္ဗသည် လန့်ဖျပ် သွားပြီး ခေတ္တမျှ ငေးကြောင်သွားစဉ် လက်ဆကောင်းသောခြားဦးက ဒိဗ္ဗ၏ လွှာစ်ဖက်ကို ဖြတ်ရှသွားသည်၊ ထိထိမိမိ ပိုင်းချလိုက်မည်ဆိုပါက ရှင်ကြီး ဒိဗ္ဗခေါင်းသည် ထက်ခြမ်းဖြစ်သွားစေနိုင်သည်၊ ရှင်ကြီးစတ္တမှန်းဆထားသည့် အတိုင်း အပေါ်ယံသာ အသားလေး ဖြတ်ဝင်သွားသည်၊ သွေးများ ဖြာကျ လာသည်၊

www.burmeseclassic.com

ရှင်ကြီးဒိဗ္ဗသည် မျက်နှာကို လက်ဝါးနှင့်အုပ်လျက် ကွင်းပြင်ဘက်သို့ တစ်ဟုန်ထိုး ထွက်ပြေးသွားသည်။ မဖေကျနုပ်ခြင်း၊ ရှက်ရွံ့ခြင်းတို့နှင့် အရည်းတို့အလယ် မျက်နှာမပြဝံ့အောင် ဖြစ်ရပြီကော။

"ရှင်ကြီးဒိဗ္ဗရဲ့မျက်နှာက မားဒက်ရာဟာ ပဇာမှ မဖြစ်လောက်ပါဘိ၊ ရှင်ကြီးစက္ကရဲ့လက်ဆကို ကောင်းကောင်းကြီးသိသည်သာပ၊ ရှင်ကြီးကို ဆေးဝါးများ ထည့်ပေးကြပါစို့"

အရည်းဂိုဏ်းချုပ် စိန္တာမဏိ၏အမိန့်ပေးသံ ထွက်ပေါ်လာသည်။

မကြာမီရှင်ကြီးစက္ကအား ရွှေစလွယ်နှင့်အတူ လက်ဆောက်အရည်းကြီးဝတ်ရုံကတ္တီပါအပြာစကြီးအား လွှမ်းခြုံပေးလိုက်ကြသည်။ လက်ခုပ်ဩဘာသံများ ဆူညံစွာ ထွက်ပေါ်လာသလို၊ ရှင်ကြီးစက္က၏ ရည်ရွယ်ချက် အောင်မြင်သွားပြီဖြစ်၍မသိမသာ ပြုံးလိုက်သည်။ သမထီးအရည်းဂိုဏ်းတွင် အရေးပါ အရာရောက်သော လက်ထောက်နေရာကို ရရှိထားပြီဖြစ်ကြောင်း ထိုဘုရားသာသိလျှင် မည်မျှဝမ်းမြောက်မည်မသိ၊ အရည်းဂိုဏ်းအား ဖြိုခွဲရန် အချက်အချာကျသောနေရာကို အုပ်စီးမိပြီဖြစ်သည့် အကြောင်းသိများဖြစ်သော ရှင်ကြီးယောတနှင့် ရှင်ကြီးနာဂိန္ဒတို့နှစ်ဦးလည်း နားလည်သဘောပေါက်မိကြလေသည်။

— —

ကြေးစည်သံ တံပိုးခရာသံများက ရှင်ကြီးစက္ကနားထဲသို့ သံရည်ပူနှင့်ဖလောင်းချလိုက်သလို၊ စူးစူးနစ်နစ် ဝင်ရောက်လာသည်။ မြင်ကွင်းက ရှင်ဦးစိတ်မသက်သာဖွယ် မြင်ကွင်းဖြစ်သည်။ သမထီးကျောင်းတိုက်ဝန်းရှေ့မှန်ဦးအပေါက်ဝဆီသို့ အရည်းကြီးများ အုပ်စုလိုက် တဝေါဝေါနှင့် ဆူညံစွာဝင်ရောက်လာကြသည်။ ယစ်ပူဇော်ပြုပြီးသော အမဲသားငါးများကို တသောက်ရင်း ဓံသရည်ကျည်တောက်များကို ကိုင်မြှောက်လျက် ဟစ်ကြွေးဆူညံအော်ဟစ်သံများက ကြောက်မက်ဖွယ် ကောင်းလှသည်။



အောင်ပွဲခံတော့မည့် သူတို့ဂိုဏ်းချုပ်ကြီးအတွက် ကောင်းချီးမြှုကာဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ လူအုပ်အလယ်ရှိ ထမ်းစဥ်ပေါ်တွင် ငယ်ရွယ်နုပျိုသော မိန်းမပျိုလေးတစ်ဦး လိုက်ပါလာသည်။ အားငယ်စိုးရွံ့ထိတ်လန့်စွာဖြင့်မျက်ရည်ဝဲနေသော နုနုထွတ်ထွတ်အပျိုစင်လေးဖြစ်သည်။ သေရည်မူးနေသောရှင်ကြီးလေးပါးက ထမ်းခေါ်လာကြသည်။ နက်ပြာရောင်သင်တိုင်းရှည် ကိုယ်ရုံကြီးများ တဖားဖား ဆံပင်မုတ်ဆိတ်ဖားလျားနှင့် ခဲသားများနှယ် အကျည်းတန် အရုပ်ဆိုးလှသည်။

ရှင်ကြီးဒိဗ္ဗကိုယ်တိုင် ရှေ့ဆုံးမှ ဦးဆောင်လာသည်။ သေရည်ကျည်တောက်ကို ကိုင်မြှောက်ရင်း ဒယီးဒယိုင်နှင့် အမူးလွန်နေပုံရသည်။ ကလန်ကြီး ဦးရွှေခဲနှင့် ဇနီးဖြစ်သူ အိုဇုန်းတို့၏တစ်ဦးတည်းသောသမီးလေးဖြစ်သူ အိုကြာမုံအား ကျောင်းလွှတ်ပူဇော်ရန် ခေါ်ဆောင်လာခြင်းဖြစ်သောကြောင့် ကြည်နူးပီတိဖြစ်နေကြသည်။ အိုကြာမုံကား မြို့ဝန်မင်း၏သား ငချစ်မွန်နှင့် မကြာမီ ထိမ်းမြားလက်ဆက်ကြတော့မည် ဖြစ်သည်။

နေ့ကောင်းရက်သာများ ရွေးချယ်၍ သူတို့သမီးငယ် အိုကြာမုံအား ရေချိုး အမွှေးနံ့သာများ လိမ်းခြယ်လှပချောမောရန် ပြင်ဆင်ပေးကြသည်။ ရှင်ကြီးဒိဗ္ဗကိုယ်တိုင် ဦးဆောင်ပြီး နောက်လိုက်နောက်ပါ အရည်းများနှင့် အိုကြာမုံအား လာရောက်ခေါ်ဆောင်ကြသည်။ ယနေ့ညအဖို့ ဂိုဏ်းချုပ်ကြီး စိန္တာမဏိရှိရာ သုံးထပ်နဂါးရုံကျောင်းတိုက်သို့ ပို့ဆောင်ကြမည် ဖြစ်သည်။

ဝေါစင်ပေါ်တွင် လိုက်ပါလာသော အိုကြာမုံမှာ ရင်တဖိုဖိုနှင့် စိုးရိမ်သောက ရောက်နေပေသည်။ တောင်မြောက်လေးပါး ကယ်တင်မည့်သူကို ငေးမျက်နှာလေးနှင့် ရှမ်းရော်မျှော်ကြည့်ရှာသည်။ ပါးပြင်လေးပေါ်တွင် မျက်ရည်စများက တသွင်သွင် စီးကျလာသည်။ သူမနှင့် လက်ထပ်မည့် လောင်းအောင်ငချစ်မွန်လည်း ဘယ်ရောက်လို့ ဘယ်ပျောက်နေသည်မသိ။

မြို့ဝန်မင်းသားဖြစ်သူ ငချစ်မွန်ကိုယ်တိုင်ကလည်း သည်အရေးကို ပြောဆိုခြင်းရမှန်းမသိ၊ အရည်းတို့ဩဇာအာဏာက ထက်မြက်လွန်းသည်။ အရည်းတို့လက်ထဲမှ အိုကြာမုံအား ကယ်တင်မှဖြစ်မည်။ သို့မဟုတ်ပါက

www.burmeseclassic.com

သူချစ်သူ နုနုထွတ်ထွတ်လေးခမျာ မချစ်မနှစ်သက်သော အရည်းရင်ခွင်တွင်း ဆိုးဝါးစွာ စော်ကားခံရပေတော့မည်၊ ဘာပဲဖြစ်ဖြစ်၊ အရည်းတို့လက်ထဲမှ မရ.ရအောင် ဝင်ရောက်ကယ်တင်မည်ဟု စိတ်ဆုံးဖြတ်ထားသည်၊

အိုကြာမုံကား ဆယ်ကျော်သက်ရွယ် ဖူးငုံစ ပန်းငုံကလေးဖြစ်သည်၊ ဖွံ့ဖွံ့ကားကား လှလှပပ ပွင့်ဖို့ အစွမ်းကုန် အားယူနေရှိန်၊ တကယ်ကို ပျိုမျစ်နုနယ် ချစ်စဖွယ် ဖြစ်သည်၊ ဤမျှငယ်ရွယ်နုနယ်သော အိုကြာမုံသည် ကြမ်းတမ်းခက်ထန်သော ဝိုက်းချုပ်ကြီးစိန္တာမဏိရင်ခွင်တွင် ဝပ်စင်းပူဇော်ကာမှု ပြုရမည့်သားကောင် ဖြစ်ရချေသည်၊

ရှင်ကြီးစက္ကသည် ခါးစည်းကြိုးကို စည်းနှောင်ရင်း လေသာပြတင်းမှ စိတ်မရှမ်းမမြေစွာ လှမ်းကြည့်နေမိသည်၊ သမထီးကျောင်းတိုက်တွင် အနေကြာလာခဲ့ပြီး လက်ထောက်အရည်းဆရာ ဖြစ်လာသူအနေနှင့် အရည်းတို့ အကြောင်းကို ကောင်းစွာသိရှိထားပြီးဖြစ်သည်၊ အရည်းများ၌ ကိလေသာ ခေါင်းပါးမှသာ နိဗ္ဗာန်ရောက်ရမည်ဟု ယူဆထားကြသည်၊ ကိလေသာ အာသာရမ္မက် ခေါင်းပါးသွားစေရန် အစွမ်းကုန် အီသွား၊ ဝသွားအောင် စံစားကြသည်၊ ကိလေသာများ ငြီးငွေ့ခေါင်းပါးစေရန် ကာမဂုဏ်ကို ဆတက်ထမ်းပိုး တိုး၍ခံစားကြသည်၊

ဒါယကာ၊ ဒါယိကာမတို့၏ ပါရမီကို တူညီဖြည့်စွမ်းပေးသည့်အနေ သမီးပျိုလေးများကို ပန်းဦးလွှတ်စေခွင့်ပြု၍ ကျောင်းသို့ ပို့ပေးရသည် ကိလေသာ ကာမဂုဏ်များကလည်း ငြီးငွေ့သွားသည်၊ ဝအီသွားသည် ကာမဂုဏ်အာရုံကြောတွင် နစ်မျောသထက် နစ်မျောရင်း အပျိုစင် မိန်းကလေးများ ဖျက်ဆီးခြင်းခံရသည်၊ ဆိုးဝါးသည့် အရည်းအယူဝါဒ ဖြစ် သည်၊

ဆိုးဝါးသော အရည်းကြီးများကို ဖြိုခွင်းတိုက်ထုတ်ရမည်မှာ သူ့တာဝန် ဖြစ်သည်၊ ထီးဘုရားထံမှ အရည်းကြီးများ သုတ်သင်ဖို့ အသေးစိတ် အစီအစဉ် များကိုလည်း ရရှိထားပြီးဖြစ်သည်၊ လက်ထောက်အရည်းဝိုက်းချုပ်ရွေးကောက် ပွဲပြီးသွားပြီးနောက် ရှင်ကြီးယောတသည် ရွှေနန်းရှင် အနော်ရထာ



ဘုရားထံ သတင်းပို့စေပြီး ညွှန်ကြားချက်များ ယူဆောင်လာခဲ့သည်၊ ယနေ့ညပင် အရည်းကြီးတို့ သမထီးစခန်းအား ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် လျှို့ဝှက်အမိန့်သဝဏ်များ ရောက်ရှိလာပြီဖြစ်သည်၊

ယနေ့ညတိုက်ပွဲကား အရေးကြီးလှသည်၊ စစ်ချီစစ်တက်ကြသလို ဆင်တပ်မြင်းတပ်များ ချီကာ အင်အားသုံးပြီး တိုက်ရမည့်တိုက်ပွဲမဟုတ်၊ သမထီးစခန်းအား ပြောက်ကျားစနစ်နှင့် ဝင်ရောက်တိုက်ခိုက်ကြမည်ဖြစ်သည်၊ ည (၁၂)နာရီကျော်သည်နှင့် ဝင်စီးမည်၊ ကိုယ်ရောင်ဖျောက်နေသော ပုဂံစစ်သည်တော်များသည် သမထီးစခန်းအား အထပ်ထပ်ပိတ်ဆို့ဝန်းရံထားလိုက်ကြသည်၊

ဘုရင့်တပ်သားများ ဝင်ရောက်လာနိုင်ရန် လမ်းကြောင်းများ ရှင်းပေးရမည်၊ ရှင်ကြီးယောတနှင့် ရှင်ကြီးနာဂိန္ဒတို့သည်လည်း တာဝန်ကျရာ ဂိတ်ပေါက်များ ဖွင့်ပေးဖို့ ထွက်ခွာသွားကြသည်၊ တိုက်တိုက်ဆိုင်ဆိုင် ယနေ့ည ပန်းဦးလွှတ်ပူဇော်ပွဲကလည်း ရှိနေသည်၊

ထမ်းစင်ပေါ်တွင် လိုက်ပါလာသော အိုကြာမုံလေးအား ရှင်ကြီးစက္ကမြင်တွေ့လိုက်ရသည်၊ ငုံစဖူးစ တင့်တယ်ပျိုမျစ်လှပသောမိန်းမချောလေးတစ်ဦး ဖြစ်သည်၊ သူမအသက်အရွယ်နှင့်စာလျှင် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုက ပိုပြီးဖွံ့ထွား ရှင့်ကားနေပုံရသည်၊ အိုကြာမုံ၏ ရှိက်ကြီးဖိုငယ် အသွယ်သွယ်သော အလှအပတို့အား မြို့ဝန်မင်းသား ချေစ်မွန် ရင်ခုန်စွဲမက်လောက်သည်မှာလည်း မက်လောက်အောင် လှလွန်းပေသည်၊

တောက်ပသောမျက်လုံး၊ ဖြောင့်စင်းသောနှာတံ၊ နှင်းဆီပွင့်ဖတ်ရောင် နှုတ်ခမ်းမို့အစုံ၊ နီတွေးစိုရွှန်းသော နှုတ်ခမ်းလေးက အိုကြာမုံ၏အလှကို အထင်းသားပေါ်လွင်စေသည်၊ ကိုယ်ဟန်အချိုးအဆစ်အပေါက်ကလည်း ဖွံ့ထွားကြွတင်းရင်းနေသည်၊ မျက်လုံးအိမ်တွင် မျက်ရည်စများ သီသီဝေ့လျက် ထိတ်သောက ရောက်နေပေသည်၊

ဖြစ်နိုင်လျှင် ဒီည အရည်းသုတ်သင်ပွဲနှင့်အတူ အိုကြာမုံအား ပန်းဦးလွှတ်ပူဇော်ပွဲမှ လွတ်မြောက်ရန် ကယ်တင်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

အရည်းဒိဗ္ဗဦးဆောင်သောပန်းဦးကြိုအဖွဲ့တော်သားများသည်နဂါးရုံကျောင်းတိုက်ရှေ့တွင်ရပ်လိုက်ကြသည်၊ အိုကြာမုံအားဝေါစင်ပေါ်မှဆင်းသက်စေပြီးကာလန်ကြီးဦးရွှေခဲ၊ ဖနီးဖြစ်သူအိုဖုန်းတို့နှင့်အတူဂိုဏ်းချုပ်ကြီးစိန္တာမဏိရှိရာခန်းမဆောင်သို့ ဝင်ရောက်သွားကြသည်၊

═ ═

"အဖူးအမြော် ရောက်ပါဘိ – ရှင်ကြီးသခင်"

တင်လျှောက်သံနှင့်အတူ ကာလန်ကြီး ဦးရွှေခဲ၊ ဖနီးသည် အိုဖုန်း၊ အိုကြာမုံနှင့် နောက်လိုက်နောက်ပါများသည် ဂိုဏ်းချုပ်အရည်းဆရာကြီးအားမော်ဖူးလိုက်ကြသည်၊ လိုက်ပါပို့ဆောင်သော အရည်းဖျို(အရည်းဆရာငယ်များ)ထံ မျက်စိကစားကာ တစ်ချက်ချေကြည့်လိုက်သည်၊

"ရော – ကာလန်ကြီး – လာလင့်၊ ရှင်ကြီးတို့လည်း တာဝန်ကျေပြီတော၊ အချိန်ကာလ သမယကလည်း ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပါစုံ၊ ပန်းဦးလွှတ်ပွဲမင်္ဂလာအခါတော် စရတော့မယ်ပ"

ဂိုဏ်းချုပ်ဆရာကြီး စိန္တာမဏိအား ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်ကြသည်၊ သူ၏အမိန့်ဩဇာကိုလည်း မည်သူတစ်ဦးတစ်ယောက်မှ ဆန့်ကျင်ပယ်လှန်ဝံ့သူမရှိ၊ ထိုစဉ်မှာပင် ကျောင်းအောက်ဘက်ဆီမှ အော်ဟစ်ကျိန်းမောင်းသံများ၊ ဆူညံပြေးလွှားသံများ ဝုန်းဒိုင်းကြဲနေသည်ကို ကြားမိလိုက်ကြသည်၊ ပသို့ အခင်းဖြစ်ချေပြီမသိ၊

လက်ထောက်ဆရာ ရှင်ကြီးစက္ကသည် လျှင်မြန်ဖျတ်လတ်စွာ လှုပ်ရှားတတ်သည့်အကျင့် ရနေသည့်အတိုင်း လုစ်ခနဲ အခင်းဖြစ်ရာသို့ရောက်လာသည်၊ သို့သော် နောက်ကျသွားပေပြီ၊ မြို့ဝန်မင်း၏သားဖြစ်သူ သတို့သားလောင်း ငချစ်မွန်၏ရင်ဝတွင် လှံတန်းလန်း စူးဝင်လဲကျ သေဆုံးနေသည်၊ လှံချက်ကြောင့်ရင်ဝတစ်ခုလုံး သွေးများစိုရွှဲနေသည်၊ အံကိုတင်းတင်းကြိတ်လျက် သူ့လက်နှစ်ဖက်တွင် ဓားနှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်၊ ဘေးတွင် လဲကျသေဆုံးနေသော အရည်းသုံးပါးကလည်း မြင်မကောင်းအောင် ဓားချက်များစွာ ခုတ်မိထားသည်၊



အိုကြာမုံအား ပန်းဦးလွှတ်ခြင်း မပြုနိုင်ရန် မိုက်မိုက်မဲမဲ အရည်းအုပ်စုထဲသို့ ဝင်လာခြင်း ဖြစ်သည်၊ အချစ်အတွက် အသက်သေ စတေးခံသွားရှာသည်၊

"ပသို့ဖြစ်တာပ – ရှင်ကြီးဒိဗ္ဗ"

"သတို့သားလောင်း ငချစ်မွန် – ဓားနှစ်လက်ကိုင်ပြီး ရှင်ကြီးတွေကို ခုတ်ပါပကော၊ ပန်းဦးလွှတ်မယ့် အိုကြာမုံကို ယူငင်ခေါ်ဆောင်ရန် လာရောက်ခြင်းပ၊ ကျုပ်သာ လှံတံနှင့်ပစ်ပြီး မဆုံးမရင် ရှင်ကြီးတွေ သောက်သောက်လဲ ကျဆုံးပြီတကား၊ သဟာကြောင့် ဆုံးမလိုက်ရပ – လက်ထောက်ဆရာကြီး"

အနီးသို့ကပ်လာသော
ရှင်ကြီးစိန္တာမဏိရင်ထဲတွင်
မီးထတောက်လုမတတ် ကာမရမ္မက်လှိုင်းများနှင့် အသက်ရှူသံသည်
တာဆိုမီးဆွဲလိုက်သကဲ့သို့ ရှူးရှဲ ရှူးရှဲသံများ
ကျယ်လောင်စွာ ကြားနေရသည်။
ရှင်ကြီးစိန္တာမဏိသည် မလုံ့တလုံ့
ရစ်ပတ်ထားသော တင်းတိမ်စအား
ဆွဲဝယ်ရင်း ပခုံးလေးကို ခပ်ဖွဖွ ကိုင်လိုက်
သည်။ အိုကြာမုံ၏ပခုံးသားလေးမှာ
တင်းမွတ်ပြီး ယမင်းရုပ် ကလေးကဲ့သို့
ချောမောလှပေသည်။



www.burmeseclassic.com

ရှင်ကြီးဒိဗ္ဗက ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပြောလိုက်သည်။ ချေစ်မွန်ကား သွေးအိုင်ထဲတွင် အသက်ပျောက်နေပေပြီ။

"ဩ - ရှုပ်ရှုပ်ဆန်းဆန်း ရှိပြီကော။ သင်းဟာ သာသနာ့ရန်သူဖြစ်ပါစုံ။ ကောင်းလေစွ - မြို့ဝန်မင်းထံအမြန်အကြောင်းကြား၊ အလောင်းလာကောက်ခေ၊ အူဆုံးသွားတဲ့ရှင်ကြီးတွေကိုလည်း အမြန်ဆုံး သယ်ယူသွားကြ။ ငြိမ်သက်ကြဘိ။ ရှင်ကြီးတို့ ကိုယ့်တာဝန် ကိုယ်ယူကြပါကော"

ပန်းဦးလွှတ်ပို့ဆောင်ကြသူများမှာ ထိတ်ထိတ်ပျာပျာ ရုတ်ရုတ်သဲသဲ ဖြစ်သွား၍ ရှင်ကြီးစက္ကက ငြိမ်သက်သွားစေရန် ထိန်းသိမ်းလိုက်သည်။ ကလန်ကြီးဦးရွှေခဲနှင့်ဒကာ၊ ဒကာမများသည်လည်း အခြားလှူဖွယ်ပစ္စည်းများနှင့်အတူ လှပစွာပြင်ဆင်ခြယ်သထားသော အိုကြာမုံအား ကောင်းချီးဩဘာပြုကြပြီး နဂါးရုံကျောင်းတိုက်ကြီးတွင် ထားခဲ့ကာ ပြန်သွားကြသည်။ နောက်တစ်နေ့မနက်ရောက်မှ နဂါးရုံကျောင်းတိုက်မုခ်ဦးရှေ့တွင် ပေါင်းလှည်းဖြင့် လာရောက်ကြိုငံ့ရမည်။ စန္ဒကူးနံ့သာ ပန်းပေါင်းဆီတို့နှင့် သုတ်လိမ်းမွှေးသင်းလျက် မေ့မြောနေသည့် အိုကြာမုံအား အခမ်းအနားနှင့် ပေးအပ်ကြမည် ဖြစ်သည်။

နဂါးရုံကျောင်းတိုက်ကြီး၏ ဂိုဏ်းချုပ်အရည်း စိန္တာမဏိကျိန်းစက်ရာခန်းမဆောင်အတွင်း၌ကား အမွှေးနံ့သာများမှ လွင့်ပျံ့လာသော နံ့သာရနံ့တို့သည် ထုံအိမွှေးပျံ့စွာဖြင့် ကာမဂုဏ်အာရုံကြွလာရန် ထုံသင်းလျက် ရှိသည်။ စိန်ရောင်၊ ကျောက်မျက်ရွဲရောင်၊ မြရောင်တို့ဖြင့် ပြိုးပြိုးပြက်ပြက် တဖိတ်ဖိတ် တပြောင်ပြောင် တောက်ပနေသော ရှင်ကြီးစိန္တာမဏိသလွန်ထက်ပေါ်တွင် အိုကြာမုံသည် ခန္ဓာကိုယ်တစ်ခုလုံး နတ်ပူးသကဲ့သို့ တုန်လှုပ်လျက်ရှိသည်။

အနီး၌ အိုကြာမုံ၏ခေါင်းရင်းတွင် ပါရင်စည်း၊ ရင်ဖုံး၊ ထမီ၊ ပေါင်ကာ၊ တင်အုပ် အစရှိသော မိန်းမတ်ဆာများကား တစ်လွှာချင်း ချွတ်ယူ စုပုံထားသည်။



အိုကြာမုံသည် တင်းတိမ်အနီစလေးအား မလုံတလုံ ဖုံးကွယ်ရစ်ပတ်ထားသည်။

ရှင်ကြီးစိန္တာမဏိသည် အိုကြာမုံအနီးသို့ တရွေ့ရွေ့ချဉ်းကပ်လာသည်။ အိုကြာမုံကိုယ်မှ စန္ဒကူးနံ့သာ ထုံလွှမ်းလျက် သင်းပျံ့လာသည်။ အသက်ခြောက်ဆယ်ကျော်ပြီဖြစ်သော ရှင်ကြီးစိန္တာမဏိသည် ဆယ့်ခြောက်နှစ်ရွယ် အိုကြာမုံနှင့် မေထုန်မှုပြုရသည်ရှိသော် မိမိတို့အရည်းကြီးများ စီရင်ထားသည့် ကာမယနကျမ်းအတိုင်း နပျိုသောဓာတ်ကိုရ၍ အသက်များစွာ ရှည်သွားဲ့ဟု အလွန်ဝမ်းသာကြည်နူးလျက် ရှိပေသည်။

အနီးသို့ကပ်လာသော ရှင်ကြီးစိန္တာမဏိရင်ထဲတွင် မီးထတောက်လုသတ် ကာမရမ္မက်လှိုင်းများနှင့် အသက်ရှူသံသည် ဖားဖိုမီးဆွဲလိုက်သကဲ့သို့ ရှဲရှဲရှူးရှူးသံများ ကျယ်လောင်စွာ ကြားနေရသည်။ ရှင်ကြီးစိန္တာမဏိသည် လုံ့တလုံ့ ရစ်ပတ်ထားသော တင်းတိမ်စအား ဆွဲဖယ်ရင်း ပခုံးလေးကို ခပ်ဖွဖွ ကိုင်လိုက်သည်။ အိုကြာမုံ၏ပခုံးသားလေးမှာ ဝင်းမွတ်ပြီး ယမင်းရုပ်လေးကဲ့သို့ ချောမောလှပေသည်။

ကြေးကလပ်ပေါ်တွင် ထွန်းထားသော ဖယောင်းတိုင်အလင်းရောင်က မှိန်ဖျော့ဖျော့ ထွန်းလင်းလျက် ရှိသည်။ အိုကြာမုံအား ပွေ့ဖက်ပွတ်သပ်ရင်း စိမ့်စိမ့် ကြည့်ရှုလျက်ရှိသည်။ အိုကြာမုံသည် နက်မှောင်သောဆံနွယ်များကို ထုံးကျစ်လျက် ဆံထုံးပုံ ပုံ့ထိုးထားသည်။ မကျဉ်းလွန်း၊ မကျယ်လွန်းသော နဖူး၊ မည်းနက်သောမျက်ခုံး၊ အဖျားလေးများ ကော့နေသော မျက်တောင်လေးများ ဝိုင်းစက်ကြည်လင်သောမျက်ဝန်း၊ နှာတံပေါ်ပေါ်လေးနှင့် နှုတ်ခမ်းများ ဖြူဖြူနုနုလေးမှာ အနည်းငယ် ချွန်းသယောင် ထင်ရ သည်။

လေးကိုင်းသဏ္ဍာန်နှုတ်ခမ်းစုံက နီရဲလျက်တဆတ်ဆတ်တုန်နေသည်။ ပြုံးသယောင်ယောင်နှင့် မျက်နှာသွယ်သော အနေအထားသည် လိုက်ဖက်သောမေးချွန်ချွန်လေးနှင့် တစ်မျိုးလှပေသည်။ သွယ်၍တုတ်ခိုင်သော လည်တိုင်၊ လုံးဝန်းပြေပြစ်သောပခုံးသားလေးများသည် မှိန်ဖျော့သော ဖယောင်းတိုင်အောက်တွင် အရောင်တလက်လက် ထွက်နေသကဲ့သို့ ထင်ရ



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ပြေလျော့သော ဝမ်းဗျဉ်းသားလေးနှင့် သွယ်ကျစ်နွဲ့နေသောခါး၊ လုံးဝန်းသောတင်သား ဘုတ်နိုင်ရှည်လျားသော ပေါင်တံအစုံ၊ အို - တစ်ကိုယ်လုံး အနှံ့အခေါက် အရိုက်အဝန်းတွေနှင့်၊ အရွယ်နှင့်မလိုက်အောင် ဖွံ့ထွားပြည့်တင်းလွန်းလှတဲ့ အိုကြာမုံလေးပါတကား။

“ဒကာမလေး - ဘာမှစိုးရိမ်ထိတ်လန့်ကြောက်ရွံ့ခြင်း မဖြစ်ပါစေနဲ့၊ ဒကာမလေးရဲ့ကိုယ်တွင်းအလှကို ပူဇော်ရခြင်းဟာ လွန်စွာမှမြင့်မြတ်ပါဘိ၊ ဒကာမလေးကို နတ်ဘုံနတ်နန်းခေါ်သွားမည်ပ၊ စိတ်ကို တင်းမထားပါဘိ၊ စိတ်လွတ်ကိုယ်လွတ် ပဖာမှစဉ်းစားမနေနဲ့တော့၊ မြင့်မြတ်ခြင်းသုခ ခံစားရပေဗွ”

အိုကြာမုံမှာလည်း မျက်စိများ ပြာဝေလျက် ခေါင်းတစ်ခုလုံး ဆူပွက်လောင်မြိုက်လျက် ရှိသည်၊ စိတ်ကို တင်းထားသည်၊ ရှင်ကြီးစိန္တာမဏိသည် သူမအား စပါးကြီးမြွေတစ်ကောင် ညှို့ယူလိမ်ပတ်ထားသကဲ့သို့ တင်းကျပ်စွာ ဖက်ထားသည်၊ နုပျိုသော သူမပါးပြင်ပေါ်တွင် အရည်းနှာခေါင်းကြီးကပ်ကျလာသည်၊ အိုကြာမုံ အာရုံတွင် ရင်ဝ လုံတန်းလန်းနှင့် အသက်စွန့်သွားသော သတ္တိုသားလောင်း ချေစ်မွှန်ကို မြင်လာမိသည်၊ ကြောက်ရွံ့ရက်ရွံ့စိတ်များ လွင့်စဉ်သွားသည်၊ ခံပြင်းမှု မကျေမနပ်စိတ်များက ပေါက်ကွဲထွက်လာသည်၊

ကျောက်စီရွှေချသလွန်နှင့်ကပ်လျက် စားပွဲပေါ်တွင် အမှတ်မထင် ဓားမြှောင်တစ်လက်ကို လှမ်းမြင်မိလိုက်သည်၊ သူမနှင့် လက်တစ်ကမ်းသာရှိသည်၊ အိုကြာမုံသည် စားပွဲပေါ်မှ ဓားမြှောင်အား လျင်မြန်စွာ ကောက်ယူပြီး ရှင်ကြီးစိန္တာမဏိ၏လက်ယာဘက်ပခုံးအား ထိုးစိုက်ချလိုက်သည်၊

“အား ...”

ထိတ်လန့်စွာ အော်ဟစ်ရင်း ရှင်ကြီးစိန္တာမဏိသည် ကျောက်စီသလွန်ထက်မှ လိမ့်ကျသွားလေသည်၊

— ✱ —

“လက်ထောက်ရှင်ကြီးစက္ကူ - ဂိုဏ်းချုပ်ကြီးက အခေါ်လွှတ်ပ”

အရည်းငယ်တစ်ယောက်က မချိုမချဉ်မျက်နှာနှင့် လာပြောသည်။



“နောင် - နောင် - နောင်”

မင်္ဂလာခန်းမဆောင်ဆီမှ ကြေးမောင်းအချက်ပေးသံများ ပေါ်ထွက်လာသည်၊ အရေးတော်ပေါ် ပဖာအခင်း ဖြစ်ပါဘိ၊ ည (၁၂)နာရီထိုးရန်လည်း နီးကပ်လာပြီဖြစ်သည်၊ မကြာခင် ပုဂံစစ်သည်တော်များသည် အလုံးအရင်းနှင့် သမထီးစခန်းအား ဖြိုခွဲတိုက်ခိုက်ပေတော့မည်၊ ကြေးမောင်းသံ သုံးချက်သည် လက်ထောက်အရည်းဆရာအား ဆင့်ခေါ်အချက်ပေးသံ ဖြစ်သည်၊

ရှင်ကြီးစက္ကူသည် အတုမဲ့ကျောင်းတိုက်မှ လျင်မြန်စွာ ပြေးထွက်ခဲ့သည်၊ သပ်ခုံကျောင်းတိုက်လှေကားများကို ခုန်လွှားတက်ခဲ့ပြီး မင်္ဂလာခန်းမဆောင်သို့ ဝင်ရောက်လိုက်သည်၊ ကျောက်စီသလွန်နှင့် မလှမ်းမကမ်းတွင် ရှင်ကြီးစိန္တာမဏိသည် လက်ယာဘက်ပခုံးအား ဖိအုပ်ထားသည်၊

“ပသို့ အခင်းကြုံရပါဘိ - ဆရာသခင်”

ရှင်ကြီးစိန္တာမဏိသည် ဒေါသအမျက်ထွက်နေပုံရသည်၊

“သင်းဟာ - ဒီကနေ့အတွက် ဒုတိယမြောက် သာသနာ့ရန်သူဖြစ်သွားပြီ - ရှင်ကြီး”

ဖိအုပ်ထားသောလက်မောင်းမှသွေးစိမ်းရှင်ရှင်များ ယိုစီးကျနေသည်ကို ထင်ရှားစွာမြင်တွေ့လိုက်ရသည်၊ ရှင်ကြီးစိန္တာမဏိသည် လက်မောင်းမှဒဏ်ရာအား လုံးဝဂရုမစိုက်လေဟန် ခန်းခန်နဲ့ ရယ်မောရင်း -

“သင်းရဲ့သတ္တိက မခေလှပါသကော၊ ငါလိုဂိုဏ်းချုပ်ရှင်ကြီးကိုပင် အံတုပြိုင်ပါစေ့ - ရှိစေတော့၊ ကနေ့ညမှာတော့ ကျုပ်ရဲ့ကိုယ်စား လက်ထောက်အရည်းဆရာပဲ ပန်းဦးလွှတ်ပေဘိ၊ လောကီပညာရပ်တွေ ထူးချွန်ပြီး လက်ထောက်အရည်းဆရာဖြစ်လာတဲ့ရှင်ကြီးကို ကျုပ် အကောင်းဆုံးဆု ချီးမြှင့်ပါပေပ၊ ရှင်ကြီးဆရာ - မိန်းမတို့နဲ့စမ်းအပ်သလော၊ ယောက်ျားတို့၏ အချင်းအရည်သည် မျိုးဆက်သစ်တို့ကို ကျွမ်းပွံ့ထွန်းကားစေသည် မဟုတ်ပါလော”

ရှင်ကြီးစိန္တာမဏိသည် မြှက်ဆိုရင်း ကျောက်စီသလွန်အောက်တွင် ကျနေသော ဓားမြှောင်အား ကောက်ယူလိုက်သည်၊ သွေးစသွေးနများ စွန်းကျံနေ



www.burmeseclassic.com

www.burmeseclassic.com

သော ဓားမြှောင်အား ကိုယ်ရုံနက်ပြာနှင့် သုတ်လိုက်သည်၊ ထို့နောက်တွင် အိုကြာမုံထိုင်နေသော ကျောက်စီသလွန်ထက်ဆီသို့ "ဝိုး" ခနဲ ပစ်လွှတ်လိုက်လေသည်။

လျှပ်တစ်ပြက်မျှသောအချိန်အတွင်းမှာပင် ဓားမြှောင်သည် အိုကြာမုံရှိရာသို့ တန်းတန်းမတ်မတ် ပြေးဝင်သွားပြီး ကျောက်စီသလွန်ခပန်းတွင် ဒေါက်ခနဲ စိုက်ဝင်သွားသည်၊ အိုကြာမုံသည် စိုက်ဝင်နေသော ဓားမြှောင်ကို လှမ်းယူလိုက်စဉ်မှာပင် ရှင်ကြီးစက္ကသည် လွှားခနဲ ခုန်ဝင်သွားပြီး သူမထက် အလျင်ဦးစွာ နုတ်ယူလိုက်သည်။

"ရော - တော်ပါပေတယ် - ရှင်ကြီး၊ သဟာကြောင့်လည်း ရှင်ကြီးဟာ လက်ထောက်အရည်းဆရာနေရာနဲ့ ထိုက်တန်ခြင်းသာပ၊ စေတနာပြည့် ပြည့်၊ သဒ္ဓါရှိရှိ အလွန်မွန်မြတ်တဲ့ ကိုယ်တွင်းအလှူပန်းဦးလွှတ်ပေရပုံ"

ရှင်ကြီးစိန္တာမဏိသည် မင်္ဂလာခန်းမဆောင်မှ ထွက်ခွာသွားသည်၊ ရှင်ကြီးစက္ကနှင့် အိုကြာမုံတို့နှစ်ဦးသာ ရှိနေပေသည်၊

"ရှေ့ကို တိုးမလာနဲ့ပ၊ အတို့ကျွန် အသက်ချင်း လဲပစ်လိုက်မည်ကော"

"ရော - ခက်ချေပြီ၊ လုံမပျို - ဒီအချိန်မှာ ကျုပ်ဟာ အရည်းမဟုတ်၊ ပုဂံကာလနှစ်စစ်သား၊ ထီးဘုရားရဲ့ ငယ်ကျွန်တော်များ ဖြစ်တာကို ရှင်းပြလည်း ယုံနိုင်မည် မဟုတ်တာပ၊ လုံမပျို ပဇာမှ မစိုးရိမ်လင့်၊ အရည်းအစစ် မဟုတ်ပြီကော၊ လုံမပျိုအဝတ်အစားများ အမြန်ဝတ်ပါဘိ၊ အချိန်မရှိပြီကော မကြာခင် ပုဂံစစ်သည်တော်များ ဝင်စီးတိုက်ခိုက်ပါစို့"

အိုကြာမုံသည် ရှင်ကြီးစက္ကအား မယုံဝံ့ မယုံရဲ လှမ်းကြည့်ရင်း အဝတ်တန်ဆာများ အမြန်ဝတ်ဆင်လိုက်သည်၊ ထိုအချိန့်တွင် ဓားသံ၊ လှံသံ၊ မြားပစ်သံများ၊ အော်ဟစ်သံများဆူညံလာသည်၊ သမထီးကျောင်းတိုက်များအား ပုဂံစစ်သည်တော်များ ဝင်ရောက်စီးနင်းတိုက်ခိုက်နေပြီဖြစ်သည်၊ ရှင်ကြီးစက္ကသည် အိုကြာမုံလက်အား ဆွဲခေါ်ရင်း နဂါးရုံကျောင်းတိုက်ပေါ်မှ အပြေးဆင်းလာခဲ့သည်၊

ပုဂံစစ်သည်တော်များသည် ညာသံပေးရင်း တိုက်ခိုက်လျက် ရှိသည်၊

"အရည်းယုတ်မာတွေကို သုတ်သင်ကြ"



"သာသနာအတုအယောင်တွေ ရှင်းပစ်ကြ"

ပုဂံစစ်သည်တော်များနှင့် အရည်းဂိုဏ်းသားများ တိုက်ခိုက်ကြသည်မှာ ကြောက်ခမန်းလိလိဖြစ်သည်၊ အထိုးအခုတ် အတိုက်အခိုက် ကျွမ်းကျင်သော အရည်းများအား လွယ်လင့်တကူ နှိမ်နင်းရသည်တော့ မဟုတ်ပေ၊ ဓားသံ တချွင်ချွင်၊ လှံရောင် တပြောင်ပြောင်နှင့် ပုဂံစစ်သည်များကလည်း အားချွန်ထက်မြက်လှသည်၊ ဝတ်ရုံပြာကြီးများ ဝတ်ဆင်ထားသော အရည်းအလောင်းများကား မြင်မကောင်းအောင် စုထပ်ပုံ ကျဆုံးကုန်ကြသည်၊

လက်ထောက်အရည်းဆရာကြီးအဖြစ် ဟန်ဆောင်ထားသော တပ်မှူး ငယ်သီဟသူရသည် နက်ပြာရောင်ကိုယ်ရုံထည်ကြီးအား ခွာချလိုက်သည်၊ အတွင်းခံဝတ်ဆင်ထားသော စစ်ဝတ်စုံများကကြွားရွားပေါ်လွင်လာသည်၊ တိုက်ခိုက်နေသော သမထီးအရည်းကြီးများသည် အသွင်ပြောင်းသွားသော ရှင်ကြီးစက္ကအားမြင်တွေ့ရသောအခါ အံ့ဩတုန်လှုပ်ကုန်ကြသည်၊ သူတို့၏ လက်ထောက်ဆရာကြီး ရှင်ကြီးစက္က မဟုတ်၊ ပုဂံစစ်သည်တော် တပ်မှူး ငယ်ဦး၊ သူတို့အသက်ကို ဇိဝိန်ချွေမည့်ရန်သူစစ်စစ် ဖြစ်ချေပြီ၊

တပ်မှူးငယ် သူရသီဟသည် ဝတ်ရုံပြာ၊ ဝတ်ရုံညို ဝတ်ဆင်ထားသော သမထီးအရည်းများကို တစ်ယောက်ပြီးတစ်ယောက် ထိုးခုတ်တိုက်ခိုက်နေသဖြင့် လက်မောင်းများပင် အောင့်လာသည်၊ ချွေးစေးများ ပျံလာသလို မောဟိုက်လာသည်၊ ဆူဆူညံညံ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသော တိုက်ပွဲထဲတွင် အိုကြာမုံတစ်ယောက် ဘယ်ရောက်သွားပြီမသိ၊ ဘေးကင်းရာရောက်မှ ဖြစ်သည်၊ အိုကြာမုံအတွက် စိုးရိမ်သွားသည်၊ ပန်းဦးလွှတ်ခင် အပျိုရည် မဖျက်ဆီးခင် လွတ်မြောက်လာသောမိန်းကလေး ဖြစ်သည်၊

သီဟသူရရှေ့မှောက်သို့ လွှားခနဲ အရည်းကြီးတစ်ယောက် ခုန်ပျံ ဝင်ရောက်လာသည်၊ ပညာအဆင့်သေးသူမဟုတ်၊ မီးဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် ကြည့်လိုက်သည်၊

"ဘယ်သူများဖြစ်ပ၊ လက်စသတ်တော့ - ရှင်ကြီးယောင်ဆောင်ထားတဲ့ သူများလေးပါကလား၊ ဟန်ကျလိုက်ပါဘိ - မကျေပွဲလေးနွှဲလိုက်ကြရအောင်"

www.burmeseclassic.com

ရှင်ကြီးဒိဗ္ဗသည် အားပါးတရကြုံးဝါးရင်း တပ်မှူးငယ် သီဟသူရ၏လည်ပင်းနေရာလောက်ဆီ မှန်းဆကာ အားရှိပါးရှိ ခုတ်ပိုင်းချလိုက်သည်၊

"ချွင် ..."

ဓားသွားချင်း ထိခတ်သံက ချွင်ခနဲ ထွက်ပေါ်လာပြီး မီးပွားများ လွင့်စဉ်သွားသည်၊ အရှိန်နှင့်ဝင်လာသော ဓားချက်အား ကာလိုက်ခြင်းကြောင့် ဓားချင်းသာ ထိခတ်သွားခြင်း ဖြစ်သည်၊ နှစ်ဦးသား ဘတစ်ပြန် ကျား တစ်ပြန် အလစ်မပေးဘဲ တိုက်နိုက်ကြသည်၊ ပညာရည်ပြည့်မီသောသူများ ဖြစ်၍ တစ်ဦးအကွက်ကို တစ်ဦးကသိပြီး လက်ရည်တူ ပြင်နေကြသည်၊ တပ်မှူးငယ်လေးသည် ရှင်ကြီးဒိဗ္ဗ၏မှားကွက်ကို စောင့်ကြည့်နေပါသည်၊

သီဟသူရသည် လကျ်ာခြေဖနောင့်ကို ဆုံလည်ပြုကာ လက်ဝဲခြေဝိုက်၍ လှည့်သည်၊ လက်ဝဲလက်ကဓားအိမ်ဖြင့် ရှင်ကြီးဒိဗ္ဗ ဓားကိုင်ထားသော လက်ကို ရိုက်ပုတ်ထုတ်လိုက်ပြီး လကျ်ာလက်ကဓားနောင့်နှင့် ချိုစောင်းကို ရိုက်ချလိုက်သည်၊ ရှေ့သို့ စိုက်ကျလာသော ရှင်ကြီးဒိဗ္ဗဗိုက်ထဲသို့ သီဟသူရ ဓားဦးက တန်းတန်းမတ်မတ် ထိုးစိုက်ဝင်သွားပေသည်၊ ရှင်ကြီးဒိဗ္ဗသည် အသံနက်ကြီးဖြင့် အော်ဟစ်ရင်း မြေပြင်ပေါ် လဲကျသွားသည်၊

"မောင်ကြီး"

ခေါ်သံကြား၍ တပ်မှူးလေး လှည့်ကြည့်လိုက်ရာ သူ့ကိုယ်တိုင် မင်္ဂလာခန်းမဆောင်ထဲမှ ခေါ်ထုတ်ကယ်တင်ပေးလိုက်ရသည့် အိုကြာမုံ ဖြစ်နေသည်၊ တပ်မှူးလေးရှိရာသို့အပြေးဝင်လာသည်၊ ထိုအချိန်တွင်နဂါးရုံကျောင်းတိုက်အပေါ်ဆုံးထပ်လေသာဆောင်မှနေ၍ ဂိုဏ်းချုပ်ကြီးစိန္တာမဏိပစ်လွှတ်လိုက်သော ဓားမြှောင်ပျံတစ်လက်သည် တပ်မှူးလေးဆီသို့ တန်းတန်းမတ်မတ် ဝင်လာသည်၊

အခြေအနေကို သတိထားမိပ်မိသော သီဟသူရက အော်ဟစ်သတိပေးလိုက်သည်၊

"အိုကြာမုံ - သတိထား"



စိုးရိမ်တကြီး လှမ်းသတိပေးသော်လည်း လေထုဖောက်ထွင်းဝင်လာသော လျင်မြန်သည့်ဓားမြှောင်သည် အိုကြာမုံကျောပြင်ပေါ်သို့ တိုက်ရိုက်ဆံမှန် စိုက်ဝင်သွားသည်၊

"အား ..."

အော်ဟစ်သံနှင့်အတူ အပြေးဝင်လာသော အိုကြာမုံအား သီဟသူရ ... ကြိုပွေ့ဖက်ထားမိလိုက်သည်၊

"အိုကြာမုံ - အိုကြာမုံ - ဖြစ်မှ ဖြစ်ရလေ - လုံမပျိုလေးရယ်"

ယူကြုံးမရဖြစ်လျက် မရှိတင်ကဲ ဖြစ်သွားရသည်၊

"မောင် - မောင်ကြီးက ပုဂံစစ်သည်တော်တပ်မှူးဖြစ်ကြောင်း မှတ်ပိုက်... ဘာက်တာပ၊ အတို့ကျွန် ကလန်စစ်သားအပေါ် သံသယရှိခဲ့နီးတယ်၊ ... - လွှတ် - ပ - မောင်ကြီးရယ်"

ရင်ခုန်မောပန်းနေသည့်ကြားက အိုကြာမုံသည် မျက်ရည်များ တသွင် ... ကျပြီး တောင်းပန်စကား ဆိုရှာလျက်ရှိသည်၊ တပ်မှူးလေး သီဟသူရသည် ကလန်စစ်သားကြီးဖြစ်သည့်တိုင် ခကြကွဲဖွယ်အဖြစ်သနစ်ကြောင့် ... နည်းနာကျင်လာရသည်၊ အိုကြာမုံအား တင်းကြပ်စွာ ပွေ့ဖက်ထားမိ ... သည်၊

"တပ်မှူး - သတိထားပါဘိ၊ အသက်မရှိတော့တဲ့လုံမပျိုလေးကို စွန့် ... လိုက်ပါစို့၊ သမထီးအရည်းကြီးသုတ်သင်ပွဲကြီး ပြီးဆုံးသွားပါပြီကော"

... ရှင်ကြီးယောင်ဆောင်ထားသော ငစွန်သင်နှင့် ငစွာတေးတို့ အနား ... လာကြပြီး သတိပေးပြောဆိုလိုက်သည်၊ အရည်းသုတ်သင်ရေးတိုက် ... အရည်းဂိုဏ်းချုပ်လက်ချက်ဖြင့် သေဆုံးသွားသောအိုကြာမုံအလောင်း ... ဆောင်ပြီး မြေမြှုပ်သင်္ဂြိုဟ်ရသည်၊ အရည်းကြီးများစွာ ကျဆုံးသွားပြီး ... အသက်ရှင်ကျန်ရစ်သူများမှာ ထီးဘုရားထံတွင် အညံ့ခံကြရသည်၊ ... နော်ရထာကလည်း အရည်းကြီးများကို ဝတ်ရုံချွတ်၊ လူဝတ်လဲစေကာ ... မောင်း၊ လုံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံးအလုပ်များ လုပ်နိုင်းစေ ... သည်၊

www.burmeseclassic.com


ဘုရားကျောင်းတိုက်ဗိမာန်များ ပြိုကွဲသွားပြီးနောက် အရှင်ဓမ္မဒသီ ကိုယ်တော်မြတ်၏ ဗုဒ္ဓသာသနာများ ပွင့်လင်းထွန်းကားလာခဲ့ပေတော့သည်၊

နန်းကြော့သျှင်


## စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း

www.burmeseclassic.com

## အန္တရာယ်ကြီးမားသော
## ဝက်ခ်ါးပတ်ကျားနှင့် လုံဂိုင်မုဆိုးတို့
## ရင်ဆိုင်ရသောအခါ ..

BURMESE CLASSIC .com

**ထေနတ်** လက်နက် စသည့် ယမ်းဖြင့် ပစ်ခတ်ရသော ခေတ်
လက်နက်များ မပေါ်ပေါက်ခင်က လူသားတို့သည် သားရဲတိရစ္ဆာန်များ
မား၊ လှံ စသည့် အနီးကပ်လက်နက်များဖြင့်ပင် ထိုးခုတ်နှိမ်နင်းခဲ့ရပါသည်
သေနတ်လက်နက်များ ပေါ်ပေါက်သော်လည်း မြို့နှင့် အလှမ်းဝေးသော
ကျေးရွာများ၊ သို့တည်းမဟုတ် ... ဈေးကြီးသော ခေတ်မီလက်နက်များ
ဝယ်ယူ မကိုင်တွယ်နိုင်သော ကျေးရွာများတွင် သားရဲတိရစ္ဆာန်များ
ယနေ့တိုင် ဓား၊ လှံများဖြင့် ထိုးခုတ်နှိမ်နင်းလျက် ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ တောင်ဘက်ပိုင်းမုတ်ကျွန်းဒေသသည်
လမုတော၊ ကနစိုတော စသည့်ဒီရေကော်တောများ ထူထပ်စွာ ပေါက်ရောက်
နေသောကြောင့် တောတိရစ္ဆာန်များ ပေါ်များသော နာမည်ကြီးဒေသတစ်
ဖြစ်ပါသည်။ ၎င်းဒေသရှိ ပက်လက်တော၊ သံမဏိတော၊ မိကျောင်းခေါင်း
တော၊ ဆီကုန်းတော စသည့်တောများသည် သမင်၊ ဒရယ်၊ ချေ
သာမကပဲ တောဝက်များပါ လွန်စွာပေါ်များလှပါသည်။



"တောတိရစ္ဆာန်တွေထဲမှာ ဝက်ဟာ ကြောက်စရာ အကောင်းဆုံးပဲဗျ"

မိကျောင်းခေါင်းကျေးရွာမှ မုဆိုးကြီး ကိုကျော့မောင်သည် သစ်ပင်ရှိ
ခြမြစ်ဖက်ဝိုင်းသို့ လှံတစ်ချောင်းကို ပစ်လွှတ်လိုက်ရင်း ကျွန်တော့်ကို ပြော
လိုက်ပါသည်။

"တခြားသတ္တဝါတွေရောဗျာ"

"မတူဘူးဗျ။ တခြားသတ္တဝါတွေက အန္တရာယ်အနံ့ရရင် ရှောင်သွား
တတ်တယ်။ တောဝက်ကတော့ ဒီလိုမဟုတ်ဘူး။ ချိန်ထားတဲ့လှံကိုတောင်
ခံတိုးတာ၊ ကျားတောင် သူ့လောက်မိုက်မယ် မထင်ပါဘူးဗျာ"

ကိုကျော့မောင် တစ်ကိုယ်လုံးတွင် ချွေးများဖြင့် ရွှဲနစ်နေသည်။

"ဟုတ်ရဲ့လားဗျာ။ သူ့ကြည့်တော့ - မထုံတက်သေးနဲ့"

"ဒါပေမဲ့ - တကယ့်အရေးကျရင် - လေနဲ့ လွင့်လာတယ် ထင်ရအောင်
အစ်ခနဲ ရောက်လာတာဗျို့။ သူ့အစွယ်ကလည်း ထက်ပါဘိသနဲ့။ သင်တုန်းဓား
အတိုင်တောင် ထက်ပါ့လိမ့်မယ်ဗျာ"

ကိုကျော့မောင်သည် သစ်သားစ တစ်ခုကို အပေါ်သို့ပစ်မြှောက်လိုက်ပြီး
အောက်ပြန်မကျမီပင် လှံဖြင့် ပစ်ထိုးလိုက်သည်။

"တောဝက်အစွယ်ကို ကျွန်တော် တွေ့ဖူးပါတယ်။ ခပ်တုံးတုံးပါပဲ"

"အမြင်မှာ ကြည့်တော့သာ တုံးတာ၊ ပက်လိုက်တဲ့အခါများဆိုရင်ဗျာ
အမွေးကို ဓားနဲ့ ရိတ်ထားသလို တိခနဲ ပြတ်ကျအောင် ပက်နိုင်တယ်"

ကိုကျော့မောင်က သစ်သားစတွင် စူးဝင်နေသော လှံကို ဆွဲနုတ်လိုက်
ရင်း တောဝက်အကြောင်းကို စိတ်ပါ လက်ပါ ရှင်းပြနေပါသည်။ ထိုအခိုက်
ကိုကျော့မောင်တို့မုဆိုးအဖွဲ့မှ လူငယ်လေးတစ်ဦး ရောက်လာပါသည်။

"အစ်ကိုကြီးရေ - လုထွေးတစ်ယောက် ဝက်ပက်ခံရလို့တဲ့ဗျ"

"ဟာ - ဘယ်နားမှာ အပက်ခံရတာလဲ၊ ဘယ်တုံးကလဲ"

"မနေ့က ညကတဲ့၊ အပက်ခံရတာတော့ သူ့တဲမှာတဲ့၊ အခု - ဆေးရုံ ယူ
သွားတယ်၊ ပက်တဲ့ဝက်ကလည်း အခု ပက်လက်တောမှာ နာမည်ကြီးနေတဲ့
အကောင်ကျားတဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com

မောင်မြမောင်သည် မောကြီးပန်းကြီးဖြင့် ရှင်းပြနေပါသည်။

ထိုနေ့ညက လပြည့်ညဖြစ်သည်။ ထိုညက လယ်သမားတို့ထုံးစံအတိုင်း ကိုယ့်စပါးခင်းကိုယ်စောင့်အိပ်ကြသည်။ အထူးသဖြင့်မောင်လှထွေးတို့ကဲ့သို့ တောစပ်တွင်လုပ်သော လယ်သမားများသည် တောတိရစ္ဆာန်များ၏ရန်မှ ကာကွယ်ရန် ကိုယ့်စပါးခင်း ကိုယ်စောင့်အိပ်ကြရပြီးလျှင် စပါးခင်းလာစားသော တောသတ္တဝါများကို ခြောက်လှန့်လွှတ်ကြရသည်။

— 🐘 —

မောင်လှထွေးသည် စပါးလှေ့သော လှေ့စင်ပေါ်တွင် စောင်၊ ခေါင်းအုံးတို့ဖြင့် အကျအန နေရာယူကာ စပါးခင်းကို စောင့်ကြပ်နေခဲ့သည်။ မနေ့တလယ်နီးချင်းဖြစ်သော ဘကြီးကျင်တို့လယ်တွင် ခါးပတ်ကျားဦးဆောင်သော ဝက်တစ်အုပ် ဝင်ရောက်ဖျက်ဆီးသွား၍ တံစဉ်လွတ်ဖြစ် ကျန်ရစ်ခဲ့သည် ဆိုသောသတင်းကြောင့် ပို၍ဂရုစိုက်နေရသည်။

BURMESE CLASSIC .com






ခါးပတ်ကျားဆိုသည်မှာ ခါးတွင် အဖြူရောင်အစင်းကြီးပါသော တောဝက်ကြီးဖြစ်ပါသည်။ ငှင်းပြင် – တောပစ်မုဆိုးတစ်ဦး မြို့မှလာ၍ပစ်ရာ ကျည်ထွက်သဖြင့် ပို၍နာမည်ကြီးသွားပြန်ပါသည်။ ခါးပတ်ကျားကပင် တကယ်ခွမ်းသလား၊ ကျည်အနင့်ပင် တိုးနေသည်လား မသိ၊ ခါးပတ်ကျားရှိသော တောဝက်အသွားအလာ နည်းသွားသည်က အမှန်ပင် ဖြစ်ပါသည်။

လှထွေး စိတ်ကူးကောင်းနေဆဲမှာပင် ဒရယ်တစ်အုပ် ထွက်လာကြသည်။

"ဟေး – ဟေး – ဟေး"

"ဝုန်း – ဝုန်း – ဝုန်း"

လှထွေး ခြောက်လှန့်လွှတ်လိုက်သဖြင့် ဒရယ်အုပ်သည် နောက်ပိုင်းသို့ မြန်ကာ တစ်ချိုးတည်း လစ်သွားကြပါသည်။ လှထွေး ခြောက်လှန့်၍မကြာမီ ပင် အခြားတဲများဆီမှ သံပုံးရိုက်သံများ၊ တောခြောက်သံများ တစ်ခဲနက် ပေါ်လာပါသည်။ မီးပုံးများမှ မီးများ တဟုန်းဟုန်း တောက်လောင်သံနှင့် ဒီးဆစ်ကွဲသံများ တစ်ခဲနက် ပေါ်လာပါတော့သည်။

မကြာမီပင် သစ်ကိုင်းသစ်ခက်လေးများပေါ် နှင်းရည် နှင်းစက်ကလေးများ တဖြောက်ဖြောက်ကျသံမှတစ်ပါး တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်၍ သွားပါသည်။ လှထွေးသည်လည်း လှေ့စင်ပေါ်တွင် ပက်လက်လှန်ရင်း မှေးခနဲ ဖြစ်သွားသည်။

"ဖြောင်း – ဖြောင်း"

ကြီးမားသော အစွယ်နှစ်ချောင်းရိုက်ခတ်သံ(ဝါ) ကျောက်ခတ်သံနှင့် အတူ အဖြူကျားဝက်ကြီးတစ်ကောင်၏သဏ္ဌာန်သည် တောစပ်တွင်ပေါ်လာပါတော့သည်။ လှထွေး ထ.ကြည့်လိုက်သောအချိန်တွင် ခါးပတ်ကျားနှင့် နောက်လိုက်နောက်ပါ ဝက်တစ်အုပ်သည် လယ်ကွင်းထဲသို့ တလှုပ်လှုပ် ဝင်လာကာ စိတ်ကြိုက်စားသောက် ဖျက်ဆီးလျက် ရှိကြပြီ ဖြစ်ပါသည်။

"ဟေး – ဟေး – ဟေး – ဝုန်း – ဝုန်း – ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com

လုထွေး အစွမ်းကုန် ခြောက်လှန့်ပါသော်လည်း ကြောက်လန့်သည့် လက္ခဏာ မပြပဲ ဣန္ဒြေရရ စားသောက်လျက် ရှိပါသည်။ ထို့ကြောင့် လေးခွတွင် ဂေါ်လီတပ်ကာ တအားဆွဲ၍ ပစ်လိုက်ပါသည်။

"ဝိုး - ဒေါက်"

လေထဲတွင်ဖြတ်သန်းသွားလာသံနှင့်အတူ ဝက်ငယ်တစ်ကောင်ခေါင်းကို သွားမှန်သံကြားလိုက်ရသည်။ "ကျည်" ခနဲ စူးရှစွာ အော်မြည်သံနှင့်အတူ ဝက်အုပ်တစ်အုပ်လုံးသည် ခြေဦးတည့်ရာသို့ ဆူညံစွာ အော်ဟစ်ပြေးလွှား သွားကြပါသည်။

ဝက်အုပ်ရှင်းသွားသည်တွင်မှမပြေးသော ဝက်သူရဲကောင်းတစ်ကောင် တည်းကျန်ရစ်နေသည်ကိုတွေ့ရပါသည်။ ထိုဝက်သည်ကားခေါင်းဆောင်ကြီး ခါးပတ်ကျားပင်ဖြစ်ပါသည်။ မပြေးရုံမျှမက လေ့စင်ပေါ်သို့ စောင်းကန်းကန်း ဖြင့် စွေ၍ကြည့်နေပါသည်။

ဒုတိယ ကျောက်ခိုးသည်ကား ခေါင်းဆောင်ကြီး ခါးပတ်ကျား၏ ငယ်ထိပ်တည့်တည့်သို့သာ ဖြစ်ပါသည်။

"ဝိုး - ဖောင်း"

မြွေပွေးကို စ,မိပေပြီ။

လေ၏ လျင်မြန်ခြင်းနှင့်အတူ လေ့စင်အောက်သို့ လုစ်ခနဲ ရောက်လာ ပါတော့သည်။

"ဖြောင်း - ဖြောင်း - ဝှမ်း - ဝှမ်း"

ဝါးပိုးတိုင်ကြီးများကို ဘယ်ပြန် ညာပြန် ပက်သံနှင့်အတူ သက်ကယ် ချောင်းကလေးများနှင့် ဝါးပိုးတိုင်ကြီးများ ကျိုးပြတ်၍ လုထွေးသည်လည်း ကိုးရိုးကားရားဖြင့် ပစ်လဲကျပါတော့သည်။

ဤသည်ကို ကြိုတင်တွက်ဆမိသော ခါးပတ်ကျားကြီးသည်လည်း အောက်မှ အသင့်စောင့်ကာ ပက်ပါတော့သည်။ လုထွေး ကံကောင်းသွား သည်။ ဝါးပိုးတိုင်း အပြတ်ကြီးက ရှေ့မှ ခံနေသဖြင့် ပထမပက်ချက်သည်



လွတ်၍သွားသည်။ လုထွေးလည်း လုံကိုပင် မကောက်အားတော့ဘဲ တစ်ချိုးတည်း ထ၍ပြေးတော့သည်။

ခါးပတ်ကျားလည်း နောက်မှ ထက်ကြပ်လိုက်၍ ပက်သည်။ မောင်လု ထွေးသည် ဝက်ကြီး ကပ်လျက်ပါလာသည်ကို သိသည်နှင့် ကွင်းပြင်ဘက်သို့ ထွက်မပြေးဘဲ သစ်ပင်ကြီးကြီးရှိရာ တောစပ်ဆီသို့ အသက်လုကာ ပြေးရ ပါတော့သည်။ နောက်မှ ကပ်ပါလာသော တောဝက်ကြီးသည်လည်း အစွယ် တစ်ကမ်းမီပြီဖြစ်သော မောင်လုထွေးနောက်မှ သိမ်းကျုံးကာ တအားပက် ချလိုက်ပါတော့သည်။

ကုသိုလ်ကံဟုပင် ဆိုရမည်လား။ လူ၏အသိဉာဏ်ကြောင့်ဟုပင် ဆိုရ မည်လား။ မောင်လုထွေး၏ လိမ္မာပါးနပ်မှုကြောင့်ပင် ဆိုရမည်လား မသိ။ မန်ကျည်းပင်ကိုင်းကို ခုန်၍ ဆွဲလိုက်သောကြောင့် တောဝက်စွယ် ချွန်ချွန်မြမြ ...မှ ပွတ်ကာသီကာ လွတ်ကင်းပြီးနောက် မန်ကျည်းကိုင်းတွင် မောင်လု ထွေးတစ်ယောက် တွဲလောင်းကြီးဖြစ်ကာ ရှိပါသည်။

ခါးပတ်ကျားသည် သူ့တိုက်ကွက် မထိရောက်မှန်းသိသည်နှင့်တစ်ပြိုင် ...ကိုယ်ကိုစက္ကန့်ပိုင်းအတွင်းလှည့်ကာရန်သူရှိရာသို့အပြီးအပိုင်လှည့်ကာ ...ပြေးလာလျက် ရှိလေပြီ။

မောင်လုထွေး တစ်ကွက်နောက်ကျသွားသည်။ ခါးပတ်ကျားသည် ...တက်ကွက်တစ်မျိုးပြောင်းကာ နောက်ခြေနှစ်ချောင်းဖြင့် မတ်တတ်ရပ်လိုက် ... မောင်လုထွေး၏ တွဲလောင်းဖြစ်နေသော ခြေထောက်အောက်ပိုင်းကို ...သည်။ မောင်လုထွေး ခြေသလုံးဝယ် သင်တုံးဓားဖြင့် ခွဲလိုက်သည့်နယ် ...ဖြစ်သွားပြီးနောက် သွေးများ တရဟော ကျဆင်းလာပါတော့သည်။

ထိုအခါမှ မောင်လုထွေးလည်း သတိဝင်ကာ ပိုမိုမြင့်သော အကိုင်းပေါ်သို့ ...ကိုယ်လုံးကို အရှိန်ဖြင့် လွှဲတင်လိုက်သောအခါမှသာ ခါးပတ်ကျား၏ ...နှုတ်မှုဒဏ်မှ လွတ်ကင်းသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နေထွက်ပြီးအတော်ကြာမှ လယ်သမားများရောက်လာသောအခါတွင် သစ်တိုင်းပေါ်၌ သွေးထွက်လွန်၍ သတိလစ်နေသော မောင်လုထွေးကို တွေ့ ကြရပါတော့သည်၊ ဆေးရုံ အမြန်ပို့နိုင်၍သာ အသက်ချမ်းသာရာ ရရှိသွားပါသည်၊

မောင်လုထွေး၏ ဝက်ပက်ခြင်း ခံရပြီး မကြာမီပင် ကိုကျော့မောင်တို့ မုဆိုးအဖွဲ့မှ မောင်သိန်းမြင့်တို့သားအဖ တောထဲသို့ထင်းခုတ်သွားကြရာတွင် ခါးပတ်ကျားနှင့် တိုးမိ၍ ဖခင်ဖြစ်သူ ဦးသက်နင်း ဝက်ပက်ခံရသဖြင့် သေဆုံး သွားပြန်ပါသည်၊

ဤသို့ဖြင့် နာမည်ကြီး ဆိုးသွမ်းလှသော ခါးပတ်ကျားကို ကိုကျော့မောင် တို့မုဆိုးအဖွဲ့ လိုက်သောနေရာသို့ ရောက်ရှိလာပါသည်၊

ကိုကျော့မောင်သည် အဖွဲ့ကို နှစ်ဖွဲ့ခွဲလိုက်ပြီးလျှင် တစ်ဖွဲ့က ပိုက်စည်း ထားပြီး စောင့်နေပြီးလျှင် တစ်ဖွဲ့က ပိုက်ထဲသို့ မောင်းသွင်းရန် တာဝန်ယူရပ သည်၊ ပိုက်စည်းတွင် တာဝန်ယူသော အဖွဲ့သည် (၁၃)ဦး ရှိပြီးလျှင် မောင် သွင်းရန် တာဝန်ယူသူကား ကိုကျော့မောင်နှင့် လက်ထောက်သိန်းမြင့်တို့ နှစ်ဦးသာ ရှိပါသည်၊

သို့သော် ကိုကျော့မောင်တို့ မောင်းသွင်းအဖွဲ့တွင် ခွေးအင်အားကေ တောင့်တင်းသည်၊ ပိုက်ဖြင့် အမဲလိုက်သော အဖွဲ့တွင် အမဲလိုက်ခွေး သုံးမျိ သုံးစား ရှိပါသည်၊

လိုက်ခွေး၊ ဖြတ်ခွေးနှင့် သက်စောင့်ခွေးတို့ ဖြစ်ပါသည်၊ လိုက်ခွေးဆ သည်မှာ အမဲကောင်နောက်မှ ထပ်ကြပ်မကွာလိုက်ကာ ပိုက်ထဲသို့ ရောဝ သည်အထိမောင်းပို့ရန်တာဝန်ယူရပါသည်၊ ဖြတ်ခွေးသည်ပိုက်ထဲမရောက် လမ်းတစ်နေရာတွင် စောင့်နေပြီး မောလာသော အမဲကောင်ကို လမ်းမှ ဖြတ် ကိုက်ရသည်၊ မောလာသောလိုက်ခွေးတို့ကို အကူအညီပေးရသည်၊ သဝ စောင့်ခွေးဟူသည်ကား အမဲလိုက်ရန်မလိုပဲ အမဲလိုက်သူနှင့် အမဲကော သူ့အသက် ကိုယ့်အသက်လု၍ တိုက်ခိုက်ရသောအခါတွင် အမဲလိုက်သ အသက်ကို ကယ်ရန်သာ တာဝန်ယူရပါသည်၊



ကိုကျော့မောင် သွင်းလိုက်သော လိုက်ခွေးအုပ်သည် မကြာမီပင် အူသံ ဟောင်သံများကိုပေးကာ အမဲကောင်ကို တွေ့ကြောင်း အချက်ပေးလိုက်ကြ သည်၊ နောက်ဆက်တွဲ ဝက်တစ်ကောင်၏ မာန်ဖီသံ၊ အစွယ်ချင်းတဖြောင်း ဖြောင်းရိုက်ခတ်သံသည် ဆက်တိုက်ပေါ်ထွက်၍လာပါသည်၊ ကိုကျော့မောင် နှင့် သိန်းမြင့်တို့သည် ဝက်အော်သံကြားရာဆီသို့ ဆူးချုံများကိုဖြတ်ကာ အတင်းပြေးတက်ရင်း ပါးစပ်မှလည်း လှုံ့ဆော်ပေးလိုက်ကြပါသည်၊

"ရှူးဟ - လိုက်ဟ - ရှူးဟ - လိုက်ဟ"

သက်စောင့်ခွေးနှစ်ကောင်ကလည်း သခင်၏ အရှေ့ချုံများကြားမှ ဖြတ်ကာ လိုက်ရင်း တဟဲဟဲ မာန်သွင်းလိုက်ကြပါသည်၊

တောထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကိုကျော့မောင် ထင်သည့် အတိုင်း ခါးပတ်ကျားကို တွေ့လိုက်ရပါသည်၊ ခါးပတ်ကျားသည် ထွက်မပြေး ဘဲ ခွေးအုပ်ကို လှည့်ကာ ရန်စောင်လျက် ရှိပါသည်၊

ခွေးအုပ်သည် ခါးပတ်ကျားကို ဝိုင်း၍ အလစ်စောင့်နေရာ လစ်ပြီအထင် နှင့် ခွေးနှစ်ကောင်သည် ခါးပတ်ကျား ဘေးတစ်ဖက်တစ်ချပ်စီမှ ဝင်၍ဆွဲ လိုက်ပါသည်၊ သို့သော် ခါးပတ်ကျားသည် အမြဲသတိရှိသည်မို့ ဘယ်ရော ညာရော လှည့်၍ ပက်ချလိုက်ပါသည်၊

ခွေးတစ်ကောင်သည် နံချပ်ပွင့်၍ အူများ အခွေလိုက်ထွက်ကျလာပြီး တစ်ကောင်သည်ကား လည်ပင်းကို ရုပ်ထိသွားသည်၊ နံပွင့်သွားသော ခွေး သည် နေရာမှ မထနိုင်တော့ပဲ လည်ပင်းကို ရှပ်ထိသွားသော ခွေးသည်ကား လည်ပင်းမွေးများ ဓားနှင့် ရိတ်ချလိုက်သည်ကဲ့သို့ ဖွေးခနဲ ပြတ်ကျသွားပါ တော့သည်၊

ခွေးအုပ်သည် အန္တရာယ်ကို သိသွားကြ၍ အရမ်းမဝင်ရဲတော့ပဲ ဘေးမှ ဝိုင်းသာ ဟောင်နေကြပါတော့သည်၊ ခါးပတ်ကျားသည်လည်း တလှုပ်လှုပ် နှင့် တောတွင်းသို့ ဝင်၍သွားပါသည်၊ ကိုကျော့မောင်သည် ဒဏ်ရာရခွေး

www.burmeseclassic.com

သော ခွေးကို အရိပ်ကောင်းရာ သစ်ပင်ရိပ်တွင်းသို့ သွင်းလိုက်ပြီး ခွေးအုပ်နောက်မှ ထက်ကြပ်မကွာ ဆက်၍လိုက်သွားပါတော့သည်။

ခါးပတ်ကျား ထွက်သွားသောနေရာသည်ကား ဖြတ်ခွေးနီမောင်နှင့်မဲလုံးတို့စောင့်နေရာဆီသို့တန်း၍နေပါသည်။ ဖြတ်ခွေးနှစ်ကောင်သည်ကား ခွေးပေါင်သံများနှင့် ဝက်အော်သံများကို နားစွင့်ကာ အဆင်သင့်စောင့်နေကြပါသည်။ ၎င်းတို့ဆီသို့ လျှောက်လာသော ခြေသံများကို ကြားသဖြင့် ကိုယ်ကိုလုံနိုင်သမျှလုံအောင် ချုံထဲတွင်ဝပ်ရင်း အမဲကောင်ကိုတိုက်ခိုက်ရန် အဆင်သင့် ပြင်ထားကြပါသည်။

ခါးပတ်ကျားသည်မှန်မှန်လျှောက်နေရာမှ ချုံတစ်ခုအနားအရောက်တွင် ဖြတ်လျက် အပြေးကလေး အတက်လိုက်တွင် ဖြတ်ခွေးနှစ်ကောင်သည် အသံတစ်ချက်မှ မပေးပဲ ခါးပတ်ကျား၏ နားအုံနှင့် လက်ပြင်သားများကို ပြေး၍ အမိအရ ခဲလိုက်ကြပါသည်။

ခွေးနှင့်ဝက် ရောထွေးသွားသည့်အခိုက်တွင် ခါးပတ်ကျားသည် လှည့်၍ ပက်ချလိုက်သဖြင့် ခွေးနှစ်ကောင်သည် သွေးသံရဲရဲဖြင့် တကွဲတပြားစီဖြစ်၍ သွားပါသည်။ ထိုနေရာမှစ၍ ခါးပတ်ကျားသည် ပိုက်စည်းများ ရှိရာဘက်သို့ ဒုန်းစိုင်း၍ ပြေးပါတော့သည်။

ကိုကျော့မောင်နှင့် ခွေးအုပ်သည်လည်း နောက်မှ ညာသံပေးကာ ဆက်၍လိုက်ခဲ့ကြသည်။ ခါးပတ်ကျားသည် ခြေသွားလမ်းယောင်ကလေးအတိုင်း ဆက်၍ပြေးလာခဲ့ပြီးနောက် သစ်ခက်များဖြင့် ပုံဖျက်ထားသောပိုက်ဆီ တည့်တည့်ကြီး ဝင်တိုးလိုက်ပါတော့သည်။

ဤနေရာတွင် ပိုက်ဆင်ထားပုံကို ရှင်းပြရန် လိုမည်ဖြစ်ပါသည်။ ထောင်လိုက်သောပိုက်ဆိုသည်မှာ ငါးဖမ်းသောပိုက်နှယ် အလျားလိုက် ချထားသော ပိုက်မဟုတ်ပါ။ ဆလင်ဒါထုလုံးရှည် သဏ္ဍာန်ရက်လုပ်ထားပြီး အဝကို သားကောင်လာရာလမ်းဘက်သို့လှည့်၍ သစ်ခက်များဖြင့် ပုံဖျက်၍ထောင်ထားသည်။ ပိုက်နှုတ်ခမ်းတွင် သားကောင်တိုးသည်နှင့် အလိုအလျောက် [illegible]



နိုင်သော ရှုံကြိုး တပ်ဆင်ထားသည်။ ပိုက်ကွက်မှာ ဝက်လက်ဝင်သာသော တစ်မိုက်စနှုန်း ဖြစ်ပါသည်။

ဤသို့ ထောင်ထားသော ပိုက်များမှာ တစ်လုံးတည်း မဟုတ်ပါ။ ခါးပတ်ကျား မျက်နှာမူထားသည့်ဘက်တွင် ပိုက် (၁၃) လုံးကို ကန့်လန့်ဖြတ်၍ တန်းစီထောင်ထားခြင်းဖြစ်ပါသည်။ ပိုက်တစ်လုံးစီသို့ ခြေသွားလမ်းယောင်ကလေးများ ဖောက်ထားပြီး ပိုက်အနီးတွင် လုံ့သမားတစ်ဦးစီ ရှိပါသည်။ သတ်မှတ်ထားသော ပိုက်စည်းဘက်သို့ သားကောင်ထွက်ခဲ့သော် တစ်လုံးမဟုတ် တစ်လုံးတွင်မိရန် စီစဉ်ထားပါသည်။

ခါးပတ်ကျား တိုးမိသည်နှင့် မြေကြီးတွင် စုတ်ရိုက်ချည်ထားသော ရှုံကြိုးသည် ရုတ်တရက်တင်းကာ ပိုက်ပေါက်သည် ပိတ်၍သွားပါသည်။ ခါးပတ်ကျားသည်လည်း ပြေးလာသောအရှိန်ကို ရုတ်တရက် အဖျက်ခံလိုက်ရသဖြင့် ပိုက်နှင့် လုံးထွေး၍နေပါတော့သည်။ လုံ့ကိုင်ဉာဏ်ထွန်းသည်လည်း အသင့်စောင့်နေရာမှ ခါးပတ်ကျား လဲအကျတွင် ပြေး၍ထိုးလိုက်ပါသည်။

သို့သော် သားကောင်က လူးလှိမ့်ရုန်းကန်နေသလို ထိုးရသည်မှာလည်း ကြောက်ကြောက်နှင့် ထိုးရသဖြင့် ချက်ကောင်းကို မထိုးမိပဲ နောက်ခြေထောက်ကိုသာ ထိုးမိပါသည်။ ခါးပတ်ကျားသည် မိမိရရ ဒဏ်ရာမရပဲ အသက်ကို ဆွပေးသကဲ့သို့ဖြစ်သွားသဖြင့် ရုတ်တရက် လေးဖက်ရပ်လိုက်ကာ ရှုံးအား နှောင်ဖွဲ့နေသော ငါးမူးလုံးရှိသည့် ပိုက်ကွန်ကို ချည်မျှင်လေးများပမာ ခိုင်းပိုင်းပြတ်အောင် ပက်ချလိုက်ပြီး ရန်သူလူသားများကို ရင်ဆိုင်လိုက်ပါသည်။

ထိုအခိုက် ကိုကျော့မောင်လည်း အနားသို့ ရောက်၍လာပါသည်။ ခါးပတ်ကျားသည် နောက်ရောက်လာသော ရန်သူကို ပို၍သတိထားမိပြီး ကိုကျော့မောင်ရှိရာသို့ တအားပြေး၍ ပတ်လိုက်ပါတော့သည်။

ကိုကျော့မောင်ကလည်း အတွေ့အကြုံအရ ကြိုတင်တွက်ဆပြီး ဖြစ်သည့်အလျောက် လုံ့ကို ခင်းပေးလိုက်ရာ ခါးပတ်ကျားသည် အရှိန်ဖြင့် လုံ့

www.burmeseclassic.com

သွားကိုဝင်တိုးမိပါတော့သည်။ လှံသွားသည် ထမ်းပိုးကျည်းအတွင်းသို့နက်နှိုင်းစွာ ဝင်ရောက်သွားသဖြင့် ခါးပတ်ကျားသည် နာကျင်စွာဖြင့် ခါထုတ်လိုက်ပါသည်။

ကိုကျော့မောင်သည် လှံရိုးကို မြဲမြံစွာ ဆုပ်ကိုင်ထားသောကြောင့် ခါထုတ်လိုက်သောအရှိန်ဖြင့် လွင့်စဉ်ထွက်သွားပြီး အနီးရှိ သင်ပေါင်းချုံပေါ်သို့ တင်၍နေပါသည်။ သင်ပေါင်းဆူးများကား နှစ်လက်မခန့် ချွန်မြနေပေရာ ကိုကျော့မောင်တစ်ယောက် အံသည်းခိုက်အောင် နာကျင်လှပါသည်။

လှံသမား ညာဏ်ထွန်းသည် ကိုကျော့မောင်ကို ကူညီရမည့်အစား ခပ်လှမ်းလှမ်းရှိ သစ်ပင်ပေါ်သို့ပြေးကာ ခွဆုံသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ သိန်းမြင့်ကား ဝက်ပက်ခံရသော ခွေးများကို ပြုစုရင်း ကျန်နေခဲ့သည်။

ခါးပတ်ကျားသည် မြင်ကွင်းမှ ပျောက်သွားသော ကိုကျော့မောင်ကို ရှာဖွေလျက်ရှိသည်။ ကိုကျော့မောင်သည် မည်သူ့ကိုမျှ အားမကိုးပဲ ကျော့မောင်ဓားကို "ရှမ်း" ခနဲ ဆွဲထုတ်ကာ ချုံပေါ်မှ ခုန်ဆင်းလိုက်ပါသည်။ ခါးပတ်ကျားသည် အသံကြားရာ နောက်ကျောဘက်ဆီသို့ ရုတ်တရက်လှည့်ကာ ရင်ဆိုင်လိုက်ပါသည်။

သက်စောင့်ခွေးနှစ်ကောင်၏ အစွမ်းသတ္တိသည် ထိုအခါမှပင် ပေါ်၍ လာပါသည်။ ခါးပတ်ကျား ကိုကျော့မောင်နှင့် ရင်ဆိုင်မိသည်နှင့် ယက္ခနှင့် ရန်လုံသည် လျှပ်တစ်ပြက်ပြေးဝင်ကာ နားအုံနှစ်ဖက်ကို ခဲထားလိုက်ကြပါတော့သည်။ ထိုအခါမှ အခြားခွေးများသည်လည်း အားတက်လာကြကာ သူ့ထက်ငါ အလုအယက်ဝင်၍ ကိုက်ခဲကြပါတော့သည်။

ခါးပတ်ကျားသည် ဒဏ်ရာရထားသည့်ပြင် ခွေးအုပ်ကလည်း တစ်ညီတစ်ညွတ်တည်း ဝိုင်း၍ကိုက်ခဲနေကြသဖြင့် ဒေါသဖြစ်ကာ ဆွေ့ဆွေ့ခုန်လျက် ရှိပါသည်။

ထိုအခိုက် နောက်ကျကျန်နေသော သိန်းမြင့်နှင့် ပိုက်စည်းအသီးသီးမှ လှံသမားများလည်း ရောက်ရှိလာကာ တစ်ခဲနက် ညာသံ ဝိုင်းပေးလိုက်ကြပါသည်။



"ရှူးဟ - ကိုက်ဟ"

"ယက္ခနဲ့ ရန်လုံ - ဖိကိုက်ထားကြ၊ ကုပ်ကျားနဲ့နီမ - ခြေထောက်ကို ဝင်ဆွဲပါဟ"

ထိုအခိုက် လူအုပ်တွင်းမှ ပစ်လွှတ်လိုက်သော လှံတစ်စင်းသည် ခါးပတ်ကျားကျောကုန်းပေါ်သို့ "ဒုတ်" ခနဲနေအောင် ဝင်စိုက်လိုက်ပါသည်။ ခါးပတ်ကျားသည် ခွေးရန်၊ လူရန် နှစ်ဖက်ညှပ်နေသည်ကို သတိပြုမိသည်နှင့် ကိုက်ခဲနေသော ခွေးများကို ခါထုတ်ကာ နောက်ပိုင်းသို့ တစ်ချိုးတည်းလှည့်ကာ ပြေးပါတော့သည်။

ကိုကျော့မောင်တို့လည်း သွေးစက်ခံကာ နောက်မှ လိုက်ကြပါတော့သည်။ ခွေးအုပ်ကား ဆူညံစွာဟောင်ရင်း ဝက်ကြီး နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားကြပါသည်။ ခါးပတ်ကျား၏ ခြေရာများကား တစ်ချက်တလေမျှ အားဟန်မပြဘဲ သခွတ်မြစ်ဆီသို့ ဦးတည်နေပါသည်။ သွေးစက်များကား လမ်းတစ်လျှောက် ရဲရဲနီ၍ နေပါတော့သည်။

ဝက်ကြီးအကြံအစည်ကား ရှင်းလှပါတော့သည်။ သခွတ်မြစ်ကို ဖြတ်ကူးကာ ကိုကျော့မောင်တို့လက်မှ လွတ်မြောက်ရန် ဖြစ်ပါသည်။ သည်မုဆိုးအဖွဲ့ကို ရင်ဆိုင်တိုက်ခိုက်၍ မနိုင်မှန်းလည်း သိရှိသွားပြီး ဖြစ်ပါသည်။

ဝက်ကြီး၏အကြံအစည်ကို ရိပ်မိလိုက်သဖြင့် ကိုကျော့မောင် ဆူးငြောင့်ခလုတ်များကိုပင် မရှောင်ကွင်းနိုင်တော့ပဲ အတင်းဖြတ်ကျော် တိုးဝှေ့ကာ မြစ်ဆိပ်သို့ ဆင်းခဲ့ပါသည်။ ကိုကျော့မောင်တို့ မြစ်ဆိပ်သို့အရောက်တွင် ခါးပတ်ကျားသည်ကား မြစ်ထဲသို့ "ဝေါ" ခနဲနေအောင် ထိုးဆင်းသွားပြီး ဖြစ်ပါသည်။

ကိုကျော့မောင်သည် မြစ်ဆိပ်တွင် အရံသင့် တွေ့သော ထင်းခုတ်လှေတစ်စင်းကို ကြိုးဖြေကာ ခါးပတ်ကျားအရင် ရောက်နိုင့်အောင် အားသွန်၍ လှော်ခတ်လိုက်ပါသည်။ ယက္ခနှင့် ရန်လုံကား သခင့်အပါးမှ ကပ်ကာ ပါလာကြပါသည်။

www.burmeseclassic.com

ကိုတျော့မောင်သည် ဟိုဘက်ကမ်းသို့ ရောက်သည်နှင့် ဖလှပေါ်မှ လွှားခနဲ နေအောင် ခုန်ဆင်း၍ ခါးပတ်ကျားလာမည့်ကမ်းပါးမှ အဆင်သင့် စောင့်နေပါသည်။ သခွတ်မြစ်ကမ်းသည် လတာပြင်ကြီးဖြစ်ပေရာ ရွှံ့နွံများ သည် ဒူးဆစ်သို့ရောက်အောင် ကျွံ၍နေပါသည်။ ဓွေးနစ်ကောင်ကား နွံထဲ ဝယ် ယက်ကန် ယက်ကန်ဖြစ်ကာ ကျန်ရစ်သည်။

ထိုအခိုက် ခါးပတ်ကျား ရောက်၍လာပါသည်။ ခါးပတ်ကျားသည် ဘယ် မှ မကွေ့မကောက်ပဲ ကိုကျော့မောင်ရှိရာသို့ ဦးတည်၍လာရင်း အစွယ်နှစ် ချောင်းကိုတဖြောင်းဖြောင်းရိုက်ခတ်မာန်သွင်းကာ စိန်ခေါ်လိုက်ပြန်ပါသည်။ ဒဏ်ရာရထားသော ဝက်နာသည် ပြေးမလွတ်သည့်အနေအထားဝယ် အငြိုး ဖြင့် တိုက်ခိုက်တော့မည်မှာ သေချာပါတော့သည်။

ခါးပတ်ကျားသည် ရွှံ့နွံထဲဝယ် တဗွမ်းဗွမ်း ရုန်းကန်ရင်း ကိုကျော့မောင် ကို ဘယ်ပြန် ညာပြန် ပက်ချလိုက်ပါတော့သည်။ ကိုကျော့မောင်သည် ဝက် ကြီး နွံကျွံ၍ လှုပ်ရှားမှု နှေးကွေးနေသည်ကို အခွင့်ကောင်းယူကာ ဝက်ကြီး ဘယ်ဘက်သို့ ဖျတ်ခနဲကပ်ကာ နေရာယူလိုက်ပါသည်။ ဝက်ကြီး၏တိုက် ခိုက်မှုများသည် အချည်းနှီးဖြစ်သွားပြီး ရွှံ့နွံများကိုသာ ပက်မိပါတော့သည်။

ဝက်ကြီးသည် သူ့တိုက်ကွက်များ မထိရောက်သည်ကို သိလိုက်သည် နှင့် ကိုကျော့မောင်ရှိရာ ဘယ်ဘက်သို့လှည့်ရန် လှုပ်ရှားလိုက်ပါသည်။ သို့ သော် များစွာနောက်ကျသွားပြီး ဖြစ်ပါသည်။ ကိုကျော့မောင်သည် လက်ဝဲ လက်ပြင်မှ လက်ယာလက်ပြင်သို့ရောက်အောင် လှံရိုးကို စုံကိုင်၍ထိုးသွင်း လိုက်ပြီး ဖြစ်ပါသည်။

ညာဘက်လက်သည် ကျောမှဆောင်ဓားကိုထုတ်ကာ အချက်အချာ ကျသည့် နေရာများပေါ်သို့ လျှပ်လက်သလို ဓားချက်များ အဆက်မပြတ် ကျရောက်သွားပါသည်။ ဝက်ကြီး၏ကြောက်လန့်တကြား နောက်ဆုံးအော် ဟစ်သံများသည် တောယံကို ဖုံးလွှမ်းသွားပါသည်။

နောက်မှ မုဆိုးအုပ်စုလည်းမြစ်ကိုဖြတ်ကူးကာ မကြာမီပင် ရောက်လာ ကြသည်။ ခါးပတ်ကျား ကျဆုံးသွားသည်ကို တွေ့ကြရလျှင် ဝမ်းသာအား ဦးထုပ်၊ တဘက်များကို ကောင်းကင်သို့ပစ်မြှောက်ရင်း အပျော်ကြီးပျော်ကာ အောင်ပွဲခံလိုက်ကြပါသည်။

ကိုကျော့မောင်သည် ဆောင်ဓားကို ဓားအိမ်သို့ပြန်သွင်းလိုက်ပြီး သွေး နှင့်ရွှံ့များ ပေကျံနေသောယက္ခကို ဖွေ့ရှိ၍ ဒဏ်ရာများကို မြစ်ရေဖြင့် ဆေး ကြောပေးလိုက်ပါသည်။ ယက္ခကို ပခုံးစွန်းပေါ်တွင် ယုယကြင်နာစွာထမ်း ရင်း အသက်ပျောက်နေပြီဖြစ်သော ခါးပတ်ကျားကို တစ်ချက် ရှုံ့ရှာစွာ ကြည့် လိုက်ပါသည်။

တောင်သူလယ်သမားများနှင့် အမဲလိုက်သမားများအား ခြိမ်းခြောက် အကူပေးလျက်ရှိသော ခါးပတ်ကျားကို အောင်မြင်စွာ နှိမ်နင်းသုတ်သင်နိုင် သောကြောင့် ကျေနပ်စွာ ပြုံးလိုက်မိပါသည်။


➳ **လွင်ဦး**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

**လေးစားစွာဖြင့်**
**သည်းထိတ်ရင်ဖိုမဂ္ဂဇင်း**



www.burmeseclassic.com



www.burmeseclassic.com

လူမြင်လျှင်
ဓါးသတကြီး လိုက်ရှာရန်ရှာလေ့ရှိသော
ခန်းမြွေနှင့် လူတို့၏ အသက်လုတိုက်ပွဲ ..

## “ဦးဝန်း”

“ဘာလဲကွ - တင်ငွေ”

“မြွေကို ရွာအထိ ခေါ်လာပြီး ရိုက်ပြမယ်ဆိုရင် ယုံမလား”

“ပေါက်ကရ - ဘယ်ကလာပြီး ဖြစ်နိုင်မှာလဲကွာ”

ဦးပန်းကျော်က ခပ်ဆတ်ဆတ်အသံဖြင့် ငြင်းလိုက်၏။

“ဦးပန်းကသာ မယုံတာ၊ အစ်ကိုသာလွန်းက မြွေကို ရွာထိခေါ်ပြီး ရိုက်ပြမယ်လို့ ပြောနေတယ်ဗျ”

ဟု တင်ငွေက ထပ်ပြောပြန်၏။

“ဒီသာလွန်းဆိုတဲ့ကောင်က အပြောမှာတော့ နစ်ယောက်မရှိဘူး”

ထိုစဉ် ဆလိုင်းကျော်ဝင်း အိမ်ပေါ်သို့ တက်လာရင်း -

“ဘာပြောတယ် - တင်ငွေ၊ မင်းကိုသာလွန်းက ရွာအထိ မြွေကိုခေါ်လာပြီး ရိုက်ပြမယ်လို့ မင်းပြောတာ တစ်စွန်းတစ်စ ကြားလိုက်ပါတယ် - ဟုတ်သလား”

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးရင် အိမ်ရှေ့ခြည်ခန်းရှိ လူအုပ်ထဲ ဝင်လိုက်၏။

ဦးပန်းကျော့၏အိမ်ပေါ်ထပ်တွင် လူစုံသည်။ ရန်ကုန်မှ ရောက်နေသော ဒေါ်သည်ဦးထွန်းရီနှင့် ကိုလွင်ဦး၊ ပြီးတော့ ဦးပန်းကျော့၏ညီ တင်ဆန်း၊ တင်ငွေ၊ ကျားတို့၊ ယခုရောက်လာသော ဆလိုင်းကျော်ဝင်း။

ရန်ကုန်မှ ရောက်နေသော ဒေါ်သည် ဦးထွန်းရီနှင့် ကိုလွင်ဦးတို့မှာ စိုက်ပျိုးမွေးမြူရေးလုပ်ရန် နယ်မြေသို့ ကွင်းဆင်းလေ့လာနေခြင်း ဖြစ်၏။ ပဲခူးရိုးမ တောင်ခြေရှိ သင်အင်းရွာလေး၏ ပတ်ဝန်းကျင်ဒေသတွင် မြေလွတ်မြေရိုင်းများ ပေါများပြီး မြေဩဇာ အလွန်ကောင်းသည်။ နောက်ပြီး သင်အင်းရွာအနီးတွင် နှစ်ပေါင်းများစွာကတည်းက ဖြစ်ထွန်းနေသော "အင်းကြီး" တစ်ခု ရှိနေသည်။ ထို့ကြောင့် စိုက်ပျိုးရေးအတွက် ရေ မပူရ။

ထို့ကြောင့် ဦးထွန်းရီတို့သည် ဒေသခံလူများနှင့် ပူးပေါင်းဖက်စပ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ရန် ကွင်းဆင်းပြီး လေ့လာဆွေးနွေးကြခြင်း ဖြစ်သည်။

ဒေါ်သည်ဦးထွန်းရီနှင့် ကိုလွင်ဦးတို့မှာ တောထဲမှ မြွေကို ရွာထိခေါ်လာပြီး ရိုက်ပြမယ်ဆိုသော သာလွန်း၏ ပြောစကားကို အံ့ဩနေကြ၏။ ဖြစ်နိုင်ပါ့မလား။

တောရပ်ဒေသနှင့် မရင်းနှီးသော မြို့ဒေသနေ ဒေါ်သည် ကိုလွင်ဦးနှင့် ဦးထွန်းရီတို့မဆိုထားဘိ၊ ပဲခူးရိုးမဒေသနေ သင်အင်းရွာမှ ဦးပန်းကျော့တို့လို ရှေးမီနောက်မီ လူကြီးများကပင် သာလွန်း၏စကားကို မယုံကြည်နိုင်အောင် ဖြစ်နေသည်။

"ဟုတ်တယ် – ကိုကျော်ဝင်း၊ သူက မင်းတို့တောထဲမှာ မြွေတွေရင် ပြောတဲ့ သူ ရွာထိခေါ်ပြီး ရိုက်ပြမတဲ့၊ အဲလို – အစ်ကိုသာလွန်းက ပြောနေတယ်"

ဟု တင်ငွေက ထပ်ရှင်းပြ၏။

"ဒီလောက်တောင် အပြောကြီးလုတဲ့ မုဆိုးကြီး သာလွန်းကိုတော့ လက်တွေ့စမ်းရမယ်၊ ငါ မြွေတွေ့ထားတယ်ကွ"

"ဟုတ်လား – ဘယ်နားမှာလဲ"



ရောက်လာကတည်းက ဘာမှဝင်မပြောဘဲ ငြိမ်နားထောင်နေသော ကျားတို့က ဆလိုင်းကျော်ဝင်းအား မေး၏။

"ဝါးမြွေမြောင်မှာကွ"

"ဟို ဝါးမြွေမြောင် သက်န်းပင်ကြီးနားက ချုံကြီးထဲမှာ မဟုတ်လား"

ဟု ကျားတို့က ဆက်မေးပြန်၏။

"ဟုတ်တာပေါ့ကွ။ ငါကို ထွက်လိုက်လို့ မနည်းလွတ်အောင် ပြေးခဲ့ရတယ်၊ မြွေမှ ငန်းစောင်းမြွေကြီး ခြေချင်းဝတ်လောက်တုတ်ပြီး အရှည်(၆) တောင်လောက် ရှိမယ်"

ဆလိုင်းကျော်ဝင်း၏ပြောစကားကို ကျားတို့က ဆက်ကာ –

"ဟုတ်တယ် – ကိုကျော်ဝင်း၊ ကျုပ်လည်း မိုးတွင်းက မှိုရှာရင်း အဲဒီနေရာ ရောက်သွားပြီး ချုံထဲလည်း ငုံ့ကြည့်လိုက်မိရော တစ်ခါတည်း အသိုက်ထဲက ထွက်လိုက်တော့တာပဲ၊ တော်ပါသေးရဲ့ – လေးခွပါလာလို့ လေးခွနဲ့ အဆက် မပြတ်ပစ်ပြီး ထွက်ပြေးခဲ့ရတယ်"

"ပြေးခဲ့ရမယ်လေ – ကျားတို့ရ၊ မိုးဦးကျဆိုတာ ငန်းမြွေတွေရဲ့မိတ်လိုက်ချိန်ကွ၊ ဒီအချိန်မှာ – လူတွေ့ရင် အတင်းလိုက်တတ်တဲ့အကျင့် ရှိတယ်လို့ ကြားဖူးတယ်ကွ။ ငါတွေ့ခဲ့တာကလည်း ပြီးခဲ့တဲ့ ဆောင်းဦးပေါက်ချိန်က ငန်းမြွေတွေ သားပေါက်ချိန်လေ၊ ဒီအကောင်ကြီးက အထီးလား၊ အမလား ဆိုတာတော့ မသိဘူး"

ဆလိုင်းကျော်ဝင်းက ငန်းမြွေမျိုးတို့၏ သဘာဝလေ့စရိုက်အကြောင်းများ ရှင်းလင်းပြောပြနေသည်ကို ဦးထွန်းရီနှင့် ကိုလွင်ဦးက စိတ်ဝင်စားစွာ နားထောင်နေမိသည်။

ထိုစဉ် သူတို့ပြောနေသော မုဆိုးသာလွန်း ရောက်လာ၏။ သာလွန်းမှာ တစ်ဖက်က လယ်ယာလုပ်ရင်းမှ ဝါသနာအရ ဟင်းစားအဖြစ် သမင်၊ ဒရယ်၊ ချေ၊ ဝက်၊ ဆတ် စသည့် တောကောင်များကို ဒူးလေး၊ သေနတ်၊ ထောင်ချောက်၊ ကျော့ကွင်းစသည်တို့ဖြင့် ပစ်ခတ်ဖမ်းဆီး၍ထောင်၍ မုဆိုးအလုပ် လုပ်နေသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ခြေနှစ်ဆယ်ကျော်သာ ရှိသော ပဲခူးရိုးမတောင်ခြေရှိ မြေပြန့် ချင်းလူမျိုးများသာ နေထိုင်သော သင်အင်းရွာလေးတွင် သာလွန်းတစ်ဦးတည်းသာ မှဆိုးအလုပ်ကို လုပ်သူဖြစ်၏။

သင်အင်းရွာလေးသည် ဒိုက်ဦးမြို့နယ်၏ အနောက်တောင်ဘက် (၁၄) မိုင်ကွာလောက်ရှိကာ ပဲခူးရိုးတောင်ခြေ၏အရှေ့ဘက်တွင် ကပ်လျက်ရှိသော သစ်တောကြိုးကွင်း (သစ်တောကြိုးဝိုင်း) ရွာလေး ဖြစ်၏။ ထို့ကြောင့် သင်အင်းရွာပတ်ဝန်းကျင်တွင် "သားကောင်" များ ပေါများနေသော ဒေသဖြစ်၏။

— ❦ —

သည်လို သားကောင်များ ပေါသောဒေသဖြစ်၍ မြို့မှ အပျော်တမ်း အမဲပစ်မုဆိုးများသည် သင်အင်းရွာလေးသို့ မကြာခဏ ရောက်လာတတ်၏။ ထိုအခါ မုဆိုးကြီး သာလွန်းသည် ထိုသူများ၏ အမိက ဇာတ်လိုက်အဖြစ် ကူညီလှုပ်ရှားပေးနေကျ ဖြစ်သည်။

"ကဲ - အစ်ကိုသာလွန်း - မြွေတွေ့ရင်ပြော - ရွာထိခေါ်ရိုက်ပြမယ်ဆိုတာ၊ အခု - ကိုကျော်ဝင်းနဲ့ ကျားတိုတို့က ဝါးဖြူမြောင်မှာ ငန်းစောင်းမြွေကြီး တွေ့ထားတယ်တဲ့၊ အဲဒါ - ရွာထိခေါ်ရိုက်ပြပေတော့၊ ပြီးတော့ - အစ်ကိုသာလွန်း ပြောတယ်မဟုတ်လား၊ ငန်းစောင်းမြွေတို့မည်သည် ရေနီးပြီး ကုန်းကျတဲ့ နေရာဒေသမျိုးမှာ နေတတ်တယ်ဆိုတာ - အခုမြွေက ငန်းစောင်းမြွေအစစ် ဖြစ်မယ်ဗျ"

တင်ဇွေက သာလွန်းအား ကြားမှ စိန်ခေါ်စကား ဆိုလိုက်သည်။

"ဟုတ်မှလည်း လုပ်ပါ - ကိုသာလွန်းရာ"

ဟု ဆလိုင်းကျော်ဝင်းက မယုံကြည်ဟန်ဖြင့် ဆို၏။

သာလွန်းက ပြန်လည်စိန်ခေါ်လိုက်သည်။

ညှိသည် ကိုလွင်ဦးနှင့် ဦးထွန်းရီတို့မှာလည်း မဖြစ်နိုင်သောဖြစ်ရပ်ဟု စိတ်ဝင်စားနေကြ၏။ လူငယ်ပီပီ မခံချင်စိတ်ရှိသော အလောင်းအစားဝါသနာပါသည့် ကိုလွင်ဦးက ရုတ်တရက်ဝင်၍ -





မြွေဆိုတာ ခွေးဆွဲသလိုလည်း လူကို ဆွဲကိုက်နိုင်တာ မဟုတ်သလို ကျားလိုလည်း ခုန်အုပ်ပြီး ကိုက်နိုင်တာ မဟုတ်ဘူး။ လျှင်မြန်ဖျတ်လတ်မှုလည်း မရှိဘူး။ သူ့အနီးရောက်လာမှ ဒီလိုင်နီးမြွေမျိုးက ပါးပျဉ်းကြီးထောင်ပြီး လွှဲကာ ယမ်းကာနဲ့ လှမ်းပေါက်နိုင်တာ။ ဒီတော့ - ဒီကောင်တွေကို စိတ်တိုအောင်လုပ်ပြပြီး ခေါ်လာရင် ဒီလိုင်နီးမြွေ [illegible] ရှန်လိုတတ်တဲ့ မြွေဟောက်မျိုးနွယ်ဝင် [illegible] ယ်ခေါ်ခေါ်များခေါ်ရင် လိုက်လာတတ် [illegible] မြွေတိရစ္ဆာန်မျိုး…။

"ကဲ - ကိုသာလွန်း - တစ်ရာကြေးလောင်းမယ်ဗျာ၊ တကယ်လို့ - ခင်ဗျား ရှင် ပိုက်ဆံပေးစရာ မလိုဘူး၊ ကျွန်တော်တို့အပြန် ရန်ကုန်ယူသွားဖို့ အမဲကောင်တစ်ကောင်တော့ ပစ်ပေးလိုက်ဗျာ၊ အခြောက်လှန်း ယူသွားမယ်"

"ကောင်းပြီလေ - စိန်လိုက်"

မုဆိုးကြီး သာလွန်းကလည်း ကိုလွင်ဦး၏ စိန်ခေါ်ကြေးကို ချက်ချင်းသဘောတူကြောင်း ပြန်လည်စိန်ခေါ်လိုက်၏။

"ကိုင်း - ဒီလိုဆိုရင် လောင်းကြေးငွေတစ်ရာကို ဦးပန်းကျော်လက်ထဲအပ်ထားမယ်"

ဟု ဦးထွန်းရီက လုပ်ငန်းသဘောမြောက်စေရန် ဝင်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် – သာလွန်း – ကြည့်လုပ်နော်၊ ငွေတစ်ရာ မရဘဲ မင်းမြွေ ကိုက်ခံ သေနေပါဦးမယ်ကွာ"

"ကိုကြီးပန်းကလည်း ကျွန်တော့်ကို အထင်သေးလိုက်တာ၊ ငွေသာ လက်ခံထားပြီး ဒိုင်လူကြီး လုပ်လိုက်စမ်းပါ"

သာလွန်းက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့် အလောင်းအစားပွဲကို အတည်ပြုလိုက်၏။

— ၆ —

ရွာထိအောင် မြွေခေါ်လာပြီး ရိုက်ပြမယ်ဆိုသော အလောင်းအစားပွဲ သတင်းမှာ သင်အင်းလိုရွာငယ်လေးတွင် နံနက်မိုးလင်းသည်နှင့်တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။ လူတိုင်း စိတ်ဝင်စားနေကြသည်။

မနက်(၁၁)နာရီထိုးလောက်မှစ၍ ရွာအရှေ့ဘက် အောင်ဆန်း၏လယ်ကွင်းထဲတွင် ဦးပန်းကျော်ခေါင်းဆောင်သော လူများ ရောက်နေကြပြီ။

ရာသီမှာ နွေဦးတပေါင်းလဖြစ်၍ လယ်ကွင်းများမှာ စပါးများ ရိတ်သိမ်းပြီးဖြစ်သည်။ ကွင်းကျယ် မြင်ကွင်းဖြစ်၏။

မနေ့ညကတည်းက သာလွန်းနှင့် ကိုလွင်ဦး၊ ဆလိုင်းကျော်ဝင်း၊ တင်ငွေတို့လူစုသည် မြွေခေါ်ရိုက်ပွဲ၏ စည်းကမ်းစည်းမျဉ်းများကို တစ်ဖက်နှင့်တစ်ဖက် ညှိကြ၏။

သာလွန်းက သူ့လေးခွတစ်ခုသာ ယူသွားမည်ဆို၏၊ ငန်းစောင်းမြွေတို့ မည်သည့် ခေါင်းကြီးကို စောင်းငဲ့၍ကြည့်ရင်း လူကို လိုက်တတ်ကြောင်း၊ ထိုသို့ ခေါင်းကြီးစောင်း၍ ကြည့်တတ်သောဘက်က လူယောင်ပြ၍ ခေါ်လာမည်ဖြစ်ကြောင်း သာလွန်းက ပြောသွား၏။

"ဒီမှာ – ဦးထွန်းရီ – ခင်ဗျားတို့က မြို့သားတွေမို့ မြွေအကြောင်း မသိလို့ ကြောက်ချင် ကြောက်နေကြမှာ၊ မြွေတို့ရဲ့ သဘာဝစရိုက် အမူအကျင့်တွေ သိရင် ဘာမှကြောက်စရာမလိုဘူး"



သာလွန်းက မနေ့ညက ဦးပန်းကျော်အိမ်ပေါ်တွင် ပြောပြဆွေးနွေးသွားခဲ့၏၊ ပြီးတော့ ဆက်ကာ –

"မြွေဆိုတာစဟာခွေးဆွဲသလိုလည်းလူကိုဆွဲကိုက်နိုင်တာမဟုတ်သလိုအားလိုလည်း ခုန်အုပ်ပြီး ကိုက်နိုင်တာ မဟုတ်ဘူး။ လျှင်မြန်ဖျတ်လတ်မှုလည်း မရှိဘူး။ သူ့အနီးရောက်လာမှ ဒီလိုငန်းမြွေမျိုးက ပါးပျဉ်းကြီးထောင်ပြီး လှဲကာ ယမ်းကာနဲ့ လှမ်းပေါက်နိုင်တာ၊ ဒီတော့ – ဒီကောင်တွေကို စိတ်တိုအောင်လုပ်ပြပြီးခေါ်လာရင်ဒီလိုငန်းမြွေမျိုးကရန်လိုတတ်တဲ့မြွေဟောက်နွယ်မို့ ဘယ်ခေါ်ခေါ် မှူးခေါ်ရင် လိုက်လာတတ်တဲ့ မြွေတိရစ္ဆာန်မျိုး ..."

ဦးထွန်းရီသည်မနေ့က သာလွန်းပြောပြသွားသောအဆိပ်ပြင်းမြွေတို့၏ သဘာဝလေ့စရိုက်လက္ခဏာများအကြောင်း ဗဟုသုတအဖြစ် ကြားခဲ့ရသည်များကို ယခု သတိရနေ၏။

ဦးပန်းကျော်၊ ဦးထွန်းရီတို့လူစုရောက်နေသောနေရာက ရွာအရှေ့ဘက် အောင်ဆန်းလယ်ကွင်းစပ်တွင်ဖြစ်၏၊ မြွေခေါ်ရိုက်ပွဲကိုစိတ်ဝင်စားကြသော ရွာ့လူကြီးလူငယ်ကလေးများပါ ရောက်နေ၏၊ သတ္တိကောင်းသော အမျိုးသမီးအပျိုအရွယ်လေးများလည်းရောက်နေ၏။ လူပေါင်း(၅၀)ကျော်လောက်ရှိသည်။

သောတ်ျားလူရွယ်များ လက်ထဲတွင်မူ ဝါးရင်းတုတ်များ ကိုယ်စီကိုင်ထားကြ၏၊ မတော်လို့ မြွေက လိုက်လံကိုက်ခဲခဲ့သော်ဆိုသောအတွေးနှင့် ဘဝတစ်သက်တွင် တစ်ကြိမ်တစ်ခါမျှမကြားဘူး၊ မကြုံဘူးခဲ့သောဖြစ်ရပ်မို့ ရွာသားကြီး သာလွန်းအပေါ် အထင်မကြီး မယုံကြည်နိုင်အောင် ဖြစ်နေကြသည်၊ ယခု – လက်တွေ့ကြုံရမည်မို့ စိတ်အားထက်သန်နေကြသလို စိတ်လှုပ်ရှားထင့်လည်း ရှိနေကြသည်၊

"မှိုက်အားကောင်းမည့် ထမ်းပိုးကျည်းအရွယ် ဝါးရင်းတုတ်နှစ်ချောင်းကတော့ အသင့်လုပ်ထားပါ၊ မြွေကိုဒီကွင်းထဲထိ ခေါ်လာပြီးမှ အများရှေ့တွင် အသင့်နှင့် ရိုက်ပြပါမည်"



www.burmeseclassic.com

www.burmeseclassic.com

ဟု မနက်က သာလွန်းက ခပ်ကြွားကြွားလေး မှာသွား၏။ ထို့ကြောင့် ဦးပန်းကျော်က ဝါးရင်းတုတ်နှစ်ချောင်းကို အသင့်ယူလာ၏။

ယနေ့မနက်(၉)နာရီလောက် သာလွန်းသည် ကိုလွင်ဦး၊ ဦးထွန်းရှိန် တည်းခိုရာ ဦးပန်းကျော်အိမ်သို့ ရောက်လာ၏။ ယခု မြွေကို သွားခေါ်မည် မွန်းတည့်လောက်အရောက် မြွေခေါ်လာမည်၊ စောင့်ကြိုကြည့်ကြ(ရန်) အကြောင်း မှာသွားခြင်းဖြစ်၏။

ထို့အပြင် သာလွန်းက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့် မှာကြားသွား သေး၏။

"ကိုကြီးပန်း - အဲဒီငွေတစ်ရာထဲက ဆန်နဲ့ဆီ၊ ရေတ်၊ ကြက်သွန်တွေကို အသင့်ဝယ်ထားပါ၊ မြွေသားဟင်းနဲ့ ပျော်ပွဲစားကြရအောင်၊ အရက်သုံးလုံး လည်း ကျွန်တော့်အိမ် သွားယူထားပါ၊ ပိုတဲ့မြွေသားကို အခြောက်လှန်းထား ပြီး ကိုလွင်ဦးတို့အပြန် ပေးလိုက်မယ်၊ အောင်ဆန်းနဲ့ ဖိုးခွေးလည်း အဆ သင့် ခေါ်ထားနော်၊ မြွေသားဖျက်ပြီး ချက်ပြုတ်ဖို့ ..."

အောင်ဆန်းနှင့် ဖိုးခွေးမှာ သာလွန်း အမဲကောင်ရတိုင်း ဖျက်ပေးနေကျ။

ကိုလွင်ဦးမှာ သူတို့အလောင်းအစားအတွက် စိတ်စောနေသလို စိတ် တထင့်ထင့်လည်း ရှိနေ၏။ မိုးကောင်းကင်မှ နေကို မော့ကြည့်လိုက်၊ လက် မှ နာရီကိုကြည့်လိုက် ရှိနေ၏။ နေမွန်းတည့်တော့မည်၊ အဆိပ်ပြင်းမြွေဆိုး ကို ပမာမခန့်လုပ်၍ မြွေကိုက်ခံနေရပြီလား။

"ဦးပန်းကျော် - ဝါးမြွေချောင်[?]နဲ့ ရွာနဲ့ ဘယ်နှမိုင်လောက်ဝေးသလဲ၊ ဝါးမြွေ ချောင်ကကော - ဘယ်ဘက်ဆီလောက်မှာ ရှိသလဲ"

"ကျွန်တော်တို့ သဲအင်းရွာရဲ့ အရှေ့ဘက်ကြီးကွင်း (ကြီးဝိုင်း)ထဲမှာ ပါ၊ ဒီကနေ (၃)မိုင်ခွဲလောက် ဝေးတယ်"

ဦးပန်းကျော်က ကိုလွင်ဦး၏အမေးကို ဖြေ၏။

ကိုလွင်ဦးက ရွာခံလူများပြထားသော ထွန်းဘော်ရိုးထိပ်ဆီသို့ လှမ်း မျှော်ကြည့်၏။ သာလွန်းက "ထွန်းဘော်ရိုးထိပ် သည်ဘက်အောင်ဆန်းလယ် ကွင်းထဲထိ မြွေကိုခေါ်လာပြီး အများရှေ့တွင် ရိုက်ပြမည်" ဟု လေလုံးထွား သွားသည် မဟုတ်လား။

ရွာအရှေ့ဘက်တွင် ဘုန်းကြီးကျောင်း ရှိ၏၊ ၎င်းအရှေ့ဘက်တွင် နတ် စင်ရှိသည်၊ နတ်စင်မြောက်ဘက်တွင် အောင်ဆန်းလယ်ကွင်း၊ ၎င်းအရှေ့ ဘက်တွင် ထွန်းဘော်ရိုး၊ ထွန်းဘော်ရိုးမှာ ပေ(၅၀)လောက် ကျယ်၏။ ထွန်း ဘော်ရိုးကျော်၍ ဟိုဘက်ကွင်းစပ်တစ်လျှောက်ကို ကိုလွင်ဦးတို့လူစုအား လုံးက လှမ်းမြင်ရ၏။

ထို့ကြောင့် ကိုလွင်ဦးတို့ လူအုပ်သည် ထွန်းဘော်ရိုး၏ သည်မှာဘက် အောင်ဆန်းလယ်ကွင်းထဲမှနေ၍ မြွေခေါ်လာမည့် သာလွန်းအား စိတ် တထင့်ထင့်နှင့် စောင့်မျှော်နေကြ၏။

သာလွန်း၏ မြွေခေါ်ရိုက်ပွဲကိုကြည့်ရန် စုပြုံရောက်နေသော လူကြီး၊ လူငယ်၊ မိန်းမပျိုလေးများကလည်း တစ်ယောက်တစ်ပေါက်ဖြင့် ထင်ရာမြင် ရာ ပြောနေကြ၏။

လူမြင်လျှင် အတင်းလိုက်တတ်သော မြွေဆိုးမြွေမိုက် ငန်းစောင်းမြွေမျိုး ကို သွားခေါ်သည့် သာလွန်းသည် မြွေကိုမခေါ်နိုင်ဘဲ လမ်းတွင် မြွေကိုက်ခံ ရပြီး အသုဘအလောင်းကို သွားယူနေရဦးမည်လားဟုလည်းကောင်း၊ ဒီလိုဆိုရင် အသုဘအလောင်းကို ရွာထဲထိ ယူလို့မဖြစ်ဘူး၊ ရွာပြင်မှာပဲထားမှ ဖြစ်မယ်ဟူ၍လည်းကောင်း လူငယ်အချို့၏ ပေါက်ကရပြောဆိုနေသံများကို ကိုလွင်ဦးက ကြားနေရ၏။ သည်လိုဆိုလျှင် မိမိအလောင်းအစားမှုကြောင့် မိမိပယောဂ ပါနေပါပြီလား ဟူသောအတွေးက ဖျတ်ခနဲဝင်လာသည်။

— ၄ —

"ဟော - ဟော - ဟို - ဟို - မှာ"

လူငယ်တစ်ဦး၏ ထိတ်လန့်တကြားပြောသံ ကြားလိုက်သည်နှင့် လူအားလုံးက ထိုလူငယ်လက်ညှိုးညွှန်ရာ ထွန်းဘော်ရိုးထိပ်ဆီသို့ လှမ်းမျှော်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်ကြ၏။ ထွန်းဘော်ရှိုး၏ ပခုံးကွင်းပြင်းကျယ်အဆုံး တောစပ်ဆီတွင် အနီရောင်အင်္ကျီဝတ်ထားသော လူတစ်ဦး၏ လှုပ်လှုပ်ရှားရှား ပြေးလွှားလာနေသည်ကို ကိုလွင်ဦးတို့လူအုပ်က လှမ်းမျှော်မြင်နေရ၏။

မနက်ဆီက သာလွန်းသည် အနီရောင်အင်္ကျီဝတ်သွားသည်ကို ဦးပန်းကျော်၊ ကိုလွင်ဦးတို့ သတိပြုမိသည်။

သာလွန်းသည် ရုတ်တရက်ရပ်လိုက်ပြီး နောက်သို့ပြန်ကြည့်ရင်း လက်မှလေးခွနှင့် လှမ်းပစ်လိုက်ပုံရသည်။ ထို့နောက် ခပ်သွက်သွက်လေး ပြေးလာနေ၏။ သူ့နောက် မလှမ်းမကမ်းဆီမှ လူတစ်ရပ်နီးပါး ပါးပျဉ်းကြီးထောင်ကာ အနက်ရောင်မြွေကြီးတစ်ကောင် တလွှားလွှား ပြေးလိုက်လာနေသည်ကို ဦးထွန်းရီတို့လူအုပ်က ခပ်ဝါးဝါး လှမ်းမျှော်မြင်နေရ၏။

"ဟော - ဟော - ဟို - ဟိုမှာ - မြွေကြီး - မြွေကြီး - လိုက်လာနေတယ်"

လူငယ်များနှင့် ကလေးအုပ်စုက တစ်ယောက်တစ်ပေါက် အော်ပြောနေကြသည်။ အချို့ကလေးများကမူ တုန်လှုပ်ကြောက်ရွံ့နေပုံရသည်။

ထိုစဉ် သာလွန်း လူရိပ်ပျောက်သွား၏။ ထွန်းဘော်ရှိုးထဲသို့ ပြေးဆင်းလာပုံရ၏။ သို့သော် မကြာလိုက်၊ ဘွားခနဲဆိုသလို ထွန်းဘော်ရှိုး၏ သည်ဘက်ထိပ်တွင် ပေါ်လာ၏။ သာလွန်း ရုတ်တရက် နောက်ပြန်လှည့်ကြည့်ရင်း လက်ထဲမှ လေးခွနှင့် ထွန်းဘော်ရှိုးကျော်၍ တအားလှမ်းပစ်လိုက်သည်ကို ဆလိုင်းကျော်ဝင်း၊ တင်ဌေး၊ ကျားတို၊ ကိုလွင်ဦးတို့လူအုပ်က လှမ်းတွေ့လိုက်ရ၏။

ထို့နောက် သာလွန်းသည် ဦးပန်းကျော်တို့လူအုပ်ဆီသို့ ပြေးလာသည်။ အနီးရောက်လျှင် -

"ကိုကြီးပန်း - ကိုကြီးပန်း - ဝါးရင်းတုတ်တွေ ပါတယ်မဟုတ်လား - ပေးပေး"

"ရော့ - ရော့"

အမောတကောနှင့် ပြေးလာပြီး တုတ်များ တောင်းလာသော သာလွန်းလက်ထဲသို့ သူပြောထားသော ဝါးရင်းတုတ်နှစ်ချောင်းကို ကျားတိုက ယူပြီးပြေးသွားပေးလိုက်၏။



တုတ်နှစ်ချောင်းကိုင်၍ သာလွန်းက ထွန်းဘော်ရှိုးဘက်သို့ ပြန်ပြေးသွားပြန်၏။

တွန့်ခနဲ ရပ်လိုက်၏။ မြွေကြီးကလည်း ရုတ်ခြည်းရပ်ပြီး အကဲခတ်နေပုံရသည်။

သာလွန်းက မထီလေးစားဟန်ဖြင့် (၅)ပေလောက်ထိ ကပ်သွားကာ တုတ်သိုင်းကစားပြနေ၏။

ကိုလွင်ဦးတို့လူစုမှာ အသည်းတယားယားနှင့် ရင်ထိတ်စိုးရွံ့ချောက်ချားနေကြသည်။

မြွေကြီးမှာ ဒေါသဖြစ်နေပုံ ရ၏။ မောနေပုံလည်း ရ၏။ ထို့ကြောင့် အလွန့်အလွန် ဒေါသဖြစ်နေသောပုံစံတွင် ဒေါမာန်အပြည့်နှင့် လျှောခနဲဆိုသလို လျင်သောအဟုန်ဖြင့် သာလွန်းအား လှမ်းပေါက်လိုက်၏။ လွဲချော်သွားရုံမက သာလွန်းကျော်၍ ရှေ့သို့ လျှောခနဲ လွန်သွား၏။

သာလွန်းကလည်း သူ့အနီးသို့ မြွေကြီး ရုတ်ခြည်း လျှောခနဲ ရောက်လာသည်နှင့် တစ်လှမ်းဆုတ်ကာ ဖြုန်းခနဲ ရှောင်ပေးလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် လက်မှတုတ်ဖြင့် ပါးပျဉ်းခွက်ကြီးနှင့် မြွေခေါင်းကို ဖြတ်ရိုက်လိုက်၏။ တစ်ဖန် မြွေအမြီးနှင့်လှမ်းရိုက်သွားသည်ကိုလည်း သာလွန်းက ချက်ခနဲ ရှောင်လိုက်ရ၏။

သာလွန်းရှေ့မှ မြွေကြီး ကျော်လွန်သွားသည်ကို လှမ်းမြင်လိုက်ရသော ကိုလွင်ဦးမှာ မနေ့ညက သာလွန်ပြောသွားသောစကားကို ဖျတ်ခနဲ ပြန်သတိရသွား၏။

"မြွေဆိုတာမျိုးဟာ ခြေထောက်ရှိတာ မဟုတ်ဘူး။ ဒီတော့ - သွားလာလှုပ်ရှားတဲ့အခါမှာလည်း ထိန်းချုပ်နိုင်စွမ်း မရှိဘူး။ ဒီတော့ - သူပေါက်မယ့်ကိုက်မယ့်ရန်သူရဲ့သူမှန်းထားတဲ့နေရာကိုတိကျအောင် ကိုက်ပေါက်နိုင်စွမ်းမရှိတော့ဘူး။ လွဲချော်သွားတတ်တဲ့သဘောရှိတယ်။ ဒီသဘောကိုသိထားရင် မြွေကို ဘာမှကြောက်စရာမလိုဘူး၊ ဒါကြောင့်မို့ - မြွေတွေဟာ လူကို ထိထိမိမိ ထိတွေ့မှ ပေါက်နိုင် ကိုက်နိုင်တယ်ဆိုတာကို သဘောပေါက်ထားဖို့ လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ထင်သည်။ မြွေကြီးနှင့် သာလွန်းတို့၏တိုက်ပွဲတွင် မြွေကြီး၏ လှမ်းပေါက်ခြင်း၊ ကိုက်ခြင်းတို့မှာ ဟန်ချက်များ လွဲ၍ လွဲ၍ သွားသဖြင့် မင် ရောက်ဘဲ ဖြစ်သွားသည်ကို ကိုလွင်ဦးတို့က လှမ်းမြင်တွေ့နေရ၏။

ထိုစဉ် သာလွန်းသည် လှုအုပ်ဘက်သို့ ပေ(၂၀)လောက်ထိ ဆုတ်ပြေ လာသဖြင့် လှမ်းကြည့်သော လူအုပ်မှာ ကြောက်လန့်စိတ်များဖြင့် ရုတ်ရုတ် သဲသဲ ဖြစ်သွားသည်။ လူအုပ်နှင့် ပေ(၆၀)လောက်ရောက်မှ သာလွန်းတ ရပ်တန့်လိုက်ပြီး မြွေကြီးကို ပြန်ကြည့်ရင်း ရင်ဆိုင်လိုက်ပြန်၏။

ငန်းမြွေကြီးကလည်း ပါးပျဉ်းခွက်ကြီးထောင်ကာ ခေါင်းကြီး ငုံ့စောင် လျက် သာလွန်းအား အင်မတန် ဒေါသူပုန်ထနေပုံဖြင့် စူးစူးဝါးဝါး လှမ်းကြည့် နေ၏။ မြွေကြီးပါးစပ်မှ လျှာကြီးကလည်း တစ်လစ် တစ်လစ်နှင့် ထုတ်ပြနေ သည်။ ကိုလွင်ဦးတို့လူအုပ်မှာ အသည်းတယားယားနှင့် ရင်ထိတ်တုန်နေ ကြသည်။

သို့ရာတွင် သာလွန်းကမူ မြွေကြီးရှေ့သို့ တစ်ဖန်တိုးသွားလိုက်ပြီး တုတ် သိုင်းကစားပြလိုက်၊ နောက်ပြန်ဆုတ်လိုက်နှင့် မြွေကြီးစိတ်ကို ဆွနေပုံရ၏။ ပါးပျဉ်းဝိုင်းကြီး တယမ်းယမ်းနှင့် ယမ်းနေသည်မှာ ကြည့်၍လှသလိုပင် မြင် နေရ၏။

ထိုစဉ် မြွေကြီးသည် ဒေါသပေါက်ကွဲသွားပုံရသည်။ ရှူးခနဲ အော်ရင်း ရုတ်ခြည်းပြေးထွက်လာပြီး သာလွန်းအား အားနှင့်မာန်နှင့် ပေါက်ချလိုက်၏။

"ဟာ - ဟယ်"

— ၄ —

ကျယ်လောင်သော အာမေဋိတ်သံကြီးများက လူအုပ်ဆီမှ ကြောက် လန့်တကြား ရုတ်တရက် ထွက်ပေါ်လာသည်။ တွေ့မြင်လိုက်ရသော မြင် ကွင်းကလည်း အသည်းယား ရင်တုန်စရာ၊



လျှပ်တစ်ပြက် ဖြတ်ပျက်သွားသောမြင်ကွင်းကြီးပါ။ ငန်းမြွေကြီးက အားနှင့် မာန်နှင့် လျှောခနဲ ပြေးလာပြီး သာလွန်းအား ဒေါသတကြီး အကိုက် လိုက်တွင် သာလွန်းမှာ ခြေခေါက်၍ လဲကျသွား၏။ ထိုစဉ် ငန်းမြွေကြီးက အားနှင့် ပေါက်ချလိုက်ခြင်း ဖြစ်၏။

"ဟာ - ဟယ်"

သို့သော် သာလွန်းကလည်း လဲကျနေရာမှ လျှပ်တစ်ပြက်ဆိုသလို လက်ထဲမှ တုတ်နှင့် တအားလှမ်းရိုက်ထုတ်လိုက်ရာ မြွေကြီးခေါင်းမှာ ဖြုတ် ခနဲ ကျသွား၏။ သို့သော် မြွေကြီးခေါင်းက ဖြန်းခနဲ ပြန်ထောင်လာကာ ပေါက် ချန် အားယူလိုက်သည်နှင့် သာလွန်းကလည်း လဲကျနေရာမှ တစ်မုဟုတ်ချင်း ထရင်း ရှောင်တိမ်းရင်း လက်မှ တုတ်နှစ်ချောင်းဖြင့် မြွေကြီးခေါင်းအား ဆက် ကာ ဆက်ကာ ဘယ်ပြန် ညာပြန် ရိုက်ချရင်း နောက်ဆုတ်လိုက်၏။

ငန်းမြွေကြီးကလည်း အမြီးဖျားနှင့် တဖြန်းဖြန်း လှမ်းရိုက်၏။ မြွေရော လူပါ ရောထွေးသလို ဖြစ်သွား၏။ နှစ်ဦးလုံးလည်း မောပန်းနေပုံရ၏။ အပြင်း အထန် ဆုံး တိုက်ခိုက်နေကြပြီ။

သာလွန်းသည် မြွေကြီး ဦးခေါင်းပြန်အထောင်တွင် ခုန်လွှားပြီး ဘယ် လက်မှ တုတ်ဖြင့် ကာရင်း ညာလက်တုတ်က အားနှင့် ဆက်ကာ ဆက်ကာ ရိုက်ချနေ၏။ လှမ်းမြင်နေကြသော ကိုလွင်ဦးတို့လူစုမှာ ထိတ်လန့်တုန်လှုပ် နေသောစိတ်များဖြင့် ရင်မ,နေကြရ၏။

သာလွန်းသည် မြွေကြီးဦးခေါင်းကို ညာလက်မှ တုတ်ဖြင့် အချက် ပေါင်း သုံးလေးဆယ်တိုင်အောင် ရိုက်ချနေ၏။ ထို့နောက်တော့ မြွေကြီး ငြိမ် ကျသွားသည်ကို ဦးပန်းကျော်၊ ဦးထွန်းရီ၊ ကိုလွင်ဦးတို့လူစုက လှမ်းမြင်လိုက် ရတော့၏။

ထို့နောက်တွင်မှ သာလွန်းသည် သူ့လက်မှ တုတ်နှစ်ချောင်းနှင့် ကြက် ခြေခတ်ပြရင်း ငွေ့ယမ်းပြလိုက်သည်။ ပွဲပြီးသွားပြီဖြစ်ကြောင်း ကိုလွင်ဦးတို့က နားလည်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဦးပန်းကျော် ခေါင်းဆောင်သော လူအုပ်ကြီးသည် မြွေရိုက် ကွင်း တိုက်ပွဲနေရာသို့ကြည့်ရန် အပြေးအလွှား သွားကြသည်။

"ဟာ - တော်တော်ကြီးတဲ့ကောင်ကြီးပါလား။ ယောကျ်ားကြီးလက် မောင်းအိုးလောက် တုတ်ပြီး ဆယ်ပေလောက် ရှည်တယ်"

စင်းစင်းကြီး သေနေသော အနက်ရောင် ငန်းစောင်းမြွေကြီးကို တအံ့ တသြကြည့်ရင်း ကိုလွင်ဦးက ပြောလိုက်၏။ ပြီး ဆက်ကာ -

"ချီးကျူးပါတယ် - ကိုသာလွန်း။ ခင်ဗျားရဲ့အစွမ်းသတ္တိကို"

အဆိပ်ပြင်းသည့်ငန်းစောင်းမြွေသေကြီးကိုကလေးလူကြီးများကတုန် လှုပ်ချောက်ချားနေသော စိတ်များဖြင့် တအံ့တသြ ကြောက်ကြောက်ရွံ့ရွံ့ ကြည့်နေကြရင်း ထင်မြင်ချက် အမျိုးမျိုး ပေးနေကြတော့သည်။

(စိတ်ကူးယဉ်ဇာတ်လမ်းမဟုတ်ပါ။ ဒိုက်ဦးမြို့နယ်၊ သင်အင်းရွာမှဦးပန်း ကျော်၊ ဦးထွန်းရီတို့၏ ကိုယ်တွေ့ဖြစ်ရပ်ကို ကောက်နှုတ်ပြု၍ ရေးဖွဲ့ခြင်းဖြစ်ပါ သည်။)

⋙ မောင်မောင်ဖြူ



www.burmeseclassic.com

## အကျည်းတန်လှသူ ဆရာဝန်တစ်ယောက်
## လမ်းတွင် အမွှေ တားအတားခံရပြီး
## စေခိုင်းခံရရာမှ ..

“**ခူနေ ရှား** မောင့်ကိုတွေ့ရင် ဘယ်သူကမှ ဆရာဝန်ကြီးလို့ ထင်ကြမှာ မဟုတ်ဘူးနော်”

ကျွန်တော့်ဇနီး မေနင်းက တွေတွေလေး ကြည့်ရင်း လှမ်းပြောနေသေသည်။

ပြောမည်ဆိုလည်း ပြောထိုက်ပါပေသည်။ မော်ဘီလိုမြို့စွန်မှ ခြံဝင်းထဲတွင် အလုပ်ကြမ်းသမားဝတ်စုံဖြင့် စိုက်ခင်းကို ပေါက်တူးတစ်လက်ဖြင့် ပေါင်းသင်မြေဆွနေသောအဖြစ်သည် မြင်သူတိုင်းက မာလီဟု ထင်ကြစေသော။ ဤမျှသာမဟုတ်သေး၊ မည်းမည်းပြည့်ပြည့်အသွင်၊ ခပ်ကြမ်းကြမ်းမျက်နှာ၊ အေးဆေးလှုပ်ရှားမှုတို့ကလည်း သွေးအေးသောလူတစ်ယောက်ဟု ထင်သင့်ကြသည်။



“ဟုတ်တယ် - မေရဲ့ မောင်တို့ကျောင်းသားဘဝတုန်းကဆိုရင် ဆေးကျောင်းသားအသိုင်းအဝိုင်းတစ်ခုလုံးက ဆရာဝန် ဥပမိရုပ်နဲ့ မဆင်ဆုံး လူတစ်ယောက်ကိုပြပါဆိုရင် မောင့်ကိုပဲ လက်ညှိုးထိုးကြတာကွ - ဟားဟား”

“ဒါတော့ လွန်တာပေါ့ - မောင်ရယ်”

“မလွန်နဲ့ - မေရဲ့ သူတို့ပြောတာ အမှန်ပဲလေ။ ဒါပေမဲ့ - မောင်စိတ်မာတ်ကျပါဘူး။ ဘဝပေးကုသိုလ်ပဲဟာ။ ဘာတတ်နိုင်မှာလဲ”

ကျွန်တော့်အယူအဆကို ဇနီးဖြစ်သူ မေနင်း လေးလေးနက်နက် နားထောင်နေရှာသည်။

“အဲဒီလိုလူမျိုးနဲ့ ဖူးစာဆုံမိလို့ မေ စိတ်မာတ်ကျနေပြီလားကွာ”

“အို - အို - မောင် အဲဒီလို မပြောနဲ့”

ကျွန်တော့်စကားကို သူမက ချက်ချင်း တုံ့ပြန်လာသည်။

“ဟို - ဟို - ဘယ်လိုပြောရမလဲ၊ ဟိုလေ - မောင်နဲ့ပတ်သက်ရင် မေ့မှာ ဦးနှောက်ရော နှလုံးသားပါ ရှိပါတယ် - မောင်ရဲ့”

အပြောသာမဟုတ်၊ စိုးရိမ်စိတ်ဖြင့် ခပ်လူးလူးလေး ပြောနေသော မေ့အသွင်ကို သဘောကျမိသဖြင့် ကျွန်တော်က ပီတိပြုံးဖြင့် ကြည့်နေမိသည်။

“ဘာလဲ - မောင်က မယုံလို့လား။ ကြည့်နေလိုက်တာများ - ဟွန်း”

ကျွန်တော့် မမေ့နိုင်သော မျက်စောင်းခဲကြီးဖြင့် ဝေ့ကြည့်ရင်း ဆက်[illegible]နေပြန်သည်။

“ဒီအမေးမျိုးကို ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ချစ်သူတွေဘဝကတည်း[illegible]ရောပေါ့”

“အဲဒီတုန်းကမေးမိရင် ဝေးရမှာစိုးလို့ မမေးဝံ့ပါဘူးတဲ့ဗျာ - ဟားဟား”

“အဟင်း - မေ့အဖို့တော့ အဲဒီတုန်းက မေးခဲ့ရင် အခုလိုပဲ ဖြေမိမှာပဲ [illegible]”

“ဟုတ်လား ...”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ - မောင့်ကို မေ ဘာကြောင့် လက်ခံခဲ့သလဲဆိုတော့ ပြင်ပအသွင်ထက် ရင်ထဲက စေတနာ၊ဖြူစင်တဲ့နှလုံးသား၊ကြင်နာတတ်တဲ့ မေတ္တာကို တန်ဖိုးထားလို့ပေါ့"

"ဝမ်းသာပါတယ် - မေရယ်"

"အခုဆိုရင် မောင့်အသက်လေးဆယ်ကျော်ခဲ့ပြီး အထူးခွဲစိတ်ကုဆရာဝန်ကြီးလည်း ဖြစ်နေပြီ၊ ဒါတွေဟာ မေ့အတွေး မမှားခဲ့ဘူးဆိုတာ ထင်ရှားတာပေါ့၊ ဟုတ်ဘူးလား"

ကိုယ့်ကို ချီးကျူးထောပနာ ပေးနေသည့်ကိစ္စတွင် ဟုတ်တာပေါ့ဟု ပြောရန် ဝန်လေးစရာ ကောင်းလှသည်၊ ထို့ကြောင့် ကျွန်တော် ဘာမှ ပြန်မပြောဘဲ ပြုံး၊ ငြိမ်ငြိမ်လေး လုပ်နေလိုက်ရသည်၊

မလိုချင်ဘူး။ ကျုပ်ပြောတဲ့အတိုင်းလုပ်။ ဒါပဲ။ ဆက်မပြောနဲ့

မင်းပါးစပ်က အသံထွက်တာနဲ့ ကျုပ် သေနတ်ကလည်း

အသံထွက်ပြီးသားမှတ်။ လိမ်စရာရှားလို့ကွာ

ဒီရုပ်လားကွာ-ဆရာဝန်ရုပ်

ငါ-တယ်-လုပ်လိုက်ရ





ကျွန်တော်ဆိုသည့် ကျွန်တော်ကလည်း ပါရမီတစ်မျိုးပင် ခွဲစိတ်ကုဆရာဝန်ရင့်မကြီးဖြစ်နေသည့်တိုင်အောင် ငယ်စဉ်က ပါခဲ့သော စိုက်ပျိုးရေးသနာကို မစွန့်လွှတ်နိုင်ခဲ့ပါ၊ အမှုထမ်းသက်တစ်လျှောက် ရောက်လေရာမြို့နယ်များတွင်လည်း သီးသန့်အိမ်ခန်းတွင် စိုက်ပျိုးခြံလေးရှိနေအောင် ထားတတ်သည်၊ ယခုလို ရန်ကုန်မြို့တွင် အခြေချရသောအခါ မြို့ထဲတွင်နေသော်လည်း ကျွန်တော် အမွေရသော မှော်ဘီမှ စိုက်ပျိုးရေးခြံထဲတွင် တစ်လှမ်းချင်းကမ်း လာရောက်နေထိုင်သည်ကိုသာ ကြည့်ပါတော့၊

ယခုတော့ ကျွန်တော့်အသွင်မှာ တကယ့် ခြံအလုပ်သမားကြီးပုံပေါက်နေချေပြီ၊ ဆရာဝန်ဖြစ်ကြောင်းကို လူစိမ်းဆိုလျှင် ကျိန်၍ပြောလျှင်ပင် ယုံကြည်မည်မထင်၊

ကျွန်တော်တို့လင်မယားနှစ်ယောက် စကားကောင်းနေကြစဉ် ခြံစောင့်ဦးဝင်း အပြေးရောက်လာသဖြင့် စကားပြတ်သွားရသည်၊

"ဆရာကြီးအတွက် တယ်လီဖုန်း လာပါတယ် - ဆရာကြီး"

ကျွန်တော် တိုက်ထဲ ဝင်ပြီး ဖုန်းကို ကောက်နားထောင်လိုက်သောအခါ တစ်ဖက်မှ ပြောနေသူမှာ သူနာပြုချုပ် ဒေါ်စောမြဖြစ်နေသည်၊

"ဆရာကြီး အပြစ်တင်ရင်လည်း ခံရမှာပဲ၊ ဆရာကြီးကပဲ (၁၀)နာရီမှ ဆေးရုံဝင်ရမှာ မဟုတ်လား၊ အခု အရေးပေါ်ခွဲစိတ်ရမယ့်လူနာ ရောက်နေလို့ ဖုန်းဆက်တာပြီး ..."

"နေဦး - ဆရာမကြီး၊ ဒေါက်တာ ဦးဝင်းဖေလည်း တာဝန်ကျနေတယ် မဟုတ်လား"

"ဟုတ်ကဲ့ - ဒေါက်တာ ဦးဝင်းဖေလည်း ခွဲစိတ်ခန်း ဝင်နေပါတယ် ဆရာကြီး၊ အခု လူနာက အသက်ရှင်ဖို့ သိပ်အရေးကြီးနေပါတယ်၊ မှူခင်းဆရာဝန်ကြီးက ဒီလူနာဆီက သိချင်စရာ ရှိနေတယ်၊ ဒါဆို ဆရာကြီး တွေးမိမှာပါ၊ ဆိုင်ရင် ခုချက်ချင်း ..."



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ – ကျွန်တော် အခုပဲ လာခဲ့မယ်"

"ဖြစ်နိုင်ရင် ရေချိုးချိန်တောင် မယူစေချင်ဘူး – ဆရာကြီး"

ကျွန်တော် ပြုံးမိသွားသည်။

"စိတ်ချ – ဆရာမကြီး၊ လက်တောင် မဆေးတော့ဘဲ အခုလာခဲ့မယ်၊ အဲ – ကားမောင်းချိန်ကတော့ (၂)နာရီနဲ့ (၁၀)မိနစ်ပေါ့ဗျာ"

"ဟုတ်ကဲ့ – အခုတောင် မိနစ်ဝက် ကုန်သွားပါပြီ – ဆရာကြီး"

ကျွန်တော် တယ်လီဖုန်း ချပစ်လိုက်သည်၊ မည်မျှ အရေးကြီးနေသည်ကိုလည်း သဘောပေါက်လိုက်သည်၊ ဆရာမကြီးကို ကတိပေးလိုက်သည့်အတိုင်း ရေလည်းမချိုး၊ လက်လည်း မဆေးတော့ပါ၊ သို့သော် ချွေးသံရွှဲ အဝတ်စိုကြီးကိုတော့ မနစ်မြို့လွန်းသဖြင့် အိမ်တွင်းဝတ် သာမန်အဝတ်အစားကို လဲဝတ်ဖြစ်ခဲ့သည်၊

ကျွန်တော့်၏အခြေအနေကို နားလည်သဘောပေါက်သော ဖနီး မေနှင်းခမျာ လက်ပြနှုတ်ဆက်၍ ကျန်ခဲ့သည်၊ သူမအဖို့ ဤအဖြစ်မျိုးမှာ ရိုးတာပါပြီ၊

— ✽ —

အချိန်မှာ (၆)နာရီ၊ (၁၄)မိနစ်ရှိနေသည်၊ ဆောင်းရာသီဖြစ်သဖြင့် နေ့တာတိုသောကာလလည်း ဖြစ်သည်၊ နေဝင်ပြီးစပင် ဖြစ်သော်လည်း အမှောင်ထုက ထူကဲလွန်းသည်၊ ဘာပဲဖြစ်ဖြစ်၊ အနှောင့်အယှက်သာ မရှိလျှင် ည(၈)နာရီ၊ (၅)မိနစ်တွင် ဆေးရုံကြီးသို့ ရောက်မည်၊ ထိုအချိန်အထိ လူနာကို ထိန်းထားနိုင်ကြပါစေဟု ဆုတောင်းရသည်၊ ထိုသို့ ဆုတောင်းပြီးတော့ ရင်ထဲ လှိုက်ခနဲ ခံစားရသည်၊ တော်ပါသေးသည်၊ မြဲစောင့်သိန်းဝင်းသော ကျေးဇူးတင်ရတော့မည်၊ ကားအတွက် ရေ၊ လေ၊ ဆီ၊ ဝိုင် အားလုံးကို သူအသင့်လုပ်ထားပြီး ဖြစ်နေသည်၊



တစ်နာရီမျှတော့ မျှော်လင့်သလိုဖြစ်ခဲ့သည်၊ ဆက်သွားတော့ ကျေးရွာအလွန်တွင် လက်နှိပ်ဓာတ်မီး ဖွင့်လိုက်၊ ပိတ်လိုက် ပြနေသည်ကို တွေ့ရ၍ ကားရပ်ပေးလိုက်ရသည်၊ ကျွန်တော် ဘာမျှမပြောရသေးမီ ထိုသူက ကားတံခါးကိုဖွင့်ဝင်ထိုင်တော့သည်၊ သူဝတ်ထားသော ကုတ်အင်္ကျီနက်ပြာကြီးမှာ ကြီးမားလှသည်၊

"ဘာစကားမှ မကြားချင်ဘူး၊ အခုချိန်ကစပြီး ကျုပ်ပြောတဲ့အတိုင်း ကားကို မောင်းတော့"

"ဗျာ"

အံ့သြနေသော ကျွန်တော့်အသွင်ကိုကြည့်ပြီး သူက ခပ်တည်တည်ဖြင့် ခြိမ်းခြောက်ပြန်သည်၊

"ဘာကိုလဲ ကိုယ့်လူ၊ ဒီမှာ တွေ့လား – သေနတ်"

ကျွန်တော်ထိတ်လန့်သွားရသည်၊ သို့သော် ကျွန်တော့်မှာလည်း အရေးကြီးကိစ္စနှင့်မို့ အရဲစွန့်ပြီး ပြောရတော့သည်၊

"ကျွန်တော် ဆရာဝန်ပါ၊ အရေးကြီးတဲ့ကိစ္စ"

"တိတ်စမ်း"

ကျွန်တော့်စကား မဆုံးမီက ဟိန်းဟောက်တော့သည်၊

"မလိုချင်ဘူး၊ ကျုပ်ပြောတဲ့အတိုင်းလုပ်၊ ဒါပဲ၊ ဆက်မပြောနဲ့၊ မင်းပါးစပ်က အသံထွက်တာနဲ့ ကျုပ် သေနတ်ကလည်း အသံထွက်ပြီးသားမှတ်၊ လိမ်ရောရှားလို့ကွာ၊ ဒီရုပ်လားကွာ – ဆရာဝန်ရုပ်၊ ငါ – တယ် – လုပ်လိုက်ရ"

ကျွန်တော် ပုသွားရတော့သည်၊ သူ့ပုံကြီးမှာ တကယ်လုပ်နိုင်သည်၊ ကျွန်တော့်ထက် ကိုယ်လုံးတုတ်၍ သေနတ်ကိုင်ထားသော သူ့လက်ကြီးကလည်း မြဲမြံလှသည်၊

သည်နောက်ပိုင်းတွင်တော့ ကျွန်တော်တို့ စကားမပြောဖြစ်တော့ပါ၊ ကျွန်တော့်ရင်ထဲတွင် ဗလောင်ဆူနေပြီး သေနတ်သမားကို ကြိတ်၍ကျိန်ဆဲနေမိသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟိုရှေ့က ညာဘက်လမ်းနီလေးထဲ ကွေ့မောင်း"

ဆယ်မိနစ်ခန့်အကြာတွင် သူ့ထံမှ အမိန့်ပေးသံ ထွက်ပေါ်လာပါသည်။

"ဒီမယ် ဆရာကြီး၊ ကျွန်တော် တကယ်ပြော ..."

"တိတ်စမ်း၊ မင်းကိုစကားမပြောနဲ့လို့သတိပေးထားတာမေ့သွားပြီလား။ မောင်းမှာ မောင်းစမ်းကွ၊ အဲဒီလမ်းက အသစ်ဖောက်ထားတာ ပြီးလုပြီတဲ့၊ အဲဒီအတိုင်းသွားရင် နာရီဝက် စောနိုင်တယ် - သိလား၊ ကဲ - မောင်း"

သူပြုသမျှ နရမည့်အဖြစ်သည် ကျောချမ်းစရာ မဟုတ်သော်လည်း ကျွန်တော် ဘာမှမတတ်နိုင်ခဲ့ပါ၊ သူညွှန်ပြရာ မြေနီလမ်းဆီသို့ ချိုးကွေ့လိုက်ရသည်၊ တအောင့်မျှအရောက်တွင်မူ ကျွန်တော်ထင်ထားသမျှ မှားယွင်းပြီဖြစ်ကြောင်း သိလာရသည်၊ ကြမ်းလှသော ဤလမ်းကျဉ်းကလေးသည် ကျွန်တော့်ကားဘီး ပေါက်သွားသည်အထိ နှိပ်စက်ပါတော့သည်။

"ထွီ - အသုံးမကျတဲ့ကောင်၊ ကားကို ဘယ်လိုမောင်းတာလဲကွ၊ ငါသာ ကားပိုင်ရှင်ဆိုရင် မင်းလို ဒရိုင်ဘာမျိုး တစ်မနက်တောင် မခံဘူး သိလား"

ပြောပြောဆိုဆို သူက တံခါးဖွင့်ပြီးဆင်းတော့သည်၊ ထိုမျှသာမဟုတ်၊ ကုတ်အင်္ကျီအိတ်ထဲရောက်နေသော သူ့သေနတ်ကို လက်ဝါးကြီးဖြင့် တပုတ်ပုတ်လုပ်ရင်း ပြောနေသေးသည်။

"တောက် - ငါ့မှာ သေရေးရှင်ရေး ကိစ္စရှိနေလို့ပေါ့ကွာ၊ နို့မို့ရင် - မင်းကို သင်ခန်းစာ ပေးခဲ့ချင်သေးတယ် - နားလည်လား"

ထိုစကားအဆုံး မှောင်ထဲတွင် သူပျောက်ကွယ်သွားတော့သည်၊

သူ့ထက်စာလျှင် ကျွန်တော့်မှာ သေကောင်ပေါင်းလဲကိစ္စ ရှိနေသည်ကို သူ သိမသွားခြင်းအတွက် ကျွန်တော် မချင့်မရဲဖြင့် ကျန်ရစ်ခဲ့သည်၊ ထို့ပြင် လမ်းကျဉ်းလမ်းကြမ်းထဲတွင် ဘီးပေါက်နေသောကားကိုတစ်ယောက်တည်း ဖြုတ်၊ ပြန်တပ်၊ နောက်ဆုတ်မောင်း စသည့်အလုပ်တို့မှာလည်း စိတ်စောနေသော ကျွန်တော့်အဖို့ တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်မိသည်၊



တကယ်တမ်း ဆေးရုံကြီးသို့ ကျွန်တော် ရောက်သွားသောအခါ ည(၁၂) နာရီထိုးရန် (၅)မိနစ်နစ်ဆယ် နောက်ကျခဲ့သည်။

ကျွန်တော့်ကို စောင့်မျှော်နေသော ဆရာမကြီး ဒေါ်စောအသွင်မှာ နွမ်းမောနေရှာသည်၊ အခြေအနေကိုလည်း ကျွန်တော် အတပ်သိလိုက်ရပါပြီ၊

"ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ် - ဆရာကြီး"

သူမကို ကျွန်တော် ရှင်းပြနေတော့သည်၊

"ကျွန်တော် ကားလမ်းမှာ အနကြမ်းစီးခံရတယ်ဗျာ"

"ဆရာကြီးကို ကျွန်မ ယုံပါတယ်၊ ည ရှစ်နာရီခွဲလောက်အထိ ကျွန်မ မျှော်လင့်ခဲ့ပါတယ်၊ လိုအပ်တာတွေလည်း ကျွန်မတို့ ဝိုင်းလုပ်ထားပါတယ်၊ ဆရာကြီး နောက်ကျပြီဆိုကတည်းက တစ်ခုခုတော့ဖြစ်ပြီလို့ နားလည်လိုက်ပါတယ်"

"ဒါထက် လူနာ့အခြေအနေ"

စိတ်စောနေသော ကျွန်တော်က စိတ်ရင်းကို မေးကြည့်လိုက်သည်၊

"ပြီးခဲ့တဲ့ တစ်နာရီလောက်ကပဲ ဆုံးသွားပါတယ်"

"ဗျာ"

"ဟုတ်ပါတယ် - ဆရာ၊ ကျွန်မတို့ ဆုံးရှုံးလိုက်ရတာက ဒီကလေးရဲ့ အသက်တင် မဟုတ်ပါဘူး၊ သူပြောပြနိုင်မယ့် ဒုစရိုက်ဂိုဏ်းကို ဖော်ထုတ်နိုင်မယ့်အခွင့်အရေးလည်း ဆုံးရှုံးလိုက်ရပြီ - ဆရာကြီး"

ကျွန်တော် ဘာပြန်ပြောရမှန်းတောင် မသိနိုင်အောင် ဖြစ်သွားရပါသည်၊

"အဖြစ်ကလည်း ဆိုးပါတယ် - ဆရာကြီး"

သူမက ဆက်၍ရှင်းပြပြန်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"အနီးကပ်ကြီး ပြောင်းတိုသေနတ်နဲ့ ပစ်လိုက်တဲ့ဒဏ်ရာသဘောပဲ၊ ဦးခေါင်းထဲ ကျည်ဆန်ဝင်ပြီး သွေးထွက်လွန်ပြီးမှ ကျွန်မတို့ဆီ ရောက်လာတာ"

"ဆောရီးပဲ - ဆရာမကြီးရယ်၊ ကျွန်တော့်မှာလဲ"

"ဘာတတ်နိုင်မလဲ - ဆရာရယ်၊ ကံရဲ့အကြောင်းပဲပေါ့"

သူမက နှစ်သိမ့်ရင်း ဆက်ပြောပြန်သည်၊

"ဪ - ဆရာ့ကို မိတ်ဆက်ပေးရဦးမယ်၊ ကလေးရဲ့အဖေလည်း ရောက်နေတယ်၊ သူ့ခမျာလည်း ကားအခက်အခဲကြောင့် သူ့သားအသက်ကိုတောင် မမီသွားရှာဘူး၊ သနားစရာပါပဲ၊ ဟော - ခုံတန်းအစွန်ကလူပေါ့၊ လာ - ဆရာကြီး"

ကျွန်တော်တို့နှစ်ယောက် ထိုသူ့ထံ လျှောက်သွားခဲ့သည်၊ သူသည် လက်နှစ်ဖက်ဖြင့် မေးကိုထောက်ထားပြီး မျက်နှာအောက်စိုက်ချထားသည်၊ ဘောင်းဘီဝတ်ထားပြီး ကြီးမားသော ကုတ်အကျီနက်ပြာကြီးကို ဝတ်ဆင်ထားသည်၊

ကျွန်တော်တို့ခြေသံကြောင့် သူ မော့ကြည့်သည်၊ ဤတွင် သူရော ကျွန်တော်ပါ အံ့အားသင့်စရာ ဖြစ်ရပြန်သည်၊

"ဪ - ဒေါက်တာကြီးဆိုတာ ဆရာကိုး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ခင်ဗျာ၊ သားရဲ့သတင်းကြားကြားချင်း လာချင်လွန်းလို့ကြံရာမရဖြစ်ပြီး ဆရာ့ကားကို ကျွန်တော် ... ကျွန်တော်"

"ဦးလှမောင် - ရှင် ဘာတွေပြောနေတာလဲ၊ ဆရာကြီးကိုရှင်သိလို့လား"

ဆရာမကြီး ဝင်မေးတော့သည်၊

"ဆရာကြီးရယ် - ကျွန်တော့်ကို နားလည်ပါခင်ဗျာ၊ ဒါမှမဟုတ်ရင် ဆရာကြီး ကြုံကံသလို ဆုံးဖြတ်ပါတော့၊ ဟောဒီမှာ ဆရာကြီးကို ထုတ်ချိန်ခဲ့တဲ့ သေနတ်"



ထိုသူက ပြောပြောဆိုဆို ကြီးမားသော ကုတ်အကျီအိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီး လှမ်းပေးပါသည်၊


အသေအချာကြည့်ပြီးမှ ကျွန်တော် မယူနိုင်တော့ပါ၊ စင်စစ် ထိုအရာသည် သေနတ်တုလေးဖြစ်နေသောကြောင့်ပါတည်း၊

အမှန်မှာတော့ ဇောကြီးသူနှင့် လောကြီးသူနှစ်ယောက်တို့တွင် သူက ကျွန်တော့်ထက် ပိုပြီး အဆုံးရှုံးကြီးသူ မဟုတ်ပါလား၊ ။

ဘာသက်ဆွေ

အာယုမြဲ
ငပေးပို့လိုပါက
အာယုဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊

www.burmeseclassic.com




ရူလိုဝ်လ၏ညတစ်ည။

အချိန်ကား ည(၉)နာရီခန့်ရှိပြီ ဖြစ်သည်။ သိပ်ညဉ့်မနက်သေးသော်လည်း ရွာသွန်းရန် အစပျိုးနေသောမိုးကြောင့် လမ်းများပေါ်တွင် လူသူ ကျဲပါးလျက် ရှိသည်။ ပတ်ဝန်းကျင်မှ အိမ်များမှာလည်း တံခါးများပိတ်လျက် တိတ်ဆိတ် ငြိမ်သက်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဖုလိုင်လ၏ညတစ်ည၊

အချိန်ကားည (၉) နာရီခန့်ရှိပြီ ဖြစ်သည်၊ သိပ်ညဥ့်မနက်သေးသော်လည်း ရွာသွန်းရန် အစပျိုးနေသောမိုးကြောင့် လမ်းများပေါ်တွင် လူသူကျဲပါးလျက် ရှိသည်၊ ပတ်ဝန်းကျင်မှ အိမ်များမှာလည်း တံခါးများပိတ်လျက် တိတ်ဆိတ် ငြိမ်သက်နေကြပြီ၊

မကြာမီမှာပင် ခပ်သော့သော့ တိုက်ခတ်လာသောလေနှင့်အတူ မိုးစက်မိုးပေါက်များ တဖွဲဖွဲကျဆင်းလာသည်၊ တိတ်ဆိတ်နေသော ည၏အမှောင်ထုသည် မိုးရေများ၏အောက်တွင် အေးစက်စွတ်စိုသွားသည်၊ မိုးသည် ခဏချင်းမှာပင် သည်းသည်းထန်ထန် ရွာသွန်းလာတော့သည်၊

သက်ထားသည် ရုံးမှပါလာသော စာရင်းဇယားများကို ပြုလုပ်နေစဉ် သဲသဲမဲမဲ ရွာသွန်းလာသောမိုးကြောင့် အလုပ်ကို ခဏရပ်လိုက်သည်၊ ထို့နောက် ပြတင်းတံခါးများပိတ်ရန် ထိုင်ရာမှ ထလာခဲ့သည်၊ မိုးနှင့်အတူ လေလည်း အနည်းငယ် တိုက်ခတ်နေတာကြောင့် ဤသို့မှ ထမပိတ်လျှင် တစ်အိမ်လုံး မိုးရေများ ရွှဲသွားနိုင်သည်၊

သက်ထားကပြတင်းပေါက်များကို လိုက်ပိတ်ရင်း စိတ်ထဲမှ အနည်းငယ်အားငယ်သလို ခံစားလာရသည်၊ ယခုလို အချိန်မျိုးဆိုလျှင်တော့ တစ်ယောက်တည်းနေရသည့်ဘဝကို နောင်တရချင်မိသလို အသက် (၃၃) နှစ်အရွယ် အပျိုကြီးတစ်ယောက်၏ဘဝက စိတ်ရှုပ်ထွေးစရာ မရှိသော်လည်း တစ်ခါတလေမှာတော့ အထီးကျန်ဆန်လွန်းလှသည်၊ ပြီးတော့ - မိန်းမသားတစ်ယောက်တည်းနေရသည့်ဘဝက လုံခြုံမှုမရှိဟု တွေးမိသည်၊

သို့သော်လည်း ရံဖန်ရံခါတွင် ထိုသို့တွေးမိပါသော်လည်း တစ်ယောက်တည်းဘဝက လွတ်မြောက်ဖို့အတွက်နဲ့တော့ ယောကျ်ားတစ်ယောက်ကို ဘဝအဖော်အဖြစ် မရွေးချယ်ချင်ပါ၊ မရွေးချယ်ချင်ဆိုတာထက် တစ်စုံတစ်ယောက်၏နေရာကို အစားမထိုးချင်ဆိုတာက ပိုမှန်ပါလိမ့်မည်၊

သက်ထားကပြတင်းမှန်မှ အပြင်ကိုငေးကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်မိသည်၊ အပြင်မှာတော့ မိုးတွေ သဲသဲမဲမဲ ရွာနေဆဲ၊ သက်ထား၏အတွေးတို့က လွန်ခဲ့သော (၁၅) နှစ်ခန့်က အဖြစ်အပျက်တို့ကို ပြန်လည်သတိရသွားမိသည်၊

ယခုကဲ့သို့ သည်းထန်စွာ ရွာသွန်းနေသော မိုးရေထဲတွင် သူမကို ကျောခိုင်းထွက်ခွာသွားသော လူနှစ်ယောက်၊ ထိုလူနှစ်ယောက်တွင် အသက်ကြီးကြီးလူတစ်ယောက်၏မျက်နှာသည် ဝမ်းနည်းအားငယ်မှုဖြင့် သိမ်ငယ်လျက်ရှိပြီး ဆယ်ကျော်သက်အရွယ်လူငယ်ကလေး၏ မျက်နှာပြင်ကတော့ ခံပြင်းနာကြည်းမှုများဖြင့် ခက်ထန်တင်းမာလျက်ရှိသည်၊ ထိုမျက်နှာသည်ပင် သက်ထားတစ်သက်လုံး မေ့မရခဲ့သောမျက်နှာ ဖြစ်လေသည်၊

လွန်ခဲ့သော (၁၅) နှစ်သက်ထားဆယ်ကျော်သက်အရွယ်က သက်ထားတွင် သိပ်ချစ်မြတ်နိုးခဲ့ရသော ချစ်သူတစ်ယောက် ရှိခဲ့ပါသည်၊ သက်ထား၏ ပထမဆုံးနှင့်တစ်ဦးတည်းသောချစ်သူလည်းဖြစ်သည်၊ ထိုစဉ်က သက်ထားတို့မိသားစုသည် နယ်မြို့ကြီးတစ်မြို့တွင် အခြေချနေထိုင်ခဲ့ကြသည်၊ ထိုစဉ်ကတော့ လုပ်သမျှစီးပွားရေးတိုင်း အောင်မြင် အဆင်ပြေ၍ မိသားစု စုံညီစွာ ရှိခဲ့သော သက်ထားတို့ဘဝသည် ပျော်ရွှင်ဖွယ်ရာ ကောင်းခဲ့သည်၊

သို့သော် သက်ထားရွေးချယ်ခဲ့သော သက်ထား၏ချစ်သူကတော့ သူမတို့လို ပြီးပြည့်စုံသော ဘဝကလာသူ မဟုတ်ခဲ့ပါ၊ မောင်သည် သက်ထားတို့အိမ်မှ ကားဒရိုင်ဘာဦးစန်းဝင်း၏သားဖြစ်ပြီး သူ့ဖခင်နှင့်အတူ သက်ထားတို့မိသားစုထံတွင် အလုပ်လုပ်နေရသူ ဖြစ်သည်၊ သက်ထားနှင့် ဘဝအခြေအနေ ကွာခြားလွန်းသောမောင့်ကို ချစ်ခဲ့မိတာ သက်ထားမှားမှန်း သိသော်လည်း နောက်ဆုတ်ဖို့ မရနိုင်ခဲ့ပါ၊

သက်ထားနှင့်မောင်သည် ဘာကိုမှ ထည့်မတွက်နိုင်လောက်အောင် အရူးအမူးချစ်ခဲ့ကြသည်၊ မောင်သည် သက်ထားအတွက် အချစ်ဦးလည်းဖြစ်သလို အချစ်ဆုံးလည်း ဖြစ်ပါသည်၊

သို့သော် သက်ထားတို့အချစ်ကို သက်ထား၏မိဘများ သိရှိသွားကြချိန်မှာတော့ အရာအားလုံးက ကြေကွဲစရာများ ဖြစ်သွားခဲ့သည်၊ မာန်မာနကြီးသော ဖေဖေနှင့်မေမေသည် မောင်တို့သားအဖကို ရစရာမရှိအောင် ပွပ်ခွဲ

ပြောဆိုကာ အိမ်မှ နှင်ထုတ်ခဲ့ကြသည်။ သားရေပေါ်အိပ်၊ သားရေနားစားတဲ့ အရိုပ်နေနေ၊ အခက်ချိုးချိုးတဲ့၊ မတန်မရာမှန်းသည်တဲ့၊ ကိုယ့်ဘဝကိုယ် နားမလည်တဲ့ မောင့်လိုလူမျိုးသည် သူတို့သမီး၏ခြေထောက်ကိုပင် နမ်းရန် မထိုက်တန်တဲ့။

ရက်စက်ပြင်းထန်သော စကားလုံးများနှင့် စွပ်စွဲပြောဆိုကာ မောင်တို့ သားအဖကို ခြံထဲမှ နှင်ထုတ်လိုက်သည့်နေ့က ယခုကဲ့သို့ပင် မိုးတွေ သဲသဲ မဲမဲ ရွာနေခဲ့သည်။ ထိုစဉ်က အားမတန်၍ မာန်လျှော့ခဲ့ရသော မောင့်မျက်နှာ သည် နာကြည်းမုန်းတီးမှုများဖြင့် ခါးသီးပြည့်နှက်နေခဲ့သည်။

"ဒီနေ့ကို ခင်ဗျား မှတ်ထားလိုက်ပါ - ဦးသန်းထိုက်၊ ခင်ဗျားပြောခဲ့တဲ့ စကားတွေကိုလည်း သေချာမှတ်ထားပါ၊ ကျွန်တော် - တစ်နေ့နေ့ ဒီကို ရောက်အောင် ပြန်လာခဲ့မယ်၊ ခင်ဗျားထက်သာတဲ့ အခြေအနေရအောင် ကြိုးစားပြီး ကျွန်တော် ပြန်လာခဲ့မယ်၊ ပြီးတော့ - ခင်ဗျားသမီးကို ရအောင် ယူပြမယ်"

ခြံထဲမှမထွက်ခင် နောက်ဆုံးပြောခဲ့သော မောင့်ရဲ့စကားများဖြစ်သည်။ ထို့နောက်မှာတော့ -


"သက်ထား - မောင့်ကို စောင့်နေပါ"

ဟု သက်ထား၏မျက်နှာကို စေ့စေ့ကြည့်ကာပြောပြီး မိုးရေထဲသို့ ကျော ခိုင်းထွက်ခွာသွားတော့သည်။ ထိုစဉ်က မောင့်ရဲ့မျက်နှာနှင့် မောင့်ရဲ့စကား များကို သက်ထား ဘယ်တော့မှ မမေ့တော့ပါ။ ယခုထိလည်း မေ့မရခဲ့။

ထို့ကြောင့်လည်း မောင့်စကားကို ခုထိနားထောင်ကာ သက်ထား မောင့် ကို စောင့်နေခဲ့ပါသည်။ သို့သော် မောင် ထွက်သွားပြီးနောက်ပိုင်း သုံးနှစ်ခန့် ထိသာ သက်ထားကို ဆက်သွယ်ခဲ့ပြီး ထိုနောက်ပိုင်းမှာတော့ အဆက် အသွယ် ပြတ်သွားခဲ့သည်။ မောင် မိုးကုတ်ကျောက်တွင်းများရှိရာသို့ ထွက် သွားသည် ဟု သတင်းသဲ့သဲ့ကြားရပြီး ထိုနောက်ပိုင်း လုံးဝအဆက်အသွယ် မရတော့။ မောင့်ရဲ့သတင်းလည်း ဘာမှ မကြားရတော့။

ယခုဆိုလျှင် မောင်နှင့်အဆက်အသွယ်ပြတ်သွားခဲ့တာ (၁၀)နှစ်ကျော်





> ထိုလူက အေးစက်စက်ပြောရင်း
> ဓားသွားကို ဆတ်ခနဲ ရှေ့တိုးလိုက်ကာ
> သက်ထားဗိုက်မှာ စူးခနဲ နာကျင်သွားရသည်။
> သက်ထားသည် ထိတ်လန့်တုန်လှုပ်စိတ်ကြောင့်
> ရင်တွေ တဒိန်းဒိန်း ခုန်လာရသည်။
> သူမ တစ်ယောက်တည်းနေသောအိမ်ထဲတွင်
> လူဆိုးတစ်ယောက် ရောက်ရှိနေလေပြီ။
> ဒါကို ပတ်ဝန်းကျင်က
> ဘယ်လိုမှမသိနိုင်ပါ။

ပြီ ဖြစ်သည်။ သက်ထား၏မိဘများပင် ဆုံးပါးသွားခဲ့သည်မှာ (၃)နှစ်ခန့် ပြီ၊ ဖေဖေနှင့်မေမေ ဆုံးပါးသွားတော့ သက်ထားလည်း ယခင်အိမ်ကြီး င် ဆက်နေချင်စိတ် မရှိတော့သဖြင့် အိမ်ရောခြံပါ ရောင်းပစ်လိုက်သည်၊ နောက် ရန်ကုန်သို့ ပြောင်းလာခဲ့ပြီး ရုံးတစ်ရုံးတွင် အလုပ်ဝင်ကာ တစ် ယောက်တည်း အေးအေးချမ်းချမ်းပဲ နေခဲ့သည်။

သို့တိုင်အောင် သက်ထားရင်ထဲမှာ မောင့်ကိုတော့ တစ်နေ့မှ မေ့မရခဲ့၊ ာင့်နေရာကိုလည်း ဘယ်သူ့ကိုမှအစားမထိုးနိုင်ခဲ့၊ သေမှန်းရှင်မှန်းတောင် ရသည့် လွန်ခဲ့သော (၁၅)နှစ်က လူတစ်ယောက်ကို စောင့်မျှော်နေခြင်း မှိုက်ရာကျမှန်းသိသော်လည်း သက်ထားလက်မလျှော့ချင်ခဲ့ပါ။ မောင် အသက်ရှင်နေသေးရင် တစ်နေ့နေ့ သက်ထားထံ ရောက်လာလိမ့်မည် သက်ထား မျှော်လင့်နေမိပါသည်။

www.burmeseclassic.com

သက်ထားသည် အတိတ်ကို ပြန်လည်တွေးတောရင်းမှ မောင့်ကို ပြင်းပြင်းပြပြ လွမ်းဆွတ်လာမိသည်။ ခုချိန်ဆို – မောင်များ ဘယ်ဆီကို ရောက်နေမလဲ။

ထိုစဉ်မှာပင် ...။

— ၇ —

"ဒုန်း – ဒုန်း – ဒုန်း – ဒုန်း"

အိမ်ရှေ့သစ်သားတံခါးကို ခပ်ပြင်းပြင်းထုသံကြောင့် ရုတ်တရက် သက်ထား လန့်သွားမိသည်။ တစ်ဆက်တည်းမှာပင် ဒီအချိန်ကြီး သူမထံ ညှော်သည်လာစရာမရှိဟုတွေးမိသွားသည်။ ထို့ကြောင့်ဇဝေဇဝါဖြင့်တံခါးကို လှမ်းကြည့်နေမိစဉ်ပင် –

"ဒုန်း – ဒုန်း – ဒုန်း"

နောက်ထပ် တံခါးကို ထုသံက ထွက်ပေါ်လာပြန်သည်။ သက်ထား မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း တံခါးအနီးသို့ သတိအနေအထား တိုးကပ်လာခဲ့သည်။ အခြေအနေနှင့် အချိန်ခါအရ ယခုအချိန်လာသော ဧည့် သည်ကို ယုံကြည်ရန် မသင့်သေးပါ။

သက်ထားတစ်ယောက်တည်း နေထိုင်သော ဤတိုက်ခံအိမ်လေး ခြံဝင်းရယ်လို့ ရေရာစွာ ဘောင်ခတ်ထားခြင်း မရှိပါ။ အိမ်ရှေ့မျက်နှာစာ လမ်းက နီးကပ်လွန်းသဖြင့် ခြံဝင်းခတ်၍ မရခဲ့။ ထို့ကြောင့် ခြံနောက်ဘက် မှာသာ ခြံစည်းရိုးခတ်ထားပြီး အိမ်ရှေ့ပိုင်းက လမ်းနှင့်တစ်ဆက်တည်း နေသည်။ ထို့အတွက် သက်ထား၏အိမ်လေးသို့ ရောက်လာရန် ခြံတံခါး ဖြတ်သန်းနေစရာ မလိုပေ။

"ဘယ်သူလဲ"

သက်ထားက တံခါးနားကပ်ရင်း မရဲတရဲ မေးလိုက်သည်။

"ကျွန်တော်တို့ ကင်းကျရဲဘော်တွေပါ – အစ်မ"

အပြင်မှ ယောကျ်ားတစ်သံ ထွက်ပေါ်လာသည်။



"စောစောက ဒီအိမ်နားမှာ မသင်္ကာစရာလူရိပ်တစ်ခု တွေ့လို့ လာစစ် ဆေးတာပါ။ တံခါးလေး တဆိတ်လောက် ဖွင့်ပေးပါ – အစ်မ"

ထိုစကားသံကိုကြားလိုက်ရမှ သက်ထားစိတ်အေးသွားသည်။ ကင်းကျ ရဲဘော်များဟုဆိုသဖြင့် သူမက စိတ်ချလက်ချဖြင့် တံခါးကို ဖွင့်ပေးလိုက် သည်၊ သို့သော် ...။

တံခါးဝတွင် သက်ထားမြင်လိုက်ရသည်က ကင်းကျရဲဘော်များမဟုတ် ပေ။ ခေါင်းစွပ်ပါသော ဂျာကင်အကျီကို ဝတ်ဆင်ထားကာ မိုးရေများ ရွှဲရွှဲစို နေသောလူတစ်ယောက် ဖြစ်သည်။

ထိုအခါကျမှ သက်ထား အလိမ်ခံလိုက်ရမှန်းသိကာ တံခါးကို ချက်ချင်း ပြန်ပိတ်ဖို့ ကြိုးစားသည်။ သို့သော် ဘာလုပ်မည်ကို ကြိုသိဟန်တူသော ထို လူက သက်ထားကို တွန်းတိုက်ကာ အိမ်ထဲသို့ လှစ်ခနဲ ဝင်လိုက်သည်။ ထို့ နောက် တံခါးကို ပြန်ပိတ်ကာ ချက်ပါချလိုက်လေသည်။

"ဟင် – ရှင် – ရှင် – ဘာလုပ်တာလဲ၊ ရှင် ဘယ်သူလဲ"

သက်ထားက ထိုလူကိုကြည့်ရင်း အံ့ဩတုန်လှုပ်စွာ မေးမိသည်။ ထိုလူ က သက်ထားအနီးသို့ ဖျတ်ခနဲ တိုးကပ်လာကာ သက်ထား၏ဗိုက်ကို တစ်စုံ တစ်ရာဖြင့် ထောက်လိုက်သည်။ အေးစက်စူးရှသော ထိတွေ့မှုကြောင့် ဓား သွားတစ်ခုမှန်း သက်ထား သိလိုက်သည်။

"မင်း – ငါ့ကို ဘာမှမေးခွန်းတွေ ထုတ်စရာမလိုဘူး၊ အခု – မင်းလုပ်ရမှာ အခန်းပိတ်ပြီး ငြိမ်ငြိမ်လေးနေဖို့ပဲ၊ ထွက်ပြေးတာတို့၊ အော်တာ၊ ဟစ်တာတို့ လုပ်ရင်တော့ ပတ်ဝန်းကျင်က လူတွေရောက်လာရင် မင်းအလောင်းကိုပဲ တွေ့ရလိမ့်မယ် – ကြားလား"

ထိုလူက အေးစက်စက်ပြောရင်း ဓားသွားကို ဆတ်ခနဲ ရှေ့တိုးလိုက်ကာ သက်ထားဗိုက်မှာ စူးခနဲ နာကျင်သွားရသည်။ သက်ထားသည် ထိတ်လန့် တုန်လှုပ်စိတ်ကြောင့် ရင်တွေ တဒိန်းဒိန်း ခုန်လာရသည်။ သူမ တစ်ယောက် တည်းနေသောအိမ်ထဲတွင် လူဆိုးတစ်ယောက် ရောက်ရှိနေလေပြီ။ ဒါကို ပတ်ဝန်းကျင်က ဘယ်လိုမှမသိနိုင်ပါ။

www.burmeseclassic.com

ထိုလူက သက်ထားအနီးမှခွာကာ လက်ထဲမှဓားကို ကြမ်းပြင်ပေါ်ပစ်ချလိုက်သည်။ ထို့နောက် ကျောတွင်လွယ်ထားသောအိတ်ကို ကြမ်းပြင်ပေါ် ဖုန်းခနဲ ပစ်ချပြီး စိုရွှဲနေသောဂျာကင်ကို ချွတ်သည်။ သူ့ကိုယ်မှ စီးကျလာသောမိုးရေများက သူရပ်နေသောနေရာတွင် အိုင်ထွန်းနေလေသည်။

ထိုလူက သူ့အိမ်သူ့ယာလိုပင် အေးဆေးသောအမူအရာဖြင့် ရေစိုနေသော အဝတ်အစားများကို တစ်ထည်ချင်း ချွတ်နေသည်။ သက်ထားသည် ကြောက်စိတ်ဖြင့် ထိုလူကိုစိုက်ကြည့်နေရင်းမှ ဝတ်ထားသောဘောင်းဘီပါ ချွတ်နေသည်ကိုမြင်ရသဖြင့် ဖျတ်ခနဲ မျက်နှာလွှဲလိုက်မိသည်။ သူကြည့်ရသည်မှာ ဝတ်ထားသောအဝတ်အစားအားလုံး ချွတ်တော့မည့် ပုံစံပင်။

သက်ထားက ထိုသူ့ထံမှ မျက်နှာလွှဲရင်း အကြည့်တို့က တံခါးဆီသို့ ရောက်သွားသည်။ အခုရိုန် တံခါးကို ဖွင့်ပြီးထွက်ပြေးရင် ကောင်းမလား စဉ်းစားမိသောလည်း ထိုအတွေးများကို ချက်ချင်း ရုတ်သိမ်းလိုက်ရသည်။ ထိုလူနှင့်သူမက နီးကပ်စွာ ရှိနေတာကြောင့် တံခါးချက်ကိုဖြုတ်ပြီးဖွင့်ကာ ထွက်ပြေးဖို့ ဘယ်လိုမှ အချိန်မရနိုင်ပေ။

"ရေသုတ်ဖို့ - အဝတ်တစ်ခု ပေးစမ်းပါ"

သက်ထား ထွက်ပြေးဖို့တွေးနေစဉ် ထိုလူ့စကားသံကြောင့် လန့်ကာ ဆတ်ခနဲ တုန်သွားရသည်။

"မြန်မြန်လုပ် - အမိ၊ ကျုပ် ချမ်းလှပြီ"

ထိုလူက ထပ်ပြောသည်။ သက်ထားက ထိုလူ့အနားမှ လှစ်ခနဲ ထွက်လာကာ ထိုင်ခုံပေါ်တင်ထားသော မွေးပွတဘက်ကြီးကို ယူပေးလိုက်သည်။ ထိုလူက တဘက်ဖြင့် ခန္ဓာကိုယ်ကို သုတ်ရင်း -

"မင်းက - တစ်ယောက်တည်းနေတာ မဟုတ်လား"

ဟု မေးသည်။

သက်ထား ပြန်မဖြေမိသလို လှည့်လည်း မကြည့်မိပါ။ သို့တိုင်အောင် ထိုလူက သူ့ကျောပိုးအိတ်ကိုဖွင့်ကာ အဝတ်အစားများ ထုတ်နေသည်ကို မျက်လုံးထောင့်မှ မြင်ရသည်။

"ဒီအဝတ်တွေလည်း နည်းနည်းတော့စိုတာပဲ၊ ဒါပေမဲ့ - မတတ်နိုင်ဘူး။ ဒါပဲဝတ်ရမှာပဲ၊ မင်းမှာလည်း ယောက်ျားလေး အဝတ်အစားရှိမှာ မဟုတ်ဘူးလေ၊ ဒါနဲ့ - မင်းမှာ အရက်ရော မရှိဘူးလား"

ထိုလူ့စကားကြောင့် သက်ထား ကြောက်နေသည့်ကြားမှ နည်းနည်းပြုံးသွားသည်။

မိန်းကလေးတစ်ယောက်တည်းနေသောအိမ်သို့လာပြီး အရက်မေးရသည့်လို့ပဲ။

"ကျွန်မအိမ်မှာ - ဘယ်လိုလုပ် အရက်ရှိမှာလဲ"

"ဒါဆို - ကော်ဖီတော့ ရှိမှာပေါ့၊ ကျုပ်ကို ကော်ဖီပူပူတစ်ခွက်လောက် ဖျော်ပေးပါ၊ ကျုပ် - တစ်ခုခုတော့ သောက်ရမှ ဖြစ်လိမ့်မယ်"

ထိုလူက ရှည်လျားပွယောင်းသော ရေစိုဆံပင်များကိုတဘက်ဖြင့် သုတ်ရင်းပြောသည်။ သက်ထားက ဘာမှပြန်မပြောတော့ဘဲ ကော်ဖီဖျော်ရန် မီးဖိုဘက် လျှောက်လာခဲ့သည်။ စိတ်ထဲမှာတော့ ထိုလူလက်မှလွတ်အောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေမိလေသည်။

သက်ထားက ကော်ဖီဖျော်ရန် ရေနွေးကို ခွက်ထဲ လောင်းထည့်နေရင်း ခေါင်းထဲမှာ အကြံတစ်ခုက ဖျတ်ခနဲ ပေါ်လာသည်။ ဟုတ်သားပဲ၊ ထိုလူ သောက်မည့် ကော်ဖီထဲသို့ အိပ်ဆေးထည့်လိုက်ရင် အခြေအနေက ပြောင်းသွားနိုင်သည်။ အိပ်ဆေးပြင်းပြင်းနှင့် များများလေးပေါ့။

သက်ထားက ထိုသို့စဉ်းစားမိပြီးမှ အိပ်ဆေးပုလင်းက ဧည့်ခန်းထဲမှာမှန်း သိရသွားပြီး စိတ်ပျက်သွားရသည်။ ဧည့်ခန်းထဲမှာ ဟိုလူရှိနေတာကြောင့် အိပ်ဆေးပုလင်းကိုသွားယူဖို့ ဘယ်လိုမှမဖြစ်နိုင်ပေ။ သက်ထားက ကော်ဖီကို ဖြည်းဖြည်းသာဖျော်နေရင်း နောက်ထပ်နည်းလမ်းတစ်ခုကို စဉ်းစားနေမိစဉ် -

"အမေ့"

ရုတ်တရက် နောက်မှကပ်၍ပေါ်လာသော လူရိပ်ကြောင့် သက်ထား လန့်ဖျပ်သွားရသည်။ ထိုလူက သက်ထား၏ခန္ဓာကိုယ်နောက်ပိုင်းကိုမှ





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်နှင့် မထိတထိဖြစ်အောင် တိုးကပ်ရင်း လက်ထဲမှဓားဖြင့် သက်ထား၏ ခါးကို ထောက်ထားပြီး -

"ဒေါ်ဇီထဲ တစ်ခုခုထည့်ဖို့ စဉ်းစားနေတာလား၊ အဲဒါဆိုရင်တော့ အဲဒ် ဒေါ်ဇီကို မင်းအရင်သောက်ရလိမ့်မယ်နော်"

ထိုလူက သူမ၏နားရွက်နားသို့ နှုတ်ခမ်းကိုကပ်ကာ အေးစက်စက် ပြောသည်၊ သက်ထားက ထိုသူ၏အပြုအမူကို စက်ဆုပ်ရွံရှာစွာဖြင့် လူရှင်း ကွာအောင် ခွာရပ်လိုက်ရင်း -

"ကော်ဖီထဲမှာ ကျွန်မ ဘာမှထည့်မထားဘူး"

ဟု ပြောလိုက်သည်၊ သူမစကားကြောင့် ထိုလူက ဟက်ခနဲ ရယ်လိုက် ရင်း သူမရှေ့မှ ကော်ဖီခွက်ကို ဆွဲယူလိုက်သည်၊ ထိုအခါကျမှ ထိုလူ၏မျက် နှာကို သူမ သေချာစွာ တွေ့ရလေသည်၊

သွယ်လျသောမျက်နှာက အနည်းငယ် ပြေပြစ်ချောမောသော်လည်း သူ့အမူအရာဟန်ပန်ကြောင့် ကြမ်းတမ်းရင့်ရော်သလိုဖြစ်နေသည်၊ မျက်နှာ ပေါ် ဖရိုဖရဲကျနေသော တွန့်ကောက်ကောက်ဆံပင်များနှင့် တိုနံ့နံ့နှုတ်ခမ်း မွေးများကြောင့် သူ့ပုံစံက ညှည်းသိုးသိုးဖြစ်နေသည်၊ မထီတရီဟန်အပြည့် ဖြင့် စူးရဲတောက်ပလွန်းသောမျက်လုံးများကိုတော့ ထူးဆန်းစွာပင် သူမစိတ် ထဲမှာ သိရှိရင်းနှီးနေသလို၊

သူ့ကို သူမ ဇဝေဇဝါဖြင့် ငေးကြည့်နေမိစဉ်မှာပင် သူက ကော်ဖီခွက်ကို ယူကာ အိမ်ရှေ့သို့ထွက်သွားသည်၊ ထိုသို့လျှောက်သွားရင်းမှ သူမကိုလည်း -

"မင်း - အဲဒီနားမှာနေပြီး တစ်ခုခုကြံစည်ဖို့တော့ မကြိုးစားနဲ့နော်၊ မိုးရေ ဒီလောက်ရွာနေတာ မင်းအော်လည်း ဘယ်သူမှကြားမှာ မဟုတ်ဘူး"

သူကပြောပြီးသည်နှင့် ဧည့်ခန်းတွင် သွားထိုင်ကာ ကော်ဖီသောက်နေ သည်၊ သူမက မီးဖိုခန်းထဲတွင် ရပ်နေရင်းမှ မီးဖိုခန်းတံခါးပေါက်ကို လှမ်း ကြည့်မိသည်၊ အခုအချိန်မှာ သူမ ထိုတံခါးက ထွက်ပြေးလျှင် လွတ်မြောက် နိုင်သည်ဟု တွေးမိသည်၊ သို့သော် ...၊



ထူးဆန်းစွာပင် သူမစိတ်ထဲမှာ ထိုလူ့ထံမှ လွတ်မြောက်အောင် ထွက် ပြေးဖို့ စိတ်အားထန်သန်မှု မရှိတော့ပါ၊ ထိုလူ ဘယ်သူလဲ၊ ဘာကြောင့် သူမ ဆီ ရောက်လာတာလဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ စသည့် ထိုလူနှင့်ပတ်သက် သောအကြောင်းအရာများကိုသာ သိချင်နေမိသည်၊ ရင်ထဲမှာလည်း အတွေး တစ်ခုဖြင့် လှုပ်ရှားတုန်ယင်နေမိလေသည်၊

သူမက ဧည့်ခန်းထဲသို့ လျှောက်လာခဲ့ပြီး ထိုလူ့နောက်ကျောကို မြင် နိုင်လောက်သော ဧည့်ခန်းထောင့်တွင် ရပ်လိုက်မိသည်၊ ထိုလူကတော့ သူမ ထွက်ပြေးမှာကို လုံးဝမစိုးရိမ်သောဟန်ပန်ဖြင့် အေးအေးလူလူပင် ကော်ဖီ သောက်နေလေသည်၊

"ရှင် - ဘယ်သူလဲ"

— ၇ —

မေးခွန်းထုတ်လိုက်သော သူမ၏လေသံက အနည်းငယ် တုန်ယင်နေ သည်၊ ထိုလူကတော့ သူမကို လှည့်ပင် မကြည့်ဘဲ -

"ငါ - ဘယ်သူဆိုတာသိလို့ မင်းအတွက် ဘာအကျိုးရှိမှာလဲ"

ဟု ပြန်ပြောသည်၊

"ဒါပေမဲ့ - ကျွန်မ သိချင်တယ်၊ ရှင် - ဘယ်သူလဲ၊ ဘာကြောင့် - ကျွန်မ ဆီ ရောက်လာခဲ့တာလဲ"

သက်ထားက စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ရင်း ထပ်မေးမိသည်၊ ထိုလူ က -

"မင်း - ငါ့အကြောင်း သိချင်လို့လား၊ ဒါဆို - ငါနဲ့အတူ လာထိုင်လေ၊ အပျင်းပြေ စကားပြောကြတာပေါ့"

ထိုလူက ပေါ့ပေါ့ပါးပါးဟန်ဖြင့် ပြောသည်၊ သူမက ထိုလူ့စကားကို ငြင်းဆန်မိဘဲ ထိုလူ့ရှေ့မှ ထိုင်ခုံတွင် သွားထိုင်လိုက်သည်၊ ထို့နောက် ထို လူ့မျက်နှာပေါ်တွင် တစ်စုံတစ်ရာကို တွေ့လိုတွေ့ငြား စူးစိုက်ရှာဖွေနေမိ သည်၊



www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့ - ငါက လူသတ်လာတာကွ"

ထိုလူ့ထံမှ ထွက်ပေါ်လာသောစကားကြောင့် သက်ထား အံ့သြတုန်လှုပ်သွားမိသည်။

ထိုလူကဆက်ပြီး -

"ဘယ်သူ့ကို သတ်ခဲ့တာလည်း မင်းသိလား။ ငါ့ရဲ့အရင်းနှီးဆုံး၊ အယုံကြည်ရဆုံးဆိုတဲ့ ငါ့မိတ်ဆွေကျော်မင်းဆိုတဲ့ကောင်ကိုပေါ့။ တကယ်တော့ လောကမှာ ယုံကြည်ရတဲ့သူဆိုတော့ မရှိပါဘူး။ ဒီကောင်က ကျောက်ပွဲစားလုပ်နေပြီး ဒါကို နားမလည်ဘူး။ သူက ကျောက်တူးသမားတစ်ယောက်ဆီက အကောင်းစားကျောက်တစ်ပွင့် အချောင်ရထားတယ်ဆိုပြီး ငါ့ကိုလာပြောတယ်။ ပြီးတော့ - ဈေးကောင်းရအောင် ထုတ်ပေးဖို့အပ်တယ်။ တကယ်တော့ အဲဒါက ပတ္တမြားကွ။ သိပ်ကို အရည်အသွေးကောင်းတဲ့ပတ္တမြား"

ထိုလူက ကော်ဖီကို တစ်ငုံသောက်လိုက်ရင်း ဆက်ပြောသည်။

"ဒီကောင် - ငါ့ဆီ အပ်ထားတာကို ဘယ်သူမှမသိဘူး။ ငါလည်း အဲဒီပတ္တမြားကို အရမ်းလိုချင်နေတယ်၊ ဒါက သိန်းရာချီတန်တယ်လေ။ အဲဒီအချိန်မှာ သူက လာပြန်တောင်းတော့ ငါက မပေးချင်တော့ဘူး။ အဲဒီတော့ ငါ - သူ့ကို ကိစ္စတုံးပစ်လိုက်တာပေါ့"

လူတစ်ယောက် သတ်သည့်ကိစ္စကို ထမင်းစား ရေသောက်သလို အေးအေးဆေးဆေးပြောနေသော ထိုလူ့ကိုကြည့်ရင်း ကြောက်စိတ်က သူမရင်ထဲ စိမ့်ဝင်လာသည်။ စောစောက ခံစားခဲ့ရသော သူမ၏ ထူးဆန်းသော ခံစားမှုကိုလည်း ဖဝေဖဝါဖြစ်လာမိလေသည်။

"ကံဆိုးချင်တော့ - ရဲတွေက ငါ့လက်ချက်ဆိုတာ ရိပ်မိနေကြတယ်ကွ။ အဲဒါကြောင့် - ငါ အဖမ်းမခံရခင် ရန်ကုန်ကို ထွက်ပြေးလာခဲ့တာ၊ ရန်ကုန်မှာလည်း ငါ့သတင်းတွေရောက်နေတော့ သိပ်မချောင်ပါဘူး။ ပုန်းလျှိုးကွယ်လျှိုးနဲ့နေရတယ်၊ မနက်ကျရင် - ငါတခြားမြို့ကို ပြောင်းတော့မှာ၊ မနက်မဟုတ်ပါဘူး။ မိုးတိတ်ရင်ပဲ - ငါ မင်းအိမ်က ထွက်သွားမှာပါ"



ထိုလူက ကုန်သွားသောကော်ဖီခွက်ကို စားပွဲပေါ်ချလိုက်ရင်း -

"ငါ့မှာ ငှက်ဖျားရောဂါအခံရှိတယ်ကွ၊ မိုးမိရင် ပြန်ဖြစ်လာနိုင်တယ်၊ အဲဒါကြောင့် မင်းအိမ်ထဲ ခဏဝင်နိုတာ၊ အပြင်က - ကံကောင်းချင်တော့ မင်းလိုလှတဲ့မိန်းကလေးတစ်ယောက်တည်းနေတဲ့အိမ် ဖြစ်နေတယ်"

ထိုလူကပြောရင်း သူမတစ်ကိုယ်လုံး သိမ်းကျုံး၍ စူးစူးဝါးဝါး ကြည့်သည်။

ထိုအကြည့်ကြောင့် သူမတစ်ကိုယ်လုံး တုန့်ခနဲဖြစ်သွားကာ ထိုလူ့ထံမှ ချက်ချင်း လွှဲလိုက်မိသည်၊ ထိတ်လန့်တုန်လှုပ်စွာဖြင့် တံခါးဝကိုလည်း တစ်ချက်ကြည့်လိုက်မိသည်၊ ဘုရား - ဘုရား - ဒီလူ - သူမကို မဟုတ်တာ တစ်ခုခုလုပ်လာခဲ့လျှင် ....။

"ထွက်ပြေးဖို့တော့ လုံးဝစိတ်မကူးလေနဲ့နော် - အမိ၊ ကျုပ်က မင်းလို ချောချောလှလှ မိန်းမတစ်ယောက်ကို အလဟဿ အသက်မဆုံးရှုံးစေချင်လို့ သတိပေးနေတာ၊ ငါ့အတွက်ကတော့ လူတစ်ယောက် ထပ်ပြီးသတ်ရသည်ဆိုတာမှမထူးခြားဘူး၊ ဒါနဲ့ - မင်းသိအောင် ပြောပြရဦးမယ်၊ ငါ - အခု လူသတ်တာ ပထမဆုံးအကြိမ် မဟုတ်ဘူးကွ၊ လွန်ခဲ့တဲ့ (၇)နှစ်လောက်ကတည်းက လူသတ်မှုနဲ့ ထောင်ကျဖူးတယ်၊ ငါ့ကို တစ်ပတ်ရိုက်သွားတဲ့ ကျောက်ပွဲစားကို လိုက်ရှာပြီး သတ်ပစ်ခဲ့တာလေ၊ လူရိုက်မှု၊ ဓားထိုးမှု၊ လိမ်လည်မှုအဲဒါတွေနဲ့လည်း ခဏခဏ ထောင်ကျဖူးတယ်၊ ပြောရရင် - ထောင်ဆိုတာ ငါ့အတွက် မထူးဆန်းတော့ပါဘူးကွာ"

ထိုလူ့စကားများကိုနားထောင်ရင်း သူမခြေဖျားလက်ဖျားများ အေးစက်လာသည်၊ ထိုလူ့ပုံစံက သူမကိုလည်း သတ်ဖို့ခဲယဉ်းနေမည်မဟုတ်ပါ။ ယနေ့ညအဖို့ ထိုလူထွက်သွားလျှင် သူမ အသက်ရှင်ကျန်ခဲ့ဖို့သာ ဆုတောင်းရတော့မည်၊ ထိုစဉ်မှာပင် -

"တီ - တီ - တီ - တီ တီ - တီ - တီ - တီ"



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွဲပေါ်မှ သူမ၏ဟန်းဖုန်းမြည်သံကြောင့် သူမလန့်ကာ ဆတ်ခနဲ တုန်သွားရသည်။ သူမက ဟန်းဖုန်းကို လှမ်းမယူရဲသေးပဲ ဟိုလူ့ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

"ဖုန်းကိုင်လိုက်ပါ။ ဒါပေမဲ့ - ပြောတဲ့စကားတော့ မများစေနဲ့။ မင်းစကား တစ်ခွန်းများတာနဲ့ ဒီဓားက မင်းဗိုက်ထဲ ဝင်သွားမယ်"

ထိုလူက အေးစက်စက်ပြောသည်၊ သူမက လက်မတုန်အောင် သတိ ထားရင်း ဟန်းဖုန်းကို လှမ်းယူလိုက်သည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ရုံးမှ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပြီး သူမကိုလည်း စိတ်ဝင်စားနေသော လူရွ ကြီးကိုဖော်သန့် ဖြစ်နေသည်။

"ဟဲလို"

"သက်ထားလား - မိုးတွေ အရမ်းရွာနေတော့ ကျွန်တော် သက်ထားကို စိတ်ပူလို့လှမ်းဆက်တာ။ သက်ထားတစ်ယောက်တည်း အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ - အဆင်ပြေပါတယ် - ကိုဖော်သန့်"

"တံခါးတွေ လုံအောင်ပိတ်ထားနော်။ မိန်းမသားတစ်ယောက်တည်း နေရတာဆိုတော့ အစစ အရာရာ သတိထားပါဗျာ"

"ဟုတ်ကဲ့"

"အခုရော - သက်ထား - ဘာလုပ်နေလဲ"

ဖုန်းပြောနေစဉ် ဟိုလူက စကားကို မြန်မြန်ဖြတ်စေချင်သည့်ပုံစံ လုပ်ပြ နေသဖြင့် သူမက -

"ဟို - အခု - ကျွန်မ အိပ်တော့မှာရှင့်။ ဟို - ဖုန်းချလိုက်တော့မယ်နော်"

"ဪ - ဟုတ်ကဲ့။ ဒါဆိုလည်း ဖွတ်ဒ်နိုက်နော် - သက်ထား"

တစ်ဖက်က ဖုန်းချသွားတော့မှ သက်ထား သက်ပြင်းတစ်ချက် ချလိုက် ရင်း ဖုန်းကို စားပွဲပေါ်ပြန်ထားလိုက်သည်။ ဟိုလူက သူမ ပြန်ထားသော ဖုန်း ကိုယူကာ ဖွင့်ပြီး ဓာတ်ခဲထုတ်လိုက်သည်။ ထို့နောက် ဖုန်းရော ဓာတ်ခဲပါ စားပွဲပေါ် ပြန်ထားလိုက်ရင်း ပြုံးစစ အမူအရာဖြင့် -



"ခုညတော့ - အနှောင့်အယှက်ကင်းကင်းလေး နေချင်တယ်ကွာ"

ထိုလူ၏စကားနှင့်အမူအရာကြောင့် သူမ အလွန်အမင်း စိတ်မသက် သာဖြစ်သွားရသည်။ ထိုလူ၏လက်ခုပ်ထဲကရေလိုဖြစ်နေသော သူမဘာ ဘာမတွေးရဲစရာပင်။

ထိုလူက သူမကို ညစ်ကျယ်ကျယ် ပြုံးကြည့်ရင်း ကိုယ်ကိုလျှောကာ ထိုင်ခုံတွင် မှီထိုင်လိုက်သည်။ ထိုအခါ မျက်နှာပေါ်အုပ်နေသော ဆံပင်များက နောက်ဘက်သို့ လျှောကျသွားကာ သူ့မျက်နှာကို ရှင်းရှင်းလင်းလင်း မြင် ရသည်။ ထို့အတူ သူ၏ညာဘက်နဖူးပေါ်မှ မန်ကျည်းစေ့အမှတ်မည်း ကြီးတစ်ခုကိုပါ သက်ထား မြင်လိုက်ရလေသည်။

ဘုရား ... ဘုရား ...။

သက်ထားရင်ထဲ ပြင်းထန်စွာ တုန်လှုပ်သွားမိကာ ဘုရားတ,လိုက်မိ သည်၊ အံ့အားသင့်မှု၊ မယုံကြည်နိုင်မှုများစွာဖြင့် ထိုလူ၏မျက်နှာကို စူးစူး စိုက် ကြည့်နေမိလေသည်။

"သူလား - တကယ်ပဲ - သူလား။ ဟုတ်မှဟုတ်ရဲ့လား - ဖြစ်နိုင်ပါ့မလား"

သက်ထားတွေးရင်း ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ထိုလူ့မျက်နှာ ကို သေချာစူးစိုက်ကြည့်ရင်း စိတ်ထဲမှာ အံ့သြတုန်လှုပ်မှုနှင့် မယုံကြည်နိုင်မှု တို့က အားပြိုင်လွန်ဆွဲနေကြသည်။

ဒီမျက်လုံး၊ ဒီနှုတ်ခမ်း၊ ဒီအသံတွေကို သက်ထား ရင်းနှီးသိရှိခဲ့ဖူးတာ တော့ သေချာပါသည်၊ နငယ်သော ဆယ်ကျော်သက်အရွယ်မှ သုံးဆယ် ကျော်အရွယ် လူလတ်ပိုင်းတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်မှ အပ လွန်ခဲ့သော (၁၅) နှစ်က ပျို့မျစ်လှပသောမျက်နှာလေးသည် ကြမ်းတမ်း သော်ကာ အရေးအကြောင်းတချို့ ထင်ဟပ်လာသည်မှလွဲ၍ ယခင်က ဖြူစင်သော အမူအရာကလေးများ ပျောက်ဆုံးကာ အပြုအမူ၊ အကျင့် တို့များက တခြားတစ်ယောက်လို ပြောင်းလဲသွားခဲ့သည်မှလွဲ၍ ...။



www.burmeseclassic.com

www.burmeseclassic.com

ဒီအကြည့်၊ ဒီအပြုံး၊ ဒီအသံတွေဟာ သူမှသူပါပဲ၊ သက်ထားသည် သူ့မျက်နှာပေါ်မှ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့နှင့်များနှင့် ရှည်လျားတွန့်ကောက်သော ဆံပင်များကို စိတ်ထဲမှဖယ်ရှားကာ ယခင်ပုံစံလေးကို မြင်ယောင်ကြည့်မိသည်၊ ထိုအခါ သူမ၏နှလုံးသားသည် လွန်ခဲ့သော (၁၅)နှစ်ကလို ပူနွေးလှုပ်ရှားလာလေသည်၊

"မောင်"

— ၇ —

သူမစိတ်ထဲမှ တမ်းတလိုက်မောစွာ ခေါ်လိုက်မိသည်၊ သူမ ဘယ်တော့မှမမေ့နိုင်ခဲ့သော သူမထံ ပြန်လာလိမ့်မည်ဟု အမြဲမျှော်လင့်ခဲ့ရသော သူမချစ်ရသောမောင်သည် မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် သူမရှေ့သို့ ရောက်ရှိနေခဲ့ပြီ၊ သို့တိုင်အောင် မောင်သည် သူမကို မှတ်မိပုံ မရ...

အင်းလေ - (၁၅)နှစ်ဆိုတဲ့ အချိန်ကာလသည် လူတစ်ယောက်... အများကြီး ပြောင်းလဲသွားစေတာပဲ၊ သူမတောင် မောင့်ကို ရုတ်တရ... မမှတ်မိပဲ သိသာထင်ရှားသော အမှတ်အသားလေးတစ်ခုကြောင့်သာ မှ... မိခဲ့ရခြင်း မဟုတ်လား၊

"မင်း - ငါ့ကို ဘာဖြစ်လို့ အဲဒီလောက်တောင် စိုက်ကြည့်နေတာလဲ"

သူက ပြုံးစစ အမူအရာဖြင့် မေးလိုက်မှ သူမ သူ့ကို ငေးကြည့်နေ... သတိဝင်သွားသည်၊

"ဒီညကို - ငါနဲ့အတူ ဘယ်လိုဖြတ်သန်းရမလဲလို့ တွေးနေတာလား"

သူ့မေးခွန်းကြောင့် သက်ထားမျက်နှာ နွေးခနဲ ဖြစ်သွားရသည်၊ မော... သည် သူမကို မမှတ်မိရုံမကဘဲ သူမအပေါ် အတွေးတွေ ဖြန့်ကျက်တွေး... မှန်း မသိပါ၊

"ရှင်က - ကျွန်မသိတဲ့လူတစ်ယောက်နဲ့ တူနေလို့ပါ"

သက်ထားက သွေးတိုးစမ်းသည့်အနေဖြင့် မရဲတရဲ ပြောလိုက်သည်... မောင်က ဟက်ခနဲ ရယ်လိုက်ရင်း -



"ဘာလဲ - မင်းရဲ့ရည်းစားဦးနဲ့ တူနေလို့လား"

ဟု ပြောသည်၊

မောင့်စကားကြောင့် သူမရင်ထဲ ဒိန်းခနဲ ခုန်သွားမိသည်၊ သူမက စိတ်လှုပ်ရှားစွာဖြင့် -

"ဟုတ်တယ် - ရှင်က ကျွန်မရဲ့ချစ်သူနဲ့ သိပ်တူတယ်၊ သူ့မျက်နှာ၊ သူ့အသံ၊ သူ့အကြည့် - အို - အားလုံးပါပဲ၊ ရှင်နဲ့သူက တစ်ယောက်တည်းလိုပဲ"

သူမစကားကြောင့် မောင်က သဘောကျသလိုပြုံးရင်း -

"ဟုတ်လား - ဘာလဲ - ဒီနဖူးက အမှတ်ပါ တူနေတာလား"

မောင် ကပြက်ချော်ချော် အမူအရာဖြင့် နဖူးမှအမှတ်ကို လက်ဖြင့် ညွှန်ပြရင်း ပြောသည်၊

"ဟုတ်တယ် - အဲဒီအမှတ်လေးပါ တူနေတယ်"

သူမက သူမကို လုံးဝမမှတ်မိသောမောင့်ကို ကြေကွဲစွာ ငေးကြည့်ရင်း ပြောလိုက်မိသည်၊ သူမစကားကြောင့် မောင်က အံ့ဩသွားသလို မျက်နှာတည်သွားပြီး သူမကို ခပ်စူးစူးကြည့်နေသည်၊ ထိုအကြည့်ကြောင့် မောင်သူမကို မှတ်မိသွားပြီလားဟုတွေးရင်း သူမ ရင်ခုန်လာမိလေသည်၊

"မင်း - အရူးပဲ"

မောင်ကပြောရင်း ဟက်ခနဲ ရယ်လိုက်သည်၊ သူမကို သနားစရာသတ္တဝါတစ်ကောင်လိုကြည့်ပြီး မောင်က ပြုံးစစဖြင့် -

"မင်း စိတ်ကူးယဉ်လွန်နေပြီ၊ ငါ - မင်းကို ဒုက္ခပေးမှာ ကြောက်တာနဲ့ ဘော့ပေါက်ကရဇာတ်လမ်းတွေ မဆင်ပါနဲ့ကွာ၊ ငါက - မင်းကို ဒုက္ခမပေးပါဘူး၊ သုခပဲပေးမှာ၊ အေး - မင်းအသာတကြည်ယူတတ်ဖို့တော့ လိုတာပေါ့လေ"

မောင်က ရယ်နေသလောက် သူမရင်ထဲမှာတော့ တမြည့်မြည့်နာကျင်ကာ ငိုချင်လာမိလေသည်၊

"ဒီမယ် - ကလေးမရဲ့ - မင်းတို့ပြောတဲ့အချစ်တွေ၊ မေတ္တာတွေဆိုတာ ဘယ်တော့ နားထောင်ကောင်းအောင် ပြောနေကြပါကွာ၊ တကယ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

တော့ - ဒါဟာ တစ်မက်မှုတစ်ခုပါပဲ၊ ယောကျ်ားနဲ့မိန်းမ အချင်းချင်းတစ်မက်မှုကို ချစ်တယ်လို့ ပြောနေကြတာပါ၊ အဲဒီလိုတစ်မက်တိုင်းသား ချစ်တယ်လို့ ပြောကြကြေးဆိုရင်တော့ ငါတောင် အခု မင်းကို ချစ်နေပြီထင်တယ်"

မောင်က သူမ၏တစ်ကိုယ်လုံးကို ဝေ့ဝဲကြည့်ရင်း ရီသွဲ့သွဲ့ပြောသည်။ မောင့်ရဲ့အပြုအမူ၊ အပြောအဆိုများက သက်ထား၏နှလုံးသားကို တရိရိ ခွဲခြွေနေသလိုပင်။

"ဒါဆိုရင် - ရှင်က အချစ်ကို မယုံကြည်တော့ဘူးပေါ့ - ဟုတ်လား။ ရှင့်ဘဝထဲမှာ မိန်းမတစ်ယောက်ကို ဘယ်တုံးကမှ မချစ်ခဲ့ဖူးဘူးလား"

သက်ထား၏မေးခွန်းကို မောင်က ခေတ္တမျှ တွေဝေသွားပြီးမှ -

"အင်း - ငယ်ငယ်တုန်းကတော့ ကောင်မလေးတစ်ယောက်ကို ချစ်ခဲ့ဖူးတာ ထင်တာပဲ၊ ဒါပေမဲ့ - အလကားပါ၊ ပြီးတော့လည်း ပြီးသွားတာပါပဲ၊ ငယ်ရွယ်သေးတဲ့အချိန်က ခဏတာရူးသွပ်မှုပေါ့၊ အဲဒီကောင်မလေးရဲ့မျက်နှာကိုတောင် ငါ မမှတ်မိတော့ပါဘူး"

မောင့်စကားကြောင့် သက်ထားရင်ထဲ နင့်ခနဲဖြစ်သွားသဖြင့် သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။ မျက်နှာကိုတောင် မမှတ်မိတော့ဘူးတဲ့လား မောင်ရယ်။

"ရှင်နဲ့သူ တကယ်ချစ်ခဲ့ကြတာ မဟုတ်ဘူးလား၊ အဲဒါတောင် - ရှင် သူ့ကို လွယ်လွယ်ကူကူ မေ့လို့ရတယ်ပေါ့ - ဟုတ်လား"

သူမ၏မေးခွန်းကြောင့် မောင်က သူမကို အံ့သြသလိုကြည့်သည်၊ ပြီးမှ -

"မင်းကို ငါ ပြောပြီးပြီပဲကွာ၊ အချစ်ဆိုတာ တပ်မက်မှုပါပဲလို့၊ သူနဲ့ ဝေးသွားတော့ - ငါလည်း သူ့ကို မေ့သွားတာပေါ့၊ ပြီးတော့ - ငါကြားဖူးတဲ့စကားပုံတစ်ခုလိုပဲ၊ ဆင်းရဲဒုက္ခက တံခါးဝကနေ ဝင်လာတဲ့အခါ အချစ်က ပြတင်းပေါက်က ထွက်ပြေးသွားတယ်တဲ့၊ သူနဲ့ဝေးနေတဲ့အချိန်မှာ ငါကြုံရတဲ့ဒုက္ခ သုတ်ခတွေက ပြောတောင်ပြလို့မရဘူး၊ ငါ့ဘဝငါတောင် အသက်ရှင်အောင် မနည်းရုန်းကန်နေရတဲ့အချိန်မှာ သူ့ကိုသတိရဖို့ ဘယ်လိုလုပ် အချိန်ရှိမှာ လည်း ငါ့အတွက် မိန်းမတစ်ယောက်က အဲဒီလောက် အရေးမပါပါဘူးကွာ"



"အဲဒါ - ရှင် မတရားတာပဲ၊ ရှင်က မေ့ပေမယ့် - သူမ မမေ့ဘဲ ရှင့်ကို ချစ်နေတယ်ဆိုရင်ရော - သူ ရှင့်ကို စောင့်နေခဲ့တယ်ဆိုရင်ရော"

သက်ထားက နာကျင်စွာ ပြောမိသည်၊ မောင်က သူမကို မျက်ခုံးပင့်ကြည့်ရင်း -

"နေပါဦး - မင်းက ငါ့အကြောင်းကို ဘာကြောင့် အဲဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ၊ ပြီးတော့ - မင်းကြည့်ရတာ ငိုတော့မလိုပဲ"

မောင့်စကားကြောင့် သက်ထားက ပျက်ယွင်းနေသော အမူအရာကို ပြန်လည် ထိန်းသိမ်းကာ ဝေ့ဝဲလာသောမျက်ရည်များကို မျက်တောင်တဖျတ်ဖျတ်ခတ်ကာ သိမ်းဆည်းလိုက်ရသည်။

"ကျွန်မမှာလည်း တစ်ချိန်က ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ ကျွန်မ မိဘတွေကြောင့် သူနဲ့ဝေးခဲ့ရတယ်၊ ဒါပေမဲ့ - သူ ပြန်လာမယ်လို့ ကျွန်မကို ကတိပေးခဲ့တယ်၊ ကျွန်မ - ကျွန်မ - ခုထိ သူ့ကို ချစ်နေတုန်းပဲ၊ သူ့ကိုပဲ သစ္စာရှိရှိ စောင့်နေခဲ့တယ်၊ ဒါပေမဲ့ - သူ ပြန်မလာခဲ့ဘူး"

သက်ထားက မောင့်မျက်ဝန်းများထဲ စူးစူးနစ်နစ် စိုက်ကြည့်ရင်း -

"သူ - ဘာကြောင့် - ကျွန်မဆီ ပြန်မလာခဲ့တာလဲလို့ ကျွန်မ အမြဲသိချင်နေခဲ့တာ"

သက်ထား၏စကားကို မောင်က ဘာမှ မထူးခြားသလိုဟန်ဖြင့် ပခုံးတစ်ချက်တွန့်လိုက်ရင်း -

"ရှင်းနေတာပဲ၊ သူ - မင်းကို မေ့သွားလို့ပေါ့"

"အဲဒါကိုပဲ - ကျွန်မသိချင်တာ၊ သူ ချစ်ခဲ့တဲ့မိန်းမတစ်ယောက်ကို ဘာကြောင့် အလွယ်တကူ မေ့နိုင်ရတာလဲ၊ ကျွန်မကတော့ - ဘာကြောင့် သူ့ကို မမေ့နိုင်ခဲ့တာလဲ၊ ကျွန်မ - ဘာကြောင့် ခုချိန်ထိ သူ့ကိုပဲ စောင့်နေမိတာလဲ"

"အဲဒါ - မင်း ရူးနေလို့ပေါ့ကွာ"

မောင်က သူမကို မှုန်တေတေဖြင့်ကြည့်ရင်း ပြောသည်။

၇

www.burmeseclassic.com

"မင်းက - အဲဒီတကယ်မရှိတဲ့ အချစ်ဆိုတာကြီးကို ယုံကြည်နေလို့ပေါ့၊ မင်းက ဆယ်ကျော်သက်လည်း မဟုတ်တော့ပဲနဲ့ ဘာကြောင့် ခုထိစိတ်ကူးယဉ်နေရတာလဲ၊ လောကမှာ မိန်းမတွေပေါသလို၊ ယောကျ်ားတွေလည်း ပေါတယ်၊ အစားထိုးစရာတွေ အများကြီးပဲ"

"ပြောရရင် - ငါလည်း အဲဒီအချိန်တုန်းကတော့ အနည်းအပါး ခံစားလိုက်သေးတယ် ထင်တယ်၊ ဒါပေမဲ့ - သူနဲ့ဝေးပြီးနောက်ပိုင်းတော့ ချစ်ချင်ကြိုက်ချင်စရာမိန်းမတွေ အများကြီးရှိသေးပါလားဆိုတာ သိလာတယ်၊ ငါ့မှာ ငွေရှိရင် မိန်းမဆိုတာလည်းရှိတာပဲ၊ ငွေရှိရင် - ငါလိုချင်တာ အကုန်ရှိတို့ ရတယ်၊ အဲဒီတုန်းက ငွေမရှိလို့ ခွေးတွေလို နင်ထုတ်ခံခဲ့ရတာကို တွေးမိတိုင်း ငါငွေကို ကြိုးစားရှာခဲ့တယ်"

မောင်က သူ့လက်ထဲမှဓားဖြင့် မျက်နှာကို ပွတ်သပ်ကစားနေရင်း -

"လွန်ခဲ့တဲ့ (၁၀)နှစ်လောက်အတွင်းမှာ ငါကြုံခဲ့ရတဲ့ဒုက္ခတွေ၊ အခက်အခဲတွေကို ပြောပြလိုက်ရင် မင်းဖျားသွားမယ်၊ ငွေအတွက်နဲ့ ငါလိမ်ခဲ့တယ်၊ လုခဲ့တယ်၊ လူသတ်ခဲ့တယ်၊ ငါ့ကိုသတ်ဖို့ကြံစည်တာတွေလည်း ခံခဲ့ရတယ်၊ အား - အများကြီးပေါ့ကွာ၊ ငါကြုံခဲ့ရတဲ့မိန်းမတွေလည်းအများကြီးပေါ့၊ ငါ့မှာ ငွေရှိတယ်၊ သူတို့ဆီမှာ ငါလိုချင်တာရှိတယ် - ဒါပဲလေ၊ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က ရုပ်တောင်မမှတ်တော့တဲ့ မိန်းမတစ်ယောက်ကို ဘာကြောင့် သတိရနေဦးမှာလဲ၊ အဲဒါ - အရူးတွေရဲ့အလုပ်ပဲ"

မောင့်စကားတွေကိုနားထောင်ရင်း သက်ထားရင်ထဲ တဆစ်ဆစ် နာကျင်လာသည်၊ တကယ်ပဲ မမှတ်မိတော့ဘူးလား - မောင်ရယ်၊ မောင့်ရင်ထဲမှာ ကျွန်မနဲ့ပတ်သက်တဲ့ အမှတ်တရလေး တစ်ခုတလေတောင် မရှိတော့ဘူးလား၊

သက်ထား ရင်နာစွာတွေးရင်း မျက်ရည်ဝဲလာမိသည်၊ သို့တိုင်အောင် ထိုမျက်ရည်ကို မောင်မမြင်အောင် သိမ်းဆည်းသိုဝှက်ထားမိသည်၊ အတိတ်ဆိုတာပင် မရှိတော့သော လူတစ်ယောက်အတွက် ထိုအဖြစ်များ မဖြစ်ခဲ့ဘူးသလို သဘောထားလိုက်တာပဲ ကောင်းပါသည်၊ သက်ထားဘာ



ထပ်ပြောချင်စိတ် မရှိတော့ဘဲ နာကျင်ကြေကွဲစွာဖြင့် တိတ်ဆိတ်နေမိလေသည်၊

အပြင်မှာတော့ - မိုးက စဲမသွားသည့်အပြင် ပို၍ပင် သဲသဲမဲမဲ ရွာသွန်းလာသည်၊ အေးစိမ့်သောလေက တစ်ချက်တစ်ချက် တိုက်ခတ်လာရာ တံခါးများ ပိတ်ထားသည့်ကြားမှ သက်ထားကိုယ်လေး အေးစက်တုန်ယင်လာသည်၊ ယနေ့ညအဖို့တော့ မိုးက လုံးလုံးတိတ်မသွားဘဲ တစိမ့်စိမ့် ရွာသွန်းနေမည့်ပုံ ရလေသည်၊

"အား - ငါတော့ဖျားတော့မယ်ထင်တယ်"

မောင်က ထိုင်ခုံပေါ်တွင် ခပ်ကွေးကွေးထိုင်ရင်း ညည်းညူသလို ပြောသည်၊ သူ့ပုံစံက သာမန်ထက်ပို၍ ချမ်းနေပုံရပြီး မျက်နှာပြင်က ဖြူဖတ်ဖြူရော်ဖြစ်နေသည်၊

သက်ထားက မောင့်ပုံစံကို စိုးရိမ်စွာ လှမ်းကြည့်ရင်း ငှက်ဖျားရောဂါအခံရှိတယ်ဆိုသော မောင့်စကားကို သတိရသွားသည်၊

"ရှင့်မှာ ငှက်ဖျားရှိတယ်ဆို - ငှက်ဖျားပြန်ထလာတော့မယ်ထင်တယ်၊ ရှင် - ဆေးသောက်လိုက်ပါလား၊ ကျွန်မမှာ ဆေးရှိတယ်"

သက်ထားကစိုးရိမ်တကြီးပြောမိတော့မောင်က သက်ထားကိုမသင်္ကာသလိုကြည့်ပြီး -

"ဘာဆေးလဲ - သေဆေးတော့ မဟုတ်ပါဘူးနော်"

ဟု ခနဲ့တဲ့တဲ့ပြောသည်၊

သက်ထားက မောင့်မျက်နှာကို စိတ်ပျက်သလို ကြည့်မိရင်း -

"ကျွန်မက ရှင့်ရဲ့ငှက်ဖျားရောဂါ ပြန်ထမှာစိုးလို့ ပြောနေတာ၊ ကျွန်မ စေတနာကို မစော်ကားပါနဲ့၊ ရှင်သိထားဖို့က ကျွန်မမှာ ရှင့်ကို သေစေလိုတဲ့ ဆန္ဒ လုံးဝမရှိဘူး"

"ဟုတ်ပါပြီ - ဟုတ်ပါပြီ၊ မင်းကို ဒုက္ခပေးမယ့်လူတစ်ယောက်အပေါ် ထားတဲ့ မင်းရဲ့စေတနာကို ငါ အသိအမှတ် ပြုပါတယ်၊ မင်းတိုက်တဲ့ဆေးကို ငါ သောက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

မောင်က သူမကို ပြုံးစစဖြင့်ကြည့်ရင်း ပြောသည်၊ သက်ထားက ဆေးနှင့်မောင်ခြုံရန် စောင်တစ်ထည်ယူရန် စည့်ခန်းထဲမှထွက်လာခဲ့သည်၊ မောင်သည် မျက်လုံးရှိင်းများနှင့် သက်ထား၏ခန္ဓာကိုယ်နောက်ပိုင်းကို လိုက်ကြည့်နေမည်ဆိုတာကိုတော့ သက်ထား အလိုလို ခံစားမိနေလေသည်၊

ဆေးနှင့်ရေနွေးကြမ်းခွက်ကို မောင့်ရှေ့သို့ ချပေးလိုက်တော့ မောင်က သက်ထားကို သံသယမျက်လုံးများဖြင့် မော့ကြည့်ပြီး –

သက်ထားက ဘာမှပြောမနေတော့ဘဲ မောင့်ရှေ့မှ ရေနွေးကြမ်းခွက်ကို ယူကာ တစ်ငုံသောက်ပြလိုက်သည်၊ သက်ထား၏အပြုအမူကို မောင်က သဘောကျသလို ပြုံးကြည့်နေသည်၊

"ဆေးကတော့ ဘာဆေးလဲဆိုတာ ရှင်သိမှာပါ၊ ဒါက ရှင်ခြုံဖို့စောင်"

ထိုသို့ပြောလိုက်မှ မောင်က ဆေးကိုယူပြီး သောက်လိုက်သည်၊ ထို့နောက် စောင်ကို ဆွဲယူကာခြုံရင်း အနားတွင် ရပ်နေဆဲဖြစ်သော သက်ထားကို မော့ကြည့်သည်၊

"မင်း – ငါ့အပေါ် – ဘာကြောင့် ဒီလောက်ကောင်းနေရတာလဲ၊ ငါက မင်းကို ဒုက္ခပေးမယ့်လူတစ်ယောက်နော်"

"ကျွန်မကတော့ အဲဒီလို တွေးမထားဘူး၊ ဒုက္ခရောက်လို့ ကျွန်မအိမ်ကို ခကာနိုဝင်လာတဲ့ လူတစ်ယောက်လိုပဲ သတ်မှတ်ထားတာ၊ အဲဒါကြောင့် ကျွန်မ တတ်နိုင်သလောက် ရှင့်ကို ကူညီပေးနေတာပဲ"

သက်ထား၏စကားကြောင့်မောင်သဘောတော်တော်ဟန်ဖြင့်ဟက်ခနဲရယ်သည်၊

"မင်းက – ငါ မင်းကို ဒုက္ခပေးမှာ ကြောက်လို့ ဒီလိုအကွက်တွေသုံးပြီး စည်းရုံးနေတယ်ဆိုရင်တော့ မင်းမှားမယ်နော်၊ ငါက ဘယ်သူ့ကိုမှ မသနားတတ်ဘူးကွ"

"အဲဒါကို – ကျွန်မ သိပါတယ်"

သက်ထားက နာကျင်စွာ ပြောမိသည်၊

"ကျွန်မ – ရှင်သနားတာကို မမျှော်လင့်ပါဘူး"



သက်ထားက ပြောပြီး မောင်ရှေ့မှ လှည့်ထွက်လာစဉ် မောင်က သက်ထား၏ လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲထားသည်၊ မောင်က သူမကို ပြုံတီတီအမူအရာဖြင့် မော့ကြည့်ပြီး –

"နေပါဦးကွာ – ဘယ်ကိုသွားမလို့လဲ၊ ငါနဲ့အတူထိုင်ပြီး အဖော်လုပ်ပေးပါလား"

မောင့်စကားကြောင့် သက်ထား အံ့ဩတုန်လှုပ်သွားရကာ လက်ကိုပြန်ရုန်းမိသည်၊ သို့သော် မောင်က လက်ကို လွှတ်မပေးဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး –

"ဘာဖြစ်လို့ရုန်းနေရတာလဲကွ၊ မင်းမှာ ရုန်းဖို့အခွင့်အရေး မရှိဘူးနော်"

သက်ထားက ရှက်ရွံ့ထိတ်လန့်စွာဖြင့် လက်ကိုအတင်းရုန်းရင်း –

"ကျွန်မကို အဲဒီလိုမလုပ်ပါနဲ့ ကျွန်မ မကြိုက်ဘူး"

သက်ထား၏စကားကြောင့် မောင် ခပ်မဲ့မဲ့ပြုံးလိုက်ရင်း –

"မင်းမကြိုက်ပေမဲ့ ငါ ကြိုက်တယ်၊ ပြီးတော့ – မင်းမှာ ငြင်းဆန်ဖို့အခွင့်အရေး မရှိဘူး၊ အေးအေးဆေးဆေးပေါ့ကွာ – လာစမ်းပါ"

မောင်ကပြောရင်း သက်ထား၏လက်ကို ဆောင့်ဆွဲလိုက်ရာ သက်ထားတစ်ကိုယ်လုံး မောင့်ရင်ခွင်ထဲသို့ လဲပြိုကျသွားသည်၊ သက်ထားက သူ့ရင်ခွင်ထဲမှ အတင်းရုန်းရင်း –

"ရှင် – လွှတ်နော်၊ ကျွန်မကို အဲဒီလို ပိုင်စိုးပိုင်နင်းမလုပ်ပါနဲ့၊ ကျွန်မ မကြိုက်ဘူး"

"မင်းကြိုက်တာ၊ မကြိုက်တာကို ငါ ဂရုစိုက်စရာ မလိုဘူး၊ ခုချိန်မှာ မင်းကို ငါပိုင်တယ်၊ အဲဒီတော့ – စကားအပိုတွေမပြောပဲ ငြိမ်ငြိမ်းချမ်းချမ်းလေး နေစမ်းပါကွာ"

မောင်က သက်ထားကို မလွှတ်ဘဲ အတင်းဖက်ထားသည်၊ သက်ထားသည် ရုန်းရင်းကန်ရင်းမှ ရင်ထဲမှာ ဝမ်းနည်း နာကျင်လွန်းရကာ မျက်ရည်များ ကျလာသည်၊ ကျွန်မ မောင့်ဆီက လိုချင်ခဲ့တာ ဒီလိုအချစ်မျိုးမှ မဟုတ်ဘူး ပါကွယ်၊

www.burmeseclassic.com

"ကျွန်မ - ကျွန်မ - တောင်းပန်ပါတယ်၊ ကျွန်မကို လွှတ်ပေးပါ၊ ကျွန်မ ဒီလို အဖြစ်မခံနိုင်ဘူး၊ ကျွန်မ - ရှင့်အပေါ် စေတနာထားခဲ့တာ ဒီလိုဖြစ်ဖို့ မဟုတ်ဘူး"

"မင်း - ပါးစပ်ပိတ်ထားစမ်းကွာ"

မောင်က စိတ်မရှည်တော့ဟန်ဖြင့် အော်လိုက်သည်၊ စားပွဲပေါ်မှ ဓားကို လှမ်းယူကာ သူမမျက်နှာရှေ့တွင် ထောင်ပြပြီး -

"ငါ - မင်းကို တောင်းဆိုနေတာ မဟုတ်ဘူးနော်၊ ငါ - မင်းကို အမိန့်ပေး နေတာ၊ မင်း - ငါ့ကို ကလန်ကဆန်လုပ်ရင် မင်းအတွက် ရလဒ်မကောင်းနိုင် ဘူးဆိုတာ သိလား"

မောင်က အေးစက်စက် ပြောသည်၊ မောင့်ရဲ့ခက်ထန်သောမျက်နှာကို ငေးကြည့်ရင်း သက်ထားရင်ထဲ တမြည့်မြည့် နာကျင်လာကာမျက်ရည်များ စီးကျလာမိသည်၊

သက်ထား သေရမှာကို မကြောက်ပါ၊ အသားနာကျင်မှာကိုလည်း မကြောက်ပါ၊ ချစ်ရသူ၏ ခါးသီးရက်စက်မှုများက သက်ထား၏နှလုံးသားကို တရိရိ ဖွဲ့ခြွေနေလေရာ ရင်ဘတ်ထဲမှနာကျင်မှုကို မည်သည့်ခံစားမှုမှ မီနိုင် မည် မထင်ပေ၊ မောင်နှင့်ပြန်ဆုံဖို့ အမြဲမျှော်လင့်ခဲ့ရသော သက်ထားသည် ယခုလိုအခြေအနေမျိုးနှင့် ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု လုံးဝမျှော်လင့် မထားခဲ့ပါ၊ အခုတော့ ...၊

နောက်ဆုံးတော့လည်းငြင်းဆန်ဖို့အင်အားမရှိနိုင်တော့သော သက်ထား သည် မောင်ခေါ်ဆောင်ရာ အိပ်ခန်းထဲသို့ လိုက်ပါခဲ့ရတော့သည်၊

ညသည် တဖြည်းဖြည်း နက်လာခဲ့ပြီ၊

[illegible]သာသောတိုက်ခတ်နေသောလေသည် ငြိမ်သက်စပြုကာ တစိမ့် စိမ့် ရွာသွန်းနေသောမိုးသည်လည်း တဖြည်းဖြည်း ကျဲပါးလာခဲ့ပြီ၊ သို့တိုင် အောင် ပတ်ဝန်းကျင်တစ်ခုလုံးကတော့ အေးစက်စွတ်စိုကာ တစိမ့်စိမ့် အေးမြနေဆဲ၊

"မိုးက - တိတ်သွားပြီပဲ"

မောင် သက်ထားကိုကျောခိုင်းကာ ခုတင်စွန်းတွင် ထိုင်ရင်းမှ အပြင်ကို လှမ်းကြည့်ရင်း ပြောသည်၊ သက်ထားက ဘာကိုမှမမြင်လိုစိတ်၊ ကြားလိုစိတ် မရှိတော့ဘဲ မျက်လုံးများကို ဖိမှိတ်ထားကာ ရင်ထဲမှာတော့ စူးစူးနင့်နင့် နာကျင်နေလေသည်၊

"ငါတော့ - ခုပဲ သွားတော့မယ်၊ မိုးလင်းအောင် မနေတော့ဘူး"

မောင့်စကားကြောင့် သက်ထားရင်ထဲမှ ဟာခနဲ ဖြစ်သွားသော်လည်း ဘာမှမပြောမိပါ၊ မောင်က အိပ်ရာပေါ်တွင် လဲလျောင်းနေသော သက်ထား ကို ငုံ့စောင်းကြည့်ပြီး -

"မနက်ဖြန်ကျရင်တော့ - ရဲတွေက တစ်ညလုံး ငါဘယ်မှာ ပုန်းနေခဲ့လဲ ဆိုတာ သိချင်ကြမှာပဲ၊ အဲဒီအတွက် - မင်း ဘယ်လိုပြင်ဆင်ထားလဲ"

"ကျွန်မ - ဘယ်သူ့ကိုမှ ဘာမှပြောမှာမဟုတ်ဘူး"

သက်ထားက မောင့်မျက်နှာကိုမကြည့်ဘဲ ခါးသီးစွာ ပြောလိုက်သည်၊ မောင်က -

"အေးလေ - မင်း - အဲဒီလိုလုပ်ရမှာပေါ့၊ ငါ - ဒီလောက်နဲ့ မင်းအိမ်က ထွက်သွားတာကိုပဲ မင်းကျေးဇူးတင်ရမှာ၊ မင်းကို ထပ်ပြီးဒုက္ခမပေးတဲ့ အတွက်ပေါ့"

မောင်က ခပ်ပြုံးပြုံးဖြင့်ပြောပြီး ထိုင်ရာမှ ထ,ရပ်လိုက်သည်၊ ထိုအခါ မှ သက်ထားမောင့်နောက်ကျောကိုလှမ်းကြည့်မိကာရင်ထဲတွင် တဆတ် ဆတ် နာကျင်လာသည်၊

မောင် ဒီလိုပဲ ထွက်သွားတော့မှာလား၊ ကျွန်မ ဘယ်သူဆိုတာ မသိဘဲ မောင်နားက စားပွဲပေါ်မှာတင်ထားတဲ့ ဓာတ်ပုံလေးကိုမကြည့်ပဲ၊ ဒီလိုပဲ မောင် ထွက်သွားတော့မှာလား၊





www.burmeseclassic.com

www.burmeseclassic.com

"ခဏလေး နေပါဦး - မောင်"

လှှတ်ခနဲပြောလိုက်မိသော သက်ထား၏အခေါ်အဝေါ်ကြောင့် မောင်က အံ့ဩသလို လှည့်ကြည့်သည်၊ သက်ထားက အိပ်ရာထဲမှ အားယူကာ ထ,ထိုင်လိုက်ပြီး -

"ကျွန်မကို မမှတ်မိဘူးလား - မောင်၊ ကျွန်မကို တကယ်ပဲ မသိတော့ဘူးလား"

သက်ထားစကားကြောင့် မောင်က နားမလည်သလို မျက်မှောင်ကြုတ်လိုက်ရင်း -

"မင်း - ဘာတွေပြောနေတာလဲ၊ ဘယ်သူ့ကို မောင်လို့ ခေါ်နေတာလဲ"

သက်ထားက ဝမ်းနည်းကြေကွဲစွာ တစ်ချက်ရှိုက်လိုက်ရင်း -



သက်ထား သွေးပျက်တုန်လှုပ်စွာ အော်မာစ်လိုက်မိသော်လည်း အချိန်မမီတော့ပါ။ မောင့်လက်ထဲမှဓားက သက်ထား၏နှလုံးသားထဲသို့ စူးနစ်ဝင်ရောက်သွားတော့သည်။ သူက အသက်ငင်နေသော ထိုမိန်းမကို မုန်းတီးစက်ဆုပ်စွာကြည့်ရင်း သူမ၏ရင်ဘတ်ထဲမှ ဓားကို ဆွဲနုတ်လိုက်သည်။



"တကယ်ပဲ ဘာမှ မမှတ်မိတော့ဘူးလား - မောင်ရယ်၊ မောင့်ကို (၁၅) နှစ်ကြာအောင် စောင့်နေခဲ့ရတဲ့ကျွန်မကို နည်းနည်းလေးတောင် မမှတ်မိဘူးလား"

သက်ထားစကားများကို မောင်က ပထမတော့ နားမလည်သလိုကြောင်တောင်တောင်ဖြစ်နေသည်၊ နောက်မှ တစ်စုံတစ်ရာကို နားလည်သွားသလို ဟက်ခနဲ ရယ်လိုက်ရင်း -

"မင်း - တကယ့်ကို ရူးနေတာပဲ၊ ဘာလဲ - ဒီနည်းလမ်းနဲ့ ငါ့ကို အချိန်ဆွဲထားဖို့ကြိုးစားနေတာလား၊ ငါ့ကိုဖမ်းပြီး ရဲလက်အပ်ဖို့ စိတ်ကူးယဉ်နေတာလား"

"မဟုတ်ဘူး - မဟုတ်ဘူး - မောင်၊ ကျွန်မ - တကယ်ပြောနေတာပါ မောင်၊ မမှတ်မိရင်လည်း ကျွန်မ ပြန်ပြောပြပါ့မယ်၊ ကျွန်မကို အချိန်ခဏလေးပဲ ပေးပါ"

သက်ထားက တောင်းတောင်းပန်ပန် ပြောမိသည်၊ သို့တိုင်အောင် မောင်က သူမစကားကို ယုံကြည်ဟန်မတူဘဲ သံသယမျက်လုံးများဖြင့် ကြည့်ပြီး -

"မင်းရဲ့ပေါက်ကရဇာတ်လမ်းတွေ နားထောင်ဖို့ တစ်စက္ကန့်တောင် အချိန်မပေးနိုင်ဘူး၊ ငါ - အခု သွားတော့မယ်၊ ငါ - စိတ်ကောင်းဝင်နေတဲ့ အချိန်မှာ ငါ ဒေါသထွက်အောင်မလုပ်တာ ကောင်းမယ်နော်"

မောင်ကပြောပြီး သူမအနီးမှ လှည့်ထွက်ဖို့ပြင်သည်၊ သက်ထားသည် မောင့်ကို ရှင်းပြလို့မရသဖြင့် စိတ်ဓာတ်ကျသွားပြီးမှ ဓာတ်ပုံကို သတိရသွားသည်၊

ဟုတ်သည်၊ ထိုဓာတ်ပုံသည် သက်ထားနှင့်မောင် ချစ်သူဘဝက နှစ်ယောက်တွဲရိုက်ထားသော ဓာတ်ပုံဖြစ်ပြီး ခုချိန်ထိ သက်ထား တယုတယ သိမ်းထားခဲ့ပါသည်၊ သက်ထားက အပျိုကြီးတစ်ယောက်မို့ ထိုဓာတ်ပုံကို လူမြင်ကွင်းမှာ ထား၍မဖြစ်လည်း သက်ထား၏အိပ်ခန်းထဲမှ စားပွဲခုံမှာ



www.burmeseclassic.com

www.burmeseclassic.com

အမြဲထားခဲ့သည်၊ စောစောပိုင်းက မောင်သည် ထိုစားပွဲပေါ်သို့ ဓားကို လှမ်းတင်လိုက်တာတောင် ဓာတ်ပုံကို မမြင်ခဲ့ပေ၊

"ခဏလေး - နေပါဦး - မောင် - ခဏလေးပါ"

သက်ထားက ထွက်သွားတော့မည့်ဆဲဆဲ မောင့်ကို ကပျာကယာ တားလိုက်သည်၊ ထို့နောက် ကိုယ်ကိုကိုင်းကာ စားပွဲပေါ်မှ ဓာတ်ပုံကို လှမ်းယူလိုက်သည်၊

ထိုစဉ်မှာပင် လုံးဝမထင်မှတ်စွာဘဲ သက်ထား၏အပြုအမူကို မျက်လုံးထောင့်မှ မြင်လိုက်သောမောင်က ရုတ်တရက် နောက်ပြန်လှည့်ကာ သက်ထား၏ပါးပြင်ကို ဖျောင်းခနဲ ရိုက်လိုက်လေသည်၊

သက်ထားသည် သူ့လက်အားပြင်းပြင်းနှင့် အရိုက်ခံလိုက်ရသဖြင့် နံတင်ပေါ်သို့ လဲကျသွားကာ စားပွဲပေါ်မှဓာတ်ပုံလည်း သက်ထား၏လက်နှင့် တိုက်မိသဖြင့် အောက်သို့ ပြုတ်ကျသွားတော့သည်၊

"ခွေးမ - နင်က - ငါ့ကိုသတ်ဖို့ကြိုးစားတယ်ပေါ့လေ"

မောင်က ဒေါသတကြီးရေရွတ်ရင်း လဲကျနေသောသက်ထားကို ထပ်မံ ရိုက်နက်သည်၊ ထိုအခါကျမှ သက်ထားက ဓာတ်ပုံလှမ်းယူသည်ကို ဓားယူသည်ဟု မောင် အထင်မှားသွားမှန်း သိလိုက်သည်၊ ဓားက ဘယ်လိုမှ ရှင်းပြခွင့်မရခဲ့ပါ၊ မောင့်ရဲ့ထိုးကြိတ် ရိုက်နက်မှုများက သက်ထား၏ကိုယ်ပေါ် အဆက်မပြတ် ကျရောက်နေတော့သည်၊

"မင်းလိုမိန်းမမျိုးကို သက်ညှာမိတာ မှားတာပဲ၊ သေဖို့ပဲကောင်းတဲ့ မိန်းမ"

မောင်က ဒေါသတကြီးပြောရင်း စားပွဲပေါ်မှဓားကို လှမ်းယူလိုက်သည်၊

"မောင် - မလုပ်နဲ့"

သက်ထား သွေးပျက်တုန်လှုပ်စွာ အော်ဟစ်လိုက်မိသောလည်း အချိန်မမီတော့ပါ၊ မောင့်လက်ထဲမှဓားက သက်ထား၏နှလုံးသားထဲသို့ စူးနစ်ဝင်ရောက်သွားတော့သည်၊

— ၇ —



သူက အသက်ဝင်နေသော ထိုမိန်းမကို မုန်းတီးစက်ဆုပ်စွာကြည့်ရင်း သူမ၏ရင်ဘတ်ထဲမှဓားကို ဆွဲနုတ်လိုက်သည်၊ ထို့နောက် ဓားတွင် ပေနေသောသွေးများကို သူမ၏အင်္ကျီတွင် ပွတ်သုတ်လိုက်ရင်း သူ ခပ်မဲ့မဲ့ ပြုံးလိုက်မိသည်၊

မိန်းမတွေကို အထင်မကြီးတတ်တာ၊ မယုံကြည်တတ်တာ သူ့မမှားပါ၊ ထိုသို့ နောက်ကျောကို ဓားနှင့်ထိုးတတ်သော မိန်းမတွေ၏အကျင့်ကို သူ အမုန်းဆုံးဖြစ်သည်၊

သူက သေလုမြောပါးဖြစ်နေသော ထိုမိန်းမကို ကျောခိုင်းကာ လှည့်ထွက်လာခဲ့သည်၊ ထိုစဉ်မှာပင် သူ့ခြေထောက်က ကြမ်းပြင်ပေါ်မှ တစ်စုံတစ်ရာကို ဝင်တိုက်မိသဖြင့် ငုံ့ကြည့်လိုက်သည်၊ မှန်ပေါင်သွင်းထားသော ဓာတ်ပုံလေးတစ်ပုံ ဖြစ်သည်၊

သူက ဓာတ်ပုံကိုကြည့်ရင်း စိတ်ထဲမှာ ထူးဆန်းသလို ခံစားမိ၍ ထိုဓာတ်ပုံကို ကောက်ယူ၍ သေချာကြည့်လိုက်သည်၊ ငယ်ရွယ်နုနယ်သေးသော ယောကျ်ားလေးနှင့်မိန်းကလေး စုံတွဲပုံကလေး ဖြစ်သည်၊ ဓာတ်ပုံ၏ဆေးသားများက ရိုက်ထားခဲ့တာ နှစ်ရှည်နေပြီမှန်း သိသာနေသည်၊ ပြုံးရွှင်ကြည်နူးနေသော လူငယ်လေး၏ ညာဘက်နဖူးပေါ်မှာတော့ အမှတ်မည်းလေးက ထင်ရှားလျက်၊

"သက်ထား ..."

သူ့နှုတ်ခမ်းမှ ချောက်ချားစွာ ရေရွတ်သံနှင့်အတူ ဓာတ်ပုံလေးက ကြမ်းပြင်ပေါ် ပြန်လည်ပြုတ်ကျသွားသည်၊ သူ့အတွေးအာရုံထဲမှာတော့ လွန်ခဲ့သော (၁၅) နှစ်က အဖြစ်အပျက်များကိုတစ်စထက်တစ်စ သတိရမှတ်မိလာလျက်၊

သူ ချစ်ခဲ့ဖူးသည်၊ သက်ထားဆိုသောမိန်းကလေးကို သူ တကယ် ချစ်ခဲ့ဖူးပါသည်၊ ဓာတ်ပုံကိုမြင်လိုက်ရသောအခါမှ သူချစ်ခဲ့သော သက်ထားကို မှတ်မိလာသည်၊

"သက်ထား ..."



www.burmeseclassic.com

www.burmeseclassic.com


သူက တုန်လှုပ်စွာ ရေရွတ်ရင်း နောက်သို့ ယောင်ယမ်းကာ လှည့်ကြည့်လိုက်မိသည်၊ သို့သော် သူချစ်သောသက်ထား၏ အသက်ကင်းမဲ့သော ရုပ်အလောင်းကိုသာ သူ တွေ့ရတော့သည်၊

➳ နတ်မိမယ်

## စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူကူးထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

## ရောမ စစ်တုရင်ရုပ်ကြီးများကို တည်ဆောက်ခဲ့သည့်လူတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်ခွင့်ပန်ရာမှ ဖြစ်ပေါ်လာသည့် အကျိုးဆက်များမှာကား ..

**ကျွန်တော်**သည်စာသင်ရန်လုံးဝအသုံးမပြုတော့သည့်အခန်းတစ်ခု၏ သမံတလင်းပေါ်၌ထိုင်၍ ဤစာအား ရေးနေခြင်း ဖြစ်သည်၊ တစ်နည်း ပါမူ စစ်တုရင်ခုံကြီးတစ်ခုံပေါ်တွင်ထိုင်ကာ စာရေးနေခြင်း ဖြစ်သည်၊ ကျွန် တော်၏ဘေးဘီဝဲယာနှင့် ရှေ့တူရူတို့တွင်ကား ပန်းပုဆရာတစ်ဦး လက်စွမ်း ပြထားသည့် ပန်းပုရုပ်ပေါင်းများစွာတို့ မတ်တတ်ရပ်အနေအထားနှင့် ရှိနေ ကြသည်။

အရုပ်ပေါင်းမှာ သုံးဆယ့်တစ်ရုပ်တိတိ၊ အတိအကျဆိုရလျှင်မူ အဖြူ ဘက်၌ ပွန်း(Pawn) ရှစ်ရုပ်၊ အနက်ဘက်မှ ပွန်း(Pawn) ရှစ်ရုပ်၊ အဖြူ ဘက်တွင်ကာဆယ်(Rook) တို့မှာလည်း နှစ်ရုပ်၊ အနက်ဘက်တွင်လည်း နှစ်ရုပ်၊ နိုက်(Night) နှင့် ဘစ်ရှော့(Bishop) တို့မှာလည်း နှစ်ရုပ်စီ၊ အဖြူ ကွင်း (Queen)လည်း တစ်ရုပ်စီ ရှိကြသည်၊ သို့သော် ကင်း (King)မှာ အနက်သက်၌သာရှိ၍ အဖြူဘက်တွင်မူ မရှိချေ၊ ဤသို့ဖြစ်ရခြင်းမှာ ပန်း ဆရာထံ၌ အလုပ်အပ်စဉ်ကတည်းကပင် ကျွန်တော်က တမင်တကာ အဖြူ "ကင်း" ကို ချန်လှပ်၍ ကျန်သုံးဆယ့်တစ်ရုပ်ကိုသာ ပြုလုပ်ခိုင်းခဲ့ခြင်းကြောင့် ဖြစ်သည်၊

အရုပ်တို့၏အမြင့်များကို ဖော်ပြရလျှင်မူ "ပွန်း" တို့မှာ နှစ်ပေခန့်စီရှိပြီး "ကာဆယ်"၊ "နိုက်" နှင့် "ဘစ်ရှော့" တို့မှာ နှစ်ပေခွဲခန့်စီ ရှိကြသည်၊ "ကင်း" နှင့် "ကွင်း" တို့က သုံးပေခန့်စီ ရှိကြသော်လည်း "ကင်း" ကိုမူ "ကွင်း" တို့ထက် အနည်းငယ်မြင့်အောင် စီမံထားသည်၊ ထိုအရုပ်များအား စနစ်တကျပြုလုပ် ပေးရန် ပန်းပုဆရာထံ၌ အပ်စဉ်က သူ့ထံ၌ ယခုကဲ့သို့ စစ်တုရင်ရုပ်ကြီးများ ထုလုပ်ပေးရန် လာအပ်ဖူးသူမရှိခဲ့၍ ကျွန်တော့်အား ပါးစပ်အဟောင်းသား ဖြင့် အံ့ဩစွာ ငေးကြည့်နေခဲ့သည်၊ စစ်တုရင် ခရေဇီတစ်ယောက်ဟုလည်း ထင်မြင်သွားပုံရသည်၊ သို့သော် ထိုကစားနည်းတွင် အရုပ်ပေါင်း သုံးဆယ့်နှစ် ရုပ်ရှိရမည့်အနက် ကျွန်တော်က သုံးဆယ့်တစ်ရုပ်သာ ပြုလုပ်ခိုင်းသော ကြောင့်သူသည်သိပ်ဘဝင်မကျချင်ပေ၊ ဈေးစကားများပြောဆိုကြပြီးနောက် အရုပ်များအား ပျမ်းမျှတစ်ရုပ်လျှင် တစ်ရက်နှုန်းဖြင့် တစ်လအတွင်း အပြီး အပ်မည်ဟု ပန်းပုဆရာက ကတိပြု၏၊ ကျွန်တော်သည်လည်း သူတောင်း သည့်ပစ္စည်းဖိုးနှင့် လက်ခတို့အား ဈေးဆစ်မနေဘဲ လက်ငင်းပင် ပေးချေခဲ့ သည်၊

ထို့နောက် ကျွန်တော်သည် ထိုအရုပ်များနှင့် ကိုက်ညီမည့် စစ်ဝာုရင်ခုံ ကြီးတစ်ခုံ ပြုလုပ်ရန် စဉ်းစားရပြန်ရာ ယခင်က ကျောင်းသားကျောင်းသူတို့ ဖြင့် စည်ကားခဲ့သည့် ကျွန်တော့်၏ စာသင်ခန်းကို ပြေးမြင်မိ၏၊ သို့ရာတွင် ထိုစာသင်ခန်းအတွင်း၌ရှိနေသော သင်ထောက်ကူပစ္စည်းများသည် အကွက်ပေါင်း ခြောက်ဆယ့်လေးကွက်ကို ပုံဖော်မည့်နေရာ၌ အနှောင့် အယှက်ပေးသကဲ့သို့ဖြစ်နေသောကြောင့် ကြိမ်လုံးမှစ၍ ရှိရှိသမျှသော သင် ထောက်ကူပစ္စည်းအားလုံးကို အတွယ်အတာကင်းမဲ့စွာဖြင့် ပညာဒါန ဘုန်း တော်ကြီးကျောင်းတစ်ကျောင်းသို့ လှူဒါန်းလိုက်တော့သည်၊

အခန်းလွတ်သွားသောအခါ သန့်ရှင်းရေးများ ပြုလုပ်ပြီးနောက် ပန်းပု ဆရာ၏တပည့်တစ်ဦးကိုခေါ်၍ ဆေးအဖြူ၊ အနက်တို့ဖြင့် စစ်တုရင်ခုံအား

www.burmeseclassic.com

ပြုလုပ်နိုင်းရသည်။ သူသည် သမံတလင်းပေါ်၌ ပေကြိုး၊ မြေဖြူခဲ၊ သံဘော်ဆေး စသည်တို့ကိုသုံးကာ နှစ်ပေပတ်လည်အကွက်ပေါင်း ခြောက်ဆယ့်လေးကွက်ကို ပြုလုပ်ပေးသွားသဖြင့် ကျွန်တော့်၏ မိုးလုံ၊ လေလုံ စစ်တုရင်ကွင်းကြီးသည် နေ့တွင်းချင်းပင် ပြီးစီးသွားတော့၏။

ကျွန်တော်သည် ငယ်စဉ်ကပင် ကိုယ်ကာယကိုကြံ့ခိုင်စေနိုင်သောမည်သည့်အားကစားကိုမျှ စိတ်ဝင်စားခြင်းမရှိဘဲ စစ်တုရင်ကိုသာ တွင်တွင်ကြီးလိုက်စားခဲ့ခြင်းကြောင့် ကျွန်တော့်၏ကိုယ်ခန္ဓာသည်ကြံ့လှိုသေးကွေးလွန်းလှသည်။ ထို့အပြင် ကျွန်တော့်၏ဖခင်အား ယခုအသက်အရွယ်အထိ ဖြူသလား၊ မည်းသလားပင် မသိခဲ့ရပေ။ မိခင်မှာမူ ကျွန်တော် ငါးတန်းရောက်သည့်နှစ်မှာပင် နှလုံးရောဂါဖြင့် ဆုံးပါးသွားခဲ့၏။ သို့သော် ကျွန်တော့်အတွက် ခနဥစ္စာအမွေများ ချန်ရစ်ခဲ့သည်။ မိခင်၏ညီမဖြစ်သူ အဒေါ်အပျိုကြီးနှင့် ကျွန်တော်တို့သည်သာ ဤအိမ်၌ ကျန်ရစ်ခဲ့သည်။

ကျွန်တော့်အဒေါ်သည် လူ့လောကအား စိတ်ကုန်ကြောင်း အမြဲညည်းညူ၏။ သူညည်းမည်ဆိုလည်း ညည်းချင်စရာပင်။ နှစ်.နှစ် ဟူသည့် ကာလတိုကလေးအတွင်း၌ အိမ်မှလူလေးဦး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်။ လူ့လောကမှ ထာဝရ ပျောက်ကွယ်သွားကြသည်။ အဘွား အရင်ဆုံးသည်။ ထို့နောက်အရက်လွန်စွာသောက်သည့်ကျွန်တော့်ဘကြီး၊ ဘကြီး၏နောက်တွင်ကျွန်တော့်မိခင်၊ ထို့နောက် အဘိုး။ ဤသို့ဖြင့် ကျွန်တော်တို့၏ အိမ်သည် ရုတ်ခြည်းပင် ခြောက်သွေ့တိတ်ဆိတ်သွားတော့၏။ သေမင်းအလွန်မျက်စိကျသည့်အိမ်ကြီးဟုပင် ခေါ်ဖို့ကောင်းတော့သည်။

— ☯ —

ကျွန်တော် ဘွဲ့ရပြီး မကြာမီ၌ပင် အဒေါ်သည် သာသနာ့ဘောင်တွင်းသို့ ရောက်ပန်ဝင်သွားသဖြင့် ကျွန်တော် သည်လည်း အထီးကျန်ဘဝဖြင့် ငူငူငေါင်ငေါင်ကြီးဖြစ်နေရာ၌ သူငယ်ချင်းကျူရှင်ဆရာတစ်ဦး၏ လှုံ့ဆော်မှုကြောင့် ပညာဒါနစာသင်ကျောင်းလေးဖွင့်ဖြစ်သွားရာ အနီးပတ်ဝန်းကျင်မှ ကျူရှင်ဆရာကြီးများသည်လည်း ကျွန်တော့်၏ကျောင်းတွင် ဝိုင်းဝန်းအားဖြည့်ပံ့ပိုးပေးကြ၏။ ဆရာကြီးများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာဖြင့် သင်ကြားပေးမှုကြောင့် ကျွန်တော့်ကျောင်းလေးသည် သုံးနှစ်ခန့်အတွင်း အတော်ပင် နာမည်ရလာတော့၏။ ဤကာလတစ်လျှောက်သည် ကျွန်တော့်ဘဝအတွက် ပျော်ရွှင်ဖွယ်ရာကာလဟုပင် ပြောလိုက ပြောနိုင်၏။

ဤသို့ဖြင့် ပျော်ရွှင်ဖွယ်အချိန်တို့ကို ဖြတ်သန်းလာရာ တစ်ခုသော ဘက္ကသိုလ်စာမေးပွဲ၏နောက်ဆုံးနေ့တွင်ဆရာနှင့်တပည့်များ၊မိတ်ဆွေများ ပျော်ပွဲရွှင်ပွဲ ကျင်းပရန်အတွက် စုဝေးလိုက်သည်။ ဤပွဲတွင် ကျွန်တော် စဉ်းစားထားသော ကစားနည်းတစ်ခုလည်း ပါ၏။ အခြားဆရာများမှာလည်း သူ့ကစားနည်းနှင့်သူ စဉ်းစားပြီးသားဖြစ်၍ ဤနေ့ပွဲမှာ အတော်ပင် မြိုင်မြိုင်ဆိုင်ဆိုင် ရှိပေလိမ့်မည်။ ကျွန်တော့်ကစားပွဲကား အောက်ပါအတိုင်း ဖြစ်၏။

— ☯ —

ကစားသမားများသည် တစ်သင်းလျှင် တစ်ဆယ့်ခြောက်ယောက်ရှိရည်ဖြစ်ပြီး နှစ်သင်းအတွက် သုံးဆယ့်နှစ်ယောက် ဖြစ်သည်။ တစ်သင်းကကျောင်းအင်္ကျီကဲ့သို့သော အင်္ကျီအဖြူများ၊ တီရှပ်အဖြူများ ဝတ်ဆင်ရပြီး အခြားအသင်းကိုမူ အဖြူမှလွဲ၍ကြိုက်သည့်အရောင် ဝတ်ဆင်နိုင်ကြောင်း ပြောရသည်။ ထို့နောက်ကင်း(King) မှစ၍ပွန်း(Pawn)အဆုံး စစ်တုရင်ရုပ်များ၏နာမည်တို့ကို စာရွက်၌ စပ်ကြီးကြီးရေးကာ ကစားရာတွင် ပါဝင်မည့်သူများ၏ ကျောပြင်နှင့် ဝမ်းဗိုက်တို့တွင် ကပ်နိုင်းပြီး ထုံးမှုန့်များဖြင့် အကွက်ဆွဲထားသော မြေပေါ်ရှိ စစ်တုရင်ခုံကြီးပေါ်၌ နေရာယူနိုင်းရသည်။ ရှေ့တန်းတွင် "ပွန်း" များကိုတန်းစီနိုင်းပြီး နောက်တန်းတွင်မူ "ပါဝါ" တို့ကို သူ့နေရာနှင့်သူ စီနိုင်းသည်။ ဤကစားပွဲကား လူသားတို့ ပါဝင်သရုပ်ဆောင်ထားသည့် စစ်တုရင်ပွဲပင် ဖြစ်လေသည်။

www.burmeseclassic.com

ကျောင်းသားကျောင်းသူများအား သူ့နေရာနှင့်သူ တာဝန်ပေးထားသကဲ့သို့ကျွန်တော်ကိုယ်တိုင်မှာလည်းအဖြူဘက်မှ "ကင်း"နေရာ၌ သရုပ်ဆောင်ခဲ့ပြီး ကျွန်တော် အထူးဖိတ်ကြားထားသည့် မိန်းကလေးတစ်ဦးမှာမူ အဖြူ "ကွင်း"နေရာ၌ ပါဝင်ခဲ့သည်။ ထိုမိန်းကလေးနှင့် ကျွန်တော့်၏ပတ်သက်မှုအား ဤနေရာတွင် အနည်းငယ်ဖော်ပြရန် လိုပေသည်။ တက္ကသိုလ်ကျောင်းသားဘဝအစ၌ပင် ကျွန်တော်သည် သူ့အား ချစ်ခွင့်ပန်ခဲ့ပြီး သူကမူ ရည်းစားထားရန် စိတ်ကူးမျှပင် မရှိသေးကြောင်း၊ အကယ်၍ စဉ်းစားခဲ့မည်ဆိုလျှင် ကျွန်တော့်အား နံပါတ်တစ်အနေဖြင့် ဦးစားပေးမည်ဖြစ်ကြောင်း ယခုလောလောဆယ်တွင်မူ သူငယ်ချင်းကဲ့သို့ ခင်မင်နိုင်ကြောင်း စသည်ဖြင့် ဖြေသိမ့်ပေးခဲ့သည်။ ဤသို့လျှင် ကျွန်တော်သည် သူ့မေတ္တာကိုရရန် နှစ်ပေါင်းအတော်ကြာကြာပင် ဖွဲ့ကောင်းကောင်းနှင့် စောင့်မျှော်ခဲ့ရသည်။

ယခုမူ သည်စစ်တုရင်ကွက်ပေါ်၌ မတ်တတ်ရပ်နေရင်းနှင့် ကျွန်တော့်နားသို့ကပ်၍ ယနေ့ အဖြေပေးမည်ဖြစ်ကြောင်း ပြောသည်။ သူ့တွင် ကားပါလာပြီး ထိုကားနှင့်ကျွန်တော်တို့နှစ်ဦး အေးဆေးသည့်တစ်နေရာရာသို့သွားကြမည် ဖြစ်သည်။ ကျွန်တော်သည် သူ့ထံမှအဖြေအား ကြားချင်လှပြီဖြစ်သောကြောင့် ပွဲအား အမြန်ပြီးစေလိုသည်။ ထို့ကြောင့် တစ်ဖက်အသင်းမှ ကျောင်းသားတို့နှင့် တိုင်ပင်၍ လုပ်ပွဲကစားလိုက်ရာ ကျွန်တော့်အဖြူအသင်းသည် လေးကွက်နှင့်ပင် အနိုင်ရရှိသွား၏။ ဤပွဲ၌ ကျွန်တော့် "ကွင်း"က တစ်ဖက်အသင်းမှ "ပွန်း"အားစား၍ "ကင်း"ကို ကပ်ချက်(စ်)၏။ "ကွင်း"က ထိုချက်(စ်)သော "ကွင်း"ကိုပြန်စား၏။ အမှန်မှာ ထိုသို့စား၍မရပေ။ "ကွင်း"သည်ထောက်ကွက်မရှိဘဲအလဟဿအသေခံကာ "ကင်း"အားကပ်ချက်(စ်)မည် မဟုတ်ပေ။ သူ့အား "ဘစ်ရှော့"က ထောက်ပံ့ပေးထားသည်။ သို့သော် ဤပွဲမှာ ဆရာတပည့်များ အချင်းချင်း အပျော်ကစားသည့်ပွဲဖြစ်၍ တစ်ဖက် "ကင်း"ကသေမည့်အတူတူ "ကွင်း"ကိုစား၍သေမည်ဟုလုပ်ခြင်းဖြစ်သည်။ "ဘစ်ရှော့"က တစ်ဖက် "ကင်း"ကို မိသောအခါ၌ "ကင်း"ဖြစ်သော ကျွန်တော့်၏အမိန့်အရ တစ်ဖက် "ကင်း"ကို မသတ်ဘဲ နန်းချကာ ထောင်နန်းစံနိုင်းလိုက်သည်။ ဤသည်မှာ ကျွန်တော်တို့ နောက်တီးနောက်တောက်ဖြင့် ပြောနေကြခြင်းဖြစ်သည်။ ဤနေရာ၌ ကျွန်တော်ဖော်ပြလိုသည်မှာ တစ်ဖက်အသင်းမှ "ပွန်း"တစ်ရုပ်ကျ၍ ကျွန်တော့်အသင်းမှလည်း "ကွင်း"တစ်ရုပ်ကျပြီး တစ်ဖက်က "ကင်း" ထောင်နန်းစံရသည်ဟူသောအချက်ကိုပင် ဖြစ်သည်။

ကစားပွဲပြီးသောအခါ ကျွန်တော်တို့နှစ်ဦး လစ်ထွက်လာခဲ့ကြသည်။ ကျွန်တော့်ကောင်မလေးက ကားမောင်းပြီး ကျွန်တော့်မှာမူ ကားမောင်းတတ်ခြင်းမရှိသောကြောင့် သူ့နံဘေးတွင်ထိုင်ကာ လိုက်ရ၏။ ကားလေးသည် တရိပ်ရိပ်ပြေးနေသကဲ့သို့ ကျွန်တော့်ရင်သည်လည်း တဒိတ်ဒိတ်ခုန်နေသည်။ မကြာခင်၌ပင် သူသည် ကားမောင်းနေရင်းဖြင့် ကျွန်တော့်အားချစ်ကြောင်းအဖြေပေး၏။ ထိုအချိန်၌ကျွန်တော့်မှာ "ပေါး"ခနဲ အော်ရမည့်အစား "အား"ခနဲ စူးရှစွာ အော်မိရက်သားဖြစ်သွားတော့သည်။ ကျွန်တော်တို့ကားလေးနှင့် အခြားကားတစ်စီး တိုက်မိ၍ဖြစ်သည်။ အမှောင်သည်ကား လုံးဝခုံးလွှမ်းသွားတော့၏။

— ☯ —

ကျွန်တော် သတိရ၍ မျက်လုံးဖွင့်ကြည့်သောအခါ ဆေးရုံပေါ်သို့ရောက်နေကြောင်း သိရပြီး တစ်ကိုယ်လုံးလည်း ဝေဒနာပေါင်းစုံဖြင့် ကိုက်ခဲနာကျင်နေသည်။ ကျွန်တော့်ချစ်သူအကြောင်း မေးမြန်းရာ ခရီးထွက်သွားသည်ဟု ပြောကြသော်လည်း နောက်ပိုင်းသိရသည်မှာ ထိုခရီးကား တမလွန်ခရီးပင် ဖြစ်တော့၏။ အဖြေရပြီးပြီးချင်း ကျွန်တော်တို့နှစ်ဦးသည် မထင်မှတ်ထားသော ဖြစ်ရပ်တစ်ခုကြောင့် သေကွဲကွဲခဲ့ရပေပြီ။ ထိုအချိန်ကပင် ကျွန်တော်သည် ဆရာဝန်ကြီးများ၏ကြိုးစားပမ်းစားကုသပေးမှုကြောင့် အားမနာဘဲ သေချင်စိတ်များ အလွန်အမင်းပင် ဖြစ်ပေါ်ခဲ့သည်။

ကျွန်တော့်မှာ ချစ်သူသေဆုံးမှုအတွက် တမြည့်မြည့်ခံစားနေရသည့်အထဲ ဆေးရုံမှဆင်းသောအခါ၌ သတင်းဆိုးများ ထပ်မံကြားရပြန်သည်။ ကျွန်တော်တို့ အတက်စီးဒင့်ဖြစ်သည့်နေ့၌ပင် ကျူရှင်မှ ကျောင်းသားတစ်ဦး





www.burmeseclassic.com

www.burmeseclassic.com



> ကစားနေရင်းဖြင့် အနက်ဘက်မှ 'ပါဝါ' တစ်ကောင်သည် အဖြူ 'ကင်း' ဖြစ်သော ကျွန်တော့်အားရဲ့ဝံ့စွာ ချက်(စ်)လိုက်ပြီဖြစ်၏။ ကျွန်တော် ပြေးစရာ မရှိတော့။ အရှုံးပေးလိုက်ရပြီဖြစ်သည်။ မကြာမီတွင် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တော့မည်။

ချောင်းထဲ၌ ရေနစ်၍သေဆုံးကြောင်းနှင့် နောက်ကျောင်းသားတစ်ဦး ဓားထိုးမှုကြောင့် အမှုရင်ဆိုင်နေရကြောင်း စိတ်မချမ်းမြေ့ဖွယ် သတင်းဆိုးများပင် ဖြစ်သည်။ ရေနစ်သေဆုံးသူမှာ မောင်ရဲမြင့် ဟူသည့် ကျောင်းသား ဖြစ်ပြီး ဓားထိုးမှုဖြစ်သူမှာ မောင်နိုင်ဦး ဟူသည့် ကျောင်းသားဖြစ်သည်။ ထိုအခါမှပင် ကျွန်တော်သည် စာမေးပွဲ နောက်ဆုံးနေ့၌ ကစားခဲ့သည့် စစ်တုရင်ပွဲကို သတိရမိတော့၏။ ထိုနေ့ပွဲသည် ယခုဖြစ်ပျက်နေသော အနိဋ္ဌာရုံများနှင့် တိုက်ရိုက်ကြီး ပတ်သက်နေကြောင်း တွေ့ရသည်။

ထိုနေ့က "ကင်း" ကို နန်းရျကာ ထောင်နန်းစံနိုင်းမည်ဟူသော ကျွန်တော် နိမိတ်ဖတ်ခဲ့သည့်အတိုင်း "ကင်း" နေရာ၌ သရုပ်ဆောင်ခဲ့သော မောင်နိုင်ဦးသည် အမှုအခင်းနှင့် ရင်ဆိုင်နေရပေပြီ။ ထို့ပြင် "ကွင်း" ၏စားခြင်းကို ခံရသော "ပွန်း" နေရာ၌ သရုပ်ဆောင်သည့် မောင်ရဲမြင့်သည်လည်း ရေနစ်သေဆုံးခဲ့၍ "ကင်း" ၏စားခြင်းခံရသော "ကွင်း" နေရာ၌ သရုပ်ဆောင်ခဲ့သည့် ကျွန်တော့်ချစ်သူမှာလည်း ကားအက်စီးဒင့်ကြောင့် သေဆုံးခဲ့ရပြန်သည်။ ဤအဖြစ်အပျက်များသည် ကျွန်တော့်အား မိမိကိုယ်ကို သတ်သေချင်စိတ်များ ဖြစ်ပေါ်အောင် ထပ်မံနှိုးဆွပေးလိုက်တော့သည်။

ဤသို့ဖြင့် ကျွန်တော်သည် နေရေးထက် သေရေးကိုသာ ဦးစားပေး၍ စဉ်းစားလာရာ အနိဋ္ဌာရုံများ၏ မူလအရင်းအမြစ်ဖြစ်သော ကျွန်တော် ဖန်တီးခဲ့သည့် စစ်တုရင်ပွဲကိုသာ စိတ်ကူးရမိသည်။ ဟုတ်သည်။ ကစားပွဲ နောက်တစ်ခုကို ထပ်မံဖန်တီးမည်။ ကမ္ဘာကျော် စစ်တုရင် ချန်ပီယံကြီးနှစ်ဦး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့သည့် အဖြူရှုံးသောပွဲ၌ အဖြူ "ကင်း" နေရာတွင် ကျွန်တော် ပါဝင်သရုပ်ဆောင်မည်။ အခြားအရုပ်များ၏နေရာများ၌ ပန်းပုဆရာလက်စွမ်းပြထားသည့် အရုပ်ကြီးများကို အစားထိုး၍ သက်ရှိလူသားဟူ၍ ကျွန်တော်တစ်ဦးတည်းသာ ပါဝင်သရုပ်ဆောင်မည်။ ထိုကစားပွဲပြီးလျှင် ကျွန်တော်ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချ၍ အဆုံးစီရင်မည် ဖြစ်၏။

ဤသို့ဖြင့် နေလာရာတစ်ခုသော ညနေပိုင်း၌ ပန်းပုဆရာသည် အလုပ်များ ပြီးစီးပြီဖြစ်၍ ကျွန်တော့်အား အရုပ်ပေါင်း သုံးဆယ့်တစ်ရုပ်တိတိကို လာအပ်၏။ ထိုနေ့ညပိုင်းတွင် မိတ်ဆွေတစ်ဦးဖြစ်သူ ကျွန်တော့်တို့က စစ်ပြန်ကြီးဟု ချစ်စနိုးဖြင့် ခေါ်သည့် ဦးဝင်းအောင်အိမ်သို့ သွားရောက်ပြီး နောက် ကျွန်တော့်ထံ၌ စစ်တုရင်ရုပ်ကြီးများ ရောက်နေကြောင်း၊ ထိုအရုပ်များနှင့် ကိုက်ညီမည့် စစ်တုရင်ခုံလည်း ပြုလုပ်ပြီးပြီဖြစ်ကြောင်း ပြော၍ စစ်တုရင် လာကစားရန် ဖိတ်ကြားခဲ့၏။ သူသည်လည်း နံနက်ရှစ်နာရီခန့်တွင် အရောက်လာမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

စစ်ပြန်ကြီး ဦးဝင်းအောင်သည် သူ့ကတိအတိုင်း နံနက်ရှစ်နာရီခန့်တွင် ရောက်လာခဲ့ပြီး သူနှံဘေးတွင်မူ သူ၏မိတ်ဆွေဟုဆိုသော မျက်မမြင် စစ်တုရင်သမားတစ်ဦး ပါလာသည်။ ထိုမျက်မမြင်သည် မျက်မှန်နက်ကြီး တပ်ထားကာ လက်တစ်ဖက်၌ တုတ်ကောက်တစ်ချောင်းကိုင်ထား၍ အခြားတစ်ဖက်တွင်မူ မျက်မမြင်များအတွက် အထူးပြုလုပ်ထားသော စစ်တုရင်ခုံလေးကို ကိုင်ထားသည်။ ဦးဝင်းအောင်သည် မျက်မမြင်လူကြီးနှင့်ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော့်အား အပြန်အလှန် မိတ်ဆက်ပေးပြီးနောက် သူဝယ်လာသည့် အရက်ရည်ဘူးအား ထုတ်၍ ကျွန်တော်တို့နှစ်ယောက်အား တစ်ဘူးစီ ပေးပြီး သူ ကိုယ်တိုင်လည်း တစ်ဘူးကို သောက်သည်။

ထို့နောက် ကျွန်တော်သည် ဦးဝင်းအောင်အား ကမ္ဘာ့စစ်တုရင် ချန်ပီယံကြီးနှစ်ဦး ယှဉ်ပြိုင်ခဲ့သည့် အဖြူရှုံးမည့်ပွဲ ပါဝင်သည့်စာအုပ်ကို ပေးလိုက်သည်။ သူသည်လည်း စာအုပ်ကွက်ကိုကြည့်ကာ အကွက်နံပါတ်များကို ပါးစပ်မှရွတ်၍ အဖြူဘက်မှတစ်လှည့်၊ အနက်ဘက်မှတစ်လှည့် အရုပ်ကြီးများအား မ.ကာ၊ မ.ကာဖြင့် ရွှေ့နေသည်။ ကျွန်တော့်မှာမူ အဖြူ "ကင်း" ၏ နေရာ၌ထိုင်ကာ အရက်ရည်သောက်လိုက်၊ စာရေးလိုက် လုပ်နေသည်။ မျက်မမြင် စစ်တုရင်သမားမှာမူ ကျွန်တော့်နားတွင်ထိုင်ကာ သူ့စစ်တုရင်ခုံပေါ်၌ လက်လေးစမ်းကာ စမ်းကာဖြင့် ဦးဝင်းအောင်ပါးစပ်မှရွတ်သည့် အကွက်နံပါတ်များကို နားထောင်မှတ်သားကာ လိုက်လံကစားနေတော့သည်။

ဤသို့ ကစားနေရင်းဖြင့် အနက်ဘက်မှ "ပါဝါ" တစ်ကောင်သည် အဖြူ "ကင်း" ဖြစ်သော ကျွန်တော့်အား ရဲဝံ့စွာ ချက်(စ်)လိုက်ပြီဖြစ်၏။ ကျွန်တော် ပြေးစရာ မရှိတော့၊ အရှုံးပေးလိုက်ရပြီဖြစ်သည်။ မကြာမီတွင် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တော့မည်၊ ကစားပွဲသည် ဤတွင် နိဂုံးတံသတ်သို့ ကျွန်တော် ရေးသားနေသောစာအားလည်း ဤတွင်ပင် အဆုံးသတ်လိုက်ပါသည်။

(စစ်တုရင်ဝါသနာပါသော ကျူရှင်ဆရာဟောင်းတစ်ဦး)

— ☯ —

စခန်းမှူးသည် ထိုစာအား သူ့ရှေ့တွင်ထိုင်နေသော မိန်းကလေးကို ပေးလိုက်သည်။ မိန်းကလေးသည် စာကိုဖတ်၍ တရှုံ့ရှုံ့ငိုနေ၏။ သူဖတ်ပြီးသောအခါ အခန်းထဲတွင်ရှိသော ယောကျ်ားလေးနှစ်ဦးအား ပေး၏။ သူတို့က -

"ကျွန်တော်တို့ ဖတ်ပြီးပြီ"

ဟု ပြိုင်တူဖြေကြသည်။ စခန်းမှူးသည် စာအား ပြန်ယူပြီးနောက် ရှေ့မှ မိန်းကလေးအား မေး၏။

"မိန်းကလေး - ဒီစာထဲမှာ မင်းနဲ့ပတ်သက်ပြီး မှားနေတဲ့အချက်ကလေးတွေ ထောက်ပြပါဦး"

"ကျွန်မကို သူ ချစ်ခွင့်ပန်ခဲ့တယ်ဆိုတာ မှန်ပါတယ်။ ပြီးတော့ - ဆယ်တန်းစာမေးပွဲနောက်ဆုံးနေ့က သူ့အင်အားသုံးပြီး စစ်တုရင်ကစားခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမဲ့ - အဲဒီနေ့က သူနဲ့အတူ ကားစီးတာတို့၊ သူ့ကို အဖြေပေးတာတို့၊ ကျွန်မတို့နှစ်ယောက် ကားအက်စီးဒင့်ဖြစ်တာတို့က မှားပါတယ်။ ကျွန်မ - သူ့ကို သံယောဇဉ်ရှိခဲ့ပေမယ့် အဖြေတော့ မပေးရသေးပါဘူး"

"ဟုတ်ပြီ - မောင်နိုင်ဦးလည်း ပြောပါဦး"

"စခန်းမှူးကြီး - ကျွန်တော် ဓားထိုးမှုဖြစ်ဖို့နေနေသာသာ ရန်ဖြစ်ဖို့တောင် စိတ်ကူးမရှိပါဘူး။ ခုလည်း စာမေးပွဲဖြေထားတဲ့အတွက် ကံကောင်းအောင်လို့ သက်သတ်လွတ်တောင် အဓိဋ္ဌာန်နဲ့ စားနေပါတယ်"

"ဩော် - အေး - မောင်ရဲမြင့် - မင်းအလှည့်"

"ကျွန်တော် ရေနစ်ပြီး သေတယ်ဆိုတာ မှားပါတယ်"

စခန်းမှူးက တဟားဟားနှင့် ရယ်သည်။

"မင်း - ရေနစ်မသေလို့ ဒီကိုရောက်နေတာပေါ့ကွ။ အေး - ဆက်ပါဦး"

"ကျွန်တော့်ရဲ့ဆရာ ဆေးရုံတက်ရတာတော့ ဟုတ်ပါတယ်။ ကားချင်းတိုက်မိလို့တော့ မဟုတ်ဘူး။ သူနင်းလာတဲ့စက်ဘီးကို ကားက ဝင်တိုက်သွားလို့ပါ။ အဲဒီတုန်းက ခေါင်းထိသွားတယ်။ ဒီနေ့မနက်မှာ နိုင်ဦးက ကျွန်တော့်ကို ဆရာ့ဆီသွားဖို့ လာခေါ်တယ်၊ ဆရာခေါ်ထားလို့တဲ့၊ ဟိုမှာ သောက်ဖို့ အရက်ရည်သုံးဘူးတောင် ဝယ်သွားလိုက်သေးတယ်၊ ဟိုရောက်တော့ ဆရာက နိုင်ဦးကို နိုင်ဦးလို့ မခေါ်ဘူး၊ စစ်ပြန်ကြီးလို့ခေါ်တယ်၊ ကျွန်တော့်ကိုလည်း နာမည်မခေါ်ဘဲ မျက်မမြင်ဆရာကြီးလို့ ခေါ်တယ်၊ ကျွန်တော်ကလည်း အစ်ကိုတစ်ယောက်ရဲ့ နေကာမျက်မှန်ကို ဟန်လုပ်ပြီး တပ်ထားတာကိုး ... ကျွန်တော်တို့ အတော့်ကို အံ့ဩနေတာ ..."

www.burmeseclassic.com

"စာထဲက စစ်ပြန်ကြီး ဦးဝင်းအောင်ဆိုတာ တကယ်ရှိလား"

"ဟုတ်ကဲ့ - ရှိပါတယ်၊ ဆရာနဲ့ အတွဲဆုံးလူပါပဲ၊ ဆုံးသွားတာ တစ်လ လောက်တော့ ရှိပြီ"

"ဟေ - ဟုတ်လား၊ အေး - ဆက်ပါဦး"

"နိုင်ဦးကို ဆရာက စာအုပ်ကြည့်ပြီး စစ်တုရင်ထိုးခိုင်းလို့ သူလည်း အရုပ်တွေ မ.ပြီး ဟိုရွှေ့ ဒီရွှေ့လုပ်ရတယ်၊ ဆရာကတော့ စာထိုင်ရေးနေတယ်၊ ကျွန်တော်လည်း အခြေအနေတွေ ထူးခြားနေတော့ ဘာများရေးနေပါလိမ့်လို့ စာကို မသိမသာ ခိုးဖတ်တယ်၊ သူက ကျွန်တော့်ကို မျက်မမြင်လို့ သဘောထားလေတော့ - အဲဒီလိုဖတ်တာကို မရိပ်မိဘူး၊ သေကြောင်းကြံမယ့် အကြောင်း ရေးနေတဲ့စာကို ကျွန်တော် သိလိုက်တဲ့အချိန်မှာပဲ ပါလာတဲ့ ဟမ်းဖုန်းနဲ့ စခန်းကို အကြောင်းကြားလိုက်တာပါ၊ ရဲတွေ ရောက်လာပြီး အသက်အန္တရာယ်ထိခိုက်စေမယ့်ပစ္စည်းရှာတော့ ဆွဲကြိုးချဖို့ အသင့်ချည်နှောင်ထားတဲ့ကြိုးကွင်းကို အိမ်သာထဲမှာ သွားတွေ့တော့တာပါပဲဗျာ ..."

စခန်းမှူးကြီးသည် ထိုစကားတို့အား ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီးနောက် -

"မင်းတို့ဆရာက အက်စီးဒင့်ဖြစ်တဲ့ဒဏ်ရယ်၊ အထီးကျန်ဆန်မှုတွေရယ်ကြောင့် ခုလို စိတ်ကစဉ့်ကလျားဖြစ်သွားတာထင်တယ်၊ စိတ်ကျန်းမာရေးဌာနကို ပို့ပြီး ဆေးကုသဖို့ ဦးလေးတို့ စီစဉ်လိုက်ပါမယ်"

ဟု ပြောသည်၊ ထို့နောက်တွင်မှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် အောက်ပါအတိုင်း ပြောလိုက်လေတော့သည်၊

"မင်းတို့သုံးယောက်လည်း ကောင်းမှုကုသိုလ် များများလုပ်ကြကွ၊ ခြောက်လုန့်တာ မဟုတ်ဘူးနော်၊ သူတို့လိုလူတွေပြောတဲ့၊ ရေးတဲ့ စာတွေ စကားတွေ မှန်တတ်တယ်ဆိုပဲ ..."

➳ မင်းသွေးကောင်း



# ရွှေကြက်တူရွေး တောက်ထိန်

www.burmeseclassic.com

www.burmeseclassic.com

**တောဆဲ့မှ ကြက်တူရွေးငှက်၏**
**သဘောသဘာဝ နေ့စရိုက်၊ အနေအထိုင်များကို**
**ရှားရှားပါးပါး စိတ်ဝင်စားဖွယ် တော်ရှုရမည် ...**

**အတောင်စိမ်းစိမ်း၊** နှုတ်သီးနီနီ၊ ခြေထောက်နီနီနှင့် ငှက်ပုံစံ အချိုးကျ လှပပြီး တွေ့ရလွယ်၊ လူတိုင်းသိသော ကြက်တူရွေးငှက်များကို တချို့က အရောင်လှလျှင် သဘောကျပြီး တချို့ကတော့ လူစကား သင်၍ တတ်သည်ဆိုကာ အိမ်မှာ လှောင်အိမ်လှလှနှင့် အကျအန မွေးမြူတတ်ကြသည်။

ကြက်တူရွေးလည်း ငှက်၊ စာကလေးလည်း ငှက်၊ ကျီးကန်းလည်း ငှက်ပဲဖြစ်သော်လည်း ကျီးကန်းကိုတော့ အရောင်မည်းမည်း၊ အရုပ်ဆိုးဆိုး သူခိုးငှက်ဟု လူသိများ၍ ပစ်ခတ်ခြောက်လှန့် မုန်းတီးကြသည်။ စာကလေးကိုတော့ မြို့သူမြို့သားတွေက တောသူတောသား လယ်၊ ယာစိုက်ပျိုးသူတွေလောက် ဆိုးဝါးဖျက်ဆီးတတ်သောငှက်ကလေးတွေဟု မသိကြ။ ဘယ်သူမှလည်း အလှမမွေးပါ။ ကြက်တူရွေးကတော့ အုပ်လိုက်နေ၍ လယ်ခင်း၊ ယာခင်းများကို အလွန်ဖျက်ဆီးသော်လည်း မြို့အရပ်မှာတော့ အလှမွေးတတ်ကြသည်။



ကျွန်တော်ငယ်စဉ်က ကြက်တူရွေးငှက်တွေနှင့် တော်တော်ရေစက်ဆုံခဲ့ဖူးသည်။ မကြာခဏ ရေးသားခဲ့ဖူးသည့်အတိုင်း ကျွန်တော်ငယ်စဉ်ကျောင်းသားဘဝက ကျောင်းပိတ်ရက်များတွင် ဖခင်ဖြစ်သူ၏ လုပ်ငန်းခွင်တောစခန်းမှာ လိုက်ပါနေထိုင်ခဲ့၍ ပုတတ်ထောင်၊ ဖွတ်ရှာ၊ ငါးဆေးခတ်၊ ချိတည်၊ ပျားဖွပ်သူများနှင့် တွေ့ဆုံခင်မင်ခဲ့၍ သူတို့လုပ်ငန်းများကို တော်တော်စပ်စုပါဝင်ခဲ့ဖူးသည်။

ကြက်တူရွေးအသိုက်နှိုက်ပြီး မွေးခဲ့တာကတော့ ကျွန်တော်ကိုယ်တိုင်မွေးခဲ့တာပဲဖြစ်သည်။ အကြောင်းအားလျော်စွာ ကျွန်တော့်အဖေ၏ လမ်းဖောက်လုပ်ငန်းခွင်တွင် စက်ယန္တရားကြီးများလည်းရှိရာ ဘူဒိုဇာစက်ကြီးများနှင့် တောင်ဖြိုမြေညှိအလုပ်ခွင်ရှိ သစ်ပင်ကြီးများကို ထိုးကော်တွန်းလှဲရသည့်အခါများတွင် ထိုသစ်ပင်များ၌ ကြက်တူရွေးသစ်ခေါင်းများ တစ်ခါတစ်ရံရှိတတ်သည်။ ကြက်တူရွေးသည် အသိုက်နှင့်နေသောငှက်မဟုတ်၊ သစ်ခေါင်းနှင့်နေ၍ တောတွင်းသစ်ပင်မြင့်ကြီးများ၏ မြင့်မားလှသောနေရာများရှိ သစ်ခေါင်းများတွင် နေထိုင်သားပေါက်လေ့ရှိရာ ကြက်တူရွေးနှိုက်သူများကထိုသစ်ပင်ကြီးများကို သက်စွန့်ဆံဖျားတက်ပြီး ကြက်တူရွေးပေါက်များနှိုက်၍ မိထံမှာ အတောင်စုံအောင်မွေးပြီးမှ အလှမွေးလိုသူများကို ရောင်းစားကြသည်၊ ငှက်နှိုက်သူများကို ကြက်တူရွေးပေါက်စကလေးများ၏ အမိအဖငှက်များက ထိုးဆိတ်သဖြင့် အခန့်မသင့်လျှင် ဒဏ်ရာကြီးကြီး ရတတ်သည်။

ကျွန်တော်ကတော့ ထိုသူများကဲ့သို့ တောတွင်း၌ မတ်စောက်မြင့်မားသော သစ်ပင်ကြီးများကိုတက်နိုင်သူမဟုတ်၊ ဘူဒိုဇာဖြင့် ထိုးလှည့်ချသော သစ်ပင်လဲကျလာသည့်အခါ ထိုသစ်ပင်မှာပါရှိသော သစ်ခေါင်းထဲမှ ကြက်တူရွေးပေါက်စကလေးများကို အလွယ်တကူ နှိုက်ယူခြင်းသာ ဖြစ်ပါသည်။ အပင်တက်၍ ငှက်နှိုက်သူကဲ့သို့ ကြက်တူရွေး အထိုးအဆိတ်လည်း မခံရပါ။ သစ်ပင်ကြီးတစ်ပင်လုံး ထိုးလှဲခံရသည့်အခါ ငှက်ပေါက်ကလေးများ၏ မိဘကြက်တူရွေးတွေက ထိတ်လန့်ပျံသန်းပြေးကြပြီ ဖြစ်ပါသည်။

www.burmeseclassic.com

ကြက်တူရွေးက ဉတွေ အများကြီးဉပြီး အကောင်တွေ အများကြီး ပေါက်တာ မတွေ့ရ။ ကြက်တူရွေးသစ်ခေါင်းမှာ ငှက်ပေါက်စ၊ တစ်ကောင် နှစ်ကောင်သာ တွေ့ရတတ်ပါသည်။ ငှက်က ကြက်လို၊ ဘဲလိုမွေးကတည်းက အမွေးတွေ ဖွမ်းလုံးကလေးလို လုံလုံခြုံခြုံပါတာမဟုတ်။ ဉမှ ပေါက်စတွင် ကိုယ်လုံးတီးကလေးဖြစ်၍ သစ်ခေါင်းတွင်း မိခင်ရင်ခွင်အောက်မှာ အနွေး ဓာတ်ယူနေရသည်။ ရက်တော်တော်ရမှ အမွေးနုကလေးတွေ၊ အတောင် ရှား၊ အမြီးရှားမှ စ.ပေါက်သည်။ သစ်ပင်လှဲ၍ နှိုက်ယူရသည့်ကြက်တူရွေး မှာ ပေါက်ခါစ အမွေးအတောင်မရှိ။ ကိုယ်လုံးတီးငှက်ဆိုလျှင် အသက်ရှင် ခဲလှပါသည်။ ပေါက်ခါစ နုနုငယ်ငယ်ကလေးမှာ သစ်ပင်လဲသည့်ဒဏ်၊ သစ် ခေါင်းထဲမှ နှိုက်ယူခံရ၍ လေစိမ်းထိပြီး အေးချမ်းသည့်ဒဏ်တို့ကြောင့် သက်ဆိုး မရှည်တတ်ရှာပါ။

အမွေးအတောင် တစ်ပင်စ၊ နှစ်ပင်စ ပေါက်နေသည့် အကောင်ကတော့ နည်းနည်းခံနိုင်ရည်ရှိသည်။ ဂရုစိုက်၍မွေးလျှင် ရှင်နိုင်သည်။ နွေးနွေးထွေး ထွေး ထားရသည်။ အစာဆိုလျှင် ထမင်းကို ထန်းလျက်ခဲနှင့် ဝါး၍ခွံ့ရသည်။ ပုရွက်ဆိတ် မတက်၊ ကြွက် မဆွဲ၊ ကြောင် မခုတ်အောင် ဂရုစိုက်ရသေး သည်။

သစ်ခေါင်းထဲမှ ကြက်တူရွေးက အမွေးအတောင်စုံလုနီးပါး ဖြစ်သော် လည်း မပျံနိုင်သေး၍ ထွက်မပြေးနိုင်သော ကြက်တူရွေးပေါက်စကိုလည်း ရတတ်သည်။ နည်းနည်းကြီးဖြစ်သည့် ထိုကြက်တူရွေးကတော့ အကြွေး ခံသည်။ အမှတ်တမဲ့ သွားကိုင်လျှင် သွေးထွက်အောင် ဆိတ်သည်။ ခြေကုပ် လည်းမြဲ၍ သူကုပ်တွယ်ထားလျှင် ခြေထောက်ကို တစ်ချောင်းချင်း ခြေယူ ရ သည်၊ ဆွဲယူ၍ မရ။ သူ့ကိုတော့ ထမင်းအစေ့အတိုင်းနှင့် သစ်သီးပျော့တစ် (ငှက်ပျောသီး၊ ရေမ်းချဉ်သီး) ကျွေးရသည်။ လူတွေကကြက်တူရွေးတွေလျှင် ငရုတ်သီးနီနီကို ကျွေးတတ်ကြသည်၊ ငရုတ်သီးကစပ်တော့ လျှာထွက်ပြီး စကားမြန်မြန်တတ်မည်ဟု ထင်ကြသည်။ အမှန်တော့ ဘာမျှမဆိုင်၊ ကြက် တူရွေးကငရုတ်သီးကိုဟက်ဟက်ပက်ပက်စားတာလည်းမဟုတ်၊ ငရုတ်သီး




တစ်တောင့်လုံးကို ဆိတ်ခွေ့ချပြီး ငရုတ်စေ့ တစ်စေ့၊ နှစ်စေ့လောက်သာ စား သည်။ စားတာ နည်းနည်း၊ ဖျက်ဆီးတာ များများဖြစ်၍ ကြက်တူရွေးကို လှောင်အိမ်နှင့်မွေးပြီး အစာကျွေးလျှင် လှောင်အိမ်အောက်ကြမ်းပြင်မှာ ဆိတ်ခွေ့ချထားသော အစာအကြွင်းအကျန်များနှင့် ညစ်ပတ်နေတတ် သည်။

ဒီနေရာမှာတော့ သာလိကာနှင့် ဆန့်ကျင်ဘက် ဆိုရလေမလား။ သာလိ ကာကကျွေးလိုက်သောအစာကိုအားရပါးရစားပြီးဖင်ကအားရပါးရယိုသည်၊ လှောင်အိမ်အောက်ကြမ်းပြင်မှာ သာလိကာ မစင်များနှင့် ညစ်ပတ်ပေကျံ နေတတ်သည်။ ညစ်တာချင်းတော့ အတူတူပါပဲ။ ဒီလိုညစ်ပတ်ရာမှာ သာလိ ကာလှောင်အိမ်က သာလိကာ၏မစင်များနှင့် ညစ်ပေနေတော့ ယင်ကောင် နှင့်အခြားပိုးမွှားများကပ်ငြိပြီး သာလိကာ၏ကိုယ်မှာ သန်းတွေစွဲလေ့ရှိသည်။ သန်းထူလွန်းမကာထူလျှင် သာလိကာသည် သူ့ကိုယ်သူ ထိုးဆိတ်၍ အနာဝင် ပြီး သေတတ်သည်။ ထို့ကြောင့် သာလိကာလှောင်အိမ်ကို သန့်ရှင်းရန်နှင့် သာလိကာကိုယ်ပေါ်မှ သန်းများကင်းစေရန် ဆယ့်ငါးရက်တစ်ကြိမ်ခန့် သာလိကာကိုလှောင်အိမ်ပါ ရေစီးသောချောင်းရေမှာ ချပေးရသည်။ သာလိ ကာက ဒီလိုရေချိုးရတာ အလွန်နှစ်သက်သည်။ ရေမှာငုပ်လိုက်၊ အတောင် ဘဖြန်းဖြန်း ခတ်လိုက်လုပ်နေသည်။ ရေစီးမှာ လှောင်အိမ်က အညစ် အကြေးများလည်း မျောပါသန့်ရှင်းသွားသည်။ ပြီးလျှင် – လှောင်အိမ်ကို ငှက်နှင့်တကွ အမြင့်တစ်နေရာမှာ ချိတ်ဆွဲရေစစ်ထားရုံသာ။ သာလိကာ ရေချိုးစရာမြစ်၊ချောင်းမရှိဘူးဆိုလျှင်ရေဇလုံကြီးကြီးတစ်ခုမှာဆေးရွက်ကြီး ချစိမ်၍ထိုရေမှာသာလိကာကိုနှစ်ပေးရသည်။ထိုအခါဆေးရွက်ကြီးကြောင့် သန်းများ သေသည်။ ပြီးတော့ – ရေသန့်လောင်းချိုးရသည်။ လှောင်အိမ်ကို တော့ သင့်ရာနည်းဖြင့် ပြောင်စင်အောင် ဆေးရပါသည်။

www.burmeseclassic.com

ကြက်တူရွေးလှောင်အိမ်မှာကတော့ ညစ်ပတ်သည်ဆိုတာထက် အမှိုက်ရှုပ်တာက ပိုသည်။ ကြက်တူရွေး ဆိတ်ချွေချလိုက်သော သစ်စေ့၊ သစ်ခွံ အစအနများဖြင့် ပေပွနေသော်လည်း သာလိကာကဲ့သို့ မစင်မဟုတ်၍ ယင်ကောင်၊ ပိုးကောင် သိပ်မအုံပါ။ ကြက်တူရွေးမစင်က ချိုးရွေး၊ ခိုရေးကဲ့သို့ မာကျစ်နေ၍ ညစ်ညမ်းမှုမရှိ။ ထို့ကြောင့် ကြက်တူရွေးလှောင်အိမ်မှ အောက်ခြေအမှိုက်များကိုသာ ရှင်းပေးရန်လိုပြီး သာလိကာကဲ့သို့ ရေစိမ်ရန် မလိုပါ။ ပြီးတော့ - ကြက်တူရွေးက သာလိကာလောက် ရေမကြိုက်ပါ။ တစ်ခါတစ်ရံ ရေစိမ်ပေး၍ရသော်လည်း ရေချိုးတာကြာလျှင် အအေးပတ်တတ်သေးသည်။

ကျွန်တော်က ဘူဒိုဇာစက်မောင်းနှင့် အလုပ်သမားများကို ခင်မင်အောင်ပေါင်း၍ သူတို့က သစ်ပင်လှဲတိုင်း ကျွန်တော့်ကိုခေါ်သည်။ ကျွန်တော်တ ကြက်တူရွေးသစ်ခေါင်းရှိလျှင် ကြက်တူရွေးနိုက်၍ မရှိဘူးဆိုလျှင် တော တွင်းသစ်ပင်ကြီးတွေမှာ အနည်းနှင့်အများ အမြဲတမ်းရှိသော သစ်ခွပန်းအုံ န်းဖုတ်များကို ခွာပါသည်။ စက်မောင်းသူများ အလုပ်သမားများကတော့ ကြက်တူရွေးတို့၊ သစ်ခွပန်းတို့ကိုစိတ်မဝင်စား။ သူတို့မှာကြက်တူရွေးနိုက်ပြီး သမင်းဝါးခွဲ့နေဖို့လည်း အချိန်မရှိကြပါ။ ကျွန်တော်ကသာ အားအားယား သားမို့ ဒါတွေလုပ်နိုင်ခြင်း ဖြစ်ပါသည်။



တစ်ခါက သုသာန်အနီး နေအိမ်တစ်ခုမှ မွေးထားသောကြက်တူရွေးက အသုဘချလျှင်တီးသောဆိုင်းသံ (လွန်ခဲ့သော နှစ်လေး၊ ငါးဆယ်က နယ်မြို့များတွင် အသုဘကိစ္စ၌ ဆိုင်းမပါမဖြစ် ထည့်လေ့ရှိသည်) ကြားရဖန်များ၍ ထိုဆိုင်းသံအတိုင်း အသံတူအောင် 'ဗိန်–ဗိန်–ဗိန်–ထီး' စသည်ဖြင့် ထ,ထ အော်တတ်၍ အိမ်ရှင်များ ထိတ်လန့်ပြီး ဘုန်းကြီးကျောင်း သွားလှူလိုက်ရသည်။

ကြက်တူရွေးကို လူစကား သင်လျှင်ရသည်ဆိုသော်လည်း ကျွန်တော် သစ်ခေါင်းနိုက်ပြီး မွေးမြူခဲ့သော ကြက်တူရွေး သုံးလေးကောင်မှာ စကား တတ်မလာခဲ့ပါ။ "ဂဲ–ဂဲ" ဟူသော ငှက်သံသာ မြည်တတ်ပါသည်။ နောင်တွင် းလည်တတ်ကျွမ်းသူများက သစ်ပင်လဲကျရာမှရသော ကြက်တူရွေးသည် းပင်းသွားသည်၊ စကားသင်၍ မရဟုဆိုသည်။ သစ်ပင်ကိုမလှဲဘဲ သစ် ခေါင်းထဲတက်၍ နှိုက်ယူသောငှက်မှ စကားသင်၍ ရသည်ဟု ဆိုပါသည်။

ဒီမှာလည်း နှိုက်ယူရရှိသောငှက်၏အကောင် အကြီးအသေး၊ အနုအရင့် ာသည်။ ငှက်နုနုနယ်နယ်ကလေးကိုရပြီး ရှင်အောင်မွေးနိုင်လျှင် ထိုငှက် ားတတ်လွယ်သည်။ အတောင်စုံလုမတတ်ရှိပြီဆိုလျှင်တော့ လူစကား င်၍မရတော့။ "ဂဲ–ဂဲ–ဂဲ–ဂဲ" ပါပဲ။ အတောင်စုံ၍ ပျံသန်းနေသည့် ကြက် ူရွေးကိုတော့ စကားသင်၍လည်းမတတ်၊ လှောင်အိမ်ထဲမှာလည်း ငြိမ် မနေ။ ယောက်ယက်ခတ်နေသည့် အတောင်တွေ ညှပ်၍ထားလည်း ကိုင်မခံ။ လက်ပေါက်အောင်၊ သွေးထွက်အောင် ဆိတ်သည်၊ ကုတ်ဖဲ့ ည်။

စောစောက ပြောခဲ့သည့် သစ်ခေါင်းတက်နှိုက်ပြီး နနယ်ယယ် ကြက် ူရွေးကို စကားသင်လိုလျှင် နံနက်စောစော လူခြေတိတ်နေချိန်မှာ ငှက်ကို ုံအုံးထဲ ထည့်ထားပြီး ပြောစေချင်သည့်စကားလုံးကိုစဉ်အိုးဝမှ လူက အသံ တ်ဆိုပေးခြင်းဖြင့် ရက်ကြာလာတော့ ထိုအသံကို ငှက်က တုပ၍ ပြုနိုင် သည်၊ တချို့ဆိုလျှင် နံနက်စောစော သူအမြဲကြားရတတ်သော "ပဲပြုတ်" သာမျိုးကို အရင်ဆုံးတတ်သည်။ စကားသံမှမဟုတ်၊ သူ ကြားရတာကို ကြားရသည့်အတိုင်း အသံပြုနိုင်သည်။

www.burmeseclassic.com

တစ်ခါက သုသာန်အနီးနေအိမ်တစ်ခုမှာမွေးထားသောကြက်တူရွေး အသုဘချလျှင်တီးသောဆိုင်းသံကို (လွန်ခဲ့သော နှစ်လေး၊ ငါးဆယ်က နယ် မြို့များတွင်အသုဘကိုစွဲ၍ဆိုင်းမပါမဖြစ် ထည့်လေ့ရှိသည်) ကြားရဖန်များ ထိုဆိုင်းသံအတိုင်းအသံတူအောင် "ဗိန် - ဗိန် - ဗိန် - ထီး" စသည်ဖြင့် ထ အော်တတ်၍ အိမ်ရှင်များ ထိတ်လန့်ပြီး ဘုန်းကြီးကျောင်း သွားလှူလိုက် သည်၊ ဘုန်းတော်ကြီးကတော့ သဘောကျ လက်ခံသည်၊ ဒီအသံက ဘုန်း ကြီးအတွက် လပ်ကီးကောင်းသောအသံ မဟုတ်လား။

ကြက်တူရွေးက အသံကို တုပပြောဆိုနိုင်သည်မှာ သူ့လျှာကြောင့် လည်း ဖြစ်မည်ထင်သည်၊ သူ့လျှာက အခြားကြက်ငှက်တွေရဲ့လျှာလို ချွ ချွန်ရှည်မျောမျောမဟုတ်၊ လူ့လျှာနှင့် ပုံစံတော်တော်တူ၍ ခပ်လုံးလုံး နေသည်၊

— — —

ကျွန်တော်မွေးခဲ့သော ကြက်တူရွေး သုံးလေးကောင်မှာ (တစ်ပြိ တည်းမဟုတ်၊ တစ်ကောင်စီ၊ တစ်ချိန်စီ မွေးတာဖြစ်သည်) စာစောက ပြေ သည့်အတိုင်း သစ်ပင်လဲကျသည့်ဒဏ်ကြောင့် နားပင်းသွားခဲ့လေသလာ မသိ၊ စကားသင်၍ မတတ်ခဲ့သော်လည်း ငယ်ငယ်ရွယ်ရွယ် ဥပေါက် ကလေးမှာ ထမင်းဝါးခွံ့ မွေးမြူခဲ့တာဖြစ်၍ သူ့ကိုယ်သူ (ကြက်တူရွေး) ဆိုတာ မေ့သွားပြီလားမသိ၊ ကြက်တူရွေးတွေ စားလေ့ရှိသောအစာ ပြောင်း၊ ရှောက်သီးတို့ကို မစားတတ်တော့ဘဲ လူစားတာတွေကိုပဲ စား သည်၊

ပထမတွင် သူတို့အတွက် ပဲပြုတ်၊ အာလူးချက် စသည်များ လုပ် သော်လည်း နောက်တော့ လူစားတာ မှန်သမျှ အားလုံးစားသဖြင့် လုံးကျွေး၍ရသည်၊ ငါးဟင်း၊ ကြက်ဥကြော်၊ ခရမ်းချဉ်သီးချက်က ငါးပိရည်ဖျော်အထိ (ထမင်းနှင့် နယ်ကျွေးရသည်) အကုန်စားသည်၊

နောက်ဆုံး မွေးခဲ့သည့်ကြက်တူရွေးကလေးကို ထမင်းစားခန်းထဲ လှောင်အိမ်နှင့် ချိတ်ထားရာ လူတွေ ထမင်းစားတာမြင်လျှင် သူ့လှော



အိမ်ထဲမှထွက်၍ (လှောင်အိမ်တံခါးချိတ်ကို သူ့ဘာသာ ဖြုတ်တတ်သည်) ထမင်းစားပွဲပေါ်ခုန်ချလာပြီး ထမင်းစားသူ အသီးသီးက ရျကျွေးတာကို ဘာမျှ ရှောင် စားသည်၊ ဝက်သားဟင်းဆိုလျှင် အဆီကို အလွန်ကြိုက်သည်၊ အဆီတုံးတစ်တုံး၊ လက်နှစ်လုံးသာသာကို ကုန်အောင်စားနိုင်သည်၊ ကော်ဖီ သောက်သည်၊ ချိစ်ဒိန်ခဲ အလွန်ကြိုက်သည်၊ ချိစ်ကိုဆိုလျှင် မကုန်မချင်း စား၍ (အန္တရာယ်ဖြစ်မှာစိုးသဖြင့်) ဖယ်ရှားထားရသည်၊ ဝက်သားတို့၊ ချိစ် တို့ စားပြီးလျှင် လှောင်အိမ်ထဲ ပြန်ထည့်ထားပါက တန်းပေါ်မှာ အိပ်ငိုက်နေ ပြီး တစ်ခါတစ်ရံ လှောင်အိမ်ကြမ်းပြင်ပေါ်ပြုတ်ကျတတ်သည်၊ လှောင်အိမ် အပြင်ထွက်လိုလျှင် သူ့ဘာသာဖွင့်တတ်၍ ဖွင့်မရအောင် သော့ပိတ်ထား လျှင် ဖွင့်ပေးရန် တကြော်ကြော်၊ တဂဲဂဲ အော်တတ်သည်၊

သစ်ပင်တွေ အများကြီးလှဲသည့်အထဲမှ ကြက်တူရွေးအကောင်ပေါက် တွေ အများကြီးရခဲ့ဖူးသော်လည်း တော်တော်များများက လက်ထဲရောက်မှ သေလိုသေ၊ တစ်ရက်နှစ်ရက်ခံပြီး သေလိုသေ၊ ကြောင်ဆွဲတာ တချို့၊ ကွက် ခိုတာ တချို့နှင့် သက်ဆိုးမရှည်ကြပါ၊ မှတ်မှတ်ရရ ကြက်တူရွေး (၄) ကောင် သာ အမွေးစုံသည်အထိ ကြီးပြင်းလာခဲ့ပြီး တစ်ကောင်စီ၊ တစ်ကောင်စီမှာ စာစောက ပုံစံအမျိုးမျိုးဖြင့် သေဆုံးသွားကြပါသည်၊

ဖခင်က ဘာမျှမပြောသော်လည်း အမေလုပ်သူက ကျွန်တော် ကြက် တူရွေးမွေးလျှင် သူပါ အလုပ်ရှုပ်ရတာမို့တစ်ကြောင်း၊ တော်တော်ကြီးလာမှ သေသွားလျှင် စိတ်ထိခိုက်ရတာက တစ်ကြောင်းမို့ ကျွန်တော့်ကို ကြက်တူ ရွေးပေါက်တွေ ယူမလာရန် တားပါသည်၊

ထိုသို့ ကန့်ကွက်သည့်အထဲက နောက်ဆုံးမွေးမြူသည့်အကောင်မှာ ကျွန်တော်တို့နှင့် (၂) နှစ်နီးပါး နေသွားခဲ့ပြီး လူ့ယဉ်လွန်း၍ (မပျံပြေးနိုင် အောင်) အတောင်ညှပ်ပေးစရာပင် မလိုခဲ့ပါ၊ အတောင်စုံတော့ အမွေး အတောင်အလွန်လှသော်လည်း နှုတ်သီးက သူတကာ ကြက်တူရွေးလို ရဲရဲ တောက်အနီမဟုတ်ဘဲ နီမည်းမည်းအရောင်ဖြစ်ပြီး ခြေထောက်ကလည်း ခပ်မည်းမည်းမို့ နားလည်သူများက "ကုလားကြက်တူရွေး" မျိုး စကားအလွန် တတ်သည်ဟု ပြောကြပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျွန်တော် ပြောခဲ့သည့်အတိုင်း သစ်ပင်လဲသည့် ဒဏ်ကြောင့်လား မသိ၊ စကားသင်၍ မရပါ။ ကြက်တူရွေးအော်သံ "တဂဲဂဲ" သာ ပြုတတ်ပါသည်၊ သူ့အော်သံကြားလျှင် တစ်ခုခုဖြစ်နေပြီဟု သိရသည်၊ အိမ်ကို အုမမြင်ဘူးသော သူစိမ်းလာတာမျိုး၊ ဆွမ်းခံဘုန်းကြီး ကြွတာမျိုး၊ ထမင်းစားခန်းထဲ ကြောင်ဝင်တာမျိုးဆိုလျှင် သူ့အော်သံကြားသည်၊ ဘာမျှမရှိဘဲ အော်နေလျှင် ထမင်းဆာလို့တောင်းတာ ဖြစ်သည်၊ တစ်ခုခု ကျွေးလိုက်မှ အအော်ရပ်သည်။

သူက လူယဉ်နေ၍ တစ်အိမ်သားလုံး ချစ်ကြသည်၊ ကျွန်တော်ကတော့ ထိုအချိန်က ဆယ်တန်းမှာသင်ရသည့် "ထရက်ရှားအိုင်လင်း" စာအုပ်ထဲက ပင်လယ်ဓားပြကြီး "လောင်းဂျွန်ဆေးလဗား" ကိုအားကျ၍ ကျွန်တော့်ကြက်တူရွေး (သူ့နာမည်) အာကျယ်ကို ပခုံးတစ်ဖက်ပေါ်တင်ပြီး လျှောက်သွားတာ အရသာတစ်မျိုး ဖြစ်သည်။

ထိုသို့အသွားကောင်းခဲ့၍ တစ်ရက်သောအခါ သူနှင့်အတူ အဖေ့ရုံးကိုလိုက်သွားစဉ် (တောစခန်း အလုပ်နားရျိန်ဖြစ်၍ အဖေနှင့်အလုပ်သမားအားလုံး မြို့ပေါ်က ရုံးမှာရှိနေကြသည်) ကြက်တူရွေးသစ်ပင် တွန်းလှဲပေးခဲ့သည့် ဘူဒိုစာစက်မောင်းသူများရှိရာ စက်ပြင်အလုပ်ရုံဘက်သို့ ရောက်လာခဲ့ပါသည်။ စက်ဆရာများက သူတို့၏ စက်ယန္တရားကြီးများကို ပြင်ဆင်နေကြပြီး ကျွန်တော်ရောက်လာတော့ တစ်ယောက်က ကျွန်တော့်ပခုံးပေါ်မှ "အာကျယ်" ကိုကိုင်ကြည့်ရန် လှမ်းယူပါသည်၊ "အာကျယ်" ကိုခေါ်သွားလျှင် ဟိုလူယူကြည့်၊ ဒီလူကိုင်ကြည့်လုပ်တာ ရိုးနေပြီမို့ "အာကျယ်" ကလည်း ဟိုလူ့လက်ပေါ် ကူးလိုက်၊ ဒီလူ့လက်ပေါ် ကူးလိုက်လုပ်သည်။

ကျွန်တော်က စက်ပြင်ရုံထဲမှာ လူတစ်ယောက်ကို လှမ်းပေးလိုက်တော့ ထိုလူကအယူ "အာကျယ်" က လှမ်းအကူး ခြေချော်၍ ကျွန်တော့်တို့နှစ်ယောက်ကြား စက်ပစ္စည်းများ ဆေးကြောရန် (ဆီတိုင်ကီကို ဒေါင်လိုက်ခြမ်းထားသည့်) ဒီဇယ်ကန်ထဲသို့ ပြုတ်ကျသွားပါသည်။

ထိုအချိန်များက မာတ်ဆီ၊ ဒီဇယ်ဆိုတာ ဖောခြင်းသောခြင်းမို့ စက်ဆေးလက်ဆေး ထည့်ထားသည့် ဒီဇယ်တွေက တိုင်ကီခြမ်း နှစ်ခန်းပြည့်လုနီးပါး ရှိရာ "အာကျယ်" မှာ (ပျံနိုင်သော်လည်း) ပျံချိန်မရဘဲ ဒီဇယ်တွေထဲ စုန်းစုန်းမြုပ် ပြုတ်ကျသွားပါတော့သည်။

ကျွန်တော်တို့ ဝိုင်းဆယ်တော့ ဒီဇယ်နစ်သူ အာကျယ်မှာ ဆီတွေနှင့် ရွှဲနစ်နေသည်၊ ဝမ်းထဲကိုလည်း ဝင်ဟန်ရှိသည်၊ အဝတ်ခြောက်တွေနှင့် သုတ်သင်ပေးသော်လည်း ဒီဇယ်ဆီက မစင်နိုင်၊ ဆီကလည်း အသန့်မဟုတ်၊ စက်ပစ္စည်းတွေ ဆေးထားသည့် ဆီညစ်ဆီမည်းတွေမို့ "အာကျယ်" မှာကြက်တူရွေးရောင် မစိမ်းတော့ဘဲ ဒီဇယ်ဆီညစ်အရောင် မည်းပုပ်ပုပ်ဖြစ်နေ၍ ကျွန်တော်က တတ်နိုင်ပါဘူးဆိုကာ အာကျယ်ကို ဆပ်ပြာနိုင်နိုင်နှင့် ရေချိုးပေးလိုက်ပါသည်၊ ဆီထဲနစ်ပြီး ရေတွေရွှဲနေအောင် အလောင်းခံရ၊ ဆပ်ပြာတွေ အတိုက်ခံရသော အာကျယ်မှာ တဆတ်ဆတ်တုန်နေသည်။

အော်သံလည်း မထွက်တော့၊ ရေတွေ သုတ်ပေး၊ ပူနွေးအောင် မီးဖိုမှာကင်စသည်ဖြင့် ပြုစုကုသပါသော်လည်း အာကျယ်သည် နာလန်မထူတော့၊ လေးငါးရက်အကြာမှာ အိမ်သားတွေ နံနက်အိပ်ရာကထတော့ သူ့လှောင်အိမ်ကလေးထဲမှာ အသက်ပျောက်နေတာ တွေ့ရသည်၊ အိမ်သူအိမ်သားအားလုံး စိတ်ထိခိုက်ကြပြီး ထိုနေ့ကစ၍ ကြက်တူရွေး မမွေးရန် (အမေကယခင်က တဖွဖွပြောပေမယ့် ကျွန်တော်ယူသွားလျှင် မကန့်ကွက်) အိမ်ထောင်ဦးစီးဖခင်က စီတိုအာဏာသုံးသည်၊ အဖေပြောပြီဆိုလျှင်တော့ ကျွန်တော်က မလုပ်ရဲ။

ကျွန်တော်ကိုယ်တိုင်လည်း ကြက်တူရွေးနှင့်ပတ်သက်၍ တော်တော်စိတ်ထိခိုက်သွားသည်မို့ ထိုနေ့ကစပြီး နောက်ထပ်ကြက်တူရွေး၊ သာလိကာ ဘာကောင်ကိုမျှ မွေးမြူခြင်းမပြုတော့ကြောင်း ငယ်စဉ်ဘဝကို အမှတ်တရ ရေးသားလိုက်ရပါသည်။

➳ **တောက်ထိန်**



www.burmeseclassic.com

www.burmeseclassic.com




**ခွန်ကိုယ်အစိတ်အပိုင်း များပြားစွာ**
**ချို့ယွင်းခဲ့ရသူအဖို့ လူ့ဘဝကြီးတွင် ဆက်လက်ရှင်သန်ရန်**
**စိတ်ဓာတ်ကြံ့ခိုင်မှုမရှိတော့ဘဲ နောက်ဆုံးရွေးချယ်ခဲ့သော**
**ထွက်ပေါက်လမ်းအဖြစ် ..**

**တိုက်ပွဲ** ပြီးဆုံးသွားပြီးနောက် စစ်တလင်း၏မြင်ကွင်းက ကြည့်မကောင်း၊ ရှုမကောင်းအောင်ပင် ဖြစ်ကျန်ရစ်ခဲ့သည်။ မြင်ရသမျှ အရာအားလုံးပင် အကျည်းတန်လှ၏။ မီးတွေက ဟိုနားက လောင်၊ သည်နားက လောင်။ သစ်ပင်၊ သစ်ကိုင်းတွေက ကျိုးတာကျိုး၊ ပဲ့တာပဲ့။ မြေပြင်ကလည်း ပြိုတာပြို၊ ပျက်တာပျက်၊ ကျင်းတွေ၊ ချိုင့်တွေ ဖြစ်သည့်နေရာက ဖြစ်။

သည်ကြားထဲ အလောင်းကောင်တွေက အတုံးအရုံး လဲပြိုနေကြပုံမှာ သွေးပျက်စရာ ကောင်းလှသည်။ သံဆူးကြိုးတွေကြားမှာ၊ ကတုတ်ကျင်းတွေဘေးမှာ၊ အဆောက်အအုံ အပြိုအပျက်တွေအနီးမှာ၊ တချို့ပက်လက်၊ တချို့က မှောက်ခုံ၊ တချို့က မျက်လုံးပွင့်လျက်၊ တချို့က ပါးစပ်ဟလျက်၊ ပုံစံအမျိုးမျိုး သက်မဲ့ခန္ဓာများဖြင့် ငြိမ်သက်နေကြပုံမှာ လွန်စွာမှ စိတ်နလုံးနောက်ကျိချောက်ချားဖွယ် ကောင်းလှသည်။

www.burmeseclassic.com

တပ်မှူးက ကုန်းမြင့်တစ်ခုပေါ်တွင်ရပ်ကာ စစ်မြေပြင်အား လှမ်းကြည့်နေလေသည်၊ သူနှင့်မနီးမဝေးတွင် အလံတစ်ခုက တလူလူ လွင့်လျက်ရှိသည်၊ မြင်ကွင်းတစ်ခုလုံးအား စေ့စေ့စပ်စပ်ကြည့်ရှုပြီးနောက် တပ်မှူးက သက်ပြင်းတစ်ချက်ကို လေးလေးကြီး ချလိုက်မိသည်။ တိုက်ပွဲက စခန်းသိမ်းတိုက်ပွဲဖြစ်သည်၊ သူသေကိုယ်သေ၊ မီးကုန်ယမ်းကုန် တိုက်ခိုက်ရသောတိုက်ပွဲဖြစ်သည်၊ ထို့ကြောင့် တိုက်ပွဲက အဆမတန် ပြင်းထန်လှသည်၊

စစ်ပွဲကိုတော့ နိုင်လိုက်လေပြီ၊ ရန်သူ့စခန်းကိုလည်း ရလိုက်လေပြီ၊ သို့သော် အောင်ပွဲအတွက် ရင်းနှီးပေးဆပ်လိုက်ရသည်က မသေးလှပေ၊ တန်ဖိုးအားဖြင့် လွန်စွာကြီးမားလွန်းလှသည်၊ ဤတိုက်ပွဲအတွက် အသက်စွန့်လွှတ်သွားကြရသော မိမိစစ်သည်အရေအတွက်မှာ များပြားလှသည်၊ အောင်ပွဲအတွက် ဂုဏ်ယူဝမ်းသာမိသော်လည်း တွဲဖက်ခံစားနေရသော တပ်မှူး၏ရင်တွင်းမှ နာကျင်ကြေကွဲမှုကလည်း ပမာဏအားဖြင့် သေးလှသည် မဟုတ်ပါပေ၊

တပ်မှူးက သူ့ဘေးတွင် ရပ်နေသော အရာရှိတစ်ဦးကို လှမ်းအမိန့်ပေးလိုက်သည်၊

"ကျဆုံးသူတွေကို စစ်အခမ်းအနားနဲ့ သဂြိုဟ်ဖို့လုပ်ပေတော့၊ ဒဏ်ရာရတဲ့ စစ်သည်တွေကိုတော့ အမြန်ဆုံးနဲ့ အကောင်းဆုံး ပြုစုပေးဖို့လုပ်ကြ"

= ✱ =

တိုက်ပွဲ၌ ကျဆုံးသွားသူများအတွက်က ထူးထူးထွေထွေ အလုပ်မများလှပေ၊ အစီအစဉ်အတိုင်း သဂြိုဟ်ပြီးလျှင် အထက်ဌာနသို့ သတင်းပို့၊ ဤမျှသာ၊ သို့သော် ဒဏ်ရာရသူများအတွက်တော့ လွန်စွာအလုပ်ရှုပ်ကြရသည်၊ ဒဏ်ရာကြောင့် နာကျင်ညည်းညူနေကြသူများကိုလည်းကောင်း၊ ဒဏ်ရာဖြင့်ပင် အသက်မသေသော်လည်း သတိလစ်နေသူများကိုလည်းကောင်း သက်ဆိုင်ရာ စစ်မြေပြင်ဆေးရုံသို့ ပို့ကြရသည်၊ ဆေးတပ်ဖွဲ့က ရောက်ရှိလာသောလူနာများကို လိုအပ်သလို အမြန်ဆုံး ပြုစုကုသပေးကြရသည်၊



ဒဏ်ရာရသူအရေအတွက်က လွန်စွာများပြားလှသည်၊ ဒဏ်ရာတွေကလည်း အကြီးအသေးအလိုက် အမျိုးအစား စုံလင်လှသည်၊ သာမန်ဒဏ်ရာလောက်မှအစ အသက်ဘေး စိုးရိမ်ရသော ဒဏ်ရာများအထိ အမျိုးမျိုးပါဝင်သည်၊ ဆေးတပ်ဖွဲ့ဝင်များက အရေးအကြီးဆုံးလူနာများကို ဦးစားပေးပြီး ကုသပေးကြရသည်၊

အချို့မှာ ဒဏ်ရာက ကြီးမားလွန်းသောကြောင့် ကုသနေရင်းမှပင် ဆေးခံမိတော့ဘဲ အသက်ဆုံးရှုံးသွားကြရသည်၊ အချို့ကမူ ဒဏ်ရာက အလွန်ကြီးသော်လည်း ကံအားလျော်စွာ အသက်ရှင်ခွင့် ရသွားသူများ ရှိသည်၊

ရဲဘော်တစ်ဦး၏ဖြစ်ပုံမှာ အလွန်ပင် အံ့အားသင့်စရာ ကောင်းလှသည်၊ သူ့ဒဏ်ရာက များလည်းများပြီး ဆိုးလည်း ဆိုးရွားလွန်းလှသည်၊ သူ့မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီနေသည်၊ သူ့မျက်လုံးနှစ်လုံးစလုံးပင် ပေါက်ထွက်သွားလေပြီ၊ ထို့ပြင် သူ၏ခြေနှစ်ဖက်စလုံးသည်လည်းကောင်း၊ သူ၏ညာဘက်လက်တစ်ဖက်သည်လည်းကောင်း ဆေးရုံသို့ ပါမလာတော့ပေ၊ ကျန်ခဲ့သော ဘယ်ဘက်လက်မှာလည်း ရစရာမရှိအောင် ကြေမွနေပြီဖြစ်ရာ ဆေးရုံပေါ် ရောက်ရောက်ချင်းပင် ဖြတ်တောက်ပစ်လိုက်ရသည်၊ သို့နှင့်သူက ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ မျက်စိနှစ်လုံး အကုန်လုံး ဆုံးရှုံးသူဘဝသို့ ရောက်သွားရတော့သည်၊

သို့သော် သူ မသေ၊ ဆေးတပ်ဖွဲ့၏ အားကြိုးမာန်တက် ကုသပေးမှုကြောင့် သူ သေခွင့်မရလိုက်၊ သတိကား လစ်နေလေသည်၊ ဆေးပုလင်းများ၊ သွေးပုလင်းများ တန်းလန်းနှင့်ပင် သူ၏ကိုယ်ပေါ်မှ သွေးစသွေးနများ၊ အမှိုက်သရိုက်များကို ရှင်းလင်းသုတ်သင်ပေးကြရသည်၊ သို့တိုင်အောင် များပြားသောဒဏ်ရာများကြောင့် သူ မည်သူမည်ဝါဖြစ်သည်ကို တော်တော်နှင့် သိနိုင်ဘဲ ဖြစ်နေကြသည်၊ အတန်ကြာတော့မှ အရာရှိတစ်ယောက်က သူ့ဘေးသို့ ရောက်လာကာ သူ၏လည်ပင်းမှ သတ္တုပြားကလေးကို ဆွဲယူကြည့်လိုက်သည်၊ သတ္တုပြားပေါ်မှ ကိုယ်ပိုင်နံပါတ်ကို ဖတ်ကြည့်လိုက်ပြီးနောက် ချက်မှောင်ကို ကြုတ်လိုက်သည်၊ တစ်ဆက်တည်းဆိုသလို နှုတ်မှ ခွတ်ခနဲ ထွက်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com

"သူ - ရဲဘော်မျိုးဆွေပဲ"

— ★ —

ဆေးတပ်ဖွဲ့ဝင်များ၏ကြိုးစားမှုကြောင့် ရဲဘော်မျိုးဆွေ ပြန်သတိရလာသည်၊ သတိရခါစတွင် သူ့ခေါင်းထဲ၌ မူးဝေနေသည်၊ နောက်ကျိနေသည်။ အသိစိတ်တွေကလည်း ရှုပ်ထွေးနေသေးသည်။ နောက်တော့မှ တဖြည်းဖြည်း ကြည်လင်လာသည်၊ အသိမှန် ပြန်ပေါ်လာသည်၊ သူ့အဖြစ်သနစ်အလုံးစုံကိုလည်း ကောင်းစွာသိရှိလာသည်၊ တိုက်ပွဲ စ.ဖြစ်သည့်အချိန်မှသည် ယခုလက်ရှိအချိန်ထိ အခြေအနေအားလုံးကို အစမှအဆုံး မှတ်မိလာသည်၊ ထို့နောက် သူက သူ့အကြောင်းကို ဆက်၍စဉ်းစားနေမိသည်၊

များမကြာမီ ဆေးတပ်ဖွဲ့ဝင်များက သူ့ခုတင်ဘေးသို့ဝိုင်းအုံရောက်ရှိလာကြသည်၊ ထို့နောက် ဆရာဝန်ဖြစ်သူကပင် ချိုသာသောအသံဖြင့် စကားပြောလိုက်သည်၊

"ဘယ့်နှယ်လဲ - ရဲဘော်မျိုးဆွေ၊ သတိရလာပြီနော်၊ ခင်ဗျားတော်တော်ကံကောင်းတဲ့သူပဲ၊ သေလောက်တဲ့ဒဏ်ရာတွေကနေ အသက်ရှင်ခွင့်ရတယ်ဆိုတာ နည်းတဲ့ကုသိုလ်လားဗျာ၊ ခင်ဗျားကို ဘုရားမ.တာ"

အခြားသူနာပြုတစ်ယောက်က -

"ဒီလိုအခြေအနေဆိုးကြီးထဲကနေ အသက်ကို ရအောင်ပြန်ယူလိုက်နိုင်တာဟာ ကျွန်တော်တို့ရဲ့မဟာအောင်မြင်မှုကြီးပေါ့၊ ဒီအတွက် ကျွန်တော်တို့က ဂုဏ်ယူဝမ်းသာသလို ခင်ဗျားအတွက်လည်း ဆက်ပြီးအသက်ရှင်ခွင့်ရတဲ့အတွက် ဝမ်းသာစရာပေါ့"

နောက်ဆေးခန်းထမ်းတစ်ယောက်ကလည်း -

"လူနာတိုင်းအပေါ်ထားရှိတဲ့ ကျွန်တော်တို့ရဲ့အကြင်နာ၊ မေတ္တာတရားတွေကြောင့် နလိုအောင်မြင်သွားတာလို့ ပြောရမှာပဲ၊ ကျွန်တော်တို့တစ်ခုလုံးက ရဲဘော်မျိုးဆွေအတွက် အကြင်နာ၊ မေတ္တာတွေ အများကြီးပို့လွှတ်ပြီးတော့ ကုသပေးခဲ့ကြလို့ ..."

"တော်စမ်းဗျာ - တော်စမ်း၊ ဘာတွေလာပြောနေကြတာလဲ"



ရုတ်တရက် ကြားဖြတ်ထွက်ပေါ်လာသော ရဲဘော်မျိုးဆွေ၏ဟိန်းဟောက်သံကြောင့် ဆေးတပ်ဖွဲ့ဝင်များက အသံတိတ်သွားကြသည်၊ အံ့အားသင့်ခြင်းနှင့်အတူ ခပ်ကြောင်ကြောင် ဖြစ်သွားကြသည်၊ ရဲဘော်မျိုးဆွေ၏ အသံက ထပ်မံ၍ထွက်ပေါ်လာပြန်သည်၊

"ဘာပြောတယ်ဗျ၊ ကျုပ်အသက်မသေတာဟာ ကံကောင်းလို့တဲ့လား ဟုတ်လား၊ ကျုပ်ကို သေရွာကနေ အသက်ပြန်ရှင်အောင် ကုသပေးနိုင်ခဲ့တာဟာ ခင်ဗျားတို့အတွက် ဂုဏ်ယူဝမ်းမြောက်စရာကြီးတဲ့လား ဟုတ်လား၊ ပြီးတော့ - ခင်ဗျားတို့က ကျုပ်အပေါ် အကြင်နာ၊ မေတ္တာဗရပွနဲ့ ပြုစုကုသပေးခဲ့ကြတာတဲ့လား ဟုတ်လား"

စကားသံက ခေတ္တပြတ်သွားသည်၊ ရဲဘော်မျိုးဆွေ၏အသံက တုန်ယင်လျက်ရှိသည်၊ အသက်ရှူပုံကပါ ပြင်းထန်နေသည်၊ ဆေးတပ်ဖွဲ့ဝင်ကမူ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေကြသည်၊ ရဲဘော်မျိုးဆွေကပင် ဒေါသဖြင့် ထပ်ပြောလိုက်သည်၊

"တကယ်တော့ - ခင်ဗျားတို့အားလုံး လူဆိုးတွေ၊ လူယုတ်မာတွေ၊ ကျုပ်ကို ဝိုင်းပြီး ရက်စက်ခဲ့ကြတဲ့သူတွေ၊ ခင်ဗျားတို့နှလုံးသားထဲမှာ အကြင်နာ၊ မေတ္တာဆိုလို့ တစ်စက်ကလေးမှတောင် ရှိတဲ့လူတွေမဟုတ်ဘူး၊ အလကားလူတွေ - ထွီ"

— ★ —

တစ်ညတွင် ရဲဘော်တစ်ယောက်က စစ်မြေပြင်ဆေးရုံသို့ လာရောက်ကာ ရဲဘော်မျိုးဆွေကို တွေ့ဆုံလေသည်၊ ထိုရဲဘော်၏နာမည်မှာ ရဲဘော်ဘင်မင်းဟူ၍ဖြစ်သည်၊ ရဲဘော်တင်မင်းမှာ ရဲဘော်မျိုးဆွေနှင့် သင်တန်းဆင်းဘက်တစ်ဦး ဖြစ်သည်၊ တစ်ဦးနှင့်တစ်ဦး အသက်ပေးမတတ် ချစ်ခင်ကြသောသူငယ်ချင်းများလည်း ဖြစ်ကြသည်၊ ယခု ရဲဘော်တင်မင်းက ကင်းဘာဝန်မှအပြန် လမ်းကြုံသဖြင့် သူငယ်ချင်းဖြစ်သူကို ဝင်ရောက်နှုတ်ဆက်ခြင်း ဖြစ်လေသည်၊



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးသား တွေ့တွေ့ချင်းမှာပင် အပြန်အလှန် စကားပြောဆိုဖြစ်ကြသည်၊ နှစ်ဦးစလုံးသည်လည်း အသီးသီး ကြေကွဲဝမ်းနည်းနေကြလေသည်။

"ဘယ်လိုလဲ - သူငယ်ချင်း၊ မင်း နေလို့ သက်သာတယ် မဟုတ်လား။ ခုမှလာတွေ့ဖြစ်တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါကွာ။ မနက်ကမှ ငါလည်း စခန်းချိန်းပြီး ဒီကိုရောက်လာတာကွ"

"အေး - ငါ့ဘဝကတော့ မင်းမြင်တဲ့အတိုင်းပဲ၊ လူ့သစ်တုံးကြီး ဖြစ်နေတော့တာပဲလေ၊ မင်းလည်း ဂရုစိုက်နော် - သူငယ်ချင်း၊ ထပ်တိုက်ရမယ့် တိုက်ပွဲတွေက ရှေ့မှာ ကျန်သေးတယ် မဟုတ်လား"

"အေးပါကွာ - ငါ သတိရှိပါတယ်၊ ငါက မင်းအတွက်ပဲ စိတ်ထိခိုက်နေတာပါ၊ သူငယ်ချင်း ခုလိုဖြစ်သွားတဲ့အတွက် ရင်နာတယ် - သူငယ်ချင်းရာ၊ သိပ်ကို ရင်နာတယ်"

"ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ငါလည်း ဘယ်ဖြစ်ချင်ပါ့မလဲ"

ခေတ္တစကားပြတ်သွားသည်၊ နှစ်ဦးစလုံး ငြိမ်သက်နေကြသည်၊ ရဲဘော်တင်မင်းက သူငယ်ချင်းကိုကြည့်ကာ စိတ်မကောင်းဖြစ်ပြီးရင်း ဖြစ်နေသည်၊ ရဲဘော်မျိုးဆွေကမူ တစ်စုံတစ်ခုကို ကြိတ်၍စဉ်းစားနေမိသည်၊ အတန်ကြာသော် - သူကရဲဘော်တင်မင်းအားအသံခပ်တိုးတိုးဖြင့် လှမ်းပြောလိုက်သည်၊

"သူငယ်ချင်း - မင်းကို ငါ တစ်ခုပြောစရာရှိတယ်"

"ပြောလေ - သူငယ်ချင်း၊ ဘာပြောချင်လဲ"

"အခု - ဘယ်အချိန်လောက်ရှိပြီလဲ"

"ည(၈)နာရီလောက် ရှိပြီ - သူငယ်ချင်း၊ ဘာဖြစ်လို့လဲ"

"အားလုံးတိတ်ဆိတ်နေတာပဲ၊ ပတ်ဝန်းကျင်မှာရော အလင်းရောင်ရှိရဲ့လား"

"မရှိဘူး - သူငယ်ချင်း၊ မှောင်မည်းနေတာပဲ၊ ရှေ့တန်းစစ်မြေပြင်ဆိုတော့ အားလုံးကို အမှောင်ချထားရတာပေါ့ကွာ"

"အေး - ကြိုက်ပြီ၊ ဒါထက် - ငါ့ဘေးနားမှာရော ဒီပြင်လူနာတွေ ဘာတွေ ရှိသေးလားကွ"



"မရှိဘူး - သူငယ်ချင်း၊ ဒီအခန်းထဲမှာ မင်းတစ်ယောက်ထဲပဲ"

"အေး - ကောင်းပြီ၊ ပတ်ဝန်းကျင်အနေအထားကရော ဘယ်လိုရှိသလဲ၊ မင်းမြင်သလောက် ပြောပြစမ်းပါဦး"

"ဒီအဆောက်အအုံက သီးသန့်အဆောင်ကွ၊ ဘေးနားမှာ ဘယ်အဆောက်အအုံမှ မရှိဘူး၊ မင်းခြေရင်းဘက်မှာရှိတဲ့အပေါက်ကနေ အပြင်ဘက်ကို ထွက်လိုက်ရင် တောထဲကို တန်းရောက်သွားရောပဲ"

"အေး - ဟုတ်ပြီ"

စကားသံ ပြတ်သွားပြန်သည်၊ အကြာကြီးတော့ မဟုတ်ပါ၊ ရဲဘော်မျိုးဆွေထံမှပင် အသံက ပြန်ပေါ်လာသည်၊

"ဒါနဲ့ - သူငယ်ချင်း၊ မင်းက အခုကင်းချိန်ပြီးပြန်လာတာဆိုတော့ မင်းမှာ သေနတ်တော့ ပါလာမှာပေါ့နော်"

"ပါတာပေါ့ - သူငယ်ချင်း၊ သေနတ်ရော၊ အိတ်ကွင့်မင့်ရော အကုန်ပါတာပေါ့"

"အေး - ကောင်းပြီ၊ ဒါဖြင့် - မင်းကို ငါမေးမယ်၊ မင်း - ငါ့ကို တကယ်ချစ်သလား - သူငယ်ချင်း"

"ဘယ်လိုမေးလိုက်တာလဲ - သူငယ်ချင်း၊ မင်းနဲ့ ငါဟာ အသက်ပေးခဲ့တတ် ချစ်ကြတဲ့သူငယ်ချင်းတွေဆိုတော့ မင်း သိပြီးသားပါကွာ"

"ကောင်းပြီ - သူငယ်ချင်း၊ ဒါဆိုရင် - ခုချိန်ကစပြီး မင်း ငါ့ကို တကယ်ချစ်တဲ့အကြောင်းအမှန်တကယ်သက်သေပြပေတော့၊ ငါပါးစပ်ဟ ပေးမယ်၊ ခင်းရဲ့သေနတ်ပြောင်းကို ငါ့ပါးစပ်ထဲထည့်ပြီး တစ်ခါတည်း မောင်းဖြုတ်ချလိုက်ပေတော့"

"ဘာပြောတယ်"

"ဟုတ်တယ် - သူငယ်ချင်း၊ ငါ့ကိုချစ်ရင် ငါပြောတဲ့အတိုင်း လုပ်ပေးပါ၊ ခလုတ်ကို ဆွဲပြီးတာနဲ့ ဒီအခန်းထဲကနေ အမြန်ထွက်ပြီး တောထဲကို မင်းတိုးဝင်သွားလိုက်ပေါ့၊ ဒါဆိုရင် - လက်သည်ဘယ်သူဆိုတာကို ဘယ်သူမှ မသိနိုင်တော့ဘူး၊ လုပ်ပါ - သူငယ်ချင်း၊ မြန်မြန်လုပ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါ - ဒါတော့ - မဖြစ်နိုင်ဘူးထင်တယ် - သူငယ်ချင်း"

"ဘာကွ ..."

ရဲဘော်မျိုးဆွေက အော်လိုက်သည်။ ဒေါသဖြင့် အံကိုပါ ကျိကျိမြည်အောင် ကြိတ်လိုက်သည်။ တင်မင်းက -

"ငါ မလုပ်ပါရစေနဲ့ - သူငယ်ချင်းရာ၊ မလုပ်ပါရစေနဲ့ကွာ"

"မင်း - မင်းပြောတော့ ငါ့ကို တကယ်ချစ်တယ်ဆို"

"ချစ်ပါတယ် - သူငယ်ချင်းရာ၊ ဒါကိုတော့ - ဒါကိုတော့ - ခွင့်လွှတ်ပါကွာနော်"

"တောက် - မင်း အလကားကောင် - လူ့လိမ်၊ သူငယ်ချင်း မပီသတဲ့အကောင်၊ သစ္စာမရှိတဲ့အကောင်၊ ထွက်သွား - ခွေးမသား"

ရဲဘော်မျိုးဆွေက ဒေါသတကြီးပင် ကျိန်ဆဲလိုက်သည်၊ ရဲဘော်တင်မင်းက ခေါင်းငိုက်စိုက်ချ၍သာ အသာပြန်ထွက်လာခဲ့ရတော့သည်။ ရဲဘော်မျိုးဆွေ မြည်တွန်နေသည့်အသံများကိုမူ ခပ်လှမ်းလှမ်းရောက်သည်အထိ ကြားနေရသေးသည်။

— ★ —

သို့နှင့် ရဲဘော်မျိုးဆွေတို့ စစ်မြေဆေးရုံမှသည် အခြေစိုက်ဆေးရုံကြီးတစ်ခုဆီသို့ပို့ဆောင်ပေးလိုက်လေသည်။ ထိုဆေးရုံပေါ်မှာပင်ရဲဘော်မျိုးဆွေတစ်ယောက် နှစ်ချီပြီး ကြာမြင့်ခဲ့ရသည်။ ဆေးရုံမှ ဆရာဝန်၊ ဆရာမများက ရဲဘော်မျိုးဆွေကို ကိုယ်ဖိရင်ဖိ ပြုစုပေးကြသည်၊ လိုလေသေးမရှိအောင်ပင် ဖြည့်ဆည်းပေးကြသည်။ ရဲဘော်မျိုးဆွေကို မြင်ရသူတိုင်းကပင် စုပ်တသပ် ဖြစ်ကြရသည်။ ကရုဏာသက်မိကြခြင်းနှင့်အတူ စေတနာပါ ပိုမိုကြသည်။

ဆေးရုံးဝန်ထမ်းများနှင့် တစ်စတစ်စရင်းနှီးလာခဲ့ပြီးနောက် ရဲဘော်မျိုးဆွေ အခင်မင်ဆုံးဖြစ်ရသူကလေးကား ဆရာမ မဖြူလေးပင် ဖြစ်လေသည်။ ထိုဆရာမ မဖြူလေးအပေါ် ရဲဘော်မျိုးဆွေက သူတကာထက် ပိုမိုသံယောဇဉ်ဖြစ်မိသလို မဖြူလေးကလည်း သူ့အပေါ်တွင် ထိုကဲ့သို့ပြန်လည်သဘောထားလိမ့်မည်ဟု ရဲဘော်မျိုးဆွေ ထင်မိသည်၊ တကယ်တော့ - သူမဖြူလေးကို မမြင်ဘူးချေ၊ မဖြူလေး၏အသံနှင့် မဖြူလေး၏ ပြုစုယုယမှုများကို ထောက်ဆ၍သာလျှင် သူ့စိတ်ထဲက အလိုလိုသိရှိနေမိခြင်းဖြစ်သည်။

အမှန်တကယ်တွင်လည်း ထိုမဖြူလေးက ရုပ်ရည်အားဖြင့် ဖြူစင်လှပသည့်ပြင် စိတ်နှလုံးအားဖြင့်လည်း နူးညံ့သိမ်မွေ့သူကလေး ဖြစ်သည်၊ သူမက ရဲဘော်မျိုးဆွေအပေါ်သို့ ကြီးမားသောမေတ္တာနှင့်အတူ စစ်မှန်သောအကြင်နာကိုပါ အမြဲမပြတ် ပို့လွှတ်ပေးနေသူလေးပင် ဖြစ်သည်၊ မဖြူလေးမှာ တာဝန်ချိန်တွင်သာမက အလုပ်အားသည့်အချိန်များတွင်ပါ ရဲဘော်မျိုးဆွေထံလာရောက်ကာရဲဘော်မျိုးဆွေအပျင်းပြေစေရန်စကားစမြည်များပြောဆိုပေးနေတတ်သည်။

ရဲဘော်မျိုးဆွေကား အကြံတစ်ခုကို နေ့စဉ်ရက်ဆက်ဆိုသလို ကြိတ်မှိတ်ကြံနေသူဖြစ်သည်၊ သူ - မဖြူလေးနှင့် ပိုမိုရင်းနှီးခွင့်ရလာသည်နှင့်အမျှ သူကြံနေသောအကြံသည်လည်း အောင်မြင်မှုရရှိရန် ပို၍နီးကပ်လာလေပြီဟု သူက အားတက်နေမိသည်၊ သို့နှင့်ပင် သူက တစ်နေ့သောအခါ၌ မဖြူလေးထံသို့ ခွင့်ပန်သောစကား၊ ရင်ဖွင့်သောစကားကို ပြောဖြစ်အောင် ပြောလိုက်မိလေပြီ။

"မဖြူလေး ..."

"ရှင် ..."

"မဖြူလေးက ကျွန်တော့်ကို တော်တော်ဂရုစိုက်တယ်နော်၊ ကျွန်တော့်အပေါ်ကိုလည်း တကယ်ကြင်နာတဲ့စိတ် ရှိပုံပဲ"

"ရှိတာပေါ့၊ ရှိလို့လည်း ရှင့်အပေါ် ခုလို ပြုစုလုပ်ကိုင်ပေးနေတာပေါ့၊ ဒီအကြောင်း ပြောစရာတောင် မလိုဘူး"

"ဒါဖြင့် - ကျွန်တော် မဖြူလေးကို ပြောစရာတစ်ခု ရှိတယ်၊ ပြောစရာဆိုတာထက် ခွင့်တောင်းစရာတစ်ခု ရှိတယ်၊ ကျွန်တော့်ဆန္ဒကို မဖြူလေးဖြည့်ဆည်းပေးနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ – ဘာဖြည့်ပေးရမလဲ၊ ကျွန်မ လုပ်ပေးနိုင်တာရှိရင် အကုန်လုံး လုပ်ပေးမယ်"

"တခြားမဟုတ်ဘူး – မဖြူလေး၊ ဟို – ဟိုဒင်း"

ရဲဘော်မျိုးဆွေက အထစ်ထစ် အငေါ့ငေါ့ဖြစ်နေသေးသည်။ ပြီးတော့ အားတင်းပြီး ဆက်ပြောလိုက်သည်။

"ဒီလိုပါ၊ မဖြူလေးက ကျွန်တော့်ကို နေ့တိုင်း ဆေးထိုးပေးရတယ် မဟုတ်လား၊ အဲဒါ – ဖြစ်နိုင်ရင် မဖြူလေးထိုးပေးတဲ့ဆေးထဲမှာ ကျွန်တော့်ကို ငြိမ်ငြိမ်သက်သက်နဲ့ တစ်ခါတည်း အသက်ထွက်သွားနိုင်စေမယ့်ဆေးမျိုးကို ရောပြီးထိုးပေးပါလားလို့ ကျွန်တော် ဆိုချင်တာပါ"

"မြတ်စွာဘုရား"

"ဟုတ်တယ် – မဖြူလေး၊ ကျွန်တော့်ကို အဲဒါတစ်ခု ကူညီစေချင်တယ်၊ ဖြစ်အောင်လုပ်ပေးစေချင်တယ်၊ လုပ်ပေးပါလို့ – ကျွန်တော် တောင်းပန်ပါတယ် – မဖြူလေးရယ်"

"အို – မဟုတ်တာပဲ၊ ရှင် – ဘာတွေပြောနေတာလဲ၊ ဒါမျိုးတွေ မပြောနဲ့ဘူးလေ"

"မပြောလို့မရဘူး – မဖြူလေး၊ ဒါကို ကျွန်တော် လိုချင်တယ်၊ မဖြူလေး လုပ်ပေးနိုင်မလား၊ မလုပ်ပေးနိုင်လားဆိုတာကိုသာ ပြောပါ"

"ဟင့်အင်း – ဟင့်အင်း – မဖြစ်နိုင်ဘူး – မဖြစ်နိုင်ဘူး၊ ကျွန်မ လုပ်မပေးနိုင်ဘူး"

"ဒါဖြင့် – ခင်ဗျား – ကျုပ်ကိုစေတနာထားပါတယ်၊ အကြင်နာပိုပါတယ်ဆိုတာ အလကားပြောတာပေါ့ – ဟုတ်လား၊ ခင်ဗျားလည်း မိန်းမညာ တစ်ယောက်ပဲ၊ လူစိတ်မရှိတဲ့သူပဲ၊ ကျုပ်ကို မငဲ့ညှာ၊ မထောက်ထားတဲ့သူတွေထဲမှာ ခင်ဗျားလည်း တစ်ယောက်အပါအဝင်ပဲ"

ရဲဘော်မျိုးဆွေက မျက်နှာကို တစ်ဖက်လှဲကာ အဆက်မပြတ် ရေရွတ်နေလေသည်။ သူ့အသံ၌ ဒေါသဖြစ်သော၊ နာကြည်းသော၊ မရိုးတင်ကဲဖြစ်သော ခံစားချက်များက ထင်ရှားစွာပင် လွှမ်းမိုးနေတော့သည်။

— ★ —



ဆေးရုံပေါ်တွင် လပေါင်းများစွာ ကြာမြင့်ပြီးနောက် ရဲဘော်မျိုးဆွေအား သူ့မိဘများအိမ်သို့ ပြန်ပို့လိုက်လေသည်။ ရဲဘော်မျိုးဆွေအား မောင်နှမများက တတ်အားသရွေ့ဝိုင်းဝန်းပြုစုကြသည်၊ အထူးသဖြင့် ရဲဘော်မျိုးဆွေ၏အစ်ကိုကြီးက ရဲဘော်မျိုးဆွေကို တစ်ချိန်လုံးလိုလိုပင် ဂရုစိုက်သည်။ သူက လက်သမားအလုပ်ကို လုပ်ကိုင်လေရာ အိမ်တွင် လက်သမားအလုပ်ကိုလုပ်ရင်း ညီဖြစ်သူကိုလည်း တစ်ဖက်မှ မခွာဘဲ ပြုစုပေးသည်။ အခြားအိမ်သားများမှာ မိုးလင်းသည်နှင့် သက်ဆိုင်ရာအလုပ်များဆီသို့ ထွက်ခွာသွားကြရာ သူတို့ညီအစ်ကိုနှစ်ယောက်သာ ကျန်နေခဲ့လေ့ရှိသည်။

သူတို့ညီအစ်ကိုနှစ်ယောက်ကား အခါအားလျော်စွာပင် စကားစမြည်ပြောဆိုဖြစ်ကြသည်၊ သို့သော် ရဲဘော်မျိုးဆွေထံမှ ထွက်ပေါ်လာသော စကားသံများမှာ များသောအားဖြင့် စိတ်မရှမ်းမြေ့စရာစကားများသာ ဖြစ်သည်၊ အစ်ကိုကြီးဖြစ်သူမှာ ညီဖြစ်သူ၏စကားကို ကြားရသည့်အခါတိုင်း စိတ်နှလုံး ထိခိုက်ကြေကွဲခြင်း ဖြစ်မိရပါသော်လည်း မည်သို့မျှ မတတ်သာသည့်အခြေအနေမို့ ညီဖြစ်သူကို အလိုက်အထိုက်သာလျှင် ပြန်လည်ပြောဆိုနေရလေသည်။

ယနေ့တွင်လည်း သူတို့နှစ်ယောက်ထဲရှိနိုက် ရဲဘော်မျိုးဆွေက အစ်ကိုကြီးဖြစ်သူကို ထုံးစံအတိုင်း စကားနာထိုးနေမိပြန်လေသည်။

"ဒီမယ် – အစ်ကိုကြီးရဲ့၊ အစ်ကိုကြီးတို့ပြောပြောနေတဲ့ မွေးချင်းမောင်နှမဆိုတာ သွေးစိမ်းတွေထက်တော့ ဘယ်အခါမဆို မေတ္တာတရားကြီးမားတာပဲဆိုတဲ့စကားဟာ တကယ်မှန်ရဲ့လားဗျ ဟင်"

"မှန်တာပေါ့ – ညီလေးရာ၊ အဲဒီအတိုင်းပဲပေါ့"

"ဒါဆိုရင် – ကိုယ့်မွေးချင်းတွေ ဆင်းရဲဒုက္ခရောက်နေတာကို လက်ပိုက်ကြည့်မနေနိုင်ဘူးဆိုတဲ့သဘောပေါ့၊ ဟုတ်လား – အစ်ကိုကြီး"

"ဟုတ်ပါတယ် – ညီလေးရယ်၊ ဘယ်သူမဆို ကိုယ့်သားချင်းတွေအပေါ် ချမ်းသာစေလိုတဲ့စိတ်စေတနာ ရှိတတ်ကြတာဟာ သဘာဝပဲပေါ့ကွာ"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် – ကျွန်တော့်ရဲ့ဆင်းရဲဒုက္ခတွေကို အစ်ကိုကြီး ဒီအတိုင်းကြည့်နေတာဟာ သဘာဝကျရဲ့လား။ လောကကြီးနဲ့ ဘာမှထိတွေ့ဆက်ဆံလို့မရတဲ့ ကျွန်တော့်ဘဝ၊ အသက်ရှိရုံကလွဲပြီး ခေါင်းအုံးတစ်လုံး၊ သစ်တုံးတစ်တုံးလို မလှုပ်မယှက်ဖြစ်နေရတဲ့ ကျွန်တော့်ဘဝ၊ ဒီအဖြစ်ကို အစ်ကိုကြီး ဒီအတိုင်းကြည့်နေနိုင်တာဟာ ကျွန်တော့်ကို တကယ်ချစ်တာတဲ့လား"

ရဲဘော်မျိုးဆွေအသံက ငိုသံပါနေသည်။ အစ်ကိုဖြစ်သူက ဘာမျှပြန်မပြောနိုင်၊ အံကိုကြိတ်လျက် မျက်လုံးများ ရီဝေလျက်သာနေလေသည်။

"ကဲ – ကျွန်တော် ထပ်မေးမယ်၊ အစ်ကိုကြီး – ကျွန်တော့်ကို တကယ်ချစ်သလား – ပြော"

"ချစ်တာပေါ့ကွာ – သိပ်ချစ်တာပေါ့"

"ချစ်ရင် ဆင်းရဲဒုက္ခတွေကလွတ်အောင် အစ်ကိုကြီး ကျွန်တော့်ကိုလုပ်ပေးရမှာပေါ့၊ တစ်သက်လုံး မသေမချင်း ဒီအတိုင်းကြီး ဒုက္ခခံစားနေရမယ့် ကျွန်တော့်ကို ခုတစ်စက္ကန့်အတွင်းမှာပဲ ချမ်းသာရာရသွားအောင် အစ်ကိုကြီး လုပ်ပေးရမှာပေါ့၊ ပြောလေ – အစ်ကိုကြီး၊ အစ်ကိုကြီး – ဘာကြောင့်လုပ်မပေးသလဲ၊ အစ်ကိုကြီးလက်ထဲက ပဲခွပ်နဲ့ ကျွန်တော့်ငယ်ထိပ်ကို တစ်ချက်ကလေးပဲ ပေါက်ချပေးလိုက်ရမယ့်အလုပ်ကို အစ်ကိုကြီး ဘာကြောင့်လုပ်မပေးသလဲ၊ ကျွန်တော်အိပ်နေတုန်း ကျွန်တော့်နှလုံးသားထဲကို ဗဲထိုးသံချောင်းကလေးနဲ့ အသာလေးစိုက်သွင်းပေးလိုက်ရမယ့်အလုပ်ကို အစ်ကိုကြီး ဘာကြောင့်လုပ်မပေးသလဲ"

ရဲဘော်မျိုးဆွေအသံက ပို၍လှိုက်လှဲသံ၊ ဝမ်းနည်းသံ ပါလာသည်။ အစ်ကိုကြီးလုပ်သူကမူ တစ်ချက်မျှ ရှိုက်လိုက်ကာ မျက်ရည်အဝိုင်းသားဖြင့် ခေါင်းကိုသာ ခါယမ်းနေလေသည်။

"မလုပ်ပါဘူးဗျာ၊ အစ်ကိုကြီးလည်း ကျွန်တော့်ကို တကယ်မချစ်ပါဘူး၊ သူလိုငါလိုထဲကပါပဲ – အလကားပါပဲ"

ရဲဘော်မျိုးဆွေက ငိုသံတစ်ဝက်ဖြင့် ညည်းပြောပြောလိုက်သည်။ သို့သော် အစ်ကိုလုပ်သူကား တိတ်ဆိတ်ငြိမ်သက်နေရုံကလွဲပြီး အခြားဘာမျှ



ခတတ်နိုင်၊ သို့နှင့်ပင် သူတို့ညီအစ်ကိုနှစ်ယောက်အတွက် တစ်နေ့တာက ကုန်ဆုံးသွားပြန်ခဲ့လေသည်။

— ★ —

တစ်နေ့တွင် ဧည့်သည်တစ်ယောက်က အိမ်သို့ ရောက်ရှိလာသည်၊ ဧည့်သည်ဆိုသော်လည်း ထိုသူက ရဲဘော်မျိုးဆွေနှင့် ညီအစ်ကိုနစ်ဝမ်းကွဲတော်စပ်သူပင် ဖြစ်သည်။ ထိုသူ၏အမည်မှာ စံဝင်းဟူ၍ဖြစ်သည်။

စံဝင်းက အိမ်သူအိမ်သားများနှင့် စကားစမြည်ပြောဆိုနေသည်မှာ အတန်ပင်ကြာသည်၊ ထို့နောက်တွင်မှ ရဲဘော်မျိုးဆွေထံသို့ လျှောက်လာကာ နှုတ်ဆက်စကားပြောပြီး သူ့အိမ်သို့ပြန်လည်ထွက်ခွာသွားသည်။ စံဝင်းပြန်သွားပြီးနောက် စံဝင်းအကြောင်းကိုပင် အိမ်သူအိမ်သားများက ဖွဲ့နွဲ့ပြောဆိုနေကြလေသည်၊ သူတို့ပြောဆိုနေကြသည်ကို အိပ်ရာပေါ်မှနေ၍ ရဲဘော်မျိုးဆွေကြားနေရသည့်အတိုင်းဆိုပါက ထိုစံဝင်းမှာ ယခုမှ ထောင်က ပြန်လွတ်လာခြင်းဖြစ်ကြောင်း၊ ထောင်ကျရခြင်းမှာလည်း ခိုးမှု၊ လောင်းကစားမှုများကြောင့်ဖြစ်ကြောင်း ထောင်မှပြန်လွတ်လာသော်လည်း အမှတ်သည်းခြေမရှိဘဲ သူ့မိသားစုကို ပြန်ဒုက္ခပေးဦးမည့်သူဖြစ်ကြောင်း၊ ရပ်ကွက်နေပြည်သူများကပါ စံဝင်းပြန်ရောက်လာသည့်အတွက် စိုးရိမ်ပူပန်နေကြရကြောင်း၊ အများက အော့နှလုံးနာနေကြသော ထိုစံဝင်းနှင့် သားချင်းတော်စပ်နေရသည်မှာ မိမိတို့အတွက် လွန်စွာအမျိုးဂုဏ်နိမ့်လှကြောင်း စသည်တို့ပင် ဖြစ်လေသည်။

အမှန်မှာ – ရဲဘော်မျိုးဆွေကိုယ်တိုင် ထိုစံဝင်းအကြောင်းကို ကောင်းကောင်းကြီးသိသည်၊ ညီအစ်ကိုနစ်ဝမ်းကွဲတော်စပ်သည့်ပြင် ကစားဖော်ကစားဖက်လည်း ဖြစ်ခဲ့ဖူးသော ထိုစံဝင်း၏စရိုက်ကို သူ မခြွင်းမချန်ပင် အကုန်လုံးသိပြီးဖြစ်သည်၊ ထို့ကြောင့် စံဝင်းနှင့်ပတ်သက်ပြီး အထက်ပါအတိုင်း ကြားသိလိုက်ရခြင်းအတွက် သူ့အနေနှင့် ဘာမျှအထူးအဆန်းမဖြစ်မိ၊ ဘာမျှလည်း ဂရုစိုက်စရာမရှိ၊



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ထိုနေ့က ဘာမျှဂရုစိုက်စရာမလိုဟု ထင်မှတ်ခဲ့သော ထိုစံဝင်းကိုပင်လျှင် အထူးတလည် အရေးတယူ ဂရုစိုက်ပြုရမည့်အချိန်က ရဲဘော်မျိုးဆွေအတွက် မကြာမီပင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့တော့သည်။

ထိုနေ့က အိမ်သို့ စံဝင်း အလည်ရောက်လာပြန်သည်။ စံဝင်းထံမှ အရက်နံ့ရနေသည်ကိုထောက်၍ သူ အရက်သောက်လာသည်ကို ရဲဘော်မျိုးဆွေက အလိုလိုသိပြီးဖြစ်သည်။ ဖြစ်ချင်တော့ စံဝင်းရောက်လာသည့် အချိန်တွင် အိမ်၌ မည်သူမျှမရှိကြ၊ ရဲဘော်မျိုးဆွေ၏အစ်ကိုကြီးကလည်း ပစ္စည်းတစ်ခုသွားပို့ရင်း အပြင်သို့ ခေတ္တသွားနေချိန် ဖြစ်သည်။

စံဝင်းက ရဲဘော်မျိုးဆွေထံသို့ တန်းတန်းမတ်မတ်ရောက်လာပြီး အလွမ်းသယ်သောစကားများကို ပြောတော့သည်။

"တောက် - ငါ့ညီကို ခုလို ပုံစံအတိုင်းမြင်ရတာ နည်းနည်းမှ စိတ်မကောင်းဘူးကွာ - စိတ်မကောင်းဘူး"

"ဘယ်တတ်နိုင်ပါ့မလဲ - ကိုစံဝင်းရာ။ ဝဋ်ကြွေးရှိလို့ပေါ့"

"အဲဒီဝဋ်ကြွေးဆိုတာကြီးကပဲ ပျော်ရွှင်စရာမှန်သမျှကို ပေါက်ခွဲဝင်လိုက်တာပေါ့ကွ - ချေမွပစ်လိုက်တာပေါ့ကွ။ ခု - မင်းမှာဘာများပျော်ရွှင်စရာ ချမ်းမြေ့စရာ ကျန်တော့လို့လဲ။ တောက် - ပြောရင်း ပြန်သတိရတယ်ကွာ။ မင်းတို့၊ ငါတို့ ငယ်ငယ်တုန်းက သွားချင်ရာသွား၊ ကစားချင်ရာကစားနဲ့ ပျော်စရာကောင်းလိုက်တာများ ဘယ်လောက်လွတ်လပ်ထားလဲ - ဘယ်လောက်ပျော်ပါးထားလဲ"

ထို့နောက်တွင် စံဝင်းက ငယ်ငယ်တအကြောင်းများကို မူးမူးနှင့် ပြန်ပြောနေလေသည်။ သူ့စကားများတွင် သူနှင့် ရဲဘော်မျိုးဆွေအပါအဝင် ညီအစ်ကိုတစ်တွေ နေရာအနှံ့ သွားလာလည်ပတ်ကာ မြူးထူးပျော်ပါးခဲ့ရင်းများအကြောင်း မကုန်မခန်းနိုင်အောင်ပင် ပါဝင်နေလေသည်။ ပထမတွင် ရဲဘော်မျိုးဆွေတ စံဝင်းစကားကို အမှတ်တမဲ့သာ နားထောင်နေခဲ့မိသည်၊ အတန်ကြာသော်ထိုသို့နားထောင်နေရင်းမှပင် အကြံတစ်ခုက သူ့ခေါင်းထဲ၌ လတ်ခနဲပေါ်လာသည်၊ ထိုအကြံနှင့်အတူ သူ စိတ်လှုပ်ရှားသွားမိသည်၊ ချက်ချင်းဆိုသလိုပင် အမျှင်မပြတ်အောင်ပြောနေသော စံဝင်း၏စကားများကိုလည်း ရဲဘော်မျိုးဆွေက ဖြတ်တောက်ကာ ဝင်ပြောလိုက်သည်၊

"ကိုစံဝင်း - ဒါနဲ့ - ခင်ဗျားက ဖဲတော်တော်ဝါသနာပါတယ်နော်"

"ပါတာပေါ့ကွ။ ပါလို့ပဲ ဖဲကြောင့် ထောင်ကျခဲ့ရတဲ့ဥစ္စာ၊ ဒါပေမဲ့ - ခုတော့ ခြူးတစ်ပြားတောင် မကပ်တော့တာမို့ ဖဲဝိုင်းတွေနားလည်း မသီနိုင်တော့ပါဘူး - ညီလေးရာ"

"ဒါဖြင့် - ခင်ဗျားကို ကျွန်တော် ဖဲရိုက်စရာပေးမယ်ဆိုရင် ခင်ဗျားယူမလား"

"အမလေးလေး - ယူမှာပေါ့မောင် - ယူမှာပေါ့"

"ဒါဖြင့် - ကျွန်တော့်ခုတင်အောက်က သံသေတ္တာကိုဖွင့်လိုက်၊ အထဲမှာ လက်စွပ်ကလေးတစ်ကွင်း တွေ့လိမ့်မယ်၊ အဲဒါကို ခင်ဗျားယူလိုက်၊ ယူပြီး ဖဲသွားရိုက်ပေါ့၊ အဲဒီလက်စွပ်က ကျွန်တော့်ချစ်သူအတွက် ရည်ရွယ်ပြီး လုပ်ထားတာ၊ ခုတော့ - အားလုံးဆုံးရှုံးကုန်ပါပြီ"

"မင်း တကယ်ပြောတာလား - ငါ့ညီ"

"တကယ်ပါ - သေတ္တာကိုဖွင့်ပြီး ယူချေပါ"

စံဝင်းက လျှင်မြန်စွာဖြင့် ခုတင်အောက်မှ သေတ္တာကို ဖွင့်လိုက်သည်၊ ပြောသည့်အတိုင်းပင် လက်စွပ်ကလေးတစ်ကွင်းကို တွေ့ရသည်၊ ဝမ်းသာအားရလှမ်းယူလိုက်သည်၊ ထိုအချိန်တွင် ရဲဘော်မျိုးဆွေက ခပ်သွက်သွက် လှမ်းပြောလိုက်သည်။

"တိုင်း - ကိုစံဝင်း - လက်စွပ်ယူပြီးရင် ကျွန်တော့်ကို တစ်ခုတော့ ကူညီပေးဦး၊ ကျွန်တော်လည်း အိပ်ရာထဲမှာချည်း လဲနေရတာ ညောင်းလှပြီ၊

www.burmeseclassic.com

ဒီတော့ - ကျွန်တော့်ကို လက်တွန်းလှည်းပေါ် ပွေ့တင်ပေးပြီး ခင်ဗျားက နောက်က တွန်း၊ ကျွန်တော်တို့ငယ်ငယ်က ကစားခဲ့တဲ့ တောင်နီဘက်ကို အညောင်းပြေအညာပြေ လေကောင်း လေသန့်လည်းရှူရင်း ကျွန်တော်တို့ သွားကြရအောင်"

"စိတ်ချ - ငါ့ညီ၊ အစ်ကို ပို့ပေးမယ်"

— ★ —

တောင်နီတောင်ခြေသို့ ရောက်သည်နှင့် ကွင်းပြင်က တစ်ပြန့်တစ်ပြောကြီး ဖြစ်သွားသည်၊ လေကပါ တဟူးဟူး တဟဲဟဲနှင့် အော်မြည်ကာ တိုက်ခတ်လာသည်၊ ရဲဘော်မျိုးဆွေက လေကို အားရပါးရ ရှူရှိုက်လိုက်ပြီးနောက် နောက်မှ လှည်းတွန်းပေးနေသော စံဝင်းကို လှမ်းပြောလိုက်သည်။

"အားပါး - လေက ရှူလို့ကောင်းလိုက်တာ၊ ကြည့်ရတာ ဒီနားတစ်ဝိုက်မှာ ကျွန်တော်တို့ငယ်ငယ်ကအတိုင်း ဘာမှအပြောင်းအလဲရှိပုံမတူဘူး၊ နော် - ကိုစံဝင်း"

"ဟုတ်တယ် - ငါ့ညီ၊ ဘာမှမပြောင်းလဲဘူး - အရင်အတိုင်းပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီနားတစ်ဝိုက်ကလည်း တောင်ကုန်းနဲ့ ကမ်းပါးတွေပဲ ရှိတဲ့နေရာကိုးကွ"

"ဒါနဲ့ - ကျွန်တော်တို့ငယ်ငယ်က ကစားခဲ့ကြတဲ့ ကမ်းပါးဘေးက သစ်နီပင်ကြီးရော ရှိသေးရဲ့မဟုတ်လား"

"ရှိတာပေါ့ကွ၊ ဒီကောင်ကြီးက တော်တော်အသက်ရှည်တဲ့ကောင်၊ ခုထိ - ဘာမှမချို့ယွင်းသေးဘူး၊ ခပ်ထောင်ထောင်၊ ခပ်မတ်မတ်ပဲ"

"လုပ်ဗျာ - အဲဒီအပင်အောက်ကို သွားရအောင်၊ အမှတ်တရပေါ့"

"အဲဒီနေရာက ကမ်းပါးထိပ်မှာကွ၊ အမြင့်ဆုံးနေရာပဲ၊ မင်းလှည်းကို တွန်းသွားလို့ရပါ့မလား"

"ရပါတယ်ဗျ၊ ဖြည်းဖြည်းချင်း တွန်းတက်သွားတာပေါ့၊ လမ်းကောင်းနေသားပဲ"



ခင်ဗျားကို လူတွေက
တော်တော်မုန်းကြတယ်နော်။ လူဆိုးကြီး၊
လူမိုက်ကြီးဆိုပြီး အော့နှလုံးနာကြတယ်။
ဒါပေမဲ့ - ကျွန်တော့်အတွက်တော့ ခင်ဗျားဟာ
ချစ်စရာအကောင်းဆုံးလူတစ်ယောက် ဖြစ်သွားခဲ့ပြီ။
ဒီကမ္ဘာလောကမှာ ခင်ဗျားထက်တော်တဲ့၊
ကောင်းတဲ့သူ ဘယ်သူမှ မရှိနိုင် တော့ဘူး။
ခင်ဗျားသာလျှင် ကျွန်တော့်ကို တကယ်ချစ်တဲ့သူ၊
ခင်ဗျားသာလျှင် ကျွန်တော့်အပေါ်
တကယ်ကြင်နာတဲ့သူ။ ❞



သို့နှင့် ရဲဘော်မျိုးဆွေဆန္ဒအတိုင်း စံဝင်းက မညည်းမညူပင် တွန်းပို့လိုက်သည်၊ ကမ်းပါးထိပ်မှ သစ်ပင်ကြီးအောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်၊ ထိုနေရာတွင် လေက ပို၍ကြမ်းလျက်ရှိသည်၊ လေတိုးသံက တဝိုးဝိုးနှင့် ထွက်ပေါ်လျက် ရှိသည်။ ကမ်းပါးက ပေ(၂၀၀)ခန့်မြင့်မားကာ အောက်ဘက်တွင် ကျောက်တုံးကြီးများနှင့် ကျောက်ဆောင်ကြီးများကို အတိုင်းသားပင် မြင်ရသည်၊ ကမ်းပါးဘေးတွင် တွယ်ကပ်နေသော ချုံပုပ်သေးသေးကလေးများကမူ လေတိုးလိုက်တိုင်း တလှုပ်လှုပ်ဖြစ်နေလေသည်၊

"ငယ်ဘဝကို ပြန်အောက်မေ့စရာပဲဗျာ၊ ဒီနေရာက ကျွန်တော်တို့ စားကျက်ပဲလေ၊ ကဲ - ကိုစံဝင်း - ကျွန်တော့်ကို ခဏလောက် အောက်ချ ထေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com

"မလုပ်နဲ့ကွ၊ ကမ်းပါးနှုတ်ခမ်းနဲ့က နီးနီးလေးရယ်၊ မင်းမှာက လက်မရှိ ဘာမရှိနဲ့၊ မျက်စိလည်း မမြင်၊ တော်ကြာ – ချော်ချက်ပြီး"

"ရပါတယ်ဗျ၊ ခြေထောက်အတိုင်တွတ်စိတွေနဲ့ ထိန်းထားလို့ရပါတယ်၊ ကျွန်တော်သစ်ပင်မှာ မှီပြီးထိုင်ချင်လို့ပါ"

စံဝင်းက ရဲဘော်မျိုးဆွေဆန္ဒအတိုင်း အောက်သို့ပွေ့ချပေးလိုက်သည်၊ ကမ်းပါးနှင့် သစ်ပင်က သုံးပေခန့်သာကွာသည်၊ ထိုနေရာ၌ကမ်းပါးက တိတိရိရိပင် မတ်စောက်နက်ရှိုင်းနေသောနေရာလည်းဖြစ်သည်၊ ရဲဘော်မျိုးဆွေက သစ်ပင်ခြေရင်းတွင် ထိုင်မိသည်နှင့် စံဝင်းဘက်သို့ မျက်နှာလှည့်ကာ အားရပါးရပြုံးပြလိုက်သည်၊ သူ၏ကိုယ်ကိုပါ ခပ်စောင်းစောင်းအနေအထား ဖြစ်အောင် ပြင်ထိုင်လိုက်သည်၊

ထိုအချိန်တွင် စံဝင်းက ဆေးပေါ့လိပ်ကိုထုတ်၍ ပါးစပ်တွင် တပ်နေသည်၊ တစ်ဖန် မီးခြစ်ကိုပါ ထုတ်လိုက်ပြီး ဆေးလိပ်ကို မီးညှိလိုက်သည်၊ ပြီးလျှင် – ရဲဘော်မျိုးဆွေဘက်သို့တစ်ချက်လှမ်းကြည့်လိုက်မိသည်၊ ဤတွင် သူ့ကို ထူးခြားဆန်းကြယ်သော အသွင်တစ်မျိုးဖြင့် စိုက်ကြည့်ပြီး ပြုံးပြုံးကြီး လုပ်ပြနေသော ရဲဘော်မျိုးဆွေကို တွေ့လိုက်ရသည်မို့ သူ့စိတ်ထဲတ အံ့အား သင့်သလိုဖြစ်သွားမိသည်၊ မရှေးမနှောင်းမှာပင် ထူးဆန်းသောစကားတစ်ခု ကိုပါ သူ ဆက်ပြီးကြားလိုက်ရတော့သည်၊

"ကိုစံဝင်း – ခင်ဗျားကို လူတွေက တော်တော်မုန်းကြတယ်နော်၊ လူဆိုးကြီး၊ လူမိုက်ကြီးဆိုပြီး အော့နလုံးနာကြတယ်၊ ဒါပေမဲ့ – ကျွန်တော့်အတွက်တော့ ခင်ဗျားဟာ ချစ်စရာအကောင်းဆုံးလူတစ်ယောက် ဖြစ်သွားခဲ့ပြီ ဒီကမ္ဘာလောကမှာ ခင်ဗျားလောက်တော်တဲ့၊ ကောင်းတဲ့သူ ဘယ်သူမှ မရှိနိုင်တော့ဘူး၊ ခင်ဗျားသာလျှင် ကျွန်တော့်ကိုတကယ်ချစ်တဲ့သူ၊ ခင်ဗျားသာလျှင် ကျွန်တော့်အပေါ် တကယ်ကြင်နာတဲ့သူ၊ ကျွန်တော် အဲဒါပဲ ပြောခဲ့မယ် ကိုင်း – ကျွန်တော့်အချစ်ဆုံးကြီး – သွားပြီဗျို့"



စကားဆုံးသည်နှင့် ရဲဘော်မျိုးဆွေက ခေါင်းကိုငုံ့ကာ ကိုယ်ကို ရှတ်တရက်စောင်းချလိုက်သည်၊ သူ့ရင်ထဲတွင် ကွက်လပ်ကြီးလို လစ်ဟာသွားသည်၊ ထို့နောက် အားထည့်ပြီး လိမ့်ချလိုက်သည်ဆိုလျှင်ပင် သူ၏ကိုယ်လုံးက တစ်ပတ်နှစ်ပတ်မျှ လည်သွားပြီး ကမ်းပါးစွန်းမှတစ်ဆင့် အသူရာချောက်အတွင်းသို့ ထွေးခနဲ ဝဲပျံကျသွားတော့သည်၊

➳ **ရဲမြတ်တင်**

**စာရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ဇှောင်လှေချည်လားရှင်။

ကိုယ်လက်ဖဝါး ကိုယ်ထောင်ကြည့်ရှိ
ဝ်းတဝါးအရိပ်ကလေးတောင် မမြင်ရတဲ့အထိ မည်းမှောင်မှောင်
အခန်းကျဉ်းကျပ်ကျပ်ထဲ ရောက်နေတဲ့ကျွန်မ၊ ပျဉ်ထရံ့ကြော့ဗိုထားလျက်က
ဒိတ်ချော ကိုယ်ပါ လျှော့ပစ်လိုက်ချိန်မှာ ကျွန်မရဲ့ခန္ဓာကိုယ်လေးဟာ
အောက်ကို တဖြည်းဖြည်းလျှောကျပြီး စိုထိုင်းအေးစက်နေတဲ့
ပျဉ်ကြမ်းခင်းပေါ် ခြေပစ်လက်ပစ်ထိုင်လျက်အား
ဖြစ်သွားပါတော့တယ်။






www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ အမြဲတစေ တက်ကြွလန်းဆန်းနေတတ်တဲ့ ကျွန်မရဲ့ ခွန်အားတွေ၊ မျှော်လင့်ချက်တွေအားလုံးကို အမှောင်တောထဲ ခုလို စတေး ပစ်လိုက်ရမှန်း သိလိုက်ရရင်ပဲ ရှိုက်သံပြင်းပြင်းနဲ့အတူ မျက်ရည်တွေ အားပါး တရ သွန်ချပစ်ရုံကလွဲလို့ ကျွန်မ ဘာတတ်နိုင်တော့မှာလဲရှင်၊

အမှန်ပြောရရင် သည်လိုဝေးမြေရပ်ခြားက အမှောင်ခန်းကျဉ်းကျဉ်းထဲ ရောက်လာရတဲ့အကြောင်းရင်းကို ပြန်တွေးကြည့်လိုက်တော့ သိပ်ပြီးဆန်း ပြားလှတာတော့ မဟုတ်ပါဘူး။ ပြိုးပြိုးပြက်ပြက် အရောင်တလက်လက်ထ နေတဲ့ အိပ်မက်တွေ တကယ်ဖြစ်လာမလားထင်ပြီး ဒေါ်လှသွယ်ဆိုတဲ့မိန်းမ ကြီးအပေါ် ယုံစားခဲ့မိတဲ့အထဲမှာ အစိက တရားခံလို့ ပြောရမှာက အမေနဲ့ ကျွန်မပဲ ဖြစ်နေတာကို။ အကြော်သည်ဘဝ အမွေဆက်ထဲမှာ ဆင်းရဲတွင်း နက်လှတဲ့ ကျွန်မတို့မိသားစုအခြေအနေကလည်း ဒေါ်လှသွယ်ရဲ့ မစားရ ဝခမန်း မက်လုံးတွေအပေါ် အိပ်မက်လှလှ မက်ခဲ့မိတာ ဘယ်ဆန်းပါ့မလဲရှင်၊

"ဟဲ့ - စန်းခင် - နင့်အဖွားနဲ့အမေတွေလက်ထက်ကတည်းက နင်တို့ အိမ်ရှေ့အကြော်တဲကလေး မီးခိုးတလူလူထွက်နေတာ ခုချိန်ထိပဲနော် - ကောင်မရဲ့၊ ဘာလဲ - ဒီအကြော်စုံတဲလေးကို နင့်သမီးဘိုဖြူမအထိ လက် ဆင့်ကမ်းဦးမယ်ဆိုပါတော့ - ဟုတ်လား၊ ကြည့်စမ်း - နင့်သမီး ဘိုဖြူမ အသက်ကသာ တစ်ဆယ့်ခြောက်နှစ် ပြောတယ်၊ လူကောင်က ထွားလာ လိုက်တာ တကယ့်အပျိုကြီးရုပ်၊ သူ့ခမျာ ဖြူဖြူချောချောလေးနဲ့ မီးခိုးပြာမှုန် ဆီချေးအလူးလူးကြားမှာ အကြော်ဇန်း ခေါင်းရွက်ပြီး မနက်တိုင်း ရွာလည် ရောင်းနေရတာ နင်မသနားဘူးလား။ ပြောစမ်း - ကောင်မရဲ့"

အကြော်တဲရောက်လာတိုင်းဒေါ်လှသွယ်ပြောနေကျပဏာမစကားတ မှန်နေသလိုရှိတော့လည်း အမေနဲ့ကျွန်မ နာရမှန်း မသိကြ၊ ဒေါ်လှသွယ် ဆိုတာ နှိုက ကျွန်မတို့နဲ့ တစ်ရွာတည်းသားချင်းတွေပါ၊ အမေနဲ့ဆို ပြော မနာ၊ ဆိုမနာ ငယ်သူငယ်ချင်းတွေ ဆိုပါတော့၊ ရွာမှာက ဆင်းရဲချို့တဲ့လှတဲ့ တောသူတောင်သားတွေပဲ များကြတာဖြစ်လို့ ဒေါ်လှသွယ်တို့လင်မယား ဆိုရင် ရရာကျပန်းအလုပ်နဲ့ ပင်ပင်ပန်းပန်းနေထိုင်စားသောက်ခဲ့တာ ကျွန်မ ကောင်းကောင်းကြီးသိတာပေါ့ရှင်။ လွန်ခဲ့တဲ့နှစ်နှစ်လောက်တုန်းက အလုပ် ကောင်းတယ်ဆိုပြီး ဆယ်နှစ်သားတစ်ယောက်နဲ့အတူ လင်မယားနှစ် ယောက်လုံး တစ်ဖက်နိုင်ငံမှာ အလုပ်လုပ်ဖို့ ပြောင်းသွားကြတာ သည်နှစ် ထဲမှာမှ ဒေါ်လှသွယ် ရွာကိုပြန်လာတာ အခေါက်ခေါက် အခါခါ။

ကျွန်မကတော့ ကလေးပီပီ သူ ဘာအလုပ်လုပ်မှန်းမသိပေမဲ့ သူ ရွာကို ပြန်လာတိုင်း ကြည့်လိုက်ရင် ပါတိတ်ဝမ်းဆက် အမြဲတမ်းဝတ်ပြီး ရွှေကြိုး၊ လက်ကောက်တွေက တဝင်းဝင်း။ စလင်းဘတ်ဖောင်းဖောင်းကြီးပါ လွယ် ထားလိုက်တာ၊ အရင်က ဒေါ်လှသွယ်နဲ့ဆိုယုံချင်စရာမရှိအောင် ဆီနဲ့ရေပမာ ပြောင်းလဲသွားတာ တကယ်အံ့သြစရာလို့ပဲ ပြောရတော့မှာပေါ့။

ရွာပြန်ရောက်တိုင်း မနက်မလင်းတလင်းချိန်ဆို အမေ့အကြော်တဲဆီ ရောက်လာပြီး ဟိုဘက်နိုင်ငံက လုပ်ငန်းရှင်သူဌေးအတော်များများနဲ့ သူ ခင်နီးတဲ့အကြောင်း၊ တောင်စွန်းဘက်ရွာတွေက ကောင်မလေးတွေကို သူခေါ်သွားပြီး အလုပ်သွင်းပေးခဲ့တာ အဆင်ပြေနေကြပြီးဖြစ်တဲ့အကြောင်း၊ ငွေပြန်ပို့ကြတာကြောင့် သူတို့မိဘအိမ်တွေဆို သွပ်မိုးပျဉ်ထောင်တွေနဲ့ အပေါ်စက်၊ အောက်စက်၊ မီးစက်တွေဝယ်ပြီး ကြီးပွားနေတဲ့အကြောင်း၊ အို - စုံလို့ပါပဲ၊ ကျွန်မမှာ အားကျလွန်းလို့ ဒေါ်လှသွယ်ကို ငေးကြည့်နေမိသလို အမေကလည်း ဆီပွက်ပွက်ဆူနေတဲ့အိုးထဲက အကြော်တွေကို ဝါးစူးတစ် ချောင်းနဲ့ လှန်လှော်ပေးရင်း ပြာမှုန် ဆီချေးအလူးလူးမျက်နှာကြီးကပါ ပြုံး ဘို့ပေါ့၊

"ဘိုဖြူမကို ငါနဲ့ ထည့်လိုက်စမ်းပါ - စန်းခင်ရာ၊ အထည်ချုပ်စက်ရုံမှာ လုပ်မလား၊ ငါးပုစွန်အအေးခန်းမှာလုပ်မလား၊ ကုမ္ပဏီရုံးနဲ့အဆင်သင့်ပဲပေါ့ လုပ်ခလည်း တအားကောင်းမှာဆိုတော့ နင်တို့ ခဏလေးနဲ့ လူရိုသေလို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာကြမှာဟဲ့၊ တစ်ရွာထဲသားချင်းတွေမို့လို့ ငါ စေတနာနဲ့ပြောတာနော်၊ ဘယ့်နယ်တော် - လှချင် ပချင်တဲ့အရွယ်မှာ တဲစုတ်သာသာ အိမ်ကလေးနဲ့ နေပြီး အကြော်လည်ရောင်းနေရတဲ့ ဘိုဖြူမ ဘယ်လောက်မျက်နှာငယ်ရှာမှာလဲ။ စဉ်းစားကြည့်စမ်း - စန်းခင်ရယ်၊ အေး - နောက်နှစ်ရက်နေရင် ငါ ပြန်တော့မယ်၊ ကွင်းရွာဘက်က ကောင်မလေးသုံးယောက်ပါ ခေါ်သွားရမှာဆိုတော့ ကားလက်မှတ် ကြိုဝယ်ရဦးမယ်လေ၊ နင့်သမီးလည်း လိုက်ဖြစ်မယ်ဆိုရင် ကြိုပြောထားကွယ့် - ကောင်မရဲ့"



ကြည့်စမ်း၊ ကျွန်မတို့ကို
ခေါ်လာတုန်းက တစ်လမ်းလုံး
'သမီး--သမီး' နဲ့ ပါးစပ်က မချပဲ
ချွဲနွဲ့လာတဲ့ ဒေါ်လှသွယ်။
ခုတော့--သူစိမ်းဆန်လိုက်တာမှ
'ညည်းတို့' တဲ့။ နောက်တစ်ခါ၊
ဘယ်စက်ရုံမှာ လုပ်ရမယ်၊ လုပ်ခ
ဘယ်လောက်လည်းဆိုတာလည်း
ပြောမသွားတဲ့အပြင် ❞

"အင်း - နင်ပြောတာတော့ ဟုတ်ပါပြီ - လှသွယ်ရဲ့၊ အလုပ်ကောင်းကောင်းရဖို့ဟာ ပွဲစားခတွေ၊ ဘာတွေပေးရဦးမှာဆို၊ ပြီးရင် - လမ်းစရိတ် အပြင် ဟိုစရိတ်၊ သည်စရိတ်တွေလည်း ရှိသေးတယ် မဟုတ်လား၊ နင်သိတဲ့အတိုင်းပဲ - လှသွယ်ရယ်၊ ငါတို့မှာ တစ်နေ့ရှာလို့ တစ်နေ့စားဖို့တောင် အနိုင်နိုင်ကွယ့်၊ ငါ့ယောက်ျားဆို ဒီနှစ်ထဲ သူများလယ်မှာ သူရင်းငှားဝင်လုပ်တာ ကြိုပြီးစပါးပေးယူစားထားလို့ကုန်တဲ့အပြင် အကြွေးတောင် တင်နေတာ နင်မှမသိပဲ၊ ရှင်းရှင်းပြောရရင် ငါတို့မှာ ဘိုဖြူမကို လွှတ်ဖို့စရိတ်တောင် မလွယ်ဘူး - လှသွယ်ရေ - သိလား"

မိသားစုရဲ့လက်ရှိအခြေအနေကို အမေ ဖော့ပြောထားမှန်း ကျွန်မ နားလည်တာပေါ့၊ ခြောက်တန်းအောင်တာတောင် သတ္တမတန်း ဆက်မထားနိုင်တော့လို့ ကျွန်မ ကျောင်းထွက်လိုက်ရတာရယ်၊ မနှစ်နွေရာသီတုန်းက ပိုက်ဆံလှူလိုက်ရင်းဝမ်းလျှောရောဂါနဲ့ အဖေ ဆေးရုံတင်လိုက်ရလို့ အကြွေးတွေ တင်နေတာရယ်၊ အကြော်စုံအတွက် ဆီ၊ အာလူးမှုန့်၊ ကြက်သွန်အကြွေးတွေ အလီလီတက်လို့ ကုန်စုံဆိုင်က ခဏခဏတောင်းနေတာတွေရယ်၊ အမေပြောတဲ့အထဲ အဲတာတွေ လုံးဝမပါ။

"အေးပါ - ငါ နားလည်ပါတယ် - စန်းခင်ရာ၊ ငါတစ်ယောက်လုံး ရှိနေပြီဟာ၊ နင် - ဘာပူစရာလိုလို့လဲ - ကောင်မရဲ့၊ ပွဲခတို့၊ ဟိုစရိတ်၊ သည်စရိတ် အားလုံး ငါစိုက်ထားပေးပါ့မယ်ဟာ၊ လုပ်ခလစာရမှ ငါ တဖြည်းဖြည်း ဖြတ်ယူပါ့မယ် - သိလား၊ ကိုယ့်တစ်ရွာတည်းသားသူငယ်ချင်းရဲ့သမီးအတွက်ပဲဟာ၊ ဒီလောက်လေးမှ မကူညီရင် ငါရှိုင်းရာကျသွားမှာပေါ့ ကောင်မရဲ့၊ စိတ်ချလက်ချသာ ထည့်လိုက်၊ ငါတာဝန်ယူတယ် - စန်းခင်ရေ"

ဘာလိုဦးမှာလဲရှင်၊ ကျွန်မကိုယ်တိုင်ကလည်း အရွယ်ရောက်နေပြီဟာ၊ ဆီပူလောင်၊ မီးခိုးရိုက်၊ အိပ်ရေးပျက်တဲ့ အကြော်သည်မဘဝထဲ ဘယ်ကြာကြာနေချင်ပါ့မလဲ၊ တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်ကြရင်းက ငွေပို့ကြသူ့လုလို သူလိုဖြစ်နေတဲ့အိမ်တွေလည်း နွေစဉ်အကြော်လည်ရောင်းရင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ တွေ့မြင်နေကျပဲဟာ၊ အမှန်ပြောရရင် - လက်ရှိသွားရုံသာသာ အိမ်ကလေးအသစ် ပြန်ဆောက်နိုင်ဖို့နဲ့ အဖေ၊ အမေတို့အတွက် လယ်ပိုင်၊ ယာပိုင်လေးဖြစ်ဖို့အတွက် ကျွန်မ အိပ်မက်ခဲ့တာ ကြာလှပြီပဲ၊ ခုတော့ - ပဲခင်းကလည်း အထ၊ ခြေမကလည်းအကြွဆိုသလို အခြေအနေပေးနေပြီဆိုတော့ ဘာငြင်းဆန်စရာလို့ဦးမှာလဲရှင်၊

မှန်ပါတယ်၊ လယ်ထဲမှာရှိတဲ့ အဖေ့ကိုတောင် အသိပေးချိန်မရပဲ မနက်သုံးနာရီလောက်မှာ ဒေါ်လှသွယ်လာခေါ်တော့ အကြော်ဖိုအတွက် မီးမွှေးနေတဲ့အမေ့ကိုပဲ ကန်တော့ရတော့တာပေါ့၊ အိမ်က ကျွန်မထွက်လာတဲ့အချိန်မှာ ဝမ်းနည်းတာလား၊ မီးခိုးရိုက်တာလား မသိ၊ အမေ့မျက်လုံးမှာ မျက်ရည်တွေ အိုင်ထွန်းနေတာမှ အပြည့်၊ တစ်သက်လုံး ရွာနီးချုပ်စပ် ပွဲလမ်းသဘင်တွေတောင် မသွားလာဘူးတဲ့ကျွန်မဟာ ဒေါ်လှသွယ် လက်မှတ်ဝယ်ပေးထားတဲ့ မှန်လုံကားကြီးရဲ့ အိစက်စက်ထိုင်ခုံပေါ် လိုက်ပါခဲ့ရတာ ပျော်သလိုလို၊ ကျွန်မတစ်ယောက်ထဲတော့ မဟုတ်ပါ၊ ကွင်းပိုင်ရွာက ဆိုလား၊ ကျွန်မထက် ကြီးပေမယ့် အရွယ်ကောင်းတုန်း မိန်းကလေးသုံးယောက်ပါ ဒေါ်လှသွယ် ခေါ်လာတာ တွေ့ရပြီး သူတို့မျက်နှာတွေမှာလည်း ကျွန်မလိုပဲ အိပ်မက်တွေနဲ့ လင်းလက်လို့ဆိုပါတော့၊

တောင်တက် တောင်ဆင်းလမ်းဖြစ်လို့ ကားတွေက အတက်တစ်ရက် အဆင်းတစ်ရက်ဆိုပြီး သတ်မှတ်ထားတယ်လို့ပြောတာ ကြားရပါတယ်၊ မနက်(၄)နာရီ တောင်စွန်းက ထွက်လာတဲ့ကားဟာ ညမှောင်စပျိုးချိန်မှာ မှနယ်စပ်မြို့ကလေးကို ရောက်တာပါ၊ ဒေါ်လှသွယ် အဆက်အသွယ်တွေလို့ထင်ရတဲ့ လူသုံးယောက်က အသင့်ကြိုနေပြီး မြို့ပြင်အမှောင်တောကနေ မြစ်ကျဉ်းကလေးတစ်ခုကို ပဲ့ချိတ်လှေနဲ့ ကူးလိုက်ပြီဆိုတာနဲ့ ကျွန်မတို့ တစ်ဖက်နိုင်ငံ ရောက်ပြီဆိုတာ သိလိုက်ရတော့တာပါပဲ၊ မီးရောင်မှိန်မှိန်နဲ့ လူသူရှင်းနေတဲ့ မြို့အစွန် တည်းခိုခန်းထဲ ကျွန်မတို့ကို ခေါ်သွင်းတဲ့အချိန်မှာ ဆံပင်တိုတို၊ တီရှပ်နဲ့ ဘောင်းဘီရှည် ဝတ်ဆင်ထားတဲ့ ခေတ်ဆန်ဆန်



မိန်းမကြီးတစ်ယောက်က ဒေါ်လှသွယ်ကို ထွက်ကြိုပြီး ဖက်လဲတကင်းနဲ့ နှုတ်ဆက်နေလိုက်တာ ရှုန်းရှုန်းဝေ၊

ကျွန်မတို့ လေးယောက်ကို တည်းခိုခန်း မီးဖိုဆောင်စားပွဲမှာ ခေါက်ဆွဲကြော်၊ အချိုရည်ဘူးတွေနဲ့ ဧည့်ခံထားပြီး ခေတ်ဆန်ဆန်မိန်းမကြီးနဲ့ ဒေါ်လှသွယ်တို့နှစ်ယောက်သား အပေါ်ထပ် တက်သွားကြတာပဲ တွေ့ရပြီး ဘာတွေပြောကြ၊ ဆိုကြတာတော့ ကျွန်မတို့ လုံးဝမသိကြတာ အမှန်၊ ညဉ့်နက်လို့ (၁၀)နာရီကျော်လောက်မှာမှ သူတို့နှစ်ယောက် ရယ်ရယ်မောမောနဲ့ ဆင်းလာကြပြီး ဒေါ်လှသွယ်ကပဲ ကျွန်မတို့လေးယောက်ကို ထောင်ကယ်မကြီးလို့ပြောတဲ့ မိန်းမကြီးလက်ထဲ အပ်နှံပေးလိုက်တာ ချဉ်ပေါင်၊ ကန်စွန်းလို လွယ်မှလွယ်၊ သည်နေရာမှာတော့ သံသယစိတ်တွေ ကျွန်မရင်ထဲ လှုပ်ခတ်လာပြီးလို့ပဲ ပြောရတော့မယ် ထင်ပါရဲ့ရှင်၊

"ကိုင်း - ညည်းတို့ ထောင်ကယ်မကြီးနဲ့ လိုက်သွားရမယ် - ကြားလား၊ အလုပ်သွင်းပေးဖို့ သူ စီစဉ်ထားတာ အဆင်သင့်ဖြစ်နေပြီတဲ့၊ ဒီတော့ - သူပြောတာ နားထောင်၊ သူထားတဲ့နေရာမှာနေ၊ သူခိုင်းတာလုပ် - ဒါပဲ၊ အေးတကယ်လို့ကိုယ့်သဘောနဲ့ကိုယ် ဟိုသွား၊ ဒီသွားလုပ်လို့ ပုလိပ်တွေနဲ့တိုးပြီး အဖမ်းခံရရင် သူ လုံးဝတာဝန်ယူမှာမဟုတ်ဘူးနော်၊ ဒါကိုတော့ ညည်းတို့ သေသေချာချာမှတ်ထားကြ - ကြားလား"

ကြည့်စမ်း၊ ကျွန်မတို့ကို ခေါ်လာတုန်းက တစ်လမ်းလုံး "သမီး - သမီး" နဲ့ ပါးစပ်က မချပဲ ချွဲနွဲ့လာတဲ့ ဒေါ်လှသွယ်၊ ခုတော့ - သူ့စိမ်းဆန်လိုက်တာမှ "ညည်းတို့" တဲ့၊ နောက်တစ်ခါ၊ ဘယ်စက်ရုံမှာ လုပ်ရမယ်၊ လုပ်ခ ဘယ်လောက်လည်းဆိုတာလည်း ပြောမသွားတဲ့အပြင် ပျာပျာသလဲနဲ့ ကျီးလန့်အစာစားသလို ကယ်ရီဆိုင်ကယ်နဲ့ လစ်သွားလိုက်တာ မြန်မှမြန်၊ ထောင်ကယ်မကြီးဆိုတာကရော ဘာထူးသေးလို့လဲ၊ ဒေါ်လှသွယ်နဲ့နှစ်ယောက်သား ဗမာစကားပြောကြတာ မြင်ခဲ့ပါလျက်နဲ့ ဒေါ်လှသွယ် ထွက်သွားချိန်ကစလို့ ကျွန်မတို့မေးတာလည်း မဖြေ၊ သူကိုယ်တိုင်က ဗမာစကားမတတ်သလိုနေ



www.burmeseclassic.com

www.burmeseclassic.com

ပြီး သူ့လူသုံးယောက်နဲ့ သူတို့ဘာသာစကားပြောကြတာပဲ ကြားရပါတော့တယ်"

တကယ်တော့ - ခေါ်လှသွယ်အားကိုးနဲ့ ကျွန်မတို့ လိုက်လာကြတာ မဟုတ်လား။ ခုလို လွယ်လွယ်လေး သူ စွန့်ပစ်ထားပြီဆိုတာ သိရရင်ပဲ သံသယစိတ်အပြင် အားငယ်တာတွေ ဝမ်းနည်းတာတွေပါပေါင်းစပ်မိပြီးကာ အားအင်တွေ ရုတ်ခြည်းဆုတ်ယုတ်သလို တစ်ကိုယ်လုံး ပျော့တိပျော့ဖတ်၊ ဘာတတ်နိုင်တော့မှာလဲ၊ နောက်ကြောင်းပြန်ပြေးဖို့ စိတ်ကူးမိတာတောင် ဘယ်လမ်းဘယ်အပေါက်က ပြေးရမှန်းမသိ၊ သူ့လူသုံးယောက်ကပါ အလစ်မပေးပဲ စောင့်ကြည့်နေကြတာ ရှိသေးဆိုတော့ ထောင်ကယ်မကြီးရဲ့ သွန်ချင်သလို၊ ဖမှောက်ချင်သလို မှောက်လုပ်တာ ခံကြရရုံပဲ ရှိတော့တာပေါ့၊ သေချင်လို့ တောပြောင်းလာတဲ့ ကိုယ့်အပြစ်လည်း ပါတာကိုးရှင်၊ မှန်အလုံပိတ်ထားတဲ့ ပေါင်မုန့်ပုံသဏ္ဍာန်ကားလေးနဲ့ ကျွန်မတို့ကို တည်းခိုခန်းက ခေါ်လာတဲ့အချိန်မှာ တစ်လောကလုံးအမှောင်၊ မီးရောင်နဲ့တူတဲ့ ပိုးစုန်းကြူးတောင် မမြင်ရ၊ သည်ကြားထဲ လျှပ်စီးက လက်၊ လေက တိုက်နဲ့ မိုးသက်မှုန်တွေကြားထဲ မြင်ကွင်းအားလုံး မှုန်ဝါးဝါး၊

ကားဦးတည်ရာ မီးရောင်တဆုံး မြင်နေရတာက သစ်ပင်ရိပ်အုပ်အုပ်ကြားမှာ ကုန်းတက်ကုန်းဆင်းတွေနဲ့ မြေနီကားလမ်း၊ ကျင်းတွေ၊ ချိုင့်တွေလည်းများတော့ နဂိုက စိတ်ဓာတ်ကျပြီး ပျော့ခွေချင်သလို ဖြစ်နေတဲ့ ကျွန်မတို့ အလူးအလဲပေါ့၊ ကားရှေ့ခန်းမှာ စီးလာတဲ့ ထောင်ကယ်မကြီးရဲ့စီးကရက် မီးခိုးငွေ့၊ ကျွန်မတို့ကို စောင့်ကြည့်လာတဲ့လူသုံးယောက်ဆီက အရက်နံ့တွေ ကားထဲ မွှန်နေတာဖြစ်လို့ မူးဝေအော့အန်ချင်သလို ခံစားနေရတာ သေရှင်လောက်အောင်ပါပဲရှင်၊ ကားမောင်းချိန် တစ်နာရီကျော်လောက်ရှိတော့ ကားကလေးကို ချောင်းကမ်းပါးအတိုင်း ချုံပုတ်ထူထူတွေဖြတ်ပြီး မောင်းနေတဲ့အချိန်မှာ သတိထားမိလိုက်တာက ညာဘက်မှာ ကိုက်ငါးရာလောက်ကျယ်ပြီး ရေစီးသန်တဲ့ချောင်း၊၊ ချောင်းဘေးတစ်လျှောက်နဲ့ ချောင်းရေထဲကနေ ထိုးထောင်ထွက်နေတဲ့ ကျောက်တုံးမည်းမည်းတွေ၊

ချောင်းရဲ့ဟိုဘက်ကမ်းမှာတော့ မည်းမှောင်နေတဲ့ တောင်တန်းအနိမ့်အမြင့်ပုံရိပ်ကလွဲလို့ ဘာတစ်ခုမှ ကွဲကွဲပြားပြား မမြင်ရတော့ပါ၊ ဒါကလည်း ကားကွေ့လိုက်တိုင်း မီးရောင်ထဲ မြင်လိုက်ရတဲ့ မသဲမကွဲ အပိုင်းအစတွေလို့ဆိုရင် မှားမှာ မဟုတ်ပါဘူးရှင်၊

ကားမောင်းချိန် (၃)နာရီလောက် ကြာလိမ့်မယ် ထင်ပါရဲ့၊ မြေနီလမ်းကနေ အရှိန်လျှော့ပြီး ဘယ်ဘက်လမ်းချိုးထဲ ကွေ့ဝင်လိုက်တာနဲ့ ခြံစောင့်နှစ်ယောက် ဖွင့်ပေးတဲ့တံခါးအတိုင်း မောင်းဝင်လာတဲ့ကားဟာ သစ်ပင်ကြီးတွေ အုပ်ဆိုင်းဆိုင်းအောက်က တစ်ထပ်အိမ်မည်းမည်းကြီးရှေ့မှာ တိခနဲ ရပ်သွားပါတော့တယ်၊

သူတို့ ကြိုတင်ပြီး ဘယ်လိုဆက်သွယ်ပြောထားကြတယ် မသိပါဘူး၊ ထောင်ကယ်မကြီးက ကားပေါ်ကတောင် မဆင်းပဲ ခြံစောင့်နှစ်ယောက်ကို သူတို့ဘာသာစကားနဲ့ အမိန့်ပေးလိုက်တာဖြစ်မှာပေါ့၊ ကားတံခါးဖွင့်လိုက်တာနဲ့ ကျွန်မတစ်ယောက်ထဲကိုပဲ ဆင်းခိုင်းပြီး ကားက ပြန်ကွေ့မောင်းထွက်သွားလိုက်တာ နတ်မြင်းပျံလားတောင် ထင်ရပါတယ်ရှင်၊ မြန်မှမြန်၊ ဘယ်လိုလုပ်တာလဲ၊ အလုပ်လုပ်ဖို့လာကြတာမိန်းကလေး(၄)ယောက်ဖြစ်ပါလျက်နဲ့ ဘာဖြစ်လို့ ကျွန်မတစ်ယောက်တည်းကိုပဲ ထားခဲ့ရတာလဲ၊

သည်အချိန်မှာတော့ ကျွန်မရဲ့တုန်လှုပ်ချောက်ချားမှုက ပြောမပြတတ်အောင်ပါပဲရှင်၊ အစောင့်နှစ်ယောက် ဓာတ်မီးထိုးပြီး ခေါ်သွားတဲ့အတိုင်း ကွဲအက်ပျက်စီးနေတဲ့ အုတ်လှေကားထစ်သုံးထစ်တက်တဲ့ အိမ်ကြီးထဲက ပျဉ်ကြမ်းခင်းတွေကလည်း နင်းလိုက်တိုင်း သံစုံတီးဝိုင်းလို မြည်လို့ပေါ့၊ လူမနေတဲ့ တကယ့်အိမ်အိုအိမ်ဟောင်းကြီးဆိုတာ မွှန်ထူနေတဲ့ဖုန်မှုန့်နဲ့ အောက်သိုးသိုးအနံ့အသက်တွေက သက်သေခံနေပြီပဲ၊





www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခါ အိမ်ကြီးထဲမှာမှ သော့ခလောက်ခတ်ထားတဲ့အခန်း တစ်ခန်းကိုဆက်ဖွင့်တာ ခုတင်မီးရောင်ထဲတွေ့နေရပါတယ်။ တံခါးပွင့်သွားမှ နောက်အစောင့်က ကျွန်မကို ရုတ်တရက် အခန်းထဲ တွန်းထည့်လိုက်တာ ရော၊ တံခါးပြန်ပိတ်၊ သော့ခတ်ပြီး ထွက်သွားကြတဲ့ခြေသံရော၊ ပြီးတော့ အိမ်မကြီးတံခါးပိတ်သံတွေပါ ဆက်တိုက်ကြားရပြီးတဲ့နောက်မှာ ကျွန်မရဲ့ အနာဂတ်တစ်ခုလုံး အမှောင်တကာ့ အမှောင်ထဲ ကျရောက်သွားပြီဆိုတာ ရိပ်စားမိလိုက်ပါတော့တယ်ရှင်။

— ၇ —

မျှော်လင့်ခြင်းများစွာနဲ့ တောက်ပနေတဲ့စိတ်ကူး အိပ်မက်အတိုင်း စွန့်စားထွက်လာတဲ့ ကျွန်မဟာ ခုတော့ အိပ်မက်က လန့်နိုးသွားပြီဖြစ်ပေမယ့် ထမင်းလုံးတစ္ဆေခြောက်တာ ခံထားရသလို ချောက်ချားတုန်လှုပ်စွာ ခံစားနေ ရဆဲ။ ရင်ထဲက လှိုက်ဖိုတက်လာတဲ့မျက်ရည်တွေကလည်း ချောင်းစီးမတတ်။ နောင်တမျက်ရည်ပါလို့ ပြောရင်တောင် မှားမယ်မထင်ပါဘူး။ နောင်တ အတွက်ပြန်လည်ပြင်ဆင်ဖို့အခွင့်အရေးမရှိတော့မှန်း သိလိုက်ရင်ပဲ အသက် ကိုတောင် ရဲရဲမရှူဝံ့တော့တာမို့ ရင်ထဲ ဖိမောက်တင်းကြပ်လာတာ နေမထိ၊ ထိုင်မထိဆိုပါတော့။ အခန်းကျဉ်းကလေးထဲမှာ သွေးဆာနေတဲ့ခြင်အုပ်ကြီး က ဗီခေါ်နေတဲ့အပြင် သွပ်မိုးပေါ် မိုးစက်ကျသံကလည်း မရဏတေးသံလို ရင်တုန်စရာ ကောင်းလိုက်တာ အမှန်ပါပဲရှင်။

"ဂျစ် - ဂျစ် - ဒုန်း"

လျှော့တိုင်တ်သံနဲ့အတူ တံခါးဘက်က နံရံမှာ တံတောင်လောက်ရှည်တဲ့ ပျဉ်တစ်ချက်စာ ပွင့်သွားတာ လင်းခနဲ၊ အမြင့်ကလူတစ်ရပ်စာနေရာ၊ စာစောပိုင်းမှာ နောက်ကြောင်းပြန် အကြောင်းအရာတွေ တွေးကြည့်ရင်း ကျွန်မငိုက်မြည်းသလိုဖြစ်နေတာထင်ပါရဲ့။ လျှော့တိုက်ဖွင့်လိုက်တဲ့အပေါက် ကလေးကတစ်ဆင့် ဝင်လာတဲ့အလင်းရောင်နဲ့အတူ သွပ်မိုးအပေါက်၊ ပျဉ် ထောင်ထရံအပေါက်တွေက တန်းဝင်လာတဲ့အလင်းရောင်တွေကြောင့် မိုးတောင်လင်းနေပြီဆိုတာ သတိထားလိုက်မိပါတယ်။

မှန်ပါတယ်။ ပျဉ်တစ်ချပ်စာအပေါက်မှာ ပထမဦးစွာမြင်လိုက်ရတာက ဖြူဖပ်ဖြူရော်နဲ့ လူသေတစ်ယောက်ရဲ့မျက်နှာမျိုး၊ ချိုင့်ဝင်နေတဲ့ ညိုရောင် သမ်းမျက်ကွင်းထဲမှာက ကရုဏာရိပ် သမ်းနေတဲ့ မှိန်ဖျော့ဖျော့မျက်လုံး တစ်စုံ၊ ပါးနှစ်ဖက် ချိုင့်နေတာကြောင့် မေးရိုးချွန်သလို ဖြစ်နေပေမယ့် ခြောက်သွေ့ကွဲအက်နေတဲ့နှုတ်ခမ်းကပြုံးလျက်၊ အိုစာလှတဲ့မိန်းမကြီးလို့ပဲ ပြောရတော့မှာပါ။

"ဗိုက်ဆာနေပြီထင်တယ် - ကလေးမရယ်၊ လာ - လာ - ခေါက်ဆွဲပြုတ် ပန်းကန်နဲ့ ရေသန့်ဘူး လာယူလိုက်ဦး၊ ဒီအချိန်မှာ အားရှိအောင် အာဟာရ ဖြည့်ထားဖို့ လိုတယ်နော်၊ လာယူလေကွယ်"

ဗမာစကား ပီပီသသကြားရပြီဆိုတော့ အားအင်အသစ်တွေ ဝင်လာ သလို ဖျတ်ခနဲ ထရပ်ရာက အပေါက်ကလေးနား ရောက်သွားတာ လေဟုန်နဲ့ တောင် မြန်နေပါသေးလား။ သူ ကမ်းပေးတာတွေ လှမ်းယူလိုက်တာ သွက် လက်သလို ကျွန်မပါးစပ်က မေးခွန်းတွေကလည်း တရစပ်၊

"သ - သ - သမီး - ဘယ် - ဘယ်နေရာရောက် - ရောက်နေတာလဲ ဒေါ်ကြီး"

"ဟင်း - ဟင်း - လှောင်ထားတဲ့အခန်းထဲရောက်နေတာ သိသိကြီးနဲ့ မေးနေရသေးလား - ကလေးမရယ် - ဟင်း - ဟင်း"

"မ - မဟုတ်ဘူးလေ - ဒေါ်ကြီး၊ သ - သမီးကို ဘာဖြစ်လို့အ - အခန်းထဲ လှောင်"

"ရောင်းစားဖို့ လှောင်ထားတာပေါ့၊ ရှင်းပြီလား - ဟင်း - ဟင်း"

www.burmeseclassic.com

www.burmeseclassic.com

"ရှင် - ရောင်းစားဖို့ - ဟုတ်လား"

အံ့ဩလွန်းလို့ သတိလစ်သလို ရပ်နေရုံမက လက်ထဲက ခေါက်ဆွဲဇလုံနဲ့ ရေဘူးလွတ်ကျမသွားအောင် ထိန်းနေရတာ တုန်တုန်ရီရီ၊ အကြော်စုံရောင်းတာကိုပဲ နားလည်တဲ့ကျွန်မ၊ ခုတော့ - ရောင်းစားဖို့ ကြက်တွေ၊ ဘဲတွေ လှောင်ထားတာမျိုး ခံနေရတာဆိုတော့ တွေးကြည့်ရုံနဲ့ လိပ်ပြာလွင့်စရာမဟုတ်ပါလားရှင်၊

"ဒေါ်ကြီးမှာ စကားပြောချိန် မရှိဘူးနော် - မိန်းကလေး၊ ဟိုနစ်ကောင်အိမ်တံခါးဖွင့်ပေးတုန်း စားသောက်စရာ ဝင်ပေးရတာ၊ အရက်သောက်ဖို့ခဏသွားဦးမယ် ဆိုပြီး သူတို့ဆိုင်ကယ် အပြင်ထွက်သွားတာတွေ့လို့ရသလောက်အချိန်မှာ ခပ်တိုတိုပဲ ပြောပါ့မယ်ကွယ်၊ ညက ကားပေါ်က ဆင်းလာတဲ့မိန်းကလေးကို ကားမီးရောင်နဲ့ မြင်လိုက်တော့ ဪ - ဒီသမီးလည်းခုဆို ဒီအရွယ်လေးတော့ ရှိပြီပေါ့၊ မတော်လို့ - လူကုန်ကူးတဲ့ပွဲစားတွေရဲ့သွေးဆောင်ဖြားယောင်းတာတွေယုံပြီး ဒီကလေးမလေးလိုပဲ ဒီဘက်ရောက်လာခဲ့ရင်တော့ ဪလိုပဲ လူမသေတောင် ဘဝသေသွားမယ်ဆိုရင်ဘယ်လိုလုပ်ရပါ့မလဲဆိုတဲ့အတွေး ဒေါ်ကြီးရင်ထဲ ဝင်လာတာ အမှန်ပဲမိန်းကလေးရယ်၊ ဒါကြောင့် - အချိန်ရတုန်း အခြေအနေတွေ သိရအောင်မိန်းကလေးကို ပြောပြချင်လို့ပါ၊ ဒေါ်အိချူးက ကားပေါ်ပါသွားတဲ့မိန်းကလေးသုံးယောက်ကိုတော့ ခုလောက်ဆို ပင်လယ်ကမ်းခြေစခန်းမှာရှိတဲ့ အနှိပ်ခန်းတွေ၊ ရေချိုးခန်းတွေဆီ ရောင်းစားလိုက်ပြီး ဖြစ်လိမ့်မယ်ကွယ့်၊ ဘာပြောပြော၊ မနက်ဖြန်စောစော ဒီပြန်လာတဲ့အခါ မိန်းကလေးကို ခေါ်သွားမယ်ဆိုပြီး ညက ဟိုအစောင့်နှစ်ယောက်ကိုပြောတာ ဒေါ်ကြီး ကြားလိုက်သေးတယ်လေ"

"သမီးတို့ကို ခေါ်လာတဲ့ ဒေါ်အိချူးဆိုတာ အလုပ်ရှင်သူဌေး မဟုတ်ဘူးလား၊ သ - သမီးတစ်ယောက်ထဲ ဘာဖြစ်လို့ ဒီမှာချန်ထားရတာလဲ၊ ပြော - ပြောပြပါဦး - ဒေါ်ကြီးရယ်"



"ဘယ်ကလာ သူဌေး ဟုတ်ရမှာလဲ၊ ဒေါ်အိချူးက ဒီဘက်မှာ လူရှာကောင်းတဲ့ တကယ့်ထိပ်သီးပွဲစားမကြီးကွယ့် - သိလား၊ သူ့အပိုင်းက အလုပ်ရုံ၊ စက်ရုံတွေနဲ့ ဘာမှမဆိုင်ဘူး၊ ဟိုတယ်ကြီးတွေ၊ အနှိပ်ခန်း၊ ရေချိုးခန်းတွေ၊ အထက်တန်းပြည့်တန်ဆာခန်းကစပြီး လမ်းဘေးပြည့်တန်ဆာ ခေါင်းတွေပါအားကိုးနေရတဲ့ ပွဲစားဆိုပါတော့၊ ဒေါ်ကြီးတို့ဘက် ပွဲစားတွေနဲ့ ဆက်သွယ်ထားပြီး ခေါ်လာသမျှ အရွယ်ကောင်း ရုပ်ချောတွေကို ဈေးအမျိုးမျိုး ပေးဝယ်ပြီး သူကလည်း တစ်ဆင့်ပြန်ရောင်းစားတဲ့ပွဲစားပေါ့ကွယ်၊ မိန်းကလေးက အသက်လည်း ငယ်၊ အရွယ်ကလည်း နုဖပ်ဖပ်လေးဆိုတော့ မြို့ကြီးပေါ်က ဟိုတယ်ကြီးကြီးတစ်ခုကို ရောင်းပေးဖို့ ဈေးကောင်းကောင်းနဲ့ သူစပ်ဟပ်ပြီးသားနေမှာ၊ ဒါကြောင့် - ဒီမှာ ခဏထိန်းထားဖို့ သူ့လူတွေကို အပ်ခဲ့တာပေ့ါ - မိန်းကလေးရယ်"

အမှန်တကယ်ဖြစ်နေတဲ့ အခြေအနေအားလုံးဟာ အမေနဲ့ ကျွန်မတို့ရဲ့အိပ်မက်တွေနဲ့ တခြားစီဖြစ်နေပါလား၊ အချိန်ရောက်တဲ့အခါ သားရဲတွင်းထဲပစ်ကျွေးဖို့ လှောင်ထားတဲ့ယုန်ငယ်တစ်ကောင်လို ဘယ်လိုနည်းနဲ့မှ လွတ်မြောက်စရာလမ်း မရှိတော့တဲ့ ကျွန်မဘဝ၊ အသည်းတုန်၊ ရင်တုန်နဲ့ ဆောက်တည်ရာမရသလို တဆတ်ဆတ်တုန်အောင် ငိုကြွေးရုံပဲ ရှိတော့တာပေ့ါရှင်၊

"အချိန်သိပ်မကျန်တော့ဘူး - မိန်းကလေး၊ ဒေါ်ကြီးလည်း ကိုယ့်သမီးနဲ့ယှဉ်ပြီး သနားလို့ ကံသေကံမ မဟုတ်ပေမဲ့ လွတ်မြောက်နိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းတစ်ခု ပြောပြချင်လို့ပါ၊ ဒါကလည်း မိန်းကလေး သတ္တိရှိလားမရှိလားပေါ် မူတည်နေတယ်ကွယ့်"

အဒေါ်ကြီးဆီက သည်လိုစကားမျိုးကြားရပြန်တော့ မျှော်လင့်ချက်အတွက် ကျနေတဲ့စိတ်ဓာတ်ပါ ရုတ်တရက် ပြန်တက်လာလိုက်တာ ယုံချင်စရာတောင် မရှိပါလား၊ လေသံသာသာပြောနေတဲ့ သူ့စကား ပိုပြီးပီသအောင်ကြားချင်လာတာမို့ မျက်နှာချင်း ထိလုမတတ် ကျွန်မခေါင်းကို အဒေါ်တစ်ဝက်လေးနား တိုးကပ်လိုက်မိပါတယ်၊ သည်လိုအကျဉ်းအကြပ်ကာလထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ကောက်ရိုးမျှင်လောက်ပဲရှိတဲ့နည်းလမ်းမျိုးဆိုရင်တောင် အားကိုးရမယ့် အခြေအနေမျိုးရောက်နေပြီ မဟုတ်လားလို့။

ဒေါ်ကြီးအနေနဲ့ အချိန်လုပြီး ပြောရတာဖြစ်ပေမယ့်အတော်လေးပြည့်စုံမှန်းတော့ ကျွန်မ သဘောပေါက်မိတာ အမှန်ပါ။ အိမ်က အိမ်အိုကြီးဖြစ်လို့ ပျဉ်ကြမ်းခင်းတွေ ဆွေးလုမတတ်ဖြစ်ပြီး ရိုက်တဲ့သံချက်တွေလည်း ချောင်နေပြီဖြစ်တဲ့အကြောင်း။ ကျွန်မ အခန်းထဲက ဗျာချပ်ဖယ်လိုက်ရင် သံချက်မခိုင်တော့တဲ့ ပျဉ်တိုနစ်ချပ်တွေမယ့်အကြောင်း၊ အဲသည့်ပျဉ်ချပ်တွေကြားကို ကျွန်မစားပြီးတဲ့ စတီးလ်ဇလုံးစောင်းနဲ့ ကလပ်ဖွင့်လိုက်ရုံနဲ့ အိမ်အောက် လျှောဆင်းလို့ရတဲ့အပေါက်ဖြစ်လာမယ့်အကြောင်း စုံလို့ပါပဲ။

ညမိုးချုပ်တဲ့အခါ အစောင့်နှစ်ယောက်ဟာ တစ်ညလုံးသောက်ဖို့ ဆိုင်ကယ်နဲ့ အရက်ဝယ်သွားဦးမှာဖြစ်လို့ ဆိုင်ကယ်သံကြားတာနဲ့ ပုံမပျက် ပြန်ဖုံးထားတဲ့ပျဉ်တိုနှစ်ချပ် ဖယ်လိုက်ပြီး ခြေနှစ်ချောင်းတွဲလောင်းချ လျှောဆင်းလိုက်ရုံနဲ့ မြေကြီးပေါ်ရောက်ပြီလို့ ဆိုပါတယ်၊ မြေကြီးပေါ်ရောက်တာနဲ့ မီးဖိုခန်းဘက် ငုံ့ထွက်လိုက်ရင် ဥယျာဉ်ခြံထဲ ရောက်ပြီဆိုကိုး။ ဥယျာဉ်ခြံ အလယ်က လမ်းအတိုင်း ကိုက်နှစ်ရာလောက် ပြေးလိုက်မယ်ဆိုရင် ချောင်းကျယ်ကြီးရဲ့ကမ်းနားရောက်ပြီဆိုတာကိုပါ အတိအကျ ပြောပြပါသေးတယ်၊ အဲသည့်ချောင်းကျယ်ကြီးကို ကူးလိုက်နိုင်ရင်တော့ ဟိုဘက်ကမ်းဟာ ကျွန်မတို့ရဲ့မြေဖြစ်လို့ လွတ်မြောက်ပြီပေါ့ ဆိုပါလား၊ လွယ်မှလွယ်၊ သည်လောက်လွယ်ပါလျက်နဲ့ ဘာဖြစ်လို့ သူများနိုင်ငံမှာ ဒေါ်ကြီး ဒုက္ခခံနေရတာလဲဆိုပြီး ကျွန်မမေးလိုက်မိပါသေးတယ်။

“ဒုက္ခခံနေတာ မဟုတ်ပါဘူး - မိန်းကလေးရယ်၊ လူရှပ်တောင် မပီအောင် အသွေးအသားတွေ ဝါးမျိုခံထားရတဲ့ကြားမှာ ရောဂါတွေက စုံနဲ့၊ မိသားစုမတွေကို ဘယ်လိုမျက်နှာပြန်ပြရမှာလဲ၊ ကိုယ့်ကြောင့်မိသားစုတွေပေါ် လူတကာကပါ အထင်သေး၊ အမြင်သေးနဲ့ နာခေါင်းရှုံ့ကြဦးမှာလေ၊ တံလျှပ်ရေထင်ပြီး ရွှေသမင် အလိုက်မှားမိခဲ့တဲ့ ဒေါ်ကြီးရဲ့အဖြစ်တွေပဲ ဆိုတော့ လက်ကျန်ဘဝလေးကို ဒီလိုပဲ အဆုံးသတ်ရတော့မှာပေါ့ - မိန်းကလေးရယ်”

ဒေါ်ကြီးရဲ့ဇာတ်လမ်းက ရွာမှာကြည့်ရတဲ့ ဗွီဒီယိုဇာတ်လမ်းတွေထက်တောင် လွမ်းစရာကောင်းလိုက်တာ။ ကျွန်မကိုယ်တိုင် မျက်ရည်မဆည်နိုင်ဖြစ်နေသေးရောလို့၊ ရွာမှာ ယောက္ခမအိမ်ပေါ် တက်နေရပြီး ယောက်ျားကလည်း အရက်သမား၊ ဖဲသမား၊ ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်၊ သမီးတစ်ယောက်ရှိတာ ငါးနှစ်ကျော်ပြီဖြစ်ပေမယ့် ကျောင်းမထားနိုင်ခဲ့၊ ယောက္ခမတွေကလည်း တဆူဆူ တပူပူ လုပ်လွန်းတော့ စိတ်ညစ်ပြီး အဖော်ဆွယ်ရာ လိုက်ပါခဲ့တာလို့ ပြောပါတယ်၊ သည်ကိုရောက်စမှာ ရော်ဘာခြံ အလုပ်ကြမ်းပဲ လုပ်ရတာ၊ လုပ်ခကလည်း စားဖို့သောက်ဖို့တောင် မလောက်ချင်၊ အဲသည်မှာမှ ပွဲစားတစ်ယောက်နဲ့တွေ့ပြီး ရော်ဘာခြံက ထွက်ပြေးလိုက်တာ၊ အနှိပ်ခန်းတစ်ခုမှာ ရောင်းစားတာ ခံရရောဆိုပဲ။

ကလေးတစ်ယောက်အမေဖြစ်ပေမယ့် အရွယ်ကောင်းသေးဖြစ်လို့ အနှိပ်ခန်းတနေ ပြည့်တန်ဆာအိမ်ရောက်ပြန်၊ ဒီလိုနဲ့ တစ်ဆင့်ပြီးတစ်ဆင့် လမ်းပေါ် ရောက်တဲ့အချိန်မှာ ရောဂါစုံကဝင်၊ လူကလည်း အရွယ်ကျလာနဲ့ အမှိုက်ပုံတွေထဲ မွှေနှောက်စားသောက်ရတဲ့အဆင့်ထိ ရောက်သွားတာတဲ့၊ ရွာလည်း မပြန်ရဲ၊ ရွာက ထွက်လာတာ ဆယ်နှစ်ကျော်ပြီး ဘာအဆက်အသွယ်မှ ပြန်မလုပ်နိုင်လို့ ရွာကမိသားစုတွေလည်း သူသေပြီလို့ပဲ သတ်မှတ်ထားကြမှာ သေချာတဲ့အကြောင်း၊ စုံနေရောပါပဲရှင်၊

ဒေါ်ကြီးပြောတဲ့အထဲမှာ သွေးပျက်လောက်တဲ့အထိ ကြောက်ရွံ့ထိတ်လန့်စရာအကြောင်းလည်း ပါသေးတယ်ဆိုပါတော့၊ သူတို့ဆီက သည်လိုနယ်စပ်အစွန်အဖျားတွေမှာဆိုရင် ပန်တော်ကျ ဘဝပျက်ပြီး လေလွင့်နေရတဲ့

www.burmeseclassic.com

နဲ့ လေလွင့်နေတဲ့သူတွေ တွေ့လို့ကတော့ ဆရာဝန်အတု၊ ရမ်းကုနဲ့ လက်ထဲအပ်၊ ဆေးကုပေးသလိုလိုနဲ့ ခပ်မြန်မြန်ဇာတ်သိမ်းစေခဲ့တာ ခဏ,ခဏဆိုပဲ၊ ဒေါ်ကြီးတောင်ကံကောင်းလို့ပွဲစားမကြီးဒေါ်အိချုံက သူ့ဉယျာဉ်ခြံထဲတဲထိုး နေခွင့်ပေးထားတာတဲ့၊ သနားလို့တော့ ဟုတ်မယ်မထင်ပါဘူး။ သူ လူကုန်ကူးတဲ့အထဲမှာ ဈေးကောင်းကောင်းရနိုင်တဲ့ ကျွန်မလို နုနုထွတ်ထွတ်မျိုးပါရင် သည်အိမ်အိုကြီးထဲ ခေတ္တလှောင်ပြီး ဈေးခေါ်နေတဲ့အချိန်မှာ ဒေါ်ကြီးကပဲ ချက်ပြုတ်ကျွေးမွေးရတဲ့အပြင် အိမ်သန့်ရှင်းရေး၊ ခြံသန့်ရှင်းရေးတွေပါ လုပ်ပေးရတာဖြစ်လို့ အခကြေးငွေမပေးရတဲ့ အောက်ခြေအလုပ်သမအဖြစ် ခေါ်ထားတာပဲဖြစ်မှာပါ။ မလုပ်နိုင်တော့တဲ့အချိန်ရောက်ရင်တော့ သားသတ်သမားလက်ထဲရောက်တဲ့ နွားမအိုကြီးလို ရမ်းကုရဲ့လက်ချက်နဲ့ အသက်ချုပ်ဖို့ပဲ ရှိတော့တာပေါ့။

သည်လိုကြောက်ခမန်းလိလိဖြစ်ရပ်တွေ သိရတော့ကြက်သီးဖြန်းဖြန်းထတဲ့အထိ ကြောက်လိုက်တာရှင်၊ ခြံဝဆီက ဆိုင်ကယ်သံကြားလို့ ရေးကြီးသုတ်ပျာနဲ့ ဒေါ်ကြီးပြန်သွားတာတောင် ကျွန်မရဲ့ကြောက်စိတ်က နည်းနည်းလေးမှ လျော့မသွားပဲ ရင်တလှပ်လှပ် တုန်နေတုန်းပါပဲလား၊ ဒေါ်ကြီးပြောသလို ကျွန်မကို ဟိုတယ်ကြီးတစ်ခုခုမှာ ရောင်းစားဖို့ဆိုတာမှန်ရင် ကောင်းမွန်တဲ့အလုပ်အတွက်တော့ ဟုတ်နိုင်မယ် မထင်၊ သည်အချိန်မှာပြတ်သားတဲ့ဆုံးဖြတ်ချက်မျိုးမှ မချနိုင်လို့ကတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကုသလို့မရတဲ့ရောဂါနဲ့ ရမ်းကုရဲ့ရှေ့မှောက် ဒူးထောက်ပြီး လည်စင်းပေးရမှာလား၊ ဒါမှမဟုတ်၊ ဒေါ်ကြီးလိုပဲ လူမသေပေမဲ့ ဘဝသေပြီး အဖေ၊ အမေတို့နဲ့ မတွေ့ရတော့ပဲ ရေခြား မြေခြားမှာ ဘဝကို အဆုံးသတ်ခံရမှာလား၊ ဒါမျိုးတွေတော့ အဖြစ်မခံနိုင်၊ ကျွန်မ ဘာဆက်လုပ်သင့်သလဲဆိုတာ မေးခွန်းတောင် ထုတ်ဖို့မလိုဘူးလို့ပဲ ပြောပါရစေတော့ရှင်၊

အရွယ်နဲ့ မျှတမှုမရှိတဲ့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိတဲ့အပေါ် မှားသလား၊ မှန်သလားဆိုတာ ချိန်ဆဖို့ ကျွန်မမှာ အချိန်မရှိတော့ပါ။ လေပြင်းတိုက်လို့ သွပ်မိုးပေါ် သစ်ကိုင်းတွေ ရိုက်ခတ်သံ၊ မိုးပေါက်ကျသံတွေ ဆူညံနေတဲ့အပြင် ညအမှောင်ကပါ စောစီးစွာ ရောက်လာပြီးဖြစ်လို့ ချမ်းစိမ့်သလို ရာသီက အားပေးမယ့် ကျွန်မမျက်နှာပေါ် ချွေးသီးချွေးပေါက်တွေက စို့နေရောပါပဲ၊ ရှိသမျှသတ္တိတွေ စုစည်းထားတဲ့ ခွန်အားအရှိန်အဝါကြောင့်လည်း ဖြစ်မှာပါ၊

မှောင်စပျိုးချိန်လောက်တုန်းက အစောင့်တစ်ယောက်ရဲ့အခန်းသော့၊ အိမ်သော့ခလောက်တွေ စစ်ဆေးတဲ့အသံလည်း ကြားပြီးပြီ၊ စိတ်ချသွားတယ်ထင်ပါရဲ့၊ ခြံဝကနေ ဆိုင်ကယ်မောင်းထွက်သွားတဲ့အသံကိုပါ ကျွန်မ ကြားလိုက်ရပါသေးတယ်၊ ဒေါ်ကြီးပြောပြထားသလို တစ်ညလုံးသောက်ဖို့ အရက်ဝယ်ထွက်သွားတာ သေချာနေပြီပေါ့၊ ကြည့်စမ်း – တကယ်ထွက်ပြေးလို့ကောင်းတဲ့အခြေအနေရောက်လာမှ သတ္တိကြောင်သလို တွေဝေနေတဲ့ကျွန်မအဖြစ်က စိတ်ပျက်စရာ၊ လူဖြစ်လာကတည်းက ဆင်းရဲချို့တဲ့တာကလွဲပြီး သည်လိုသက်စွန့်ဆံဖျား စွန့်စားတာမျိုး ကျွန်မမှ မကြုံခဲ့ဘူးတာ၊ သွေးရူးသွေးတန်းဖြစ်တဲ့အထိ ကြောက်နေမိတာ ဘယ်ဆန်းပါ့မလဲရှင်၊

အချိန် ဘယ်လောက်ကြာအောင် ကျွန်မ လက်မှိုင်ချပြီး ထိုင်နေမိမှန်းမသိ၊ အဝေးကနေပြန်လာတဲ့ဆိုင်ကယ်သံသဲ့သဲ့လေးကြားလိုက်မှ စိတ်ဆန္ဒက နှိုးဆော်လိုက်သလို ကျွန်မလှုပ်ရှားနေမိတာ ကသောင်းကနင်း၊ ဖျာချုပ်ကို ဆွဲဖယ်ပြီး ညနေတုန်းက စတီး(လ်)ဇလုံနဲ့ ကလန့်ဖွင့်ထားတဲ့ ပျဉ်တိုနစ်ချပ်ကို တွန်းပစ်လိုက်တာလည်း ခပ်ကြမ်းကြမ်း၊ စောစောတုန်းက ကြားတဲ့ဆိုင်ကယ်သံက ခြံဝဆီတောင် ဝင်လာပြီဆိုတော့ ဘတ်အိတ်လေးလွယ်လျက်သားနဲ့ ကြမ်းပေါက်ကနေ လျှောဆင်းလိုက်တာ ရွှံ့ဗွက်ထဲ ခြေသလုံး





www.burmeseclassic.com

www.burmeseclassic.com

ထိနစ်မြုပ်သွားတဲ့အချိန်မှာဆိုင်ကယ်မီးရောင်တစ်ချက်လင်းသွားလို့အသာလေးငြိမ်လိုက်ရပါသေးတယ်။ ကျွန်မရဲ့ထိတ်ထိတ်ပျာပျာနဲ့ မသေမသတ်လှုပ်ရှားမိတဲ့အကျိုးဆက်ကတော့ကြမ်းပေါက်ကလွတ်အောင် ဘတ်အိတ်ကို မြှောက်ကိုင်ထားပြီး ငုံ့ဆင်းလိုက်တာ စတီးလ်ဇလုံနဲ့ ရိုက်မိခဲ့လို့ဖြစ်မှာပေါ့။ ဇလုံနဲ့ ကြမ်းခင်း ရိုက်ခတ်သံတွေ ဆူညံကျန်ခဲ့သေးရောလားရှင်။

မှန်တာပေါ့ရှင်၊ ဆူညံသွားတဲ့အသံကြောင့် ထင်ပါရဲ့၊ အစောင့်နှစ်ယောက်ရဲ့အော်ဟစ်ပြောကြတဲ့အသံ၊ တံခါးသော့တွေဖွင့်ပြီး ဓာတ်မီးနဲ့ ဟိုထိုး သည်ထိုးရင်းအိမ်နောက်ဘက်ဥယျာဉ်ခြံထဲပြေးလာကြတဲ့အသံတွေကကမ္ဘာပျက်သလားတောင် အောက်မေ့ရပါတယ်။ ဒေါ်ကြီးပြောပြထားတဲ့လမ်းကြောင်းအတိုင်း မြားတစ်စင်းလို လေဟုန်စွင်းပြီး ပြေးနေတဲ့ကျွန်မအနေနဲ့ သူတို့နဲ့ ဝေးပြီဆိုတာ သိပေမယ့် ပြေးရှိန်ကို လျှော့ပစ်ဖို့ နည်းနည်းလေးမှ စိတ်မကူးမိ။ အမှောင်တောထဲ သစ်ပင်နဲ့ တိုးတိုက်ပြီး ဒလိမ့်ခေါက်ကွေး လဲကျခဲ့တာလည်း ခဏ.ခဏ။

ရေညှိတက်နေတဲ့မြေကြီးပေါ်ချော်လဲတာလည်းအကြိမ်ကြိမ်၊ မိုးရေနဲ့စိုရွှဲနေတဲ့ တစ်ကိုယ်လုံးမှာလည်း ချွေးစေးနဲ့ ရွှံ့ဗွက်တွေ အလူးလူး၊ ဒါပေမဲ့အသက်ရှူရပ်လုမတတ် မောနေတဲ့ကြားမှာ ကျွန်မ အရမ်းဝမ်းသာမိတာတကျွန်မရှေ့တည့်တည့်မှာ အနီးကလေးတွေ့လိုက်ရတာက လျှပ်စီးရောင်တဖျတ်ဖျတ် လက်သွားတိုင်း ရှင်းလင်းပီသစွာ မြင်နေရတဲ့ချောင်းရေပြင်ကျယ်ကြီး၊ အဟုန်ပြင်းပြင်းစီးနေတဲ့ ရေမျက်နှာပြင်ပေါ်မှာက ထိုးထောင်ထောင် ကျောက်တုံးကြီးတွေရဲ့အရိပ်မည်းမည်း၊ ဒေါ်ကြီးပြောခဲ့တဲ့အထဲမှာချောင်းရေရဲ့အနက်ဟာ ခါးလယ်လောက် သာရှိပြီး အလယ်မှာမှ ရင်ရှို့လောက်နက်တယ်ဆိုတာ ကျွန်မ ချက်ချင်းပြန်အမှတ်ရလိုက်ပါတယ်၊



သည်အတိုင်းဆို သားရဲတွင်းထဲက ကျွန်မ လွတ်မြောက်ဖို့ သေချာနေပြီပေါ့၊ ငယ်ငယ်ကတည်းက ရွာအနားမှာရှိတဲ့ သဲဖြူချောင်း ဟိုဘက် သည်ဘက် ရေကူးကစားလာတဲ့ကျွန်မအနေနဲ့ သည်လိုတွယ်ခိုစရာ ကျောက်တုံးကြီးတွေရှိတဲ့ချောင်းလောက်ကတော့ အသာလေး ကူးနိုင်လိမ့်မယ် ထင်ပါတယ်၊ ချောင်းအကျယ်က ရှိလှမှ ကိုက်သုံးလေးရာဆိုတာ အမှောင်ထဲမှာတောင် ခန့်မှန်းကြည့်ရုံနဲ့ သိနိုင်တာပဲ၊ ချောင်းစပ်သဲသောင်ပေါ်က ဆောက်ချုံပင်တွေ တိုးဝှေ့ပြီး ရေစပ်ရောက်အောင် ဆင်းလိုက်ချိန်မှာ၊ ဟိုအပေါ်ပိုင်းကမ်းနားတနေ မီးရောင်တန်းတစ်ခု ဘွားခနဲ တွေ့လိုက်တာနဲ့ ကျွန်မခြေလှမ်းတွေတန့်ခနဲရပ်တန့်သွားလိုက်တာငြိမ်နေရောပါပဲ၊ ဆိုင်ကယ်မီးရောင်၊ ရော်ဘာခြံထဲကနေ ချောင်းစပ်သဲပြင်ပေါ်ကွေ့ပြီး ကျွန်မဘက်ကိုမောင်းလာတဲ့ဆိုင်ကယ်၊ ဟိုအစောင့်နှစ်ကောင်ကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ၊

ကျွန်မရဲ့ မျှော်လင့်ချက် သဲရဲတိုက်လေး အရည်ပျော် ပျောက်ကွယ်သွားတော့မယ် ထင်ပါရဲ့၊ စိတ်ထဲမှာ ဘယ်လိုပဲ တုန်လှုပ်မိတယ်ဆိုပေမယ့်လုကတော့ ရေထဲ ပြေးဆင်းနေမိတာ တကယ့်မြန်မှမြန်၊ တစ်ကိုယ်လုံး ရေထဲ စုန်းစုန်းနစ်မြုပ်သွားရာက သဲကြမ်းပြင်ပေါ် ခြေကန်ပြီး ရှန်းတက်လိုက်တာ ရှေ့မှာရှိတဲ့ ကျောက်တုံးအစွန်းကို တွယ်ပြီးသား ဖြစ်သွားပါတယ်၊ ချောင်းရေအနက်က ဒေါ်ကြီးပြောတာနဲ့ ဘာမျှမဆိုင်၊ မိုးကြီးရွာနေတာကြောင့် တောင်ကျရေတွေ ချောင်းထဲစီးဝင်ပြီး ပေါင်လန်တဲ့အထိ လျှံနေရုံကဘဲ ရေစီးအားကလည်း တစ်ဟုန်ထိုး၊ ချောင်းစပ်မှာတောင် လူတစ်ယောက်မြုပ်တဲ့ရေဟာ ချောင်းလယ်မှာဆို ပြောစရာ ဘာရှိတော့မှာလဲ၊

သည်အခြေအနေထိ ရောက်မှတော့ သူတို့လက်ထဲ အရောက်ခံပြီး သားရဲတွင်းထဲ ပြန်ဆင်းဖို့ စဉ်းစားစရာ မလိုတော့ပါ၊ ဖြစ်ချင်ရာဖြစ်၊ ရေနှင့်သေသွားလည်း အေးရောဆိုတဲ့ဆုံးဖြတ်ချက်နဲ့ ဆက်ကူးနေမိတာ ချောင်း



www.burmeseclassic.com


www.burmeseclassic.com

တစ်ဝက်တောင် ရောက်လုနီးပါး၊ ရေစီးသန်တဲ့ချောင်းဆိုတော့ ကြာလာတာနဲ့အမျှ အားစိုက်သလောက် ခြေလက်တွေက လေးလံလာတာအမှန်၊ ကူးရင်းက ရေစီးကြောင်းနဲ့ မျောပါသွားတာကိုလည်း ထိန်းမနိုင်၊ ချောင်းလယ်က ရေစီးကြောင်းဆိုရင် တဝေါဝေါနဲ့ အရှိန်ပြင်းပြင်းစီးဆင်းနေသော လျှပ်စီးရောင်ထဲ အတိုင်းသား မြင်နေရပါသေးတယ်၊

ချောင်းစပ်မှာ ရပ်ထားတဲ့ဆိုင်ကယ်ကနေ ဓာတ်မီးနှစ်လက်နဲ့ လိုက်ထိုးရှာနေပေမယ့် မိုးကလည်း ရွာတုန်း၊ ကျောက်တုံးတွေကပါ ကွယ်နေသေးဖြစ်လို့ သူတို့ ကျွန်မကို မတွေ့သေးတာ သေချာနေပါတယ်၊ တစ်ကိုယ်လုံး ရေခဲတုံးဖြစ်လုနီးပါး အေးစက်ထုံကျင်နေပြီးဟာ ခြေလက်တောင် မလှုပ်ရှားချင်တော့သလိုလို၊ ဒါပေမဲ့ - သည်တစ်ကြိမ် နောက်ဆုံးအားစိုက်လိုက်ရင် လွတ်တော့မှာဆိုတဲ့အသိက ဝင်လာတော့ ကွယ်ထားတဲ့ကျောက်တုံးကိုလွှတ်ပြီး ချောင်းအလယ်ကို ဖြတ်ကူးလိုက်တယ်ဆိုရင်ပဲ ရေစီးကြောင်းက ကျွန်မကို ဆွဲခေါ်သွားလိုက်တာ အောက်ဘက် အတော်ဝေးဝေးရောက်တဲ့အထိ၊ အဲသည်မှာမှ ဓာတ်မီးရောင်နဲ့ ကျွန်မကိုဟိုလူနှစ်ယောက် လှမ်းမြင်လိုက်တာဖြစ်မှာပေါ့၊ အော်ဟစ်ခေါ်တဲ့အသံ သဲ့သဲ့လေး ကြားလိုက်ရပါကယ်၊ ပြီးမှ တဒိုင်းဒိုင်းနဲ့ လှမ်းပစ်တဲ့သေနတ်သံတွေ ဆူညံလာတဲ့ကြားမှာ ကျည်ဆန်ထိလို့ပဲ့ထွက်တဲ့ကျောက်တုံးအသံက တချွမ်ချွမ်၊ ရှင်းရှင်းပြောရရင် အဲသည်လောက်ပဲ ကျွန်မ မှတ်မိလိုက်တာလို့ ဆိုရမယ် ထင်တယ်ရှင်၊

နောက်ဆုံးအသိစိတ်ထဲမှတ်မိခဲ့သမျှပြောပါဆိုရင်တော့၊ ရေစီးကြောင်းနဲ့အတူ မျောပါနေချိန်မှာ လျှပ်စီးရောင်တစ်ချက်တလေ လက်လာတဲ့အလင်းရိပ် ရိုက်တာကို သိရုံမျှရှိပြီး မျက်စိတွေ လုံးဝမဖွင့်နိုင်တော့၊ ခြေလက်တွေက ဓာတ်ခဲအားကုန်တော့မယ့်နာရီလို လှုပ်တယ်ဆိုရုံ၊ အာရုံထဲမှာလည်း ဖြူဖပ်ဖြူရော်နဲ့ လူသေသဏ္ဍာန် အခေါင်းကြီးမျက်နှာ၊ အဖေ၊ အမေပြီးတော့ - မီးခိုးတလူလူထွက်နေတဲ့ ကျွန်မတို့အိမ်ရှေ့က အကြော်တဲကလေးရဲ့ မှုန်ဝါးဝါးပုံရိပ်၊ တစ်ဆက်တည်းတော့မဟုတ်၊ ဟိုတစ်ကွက်၊ သည်တစ်ကွက်နဲ့ အဆက်အစပ်မရှိတဲ့ပုံရိပ်တွေလိုပဲ ဆိုရပါလိမ့်မယ်၊ ဟုတ်ကဲ့ - စိတ်နဲ့ရုပ် တခြားစီ ခွဲထွက်သွားတဲ့ စက္ကန့်ပိုင်းအချိန်ကလေးထဲမှာ လက်ကြမ်းကြမ်းကြီးနှစ်ဖက်နဲ့ ကျွန်မကို ဆွဲယူလိုက်တဲ့အသိကလေးတစ်ခုကိုတော့ ကောင်းကောင်းကြီး မှတ်မိနေသေးတယ်လို့ပဲ ပြောပါရစေရှင်၊

— ၇ —



ကျွန်မတို့အရပ်မှာက ဘယ်လိုင်းမှ ဖမ်းမမိတာကြောင့် တီဗွီသတင်းလည်း ကြည့်တဲ့လူမရှိ။ ဆိုင်းဘုတ်ပဲရှိတဲ့ စာကြည့်တိုက်က အမြဲတမ်း သော့ခလောက်တန်းလန်းဆိုတော့ ဂျာနယ်သတင်းစာ ဖတ်ဖို့ဆို ဝေးရော။ အပြာအဝါဝတ်စုံနဲ့ အဒေါ်ကြီးတွေဆိုရင် ရှံ့ဖွက်နင်းလမ်းကြမ်းပေါ် လျှောက်ရမှာစိုးလို့ ဖြစ်မှာပေါ့။

www.burmeseclassic.com

လူကုန်ကူးတယ်ဆိုတဲ့စကား တိုင်းတစ်ပါးရောက်လို့ ဒေါ်ကြီးပြောပြမှသိရတာ ကျွန်မ ညံ့တာတော့ မဟုတ်ပါဘူး။ ကျွန်မတို့အရပ်မှာက ဘယ်လိုင်းမှ ဖမ်းမမိတာကြောင့် တီဗွီသတင်းလည်း ကြည့်တဲ့လူမရှိ၊ ဆိုင်းဘုတ်ပဲရှိတဲ့စာကြည့်တိုက်က အမြဲတမ်း သော့ခလောက်တန်းလန်းဆိုတော့ ရွာနယ်သတင်းစာဖတ်ဖို့ဆို ဝေးရော၊ အပြာအဝါဝတ်စုံနဲ့ အဒေါ်ကြီးတွေဆိုရင် ရွှံ့ဗွက်နင်းလမ်းကြမ်းပေါ်လျှောက်ရမှာစိုးလို့ဖြစ်မှာပေါ့၊ ပညာပေးဟောပြောမယ်ဆိုတဲ့ သတင်းတောင် ကြားဖူးတာမဟုတ်၊ သည်လောက်ဆိုကျွန်မလိုတောရပ်ဒေသက မိန်းကလေးတွေအနေနဲ့ လူကုန်ကူးခံနေကြရတာ ဘယ်ဆန်းပါ့မလဲရှင်၊

ကြော် - ဟုတ်ကဲ့ရှင့်၊ ကျွန်မပြောခဲ့တဲ့အထဲပါတဲ့ ချောင်းရေထဲ သတိမလစ်ခင်လေးအချိန်မှာ ဆွဲတင်လိုက်တဲ့ လက်ကြမ်းကြမ်းကြီးနစ်ဖက်ဆိုတာလေ၊ မေခလာနတ်သမီးရဲ့လက်တွေလိုတော့ မထင်လိုက်ကြပါနဲ့၊ နယ်ခြားကင်းလှည့်ရဲတပ်ဖွဲ့က ကယ်တင်ခဲ့တယ်ဆိုတာ သတိပြန်ရမှ ကျွန်မ သိလိုက်တာပါ၊ တောင်ပေါ်မြို့ကလေးတစ်မြို့ရဲ့ ရဲတပ်ဖွဲ့စခန်းမှာ စစ်မေးတာတွေကိုလည်း တစ်ခုမကျန် ကျွန်မ ပြောပြခဲ့ပြီးပါပြီ၊ ဥပဒေလမ်းကြောင်းအတိုင်း သူတို့ဆက်လုပ်မယ်ဆိုတာပါ သိရပါတယ်၊ တစ်ရက် နစ်ရက်ထဲမှာ ကျွန်မ ကျန်းမာရေးကောင်းလာပြီဆိုတော့ ရဲစခန်းမှူးကိုယ်တိုင်က သည်အမှုကိစ္စ ဆောင်ရွက်ဖို့ ပြည်နယ်သွားရင်း ကျွန်မကိုပါ အိမ်အရောက်ပြန်ပို့ဦးမှာတဲ့ရှင်၊ ပျော်လိုက်တာ၊

မုန်တိုင်းငြိမ်ရင် လေပြေလာလိမ့်မယ်ဆိုတဲ့ ဗွီဒီယိုထဲက စကားအတိုင်းမှန်နေပြီးဖြစ်မှာပေါ့၊ သားရဲတွင်းကနေ လွတ်မြောက်လာပြီးဖြစ်တဲ့ကျွန်မဟာ မကြာခင်ရက်ပိုင်းလေးမှာ ရွာကို ပြန်ရောက်တော့မှာလေရှင်၊ လောကကြီးဘယ်လောက်ကျယ်ပြောပြီး ဘယ်လောက်ပဲ အန္တရာယ်အသွယ်သွယ်များတယ် ဆိုကြပါစေ၊ ကျွန်မအတွက် အလုံခြုံဆုံးနေရာကတော့ အဖေ၊ အမေတို့ရဲ့ အိမ်စုတ်လေးနဲ့ ကျပ်ခိုးစွဲနေတဲ့အိမ်ရှေ့က အကြော်တဲလေးပဲ ဖြစ်ပါတော့တယ်ရှင်၊

**(လူကိုလူချင်း၊ ရောင်းဝယ်ခြင်း၊ ကင်းဝေးကြပါစေ)**

**မင်းရွှေသိန်း (ဇင်းကျိုက်)**

BURMESE CLASSIC




www.burmeseclassic.com